Weekly ELEVEN NEWS

No 50 Vol. 7 September 19 Wednesday 2012



# ဟားကန့်မြို့ပေါ်တွင် ပုံးပေါက်ကွဲပြီး မှားယွင်းပစ်ခတ်မှုကြောင့် ကျောင်းဆင်းပြန်လာသော နဝမတန်းကျောင်းသူတစ်ဦး သေဆုံး

မဂျာဆိုင်းအိန် (၁၄ နှစ်)သည် ပြည်တွင်းစစ်အတွင်း နောက်ဆုံးသေဆုံးခဲ့သော မြေစာပင်ဖြစ်မှာလား ။ ။ ။ စာ ( ၂၈ ) သို့



ဓာတ်ပုံ - ထွန်းလင်းအောင်(မြစ်ကြီးနား)



ဓာတ်ပုံ - မင်းသန့်

## တရုတ်နိုင်ငံက မြန်မာ့ပို့ကုန်များအပေါ် နည်းမျိုးစုံဖြင့် ကန့်သတ်နေသော်လည်း အန္တရာယ်ရှိကုန်စည်များကို နည်းမျိုးစုံဖြင့် တင်သွင်းနေ

ပို့ကုန်လုပ်ငန်းရှင်များ အခက်တွေ့နေသကဲ့သို့ အဆင့်မမီပစ္စည်းမျိုးစုံကို မြန်မာပြည်သူများသုံးစွဲနေရကြောင်း သိရ

စာ ( ၆ ) သို့



## ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း၏ မူဘောင်သဘောတူစာချုပ် ပြန်လည်ပြင်ဆင်ချုပ်ဆိုမည်

စီမံကိန်းလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် အစိုးရအချင်းချင်းဆက်သွယ်မှုဖြင့် ပူးပေါင်းလုပ်ဆောင်မည်

စာ ( ၅ ) သို့



ဓာတ်ပုံ - ငြိမ်းဇင်

## မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို အဖွဲ့ဝင် ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်

အမြဲတမ်းစာနယ်ဇင်းကောင်စီဖွဲ့စည်းစဉ်က ပါဝင်ခဲ့သောပုဂ္ဂိုလ်အများစုနှင့် စာနယ်ဇင်းအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ စာ ( ၂၇ ) သို့

---

## ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်အခ ၁၀၀ တိုးမြှင့်ထားခြင်းကြောင့် အမှန်တကယ်နစ်နာသူများ တရားစွဲဆိုရန် အခက်တွေ့နေ

လွှတ်တော်အတွင်း တင်ပြဆွေးနွေးခြင်း မရှိဘဲ တံဆိပ်ခေါင်းခွန်အခ ၁၀၀ တိုးမြှင့်ခြင်းကို ပြန်လည်သုံးသပ်ရန် ရှေ့နေများကွန်ရက်က တရားဝင်တောင်းဆို စာ ( ၆ ) သို့

---

## အာရှတော်ဝင်ဆေးရုံရှေ့တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုအပေါ် ခရိုင်တရားရုံး၏ အမိန့်ကိုမကျေနပ်၍ တိုင်းသို့လျှောက်ထားခဲ့ရာ ခြောက်လကြာမှ အမှုခေါ်ယူ စာ ( ၃၀ ) သို့

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၂ ကို ဒုတိယအကြိမ်မြောက်အဖြစ် လွှတ်တော်ဝန်း သဘင်ဆောင်တွင်ကျင်းပ ဒီမိုကရေစီအနှစ်သာရအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်များ ပွင့်လင်းမြင်သာဖို့လိုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြောကြား




အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၂ ကို ဒုတိယအကြိမ်မြောက်အဖြစ် လွှတ်တော်ဝန်းအတွင်းရှိ သဘင်ဆောင်၌ စက်တင်ဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည်။

ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ဒီမိုကရေစီရဲ့ အနှစ်သာရအရ အားလုံးပါဝင်ဆွေးနွေးနိုင်ရန်အတွက် ပြည်သူ့ကိုယ်စား တာဝန်ထမ်းဆောင်နေကြသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ မဏ္ဍိုင်အသီးသီးမှ ပုဂ္ဂိုလ်များသည် ပွင့်လင်းမြင်သာဖို့ လိုအပ်ကြောင်း၊ ပွင့်လင်းမြင်သာမှု မရှိပါက မှန်ကန်စွာပါဝင်ဆွေးနွေးနိုင်ခြင်းမရှိသည့်အတွက် နှစ်ဦးနှစ်ဖက်အကျိုးပျက်တတ်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

"စနစ်ဟောင်းတစ်ခုကနေ စနစ်သစ်တစ်ခုကို ပြောင်းလဲကျင့်သုံးရာမှာ စနစ်ကိုနားမလည်ခြင်း၊ နားလည်သော်လည်း မသိစိတ်က လက်မခံနိုင်ခြင်းတို့ကြောင့် ပွင့်လင်းမြင်သာမှုမရှိဖြစ်တတ်ပါတယ်။ မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ပြည်သူနဲ့ ပြည်သူ့ကိုယ်စားလှယ်များသိရှိမည်ကိုစိုးရိမ်ပြီး ဘောင်ခတ်ကန့်သတ်တတ်ကြပါတယ်။ ပွင့်လင်းမြင်သာမှုမရှိခြင်းဟာ အားလုံးပါဝင်ဆွေးနွေးမှုကို ဆန့်ကျင်တဲ့သဘောလက္ခဏာဖြစ်တဲ့အတွက် ဒီမိုကရေစီလူ့ဘောင်တည်ဆောက်မှုကို တုံ့နှေးအောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနေ့၏ဆောင်ပုဒ် 'အားလုံးပါဝင်ဆွေးနွေးလျက် –ဒီမိုကရေစီဗဟိုချက်'အရ နိုင်ငံသားအားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ကိုယ်စားတာဝန်ယူဆောင်ရွက်ရသူအသီးသီးက ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန် လိုအပ်ကြောင်း" မိန့်ခွန်းတွင်ထည့်သွင်းပြောကြားခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက "ဒီမိုကရေစီဆိုတာကတော့ အများဆန္ဒအတိုင်းရွေးချယ်ထားသည့်ကိုယ်စားလှယ်များက အများအကျိုးအတွက် အများကိုပြန်လည်အုပ်ချုပ်တဲ့စနစ်ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတွေရှိပါမှ ဒီမိုကရေစီက အသက်ဝင်ရှင်သန်မှာ ဖြစ်ပါတယ်။ တစ်ဦးကိုတစ်ဦးလေးစားခြင်း၊ ရိုးသားပွင့်လင်းစွာဆက်ဆံခြင်းများ မရှိမဖြစ်ရှိရန်မှာ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အရေးကြီးပါတယ်။ နိုင်ငံသားတစ်ဦးရဲ့မူလအခွင့်အရေးမှာ ဥပဒေနဲ့အညီလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ စုဝေးခွင့်တို့မှာ အကျယ်ပြန့်ဆုံးဆောင်ရွက်နိုင်တာက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒသဘောထားမပါဘဲ အမိန့်ညွှန်ကြားချက်နဲ့ဥပဒေများဟာ ဒီမိုကရေစီမဟုတ်၊ အာဏာရှင်ဆန်တဲ့စနစ်ဖြစ်သွားပါလိမ့်မယ်။ လွှတ်တော်ဟာ ဥပဒေပြုရေးတွင်အားလုံးပါဝင်နိုင်သည့်၊ လွှတ်တော်ကတစ်ဆင့်အုပ်ချုပ်ရေးအဖွဲ့များ၊ အသီးသီးသောဌာနများဟာ စီမံခန့်ခွဲရမည့်ဥပဒေများကို ပြည်သူ့ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများအပါအဝင် အများဆန္ဒသဘောထားနဲ့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

# ရခိုင်ပါတီနှစ်ခု ပါတီတစ်ခုတည်းအဖြစ် ပူးပေါင်းရန် ကော်မတီများဖွဲ့စည်း

ရခိုင်နိုင်ငံရေးပါတီနှစ်ခုဖြစ်သည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီနှင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့သည် ပါတီတစ်ခုတည်းအဖြစ်ပူးပေါင်းရေးအတွက် နှစ်ဖက်ပါတီအသီးသီးမှ ကော်မတီများဖွဲ့စည်းထားကြောင်း သိရှိရသည်။

"ကျွန်တော်တို့ပါတီနှစ်ခုကို လူထုကပါတီတစ်ခုတည်းအဖြစ် ပူးပေါင်းလုပ်ဆောင်ဖို့ကို ဆန္ဒရှိကြပါတယ်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်ထူထောင်ကတည်းက ကျွန်တော်တို့ပါတီဖက်ကလည်း ကြိုဆိုခဲ့ပါတယ်။ လောလောဆယ်မှာ ကျွန်တော်တို့ပါတီနှစ်ခုတရားဝင်ပူးပေါင်းမှုမရှိသေးပေမယ့် ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့ ဘင်္ဂါလီကိစ္စ၊ ဆရာတော် ဦးဥတ္တမနေ့ အခမ်းအနားစတာတွေမှာ အလွတ်သဘောပူးပေါင်းလုပ်ဆောင်ခဲ့မှုမျိုးတွေရှိခဲ့ပါတယ်။ ပါတီနှစ်ခုပူးပေါင်းဖို့ဆိုရင်တော့ ကျွန်တော်တို့ ပါတီဖက်က အမြဲကြိုဆိုနေပါတယ်"ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ အထွေထွေအတွင်းရေးမှူးဦးဦးလှစောက ပြောကြားခဲ့သည်။

အဆိုပါ ရခိုင်ပါတီနှစ်ခုအား ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်ခင်တွင် ပါတီတစ်ခုတည်းအဖြစ် ပေါင်းစည်းသွားရန် ရခိုင်ပြည်သူများက ဆန္ဒရှိနေကြောင်းသိရသည်။ သို့ရာတွင် ပါတီနှစ်ခုပေါင်းစည်းရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ တရားဝင်ဆွေးနွေးခြင်းများ မပြုလုပ်ရသေးကြောင်း သိရသည်။

■


| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရိန် |
| အကြီးတန်းအယ်ဒီတာ | နေထွန်းနိုင်၊ အငယ်ထွေး၊ ဟိန်းမင်းလတ်၊ ဖြူနု၊ ကျော်ဇေယျ၊ ဇေဝင်းနောင်၊ စိုးထက်ခိုင်၊ လင်းလင်းခိုင် |
| အကြီးတန်းသတင်းထောက် | ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ စည်သူအောင်၊ ချမ်းမြေ့သူ၊ ရွှန်းလဲ့ဝင်း |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | ဇော်ဇော်အောင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၅၀၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၈၊ ၄၀၀၅၂၄ |


# Eleven Media Group ၏ www.elevenmyanmar.com
## အင်္ဂလိပ်ဘာသာဝက်ဘ်ဆိုက်သစ်ကို ထိုင်းနိုင်ငံတွင် စတင်မိတ်ဆက်ပြီး တရားဝင်လွှင့်တင်




Eleven Media Group ၏ သတင်းများကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြမည့် www. elevenmyanmar. com ဝက်ဘ်ဆိုက်သစ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ The Nation Multimedia Group ရုံးချုပ်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့က စတင်မိတ်ဆက်ပြီး တရားဝင်လွှင့်တင်ခဲ့သည်။

အဆိုပါ ဝက်ဘ်ဆိုက်လွှင့်တင်မှုအခမ်းအနားသို့ Eleven Media Group ၏ Chairman & CEOဒေါက်တာသန်းထွဋ်အောင်နှင့် The Nation Multimedia Group ဥက္ကဋ္ဌ Suthichai Yoon တို့ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

www.elevenmyanmar.com ဝက်ဘ်ဆိုက်သည် မြန်မာနိုင်ငံ၏ နောက်ဆုံးရသတင်းများကို ကမ္ဘာတစ်ဝန်းမှ ပြည်သူများဖတ်ရှုနိုင်ရန် အချိန်နှင့်တစ်ပြေးညီဖော်ပြသွားမည့် ဝက်ဘ်ဆိုက်ဖြစ်သလို အဆိုပါ ဝက်ဘ်ဆိုက်ကို မိုဘိုင်းဖုန်း၊ သင်ပုန်းကွန်ပျူတာများမှ တစ်ဆင့် ဖတ်ရှုနိုင်ရန်လည်း စီစဉ်ထားသည်။

ယင်း www.elevenmyanmar.com ဝက်ဘ်ဆိုက်သစ်ကို မြန်မာနိုင်ငံတွင် Soft Opening အဖြစ် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ မှစတင်ပြီး လွှင့်တင်ထားပြီး ဖြစ်သည်။

Eleven Media Groupနှင့် ထိုင်းနိုင်ငံအခြေစိုက် The Nation Multimedia Group တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်အတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုကို ၂၀၁၂ ခုနှစ် မေလ ၄ ရက်နေ့က ရန်ကုန်မြို့ တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်းရှိ Eleven Media Group ရုံးချုပ်တွင် ပြုလုပ်ခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်မှုများ အနေဖြင့် Media Group နှစ်ခုအကြား အယ်ဒီတာများ အပြန်အလှန်ဖလှယ်ပြီး reporting, training, news-room management နှင့် news media ဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး အဆိုပါသဘောတူညီမှုများအရ The Nation Multimedia Group အနေဖြင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများနှင့် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

The Nation Multimedia Group ၏ အကူအညီဖြင့် Eleven Media Group မှပေးပို့သည့် မြန်မာနိုင်ငံ၏ ထူးခြားသတင်းဖြစ်စဉ်များကို အာရှသတင်းကွန်ရက် (ANN) တွင် ဖော်ပြလျက်ရှိပြီး အာရှဒေသတွင်းနိုင်ငံများအနေဖြင့်လည်း မြန်မာနိုင်ငံမှသတင်းများကို ANN မှတစ်ဆင့် ဖတ်ရှုနိုင်ပြီဖြစ်သည်။

"ဝက်ဘ်ဆိုက်အနေနဲ့ နိုင်ငံတွင်းမှာဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွေ၊ သတင်းတွေ၊ ဖြစ်ရပ်တွေနဲ့ စီးပွားရေးကိစ္စတွေမှာ တိုးတက်ပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်တွေကို ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ အပြောင်းအလဲတွေကလည်း မြန်မာနိုင်ငံအတွက် အံ့အားသင့်စရာမှတ်တမ်းတွေအဖြစ် ရှိနေပါတယ်"ဟု Eleven media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်၏ ပြောကြားမှုကို ထိုင်းနိုင်ငံ Nationသတင်းစာတွင် ထုတ်နုတ်ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စက်တင်ဘာလ ၁၃ ရက်နေ့က ကျင်းပခဲ့သည့် အာရှသတင်းကွန်ရက် (ANN) ၏ ANN' Coordinators အစည်းအဝေးတွင်လည်း Eleven Media Group မှ အယ်ဒီတာများက Eleven Media Group နှင့် www.elevenmyanmar.com ဝက်ဘ်ဆိုက်သစ်ကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

## တရုတ်ထိပ်တန်းခေါင်းဆောင် ဝူဘန်းဂို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့လာရောက်

တရုတ်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် NPC ၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌဝူဘန်းဂိုသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၁၂ ရက်က မြန်မာနိုင်ငံ နေပြည်တော်သို့ လာရောက်ခဲ့သည်။

၎င်း၏ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းတို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

NPC ဥက္ကဋ္ဌ၏ခရီးစဉ်မှာ မြန်မာနှင့် တရုတ်နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ရေးစတင်ထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစ၍ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားချက်အရ သိရှိရသည်။

၎င်း၏ ခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အကျိုးစီးပွားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံဖွံ့ဖြိုးမှုများဖြစ်ပေါ်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၎င်းက လွှတ်တော်ဥက္ကဋ္ဌများနှင့်တွေ့ဆုံရာတွင် ခိုင်မြဲပြီးသော နှစ်နိုင်ငံဆက်ဆံရေးကိုပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြချက်အရသိရသည်။

ထို့အပြင် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်းဂိုသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွေ့ဆုံချိန်အတွင်း နှစ်နိုင်ငံနယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် မှန်ကန်စွာ ရပ်တည်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံစွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားမှုအရ သိရသည်။

ဥက္ကဋ္ဌကြီးဝူဘန်းဂိုသည် ၎င်း၏လေးနိုင်ငံခရီးစဉ်တွင် အီရန်နိုင်ငံသို့သွားရောက်အပြီးတွင် ဒုတိယမြောက်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံပြီးလျှင် ၎င်းသည် သီရိလင်္ကာနိုင်ငံနှင့်ဖီဂျီနိုင်ငံများသို့လည်း ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

## နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေးနမ်ဘီယာတို့ တွေ့ဆုံ



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဗီဂျေးနမ်ဘီယာတို့ တွေ့ဆုံစဉ်

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ဗီဂျေးနမ်ဘီယာတို့သည် စက်တင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သမ္မတအိမ်တော်၌တွေ့ဆုံခဲ့ကြောင်းသိရှိရသည်။ ထိုသို့ တွေ့ဆုံမှုတွင် အစိုးရသစ်လက်ထက်၌ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြားပိုမိုပူးပေါင်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီရှင်သန်ဖွံ့ရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ ပြည့်ဝစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သောဖြစ်ရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂအဖွဲ့များ ပူးပေါင်းပြီးကူညီထောက်ပံ့ရေးဆောင်ရွက်ပေးနေမှုများ၊ တူရကီ၊ အင်ဒိုနီးရှား၊ အမေရိကန်နှင့် OIC ရှေ့ပြေးအဖွဲ့စသည့် နိုင်ငံတကာလေ့လာရေးအဖွဲ့များအား ရခိုင်ပြည်နယ်သို့သွားရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့မှုများ၊ ရခိုင်ပြည်နယ်အတွင်း အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရန် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်နေမှုများ၊ ဒုက္ခသည်များ၏ လတ်တလောစားဝတ်နေရေး၊ ကျန်းမာရေး၊ မိုးလုံလေလုံနေထိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှုများ၊ လွတ်လပ်သောအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂမှ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးမြှင့်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု နိုင်ငံတော်သမ္မတရုံးမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

ဗီဂျေးနမ်ဘီယာသည် စက်တင်ဘာလ ၁၂ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း၊ ခရီးစဉ်နှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲကိုပြုလုပ်ရန် အစီအစဉ်မရှိသေးကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးပြန်ကြားရေးဌာနမှအရာရှိတစ်ဦးက ပြောပါသည်။ ဗီဂျေးနမ်ဘီယာသည် ပြီးခဲ့သည့် ဇွန်လအတွင်းက Peace Donor Support Group အဖွဲ့နှင့်အတူ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး ရခိုင်ပြည်နယ်သို့သွားရောက်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတအနေဖြင့် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ General Debate အစီအစဉ်သို့တက်ရောက်မည်ဖြစ်ပါသည်။ ထိုခရီးစဉ်မှာ သုံးရက်ကြာမြင့်မည်ဖြစ်ပြီး အမေရိကန်သမ္မတဘားရက်အိုဘားမားရုံးစိုက်ရာ ဝါရှင်တန်ဒီစီသို့ သွားရောက်ရန် အစီအစဉ်မှာ လတ်တလောအနေဖြင့် မပါဝင်သေးကြောင်း သိရပါသည်။

နိုင်ငံတော်သမ္မတသည် အမေရိကန်ခရီးစဉ်မတိုင်မီ စက်တင်ဘာလ ၁၈ ရက်နေ့တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ သမ္မတ၏တရုတ်ခရီးစဉ်မှာလည်း သုံးရက်ကြာမြင့်မည်ဖြစ်ကာ ထိုခရီးစဉ်သည် (၉)ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲသို့ တက်ရောက်ရင်းသွားရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

## ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် စတင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒေါ်အောင်ဆန်းစုကြည်၏ ရက် ၂၀ ကြာမြင့်မည့် အမေရိကန် ခရီးစဉ်ကို စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ကိုဖြိုးဇေယျာသော်(လွှတ်တော်ရေးရာကိုယ်ရေးအရာရှိ)၊ ဒေါက်တာတင်မာအောင် (ကိုယ်ရေးအရာရှိ)နဲ့ ကိုဇော်မင်းဦး(အဖွဲ့ချုပ်လက်ထောက်လူငယ်)တို့ သုံးဦးပဲပါမယ်လို့ သိရပါတယ်။ အောက်တိုဘာလ ၅ ရက်နေ့ ပြန်ရောက်မှာပါ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်က ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်နှင့်ပတ်သက်သော အသေးစိတ်ခရီးစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကစက်တင်ဘာလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုထုတ်ပြန်ချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာလ ၁၆ ရက်နေ့တွင် အမေရိကန်သို့ စတင်ထွက်ခွာမည်ဖြစ်ပြီး စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဝါရှင်တန်ဒီစီသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် Asia Society Global Vision Award ဆုကို လက်ခံရယူခြင်း၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်ရွှေတံဆိပ်ဆုပေးပွဲအခမ်းအနားတက်ရောက်ခြင်း၊ ၂၀ ရက်နေ့တွင် National Endowment For Democracy (NED) ဆုပေးပွဲအခမ်းအနားတက်ရောက်ခြင်း၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် နယူးယောက်တွင် ကျင်းပမည့် Atlantic Council Global Citizen Award ဆုချီးမြှင့်ပွဲ အခမ်းအနားများသို့ တက်ရောက် ခြင်း၊ ၂၂ ရက်နေ့တွင် အမေရိကန်ရောက် မြန်မာမိသားစုများနှင့် နယူးယောက်တွင်တွေ့ဆုံခြင်း၊ ၂၃ ရက်နေ့တွင် University of Lousivlle သို့သွားရောက်ခြင်း၊ ၂၅ ရက်နေ့တွင် Fort Wayne မြို့တွင် မြန်မာမိသားစုများနှင့်တွေ့ဆုံခြင်း၊ ၂၆ ရက်နေ့တွင် ယေးလ်းတက္ကသိုလ်သို့ သွားရောက်ခြင်း၊ ၂၇ ရက်နေ့တွင် ဟားဗတ်တက္ကသိုလ်သို့သွားရောက်ခြင်း၊ ၂၈ ရက်နေ့တွင် အမေရိကန်ဆန်ဖရန်စစ္စကိုမြို့တွင် ပြုလုပ်မည့် Freedom Forum သို့တက်ရောက်ခြင်း၊ ၂၉ ရက်နေ့တွင် ဆန်ဖရန်စစ္စကိုမြို့ရှိ မြန်မာမိသားစုများနှင့်တွေ့ဆုံခြင်း၊ အောက်တိုဘာလ ၂ ရက်နေ့တွင် လော့အိန်ဂျလိစ်ရှိ မြန်မာမိသားစုများနှင့် တွေ့ဆုံခြင်းများပြုလုပ်သွားမည်ဖြစ်ကာ အောက်တိုဘာလ ၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်အချို့က အဖွဲ့ချုပ်၏ ခရီးစဉ်အသေးစိတ်ထုတ်ပြန်ရာတွင် အမေရိကန်သမ္မတအိုဘားမားနှင့်တွေ့ဆုံမည့်အစီအစဉ် မပါဝင်သော်လည်း ခရီးစဉ်တွင်တွေ့ဆုံနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။

## ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင် အမေရိကန်သို့ ဆုယူရန် သွားရောက်တော့မည်မဟုတ်

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်သည် ဝါရှင်တန်အခြေစိုက် National Endowment for Democracy(NED)မှ ပေးသောဆုကိုလက်ခံရယူရန် အမေရိကန်နိုင်ငံသို့ သွားရောက်တော့မည် မဟုတ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသို့ မသွားရောက်ဖြစ်တော့သည့် အကြောင်းရင်းများထဲတွင် ၈၈မျိုးဆက်ကျောင်းသားအဖွဲ့အတွင်း နိုင်ငံကူးလက်မှတ်လျှောက်ထားသူအားလုံး တစ်ပြိုင်နက်တည်း လျှောက်ထားခဲ့သော်လည်း တစ်ချိန်တည်းတွင် အတူရရှိခဲ့ခြင်း မရှိသည့်အတွက်ကြောင့် ဖြစ်သည်ဟု ကိုမင်းကိုနိုင်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့အဖွဲ့ထဲမှာ နိုင်ငံကူးလက်မှတ်လျှောက်ထားတဲ့သူတွေ အားလုံး ဒီနေ့ဒီအချိန်ထိမရတဲ့အခါကျတော့ မျှမတဖြစ်စဉ်အပေါ် လက်ခံလို့မရဘူး။ နိုင်ငံသားတွေ အားလုံးသာတူညီမျှရှိရမယ်။ တစ်သုတ်တည်းတင်ထားတဲ့ သူတွေချည်းပဲ။ သုံးလပိုင်းကတည်းက တင်ထားတာဆိုတော့ အခုဆိုခြောက်လလောက်ရှိပြီ။ တန်းတူညီမျှအခွင့်အရေးတွေရတဲ့ တစ်နေ့ကျမှပဲ နိုင်ငံခြားခရီးစဉ်သွားမှာပါ"ဟု ကိုမင်းကိုနိုင်က ပြောပါသည်။

ယခုနှစ်အတွက် NED ၏ ဆုကိုရရှိခဲ့သူများမှာ ကိုမင်းကိုနိုင် (၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်)၊ ဦးခွန်ထွန်းဦး (ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်)၊ ဦးကျော်သူ (ဥက္ကဋ္ဌ၊နာရေးကူညီမှုအသင်းရန်ကုန်)၊ ဒေါက်တာစင်သီယာမောင် (မယ်တော်ဆေးခန်း)၊ ဦးအောင်ဒင် (ညွှန်ကြားရေးမှူး၊ U.S. Campaign for Burma) တို့ဖြစ်ပြီး ဆုပေးပွဲကို စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်မည် ဖြစ်သည်။

ကိုမင်းကိုနိုင်သည် လက်ရှိအချိန်တွင် ကချင်ပြည်နယ်သို့ရောက်ရှိနေပြီး ကိုပြုံးချို၊ ကိုမြအေး၊ ကိုဌေးကြွယ်၊ ကိုသက်ဇော်၊ ကိုမားကီးတို့နှင့်အတူ မနောကွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့နှင့် ဖားကန့်ဒေသခံများ၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကချင်ပြည်နယ်သို့ ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

## ရခိုင်ပြည်နယ်လွှတ်တော်တွင် နယ်စပ်လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးကိစ္စများကို တင်ပြသွားမည်ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီပြောကြား

လာမည့်စက်တင်ဘာလ ၂၄ ရက်တွင်စတင်ကျင်းပမည့် ရခိုင်ပြည်နယ်ပထမအကြိမ်ပြည်နယ်လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် နယ်စပ်လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးကိစ္စများကို ဦးစားပေးတင်ပြသွားမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ သတင်းရရှိသည်။

"လာမယ့်လွှတ်တော်မှာ ကျွန်တော်တို့ ပါတီကပြည်နယ်ကိစ္စတွေ၊ ဘင်္ဂါလီကိစ္စ၊ လူဝင်မှုကြီးကြပ်ရေးကိစ္စနဲ့ တရားမဝင်ရောက်ရှိနေတဲ့သူတွေကိစ္စလိုမျိုးစတာတွေကို မေးခွန်းတွေ၊ အဆိုတွေတင်သွင်းသွားဖို့ရှိပါတယ်။ အသေးစိတ်ကိုတော့ ကျွန်တော်တို့က လွှတ်တော်ကိုမတင်ပြရသေးခင်မှာ ချပြခွင့်မရှိပါဘူး။ ကျွန်တော်တို့ ပြည်နယ်မှာဖြစ်ခဲ့တဲ့အရေးကိစ္စတွေကိုတင်ပြဖို့အတွက် တတ်နိုင်သမျှပြင်ဆင်ထားပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေမှာ ကျွန်တော်တို့တင်ပြခဲ့တာတွေရှိပါတယ်။ ဒါပေမယ့် လတ်တလောနိုင်ငံတကာ အခြေအနေတွေကြောင့် လွှတ်တော်အသီးသီးမှာ မဆွေးနွေးခဲ့ရတာတွေရှိပါတယ်။ ဒီအခြေအနေမှာ ကျွန်တော်တို့ဘက်ကလည်း ကျင့်ဝတ်ပိုင်းအရ စောင့်စည်းရတာမျိုးတွေကြောင့် မဆောင်ရွက်နိုင်သေးတာပါ"ဟု ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ဗဟိုကော်မတီဝင်ဦးခင်မောင်ကြီးက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပြည်နယ်လုံခြုံရေးကဏ္ဍစသည့်နေရာများတွင် အားနည်းချက်များစွာရှိနေကြောင်း ၎င်းကဆက်ပြောခဲ့သည်။

"ဖြစ်ပွားခဲ့ပြီးတဲ့အရေးကိစ္စတွေကြောင့် ရခိုင်ပြည်နယ်အတွင်းက လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပြည်နယ်လုံခြုံရေးကဏ္ဍစတာတွေမှာ အတော်လေး ထိခိုက်မှုရှိခဲ့တယ်။ ဒါ့အပြင် လက်ရှိအချိန်အထိတောင် သိပ်မကြာသေးခင် တစ်နေ့ကတင် ရခိုင်လူမျိုးတစ်ယောက်အသတ်ခံခဲ့ရတာကို ကြည့်ရင် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့သူတွေရဲ့ လုံခြုံရေးအခြေအနေကို ခန့်မှန်းနိုင်တယ်။ ယခုအချိန်အထိ စိတ်ချလုံခြုံရတဲ့အနေအထားမရောက်သေးပါဘူး။ ဒါ့အပြင် ဘင်္ဂါလီကျေးရွာတွေ တိုးချဲ့နေတာတွေ၊ အခုတလောခေတ်စားနေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေကလည်းဒီမှာရှိနေတယ်ဆိုတော့ ဒီကိစ္စတွေကိုလည်း ကျွန်တော်တို့က ပြည်သူတွေအရေးအဖြစ် ထည့်သွင်းစဉ်းစားသွားမှာပါ"ဟု ၎င်းက ဆက်လက်ကြားခဲ့သည်။

# မုံရွာမြို့၌ ထိန်းသိမ်းခံခဲ့ရသော ဝက်မေးကျေးရွာသူသုံးဦးနှင့် ပြည်သူ့အကျိုးဆောင် ကွန်ရက်မှ ထိန်းသိမ်းခံခဲ့ရသော အမျိုးသားတစ်ဦးတို့ ပြန်လည်လွတ်မြောက်



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရွာများမှမုံရွာမြို့သို့ဘုရားဖူးသွားရောက်ရင်းထိန်းသိမ်းခံခဲ့ရသော ဝက်မေးရွာသူအမျိုးသမီးသုံးဦးဖြစ်သည့် မသွဲ့သွဲ့ဝင်း၊ မအေးနက်၊ မဖြူဖြူဝင်းနှင့် ပြည်သူ့အကျိုးဆောင်ကွန်ရက်မှ ကိုဝေဠုတို့သည် စက်တင်ဘာလ ၁၄ ရက်နေ့ညနေပိုင်းတွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

မသွဲ့သွဲ့ဝင်း၊ မအေးနက်နှင့် မဖြူဖြူဝင်းတို့အပါအဝင် ဝက်မေးနှင့်ရွှေလှေရွာမှ ကျေးရွာသူ ၁၂ ဦးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်အတွင်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်နိုင်ငံဝမ်ဘိုကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြောင့် သိမ်းဆည်းခံခဲ့ရသည့် ယာမြေဧက ၇၈၀၀ ကျော်ပြန်ရရေးနှင့် စီမံကိန်းရပ်တန့်ပေးရန်အတွက် စက်တင်ဘာလ ၁၀ ရက်နေ့က မုံရွာမြို့ဆုတောင်းပြည့်ဘုရားကြီးသို့ ဝတ်ပြုဆုတောင်းရန်သွားရောက်ရင်း ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ပါသည်။

ထိန်းသိမ်းခံခဲ့ရသူ ၁၂ ဦးအနက် ကိုးဦးမှာ စက်တင်ဘာလ ၁၀ ရက်နေ့ညနေပိုင်းက ပြန်လည်လွတ်မြောက်ခဲ့ပြီး မသွဲ့သွဲ့ဝင်း၊ မအေးနက်နှင့် မဖြူဖြူဝင်းတို့ကိုမူ ဆားလင်းကြီးမြို့နယ်ရဲစခန်းမှ ပ၁၇၈/၁၂၊ပုဒ်မ၄၅၂/ ၄၂၇/ ၂၉၄/ ၃၄၁ တို့ဖြင့် အမှုဖွင့်အရေးယူပြီး ဆက်လက်ထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။

ကျေးရွာသူ ၁၂ဦးကိုထိန်းသိမ်းခဲ့ခြင်းနှင့်ပတ်သက်ပြီး မုံရွာမြို့၌ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကာ ထိန်းသိမ်းထားသူများကို ပြန်လွှတ်ပေးရန် တောင်းဆိုမှုများရှိခဲ့ပါသည်။

ထို့အပြင် ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန်းလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးအား စက်တင်ဘာလ ၁၂ ရက်နေ့တွင် ပထမအကြိမ်တွေ့ဆုံခဲ့ပြီး၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဒုတိယအကြိမ်တွေ့ဆုံကာထိန်းသိမ်းထားသူများကို ပြန်လွှတ်ပေးရန်နှင့်လက်ပံတောင်းတောင်ကြေးနီစီမံကိန်းရွာများနှင့် ပတ်သက်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့အတူ မုံရွာခရိုင်ဗကသကျောင်းသားများနှင့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှလည်း မုံရွာမြို့သို့သွားရောက်ပြီး ထိန်းသိမ်းခံရသူများနှင့်ပတ်သက်သော အရေးကိစ္စများကိုလည်းဆောင်ရွက်ခဲ့သည်။

ပြည်သူ့အကျိုးဆောင်ကွန်ရက်မှကိုဝေဠုသည် ဩဂုတ်လနောက်ဆုံးပတ်အတွင်းက ကြေးနီစီမံကိန်းအတွက် ယာမြေဧက ၇၈၀၀ ကျော်သိမ်းဆီးခံခဲ့ရသည့် ကျေးရွာ ၂၆ ရွာမှ ရွာသူရွာသားများ၏ ဆန္ဒပြမှုတွင် ကူညီခဲ့သည့် ပြည်သူ့အကျိုးဆောင်ကွန်ရက်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

ကိုဝေဠုအားဖမ်းဆီးစဉ်က မည်သည့်ပြစ်မှုကြောင့် ဖမ်းဆီးထားသည်ဆိုသည်ကိုသိရခြင်းမရှိဘဲ စက်တင်ဘာလ ၃ ရက်နေ့မှသာ ဆားလင်းကြီးမြို့နယ်ရဲစခန်းက ပြစ်မှုအမှတ် ၂၀၆/ ၂၀၁၂၊ ဥပဒေပုဒ်မ ၂၉၅/ ၂၉၅(က)/ ၁၁၇ ဖြင့်အရေးယူထားကြောင်း သိရှိရသည်။ ကိုဝေဠုသည် ရန်ကုန်မြို့တွင် ကျင်းပမည့် UNနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ခုသို့ ယာမြေအသိမ်းခံတောင်သူများအား တက်ရောက်ရန် ခေါ်ဆောင်လာစဉ် ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်သည်။

*ဟိန်းမင်းထက်*

# နာမည်ကျော် သတင်းစာဆရာ ဘာတေးလစ်တနာ မြန်မာနိုင်ငံ ပြည်ဝင်ခွင့်အတွက် ခက်ခဲနေဟုဆို

ထိုင်းနိုင်ငံအခြေစိုက် ဆွီဒင်နိုင်ငံသား နာမည်ကျော် သတင်းစာ ဆရာဘာတေးလစ်တနာသည် မြန်မာနိုင်ငံပြည်ဝင်ခွင့်အတွက် ခက်ခဲမှုများရှိနေကြောင်း Eleven Media Group သို့ ပြောကြားခဲ့ပါသည်။ ဘာတေးလစ်တနာမှာ၁၉၈၅ခုနှစ် အချိန်ကပင် မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပိတ်ပင်ခံခဲ့ရသူ တစ်ဦးဖြစ်ပြီး မကြာသေးမီအချိန်က အစိုးရမှ ပယ်ဖျက်ပေးလိုက်သော အမည်ပျက်စာရင်းဝင် သတင်းစာဆရာတစ်ဦးလည်း ဖြစ်ပါသည်။

"မြန်မာနိုင်ငံကို လာရောက်နိုင်ဖို့ ကျွန်တော် အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးပါတယ်။ အကြိမ်ကြိမ် ပယ်ချခံရတာချည်းပါပဲ။ ဒါပေမဲ့ အစိုးရအဖွဲ့က ကျွန်တော့်နာမည်ကို သူတို့သတ်မှတ်ထားတဲ့ အမည်ပျက်စာရင်းကနေ ပယ်ဖျက်ပေးပြီးတဲ့နောက် ဘန်ကောက်မှာရှိတဲ့ မြန်မာသံရုံးကတစ်ဆင့် ပြည်ဝင်ခွင့်အတွက် ထပ်ပြီးလျှောက်လွှာတင်ခဲ့ပါတယ်။ မြန်မာသံရုံးမှာ ကျွန်တော့်လျှောက်လွှာကို လက်မှတ်ထိုးပေးမယ့်သူ အခုချိန်အထိပေါ်မလာသေးပါဘူး။ မြန်မာနိုင်ငံကို ပြည်ဝင်ခွင့်ရဖို့ ဆက်ပြီးကြိုးစားနေရတုန်းပါပဲ"ဟု ဘာတေးလစ်တနာက ပြောပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဘာတေးလစ်တနာ ရေးသားခဲ့သော စာအုပ်အချို့မှာ The Rise and Fall of the Communist Party of Burma (CPB) စာအုပ်၊ Outrage: Burma's Struggle for Democracy စာအုပ်၊ The Kachin: Lords of Burma's Northern Frontier စာအုပ်၊ Land of Jade: A Journey from India through Northern Burma to China စာအုပ်၊ Merchants of Madness: The Methamphetamine Explosion in the Golden Triangle စာအုပ်တို့ဖြစ်ကြပါသည်။

လက်ရှိအချိန်တွင် Wall Street Journal နှင့် Asia Times အစရှိသည်တို့တွင် ဆောင်းပါးများရေးသားလျက်ရှိနေပါသည်။ နောက်ဆုံးထွက်ရှိထားသော စာအုပ်မှာ Great Game East - India, China and the struggle for Asia's most volatile frontier စာအုပ်ဖြစ်ပါသည်။



၁၉၈၆ ခုနှစ်က ဘာတေးလစ်တနာကို KIO ဥက္ကဋ္ဌ ဘရန်ဆိုင်းနှင့်အတူ တွေ့ရစဉ်

# မွန်ဒီမိုကရေစီပါတီ ရန်ကုန်မြို့တွင် ပါတီရုံးခွဲဖွင့်လှစ်ရန် စီစဉ်

မွန်ဒီမိုကရေစီပါတီသည် ရန်ကုန်မြို့၌ ပါတီရုံးခွဲဖွင့်လှစ်ရန်စီစဉ်နေကြောင်းသိရသည်။

"ကျွန်တော်တို့ပါတီရုံးခွဲကို ရန်ကုန်မှာဖွင့်ဖို့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့တယ်။ ပါတီရုံးချုပ်က မော်လမြိုင်မှာဆိုတော့ ဒီမှာရှိတဲ့ အခြားနိုင်ငံရေးပါတီတွေနဲ့ဆက်သွယ်ရေးက သိပ်အဆင်မပြေဖြစ်နေတယ်။ ဒီရန်ကုန်ရုံးခွဲမှာ ပါတီဝင်အင်အားစုဆောင်းခြင်းများနဲ့နိုင်ငံရေးပါတီများနဲ့တွေ့ဆုံမှုများစတာတွေကို ပြုလုပ်သွားမှာပါ"ဟု မွန်ဒီမိုကရေစီပါတီဥက္ကဋ္ဌဦးနိုင်ငွေသိမ်းက ပြောကြားခဲ့သည်။

မွန်ဒီမိုကရေစီပါတီသည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဝင် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့မှ အမည်ပြောင်း၍မှတ်ပုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့သည် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်၌မှတ်ပုံတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်မဲဆန္ဒနယ် ၁၉ နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ငါးနေရာအနိုင်ရရှိခဲ့ကြောင်း သိရသည်။ ၁၉၉၂ ခုနှစ်တွင် ပါတီဖျက်သိမ်းခံခဲ့ရသည်။ မွန်ဒီမိုကရေစီပါတီကိုရွေးကောက်ပွဲကော်မရှင်မှ ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ နေ့စွဲဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။




# အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့၌ အဖွဲ့ပေါင်း ၄၀ မှ နိုင်ငံအနှံ့ငြိမ်းချမ်းရေးတောင်းဆိုပွဲများ ပြုလုပ်မည်



ငြိမ်းချမ်းရေးတောင်းဆိုပွဲများနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အသီးသီးမှ ရှင်းလင်းမှုများပြုလုပ်နေစဉ်

စက်တင်ဘာလ ၂၁ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ယခုအချိန်ထိဖြစ်ပွားနေသော ပြည်တွင်းစစ်ပွဲများရပ်တန့်ရေးအတွက် ငြိမ်းချမ်းရေးအဖွဲ့ ၄၀ ကျော်မှ ငြိမ်းချမ်းရေးတောင်းဆိုပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့တွင် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ဆောင်နေကြသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ လူငယ်ပရဟိတအဖွဲ့များ၊ အားလုံးပူးပေါင်းကာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောင်းဆိုမှုများ ပြုလုပ်သွားမည်ဟုသိရသည်။

"မြို့နယ်တွေအကုန်လုံးတော့ ပိုက်စိပ်တိုက်တော့ မလုပ်နိုင်ဘူးပေါ့။ တတ်နိုင်သလောက် ကာဗာဖြစ်ဖို့တော့ဖြန့်လုပ်သွားဖို့ရှိပါတယ်။ ရည်ရွယ်ချက်ကတော့ ပြည်တွင်းစစ်ကို ရပ်တန့်သွားဖို့ရည်ရွယ်ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှာပါတဲ့ ကာကွယ်ရေးဦးစီးချုပ်၊ သမ္မတကြီးဦးသိန်းစိန်နဲ့ လွှတ်တော်ကိုဦးတည်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားသူအားလုံးကိုဦးတည်ပါတယ်။ အဓိက,ကတော့ ကာချုပ်ပေါ့"ဟု Peace Network အဖွဲ့တွင် ပါဝင်လှုပ်ရှားနေသူ မခင်စန္ဒာညွန့်က ပြောပါသည်။

ငြိမ်းချမ်းရေးတောင်းဆိုမှုကို အဖွဲ့ ၁၈ဖွဲ့ခန့်မှဦးဆောင်ကာ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ဖြန့်ကြက်ပြီးလုပ်သွားမည်ဖြစ်ကာ စုစုပေါင်းအဖွဲ့ ၄၀ခန့်ရှိမည်ဖြစ်ပြီး ဆောင်ပုဒ်အနေဖြင့် 'တစ်နိုင်ငံလုံးစစ်ပွဲရပ်'ဟူသောဆောင်ပုဒ်ကို သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးတောင်းဆိုမှု အဓိကပြုလုပ်သွားမည့် ဒေသများမှာ ရန်ကုန်၊ ကချင်၊ မန္တလေး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မော်လမြိုင်၊ သံဖြူဇရပ်၊ ပြည်၊ တောင်ငူ၊ သံတောင်၊ တောင်ကြီး ၊ အင်းလေး၊ ဆီဆိုင်၊ ကျောက်မဲ၊ ရွှေဘို၊ ပေါင်းတည် ၊ ပခုက္ကူစသောမြို့နယ်များဖြစ်ကြောင်းသိရှိရသည်။

# မြန်မာနိုင်ငံတွင်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်နေသည့် PTTEP မှ အခြားကုမ္ပဏီနှစ်ခုသို့ရင်းနှီးမြှုပ်နှံမှု အချို့ လွှဲပြောင်းပေးရန် တရားဝင်တင်ပြထား

မြန်မာနိုင်ငံရှိ ကမ်းလွန်နှင့် ကုန်းတွင်းရေနံလုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နေသည့် ထိုင်းနိုင်ငံအခြေစိုက် PTTEP ကုမ္ပဏီမှ မုတ္တမကမ်းလွန်လုပ်ကွက် M-11တွင် လုပ်ကိုင်ဆောင်ရွက်နေရာမှ အခြားကုမ္ပဏီနှစ်ခုသို့ ရင်းနှီးမြှုပ်နှံမှု အချို့လွှဲပြောင်းပေးရန် တရားဝင်တင်ပြထားကြောင်း သိရှိရသည်။

PTTEP အနေဖြင့် မုတ္တမကမ်းလွန်လုပ်ကွက် M-11 ၌ operator အဖြစ် ဆောင်ရွက်လျက်ရှိရာမှ အခြားကုမ္ပဏီနှစ်ခုသို့ ရင်းနှီးမြှုပ်နှံမှု အချို့လွှဲပြောင်းပေးရန် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)သို့ တရားဝင်စာတင်ပြထားခြင်းဖြစ်ကြောင်း PTTEP မှ သိရှိရသည်။

PTTEP အနေဖြင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်(PSC) အရ TOTAL(TEPM)နှင့် JX NOEX(JX Myanmar)သို့ ရင်းနှီးမြှုပ်နှံမှုများ လွှဲပြောင်းပေးရန်အတွက် သဘောတူညီမှုရရှိရန် MOGE သို့ တရားဝင်စာတင်ထားခြင်းဖြစ်ကြောင်းနှင့် MOGE မှ သဘောတူညီမှုရရှိပြီးပါက PTTEP သည် ယင်းကုမ္ပဏီများနှင့် JOA ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ရင်းနှီးမြှုပ်နှံမှုများ လွှဲပြောင်းပေးပြီးနောက်တွင် PTTEP မှ ၄၅ ရာခိုင်နှုန်း၊ TEPM မှ ၄၀ ရာခိုင်နှုန်းနှင့် JX NOEX မှ ၁၅ ရာခိုင်နှုန်းဖြစ်လာမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ကုမ္ပဏီသုံးခုကြားတွင် ရင်းနှီးမြှုပ်နှံမှုလွှဲပြောင်းခြင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပါဝင်လာမည့်အဖွဲ့ဝင်များအနေဖြင့်လုပ်ကွက်တွင် ကျွမ်းကျင်မှု၊ နည်းပညာနှင့် ငွေကြေးလျာထားမှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စာချုပ်၌ ဘဏ္ဍာရေး အကျိုးအမြတ်ခွဲဝေခြင်းနှင့် M-11 လုပ်ကွက်တွင် နည်းပညာပူးပေါင်း ဆောင်ရွက်ခြင်းများ ပါဝင်မည်ဖြစ်သည်။

M-11 သည် ၇၂၇၈ စတုရန်းကီလိုမီတာရှိပြီး PTTEP အနေဖြင့် ၂၀၀၅ခုနှစ်ကတည်းက 2D Seismic လေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လအတွင်းက 3D Seismic ဖြင့် လေ့လာခြင်းလုပ်ငန်းများကိုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ပထမသုံးလပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

PTTEP ၏ CEO Mr.Tevin က “မုတ္တမကမ်းလွန်လုပ်ကွက် M-11 ကို ကျွန်တော်တို့ PTTEP နဲ့ Total E&P Myanmar ၊JX Nippon Oil& Gas Exploration တို့နဲ့ အဓိကပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

# ကမ္ဘာ့ရွှေဈေးဆက်တိုက်မြင့်တက်မှုနှင့်အတူ မြန်မာ့ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၈၀၀၀၀၀ နီးပါးအထိ ထိုးတက်၊ သုံးလအတွင်း တစ်ကျပ်သားလျှင် ကျပ်တစ်သိန်းအထိ ဈေးမြင့်ခဲ့ခြင်းဖြစ်



ကမ္ဘာ့ရွှေဈေးဆက်တိုက်မြင့်တက်မှုနှင့်အတူ မြန်မာ့ရွှေဈေးမှာလည်း တစ်ကျပ်သားလျှင် ကျပ် ၈၀၀၀၀၀ နီးပါးအထိစံချိန်တင်ထိုးတက်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

ကမ္ဘာ့ရွှေဈေးမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၃ ဒေါ်လာအထိမြင့်တက်ခဲ့ပြီးနောက် မြန်မာ့ရွှေဈေးမှာလည်း အဆိုပါနေ့တွင် တစ်ကျပ်သားလျှင် ကျပ် ၇၉၀၀၀၀ အထိ ထိုးတက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးမှာ လွန်ခဲ့သည့် မေလက တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၅ ဒေါ်လာသာရှိခဲ့ရာမှ ယခုအခါ ၁၇၇၃ ဒေါ်လာအထိမြင့်တက်ခဲ့ခြင်းဖြစ်၍ လေးလအတွင်း တစ်အောင်စလျှင် ၂၁၈ ဒေါ်လာထိဆက်တိုက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရွှေဈေးမှာ လွန်ခဲ့သည့် ဇွန်လအတွင်းက တစ်ကျပ်သားလျှင် ကျပ် ၆၉၃၈၀၀ သာရှိခဲ့ရာမှ ယခု စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျပ် ၇၉၀၀၀၀ အထိမြင့်တက်လာခဲ့ရာ သုံးလအတွင်း တစ်ကျပ်သားလျှင် ကျပ်တစ်သိန်းနီးပါးအထိ ထိုးတက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ မြန်မာ့ရွှေပေါက်ဈေးမှာ သမိုင်းတစ်လျှောက် စံချိန်တင်မြင့်တက်ခြင်းလည်းဖြစ်ပြီး ရွှေဈေးကွက်အတွင်းမှလုပ်ငန်းရှင်များသုံးသပ်မှုအရ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် မြန်မာ့ရွှေဈေးလိုက်ပါမြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

လအလိုက်ပျမ်းမျှ ကမ္ဘာ့ရွှေဈေးနှုန်းများ (အောင်စ၊ အမေရိကန်ဒေါ်လာ)

| ရက်စွဲ | ဈေးနှုန်း |
|---|---|
| ၂၀၁၂ မေ | ၁၅၅၅.၁၅ |
| ၂၀၁၂ ဇွန်လ ၄ ရက် | ၁၆၁၀.၆၀ |
| ၂၀၁၂ ဇွန်လ ၈ ရက် | ၁၅၆၆.၉၄ |
| ၂၀၁၂ ဇွန်လ ၁၂ ရက် | ၁၅၉၇.၀၃ |
| ၂၀၁၂ ဇူလိုင် ၂၀ ရက် | ၁၅၈၄ |
| ၂၀၁၂ ဇူလိုင် ၂၇ ရက် | ၁၆၂၄ |
| ၂၀၁၂ ဩဂုတ် ၄ ရက် | ၁၆၀၄.၀၅ |
| ၂၀၁၂ ဩဂုတ် ၁၁ ရက် | ၁၆၂၀.၅၀ |
| ၂၀၁၂ ဩဂုတ် ၁၈ ရက် | ၁၆၁၅.၂၀ |
| ၂၀၁၂ ဩဂုတ် ၁၅ ရက် | ၁၆၇၀.၆၆ |
| ၂၀၁၂ စက်တင်ဘာ ၁ ရက် | ၁၆၉၁.၁၅ |
| ၂၀၁၂ စက်တင်ဘာ ၈ ရက် | ၁၇၃၆.၀၅ |
| ၂၀၁၂ စက်တင်ဘာ ၁၄ ရက် | ၁၇၇၃ |

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူးဦးဝင်းမြင့်က “ကမ္ဘာ့ရွှေဈေးမြင့်လို့ မြန်မာ့ရွှေဈေးမြင့်ရတာပါ။ ကမ္ဘာ့ရွှေဈေးက မနက်နဲ့ညနေဈေးချက်ချင်းပြောင်းတာမျိုးကဖြစ်လေ့ဖြစ်ထမရှိဘူး။ အခုကမ္ဘာ့ရွှေဈေးက မနက်ဈေးနဲ့ ညနေဈေးတောင်မတူဘူး”ဟုသုံးသပ်ခဲ့သည်။

ကမ္ဘာ့ရွှေဈေး ထိုသို့ ထိုးတက်လာပါက ဈေးနှုန်းထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတကာရှိ ပုဂ္ဂလိကဘဏ်များမှ ရွှေထုတ်ရောင်းမှုများ ပြုလေ့ရှိကြောင်း သိရှိရသည်။

***ချမ်းမြေ့သူ***

မြန်မာ့ရွှေပေါက်ဈေးများ(ကျပ်သား၊ ကျပ်)

| ရက်စွဲ | အခေါက်ဈေး | ၂၃-၅-၂၀၁၂ | ၆၉၃၈၀၀ |
|---|---|---|---|
| ၂၄.၂.၂၀၁၂ | ၇၅၈၀၀၀ | ၁-၆-၂၀၁၂ | ၆၉၆၅၀၀ |
| ၂.၃.၂၀၁၂ | ၇၄၆၀၀၀ | ၇-၆-၂၀၁၂ | ၇၁၀၀၀၀ |
| ၉.၃.၂၀၁၂ | ၇၃၀၀၀၀ | ၈-၆-၂၀၁၂ | ၇၁၀၀၀၀ |
| ၁၅.၃.၂၀၁၂ | ၇၃၀၀၀၀ | ၁၆-၆-၂၀၁၂ | ၇၂၅၀၀၀ |
| ၂၃.၃.၂၀၁၂ | ၇၂၁၀၀၀ | ၂၉-၆-၂၀၁၂ | ၇၂၀၀၀၀ |
| ၃၀.၃.၂၀၁၂ | ၇၂၅၀၀၀ | ၆-၇-၂၀၁၂ | ၇၃၄၀၀၀ |
| ၆.၄.၂၀၁၂ | ၇၁၉၀၀၀ | ၂၇-၇-၂၀၁၂ | ၇၃၆၈၀၀ |
| ၂၇.၄.၂၀၁၂ | ၇၂၀၀၀၀ | ၄-၈-၂၀၁၂ | ၇၃၃၅၀၀ |
| ၁၁.၅.၂၀၁၂ | ၇၀၂၅၀၀ | ၁၈-၈-၂၀၁၂ | ၇၄၁၅၀၀ |
| ၁၈-၅-၂၀၁၂ | ၇၀၁၀၀၀ | ၂၅-၈-၂၀၁၂ | ၇၅၅၀၀၀ |

# နိုင်ငံခြားငွေ ၁၄ မျိုး လဲနိုင်သည့် အလိုအလျောက်နိုင်ငံခြားငွေလဲလှယ်ရေးစနစ်နှင့် နိုင်ငံတကာကတ်များ ထည့်သွင်းအသုံးပြုနိုင်မည့်စက်များ တပ်ဆင်ရန်ပြင်ဆင်နေ



Multi Currency Exchange ATM စက်ကို ကမ္ဘောဇဘဏ် ဒုဥက္ကဋ္ဌ ဦးသန်းလွင် လေ့လာနေစဉ်

အသုံးများသော နိုင်ငံခြားငွေ ၁၄ မျိုးလဲလှယ်နိုင်သည့် အလိုအလျောက် နိုင်ငံခြားငွေကြေးလဲလှယ်ရေးစနစ်နှင့် နိုင်ငံတကာကတ်များ ထည့်သွင်းအသုံးပြုနိုင်မည့် Multi Currency Exchange ATM စက်များတပ်ဆင်ရန်ပြင်ဆင်နေကြောင်း မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။

စက်တင်ဘာလ ၁၄ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် Myanmar Payment Union ရုံးနှင့် National Switch (Data Center) ဖွင့်ပွဲအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါစက်များကို မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားခရီးသွားများ သုံးစွဲနိုင်မည်ဖြစ်ပြီး အီလက်ထရောနစ်ကတ်မဟုတ်ဘဲ ငွေကြေးလဲလှယ်လိုပါက နိုင်ငံကူးလက်မှတ်စာအုပ်လိုအပ်မည်ဖြစ်ကြောင်းသိရပါသည်။

လက်ရှိအချိန်တွင် အဆိုပါ Multi Currency Exchange ATM စက်များတပ်ဆင်နိုင်ရန် စမ်းသပ်နေပြီဖြစ်သော်လည်း မည်သည့်ကာလတွင်စတင်တပ်ဆင်မည်ကိုမူ ပြောကြားနိုင်ခြင်း မရှိသေးကြောင်းနှင့် စမ်းသပ်ကာလတွင် အမေရိကန်ဒေါ်လာ၊ ဗြိတိန်ပေါင်၊ ယူရိုနှင့် ဟောင်ကောင်ဒေါ်လာတို့ဖြင့် စမ်းသပ်နေခြင်းဖြစ်ကြောင်း မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဘဏ် တာဝန်ရှိသူတစ်ဦးက ထည့်သွင်းရှင်းပြပါသည်။

***စည်သူအောင်***

**မျက်နှာဖုံး “ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း၏ မူဘောင်သဘောတူစာချုပ်အား . . .”သတင်းမှအဆက်**

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း၏ မူဘောင်သဘောတူစာချုပ်အား ပြန်လည်ပြင်ဆင်ချုပ်ဆိုသွားမည်ဖြစ်ပြီး လက်ရှိတွင် ကြန့်ကြာနေသည့် စီမံကိန်းလုပ်ငန်းများအား လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန် အစိုးရအချင်းချင်း ဆက်သွယ်မှုဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန်အထောက်အကူပြုလုပ်ငန်းအဖွဲ့ (ယာယီ)ကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

ယခင်အစိုးရလက်ထက် ၂၀၀၈ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ထိုင်းနိုင်ငံမှအီတာလျံထိုင်းကုမ္ပဏီနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အကြား ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းမူဘောင်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ယခုအသစ်ပြန်လည်ပြင်ဆင်ချုပ်ဆိုမည့် မူဘောင်သဘောတူစာချုပ်မှာထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့် ထိုင်းနိုင်ငံမှ အီတာလျံထိုင်းကုမ္ပဏီတို့အကြား ချုပ်ဆိုသွားမည်ဖြစ်ကာ ယခင်စာချုပ်တွင် ပါဝင်သည့်အချက်အလက်များလည်း ပြန်လည်ပါဝင်နိုင်မည်ဖြစ်ပြီး အသစ်ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များလည်း ပါဝင်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

“အရင်ကတော့ စီမံကိန်းလုပ်ငန်းတွေကို အီတာလျံထိုင်းကုမ္ပဏီကို Developer အနေနဲ့ထားပြီး လုပ်ခဲ့တယ်။ အခုကတော့ စီမံကိန်းလုပ်ငန်းမှာ ပါဝင်တဲ့ အစိုးရအချင်းချင်း ဆက်သွယ်မှုနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာ။ အစိုးရတွေကိုယ်တိုင်ပါဝင်ပတ်သက်ပြီး လုပ်ဆောင်တဲ့ စီမံကိန်းတစ်ခု ဖြစ်သွားမယ်”ဟု ထားဝယ်အထူးစီးပွားရေးဇုန်အထောက်အကူပြုလုပ်ငန်းအဖွဲ့(ယာယီ)ကော်မတီမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**စီမံကိန်းလုပ်ငန်းတွေကို အီတာလျံထိုင်းကုမ္ပဏီကို Developer အနေနဲ့ထားပြီး လုပ်ခဲ့တယ်။ အခုကတော့ စီမံကိန်းလုပ်ငန်းမှာပါဝင်တဲ့ အစိုးရအချင်းချင်းဆက်သွယ်မှုနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာ။ အစိုးရတွေကိုယ်တိုင်ပါဝင်ပတ်သက်ပြီး လုပ်ဆောင်တဲ့ စီမံကိန်းတစ်ခုဖြစ်သွားမယ် . . .**

ယင်းကဲ့သို့ အစိုးရအချင်းချင်း ဆက်သွယ်မှုဖြင့်ပူးပေါင်းလုပ်ဆောင်ရခြင်း၏ အဓိကအချက်မှာ စီမံကိန်းလုပ်ငန်းများလျင်မြန်စွာ ပြီးစီးရန် ငွေကြေးထောက်ပံ့မှုပေးနိုင်ရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း စတင်နိုင်ရန် ကြိုတင်ပြင်ဆင်သည့် စီမံကိန်း Preparation Project များအားလုပ်ဆောင်လျက်ရှိကာ အဆိုပါစီမံကိန်းလုပ်ငန်းများမှာ ၂၀၁၂ နှစ်ကုန်ပိုင်း၌ အပြီးသတ်ပြီးစီးနိုင်မည်ဖြစ်သည်။

ယင်း Preparation Project များပြီးစီးချိန်တွင် စီမံကိန်းအကောင်ထည်ဖော်မည့် ကုမ္ပဏီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း သဘောတူစာချုပ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်ကာ ယင်းနောက်တွင်မှ စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများကို စတင်မည်ဟု သိရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၂ ခုနှစ် မတ်လအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်အတွင်းရှိ ဧရိယာအကျယ်အဝန်း ၅၀၅၀၅ ဒသမ ၀၂၃၃ ဧကရှိသည့် နယ်မြေအား ထားဝယ်အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ပေးခဲ့သည်။

၂၀၁၂ ခုနှစ် ဇူလိုင်လက ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့ကာ ထားဝယ်ရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန်စီမံကိန်းအပါအဝင် စီးပွားရေးဆိုင်ရာနားလည်မှုစာချွန်လွှာ သုံးခုအား လက်မှတ်ရေးထိုးခဲ့သည်။ ***ရွှန်းလဲ့ဝင်း***

**မျက်နှာဖုံး"တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ၏ပို့ကုန်များအပေါ် နည်းမျိုးစုံဖြင့် ကန့်သတ်နေပြီး . . ."သတင်းမှအဆက်**

တရုတ်နိုင်ငံအတွင်းသို့ မြန်မာနိုင်ငံမှ တင်ပို့သည့် ကုန်စည်များဖြစ်သည့် ဆန်၊ ကျောက်စိမ်း၊ သားရေကုန်ကြမ်း စသည့် ကုန်စည်များနှင့် အခြားသော ကုန်စည်များအပေါ် တရုတ်နိုင်ငံမှ အဆမတန်အခွန်တိုးမြှင့်ကောက်ခံခြင်း၊ အရည်အသွေးမမီဟုဆိုကာ သွင်းကုန်များ ပိတ်ဆို့ထားခြင်းစသည့် တားဆီးမှုများနှင့် ကြုံတွေ့နေရကြောင်း ပို့ကုန်လုပ်ငန်းရှင်များထံမှ သတင်းရရှိပါသည်။

ထိုကဲ့သို့ဖြစ်ရပ်များမှာ လက်ရှိကာလတွင်မှ ဖြစ်ပေါ်နေခြင်း မဟုတ်ဘဲ ယခင်ကလည်း ရသာချိုစက်မှုလုပ်ငန်းမှ ထုတ်လုပ်သည့်ခေါက်ဆွဲခြောက်ကို တရုတ်နိုင်ငံမှကန့်သတ်ထားသည့် ပိုးပမာဏထက် ပါဝင်နေသည်ဟုဆိုကာ ကန့်သတ်ခဲ့ခြင်း၊ ကဏန်းအရှင်များအပေါ် ပိုးပါသည်ဟုဆိုကာ တင်သွင်းခြင်း တားမြစ်ခဲ့မှုများစသည့် ဖြစ်ရပ်များ အများအပြားရှိခဲ့ကြောင်းလည်း သိရှိရပါသည်။

လက်ရှိကာလတွင်လည်း မြန်မာပို့ကုန်ဖြစ်သည့် ဆန်အား အရည်အသွေးမမီဟုဆိုကာ တရားဝင်တင်ပို့ခွင့် ပိတ်ထားခြင်း၊ မြန်မာပို့ကုန်ကြမ်းဖြစ်သည့်သားရေများကို ရောဂါပိုးပါဝင်နေသည်ဟုဆိုကာ တင်ပို့ခွင့်ပိတ်ထားခြင်း၊ ရေချိုပုစွန်များတွင် ဆပ်ပြာရည်ပါဝင်သည်ဟုဆိုကာ ပြန်လည်ပေးပို့ခဲ့ခြင်းများ၊ မြန်မာ့အသားထွက်ကုန်များတွင် ခွာနာလျှာနာပိုးရှိ၍ဆိုကာ မြန်မာနိုင်ငံမှ တင်ပို့သည့် အေးခဲအမဲသားအားတင် ပို့ခွင့်ပိတ်ဆို့ခဲ့ခြင်းများစသည့် ဖြစ်ရပ်များနှင့် ကျောက်စိမ်းနှင့်လယ်ယာထွက်ကုန်များကို အခွန်မြင့်မားစွာစည်းကြပ်မှုများပြုလုပ်နေပြီး မြန်မာပို့ကုန်လုပ်ငန်းရှင်အများစုမှာ တရားဝင်တင်ပို့နိုင်ရေး အခက်တွေ့သဖြင့် တရားမဝင်လမ်းကြောင်းများမှဈေးနှိမ်ခံ၍ တင်ပို့နေရကြောင်းလည်း သိရှိရပါသည်။

"တရုတ်နိုင်ငံရဲ့ မြန်မာပို့ကုန်တွေအပေါ် နည်းအမျိုးမျိုးသုံး ကြပ်မတ်မှုက တဖြည်းဖြည်းပိုဆိုးလာပါ



ဓာတ်ပုံ - ထွန်းနေလှိုင်(နောင်ပိန်)

တရုတ်နိုင်ငံဖြင့် အဓိကကုန်သွယ်နေသည့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်နေရာကို တွေ့ရစဉ်

**၂၅ မှတ်ဆန်ဆိုဗျာ အဆင့်မမီဘူး ပြောပေမယ့် အောက်ဈေးနဲ့ မှောင်ခိုသွင်းတော့ မသိချင်ဟန်ဆောင်နေတယ်။ တချို့တရုတ်နိုင်ငံကလက်မခံတဲ့ ကုန်စည်တွေက စင်ကာပူလို နိုင်ငံမျိုးကတောင် မကန့်ကွက်တဲ့ ကုန်စည်တွေပါတယ်။ အခု ဆပ်ပြာရည်တွေပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရေချိုပုစွန်တွေ လက်မခံဘူး . . .**

တယ်။ ၂၅ မှတ်ဆန်ဆိုဗျာ၊ အဆင့်မမီဘူးပြောပေမယ့် အောက်ဈေးနဲ့ မှောင်ခိုသွင်းတော့ မသိချင်ဟန်ဆောင်နေတယ်။ တချို့တရုတ်နိုင်ငံက လက်မခံတဲ့ကုန်စည်တွေက စင်ကာပူလိုနိုင်ငံမျိုးကတောင် မကန့်ကွက်တဲ့ ကုန်စည်တွေပါတယ်။ အခုဆပ်ပြာရည်တွေပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရေချိုပုစွန်တွေ လက်မခံဘူး။ ဒီအကြောင်းပြချက်က ဖြစ်နိုင်ပါ့မလားဗျာ၊ ပုစွန်ကအရမ်းနု၊ အရမ်းအသန့်ကြိုက်တာ"ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံမှ အရည်အသွေးနိမ့်ကုန်စည်များကို မြန်မာနိုင်ငံအတွင်း သုံးစွဲမှုမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ဒုတိယအများဆုံး ပြည်တွင်းအသုံးပြုသည့် ကုန်စည်များမှာ ထိုင်းနိုင်ငံထုတ် ကုန်စည်များဖြစ်ကြောင်းလည်း ပို့ကုန်လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံမှ အဆင့်မမီ တင်သွင်းသည်ဟု လတ်တလော သတင်းထွက်ပေါ်ခဲ့သောကုန်စည်များမှာ ကြက်ဥအတု၊ ဆေးဝါးအတု၊ စွန့်ပစ်ဆီများကို ပြန်လည်ပြုပြင်၍ မြန်မာနိုင်ငံအတွင်း တင်သွင်းခဲ့မှု၊ တားမြစ်ဆေးပါ ပျားရည်များကို မြန်မာနိုင်ငံအတွင်း တင်သွင်းခဲ့မှုများ၊ ချယ်ရီဝက်ဝွန်ယာဉ်နှင့် အန္တရာယ်ရှိ စားသောက်ကုန်များဖြစ်ကြောင်းလည်း သိရှိရသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ပို့ကုန်များအပေါ် နည်းမျိုးစုံဖြင့် စစ်ဆေးကန့်သတ်မှုများပြုလုပ်နေသော်လည်း မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းနိုင်မှုမရှိသေးခြင်း၊ တာဝန်အရှိဆုံးကြပ်မတ်စစ်ဆေးရမည့် FDA (အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန)မှာလည်း လူအင်အားနှင့် စမ်းသပ်စစ်ဆေးရမည့်ပစ္စည်းများ မပြည့်စုံမှုအချို့ကြောင့် မြန်မာနိုင်ငံအတွင်း အဆင့်မမီ တရုတ်စားသောက်ကုန်များဝင်ရောက်နေမှုအား ကြပ်မတ်နိုင်မှု အားနည်းနေကြောင်းလည်း သိရှိရပါသည်။

"FDA ဟာ ဝန်ကြီးဌာန တစ်ခုလောက်အထိကို ပြည့်ပြည့်စုံစုံဖြစ်သင့်တယ်။ FDA ကဘာလို့ ဒီလောက်ကြီးကျယ်သင့်လဲ မေးရင် တစ်မျိုးသားလုံးအသက်ဘေးနဲ့အရေးအကြီးဆုံး ကျန်းမာရေးအတွက်ကြောင့်ပါ။ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ FDA မှာ ဘာမှပြည့်စုံတာမရှိဘူး။ အများကြီးမြှင့်တင်ပေးဖို့ လိုအပ်ပါတယ်"ဟု ဆေးဝါးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

FDA အနေဖြင့် နယ်စပ်ဒေသများမှ ဝင်ရောက်နေသည့် စားသောက်ကုန်များကို ကြပ်မတ်စစ်ဆေးနိုင်ရန်အတွက် တရုတ်နယ်စပ်မူဆယ် ၁၀၅ မိုင်နှင့် ထိုင်းနယ်စပ်မြဝတီမြို့များတွင် ဌာနခွဲများဖွင့်လှစ်ရန်စီစဉ်နေပြီး အခြားသောနယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ပြည်တွင်းမှ တင်ပို့နေသည့် ကျောက်စိမ်းအပေါ် တရုတ်နိုင်ငံမှ အခွန် ၃၄ ရာခိုင်နှုန်းခန့် ကောက်ခံပြီး ဆန်၊ ပြောင်း၊ နှမ်း အစရှိသည့် လယ်ယာထွက်ကုန်စည်များအပေါ် ၆၀ ရာခိုင်နှုန်းဝန်းကျင်အထိ အခွန်စည်းကြပ်မှုမြှင့်တင်ထားသဖြင့် မြန်မာကုန်စည်အများစုမှာ တရားမဝင်လမ်းကြောင်းမှသာတင်ပို့နေရပြီး နစ်နာမှုများရှိနေကြောင်းလည်း ပို့ကုန်လုပ်ငန်းရှင်များက ဆိုပါသည်။

"တရုတ်ကမြန်မာနိုင်ငံက ထုတ်တဲ့ သဘာဝပစ္စည်းတမာပိုးသတ်ဆေးကိုထုတ်သမျှ အကုန်ဝယ်ပြီး သူတို့ထုတ်တဲ့ အန္တရာယ်ရှိဓာတုဆေးသုံးဆေးတွေ၊ ဓာတ်မြေဩဇာတွေ ပြန်သွင်းတယ်။ ပြီးတော့ ကြက်ဥအတုတွေ ဓာတုဆေးပါတဲ့ အေးခဲအသားတွေသွင်းတယ်။ သူတို့ ပြန်ဝယ်တာကျတော့ ကျောက်စိမ်း၊ ကျွန်းသစ်၊ မြစ်ဆုံတုန်းကဆိုရင် ရွှေပါတဲ့မြေကြီးကို တရုတ်အထိ သယ်တာမျိုးတွေရှိတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း တရုတ်နိုင်ငံရဲ့ သွင်းကုန်တွေအပေါ် စနစ်တကျကြပ်မတ်သင့်ပါတယ်။ ကျောင်းတွေမှာဆိုလည်း တရုတ်နိုင်ငံကတင်သွင်းလာတဲ့ အစပ်ချောင်းတွေ ဂျုံးမြစ်လိုမုန့်တွေက အန္တရာယ်ရှိလို့ မကြာခဏ ရောဂါဖြစ်ပွားနေတာအားလုံးသိပါတယ်။တရုတ်နိုင်ငံကလာတဲ့ကစားစရာတွေထဲမှာ ခဲဓာတ်တွေပါတော့ ကလေးတွေအတွက် အာရုံကြောထိခိုက်တာ၊ ထိတွေ့မှုကြာရင် ပန်းသေရောဂါ စွဲကပ်တာမျိုးတွေဖြစ်တတ်လို့ ကျောင်းမုန့်ဆိုင်တွေမှာ တရုတ်နိုင်ငံထုတ်ကုန်စည်တွေ မသုံးစွဲရေး ဒီလကုန်မှာ အသိပညာပေးဆွေးနွေးမှုတွေ ပြုလုပ်သွားပါမယ်"ဟု မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေးအသင်းဥက္ကဋ္ဌဦးဗအုပ်ခိုင်က ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းနိုင်မှုမရှိသေးခြင်းနှင့်ပတ်သက်၍ ဒေါ်ရီရီမြင့်(စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ)က "ကျွန်မလေ့လာဖူးတဲ့ thesis တစ်ခုမှာဆိုရင် ဒီလိုအဆင့်မမီ စားသောက်ကုန်တွေ တင်သွင်းလာတာမျိုးကိုစားသုံးသူအကာအကွယ်ပေးရေးဥပဒေ မပြဋ္ဌာန်းနိုင်သေးပေမဲ့ တခြားဆက်နွယ်နေတဲ့ ဥပဒေတွေနဲ့ အရေးယူလို့ ရတာရှိပါတယ်။ ပြည်သူတွေကြားမှာက နွမ်းပါးမှုအပြင် အသိပညာချို့တဲ့မှုလည်း ဖြစ်နေတယ်။ awareness လည်း အရမ်းနည်းတော့ တရုတ်စားကုန်တွေသုံးနေကြတာပါ။ ဒီလိုအဆင့်မမီတင်သွင်းနေတဲ့ စားသုံးကုန်တွေကို consumer group လေးတွေ ဖွဲ့ပြီး စနစ်တကျကာကွယ်ရပါမယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ မှောင်ခိုကုန်သွယ်မှုပမာဏသည် တရားဝင်ကုန်သွယ်မှုပမာဏထက် ၁၀ ဆမှအဆ ၂၀ ရှိလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ပြောကြားခဲ့သည်။

"တရုတ်နိုင်ငံက မြန်မာနိုင်ငံကတင်သွင်းတဲ့ ဆန်ကို အဆင့်မမီပါဘူးဆိုပြီး တရားဝင်တင်သွင်းခွင့်ပိတ်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံက ပို့တဲ့ပို့ကုန်တွေကို တရားဝင်လက်ခံဖို့ အခွန်အခတွေ လျှော့ချဖို့အတွက် ဆွေးနွေးစရာတွေ ရှိပါတယ်"ဟု ဦးဝင်းမြင့်က ပြောကြားခဲ့ပါသည်။

"လက်ရှိမှာ ကျွန်တော်တို့နိုင်ငံအတွင်း တရုတ်က တင်သွင်းလာတဲ့ ပစ္စည်းတွေကြည့်ရင် သုံးစွဲရမယ့်အညွှန်းတွေကို တရုတ်လိုပဲ ရေးထားတယ်။ ကျွန်တော်တို့ နားမလည်ဘူး၊ မဖတ်တတ်ဘူး။ စားသုံးသူအများစုကလည်း နားလည်မှာမဟုတ်ဘူး။ ဒါတွေကို စိစစ်တင်သွင်းနိုင်ဖို့ လိုအပ်နေပါတယ်"ဟု မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ နယ်စပ်စခန်းများနှင့် ကန့်သတ်ကုန်စစ်ဆေးရေးစခန်းများမှ ဖမ်းဆီးရမိသည့်တရားမဝင်ကုန်ပစ္စည်းဝင်ရောက်မှု အမှုတွဲပေါင်း ၁၁၄၅၇ ရှိပြီး ခန့်မှန်းတန်ဖိုး ကျပ် ၄၇ ဒသမ ၅၃၂ ဘီလျံခန့် တားဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်းလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**ဖြိုးဝေ**




**မျက်နှာဖုံး"ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန် အဆ ၁၀၀ တိုးမြှင့်ထားခြင်းကြောင့် အမှန်တကယ် . . ."သတင်းမှအဆက်**

ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်များအား ၂၀၁၂ ခုနှစ်ဧပြီ ၁ ရက်မှစတင်၍ အဆ ၁၀၀ တိုးမြှင့်ထားသဖြင့် အမှန်တကယ်နစ်နာနေသူ ပြည်သူအများစုမှာ တရားစွဲဆိုတိုင်ကြားနိုင်မှုမရှိဘဲအခက်တွေ့နေပြီး ထိုသို့အခွန်များတိုးမြှင့်မှုမှာ လွှတ်တော်အတွင်း ဆွေးနွေး၍ အတည်ပြုတိုးမြှင့်ခြင်းမဟုတ်သဖြင့် ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း ရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေဦးကိုနီက ပြောကြားသည်။

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယားများပါ အခွန်နှုန်းသတ်မှတ်ချက်များမှာ အချိန်ကာလကြာမြင့်သည်နှင့်အမျှ ဆီလျော်မှုမရှိတော့သဖြင့် ပြင်ဆင်သတ်မှတ်ရာမှ ယင်းကဲ့သို့ ယခင်ထက် ၁၀၀ ရာခိုင်နှုန်းတိုးမြှင့်လာခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရုံးခွန်အက်ဥပဒေနောက်ဆက်တွဲ ဇယား ၁နှင့် ၂ပါအခွန်နှုန်းသတ်မှတ်ချက်များကိုလည်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ချက်များအရ သိရှိရသည်။

"တံဆိပ်ခေါင်းခွန်နဲ့ရုံးခွန်တွေကို လွှတ်တော်သုံးရပ်မှာ အကျေအလည်ဆွေးနွေးပြီးသမ္မတက အတည်ပြုထုတ်ပြန်ခဲ့တာမဟုတ်ဘဲ ရုတ်တရက်တိုးခဲ့တာပါ။ အဲဒီအတွက် ပြည်သူတွေ၊ အမှန်တကယ် နစ်နာတဲ့သူတွေမှာ တရားရုံးစရိတ် မတတ်နိုင်တော့လို့ ကိုယ့်အခွင့်အရေး၊ ကိုယ့်ရပိုင်ခွင့်အတွက်ကိုတောင် တရားမစွဲနိုင်တာတွေ ဖြစ်လာပါတယ်။ ဒါ့ကြောင့် အခွန်တိုးလိုက်တာကို လွှတ်တော်အတွင်း ပြန်လည်ဆွေးနွေးသင့်ပါတယ်။ ပြန်လည်သုံးသပ်ပေးဖို့ကိုလည်း ရှေ့နေများကွန်ရက်ကို ဩဂုတ်လနောက်ဆုံးပတ်က သမ္မတကြီးနဲ့လွှတ်တော်ကို တင်ပြခဲ့ပါတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က ပြောကြားခဲ့ပါသည်။

"ကျပ်သိန်း ၁၅၀၀ လောက်ရမယ့် အမွေမှုတစ်ခုကို တရားစွဲဖို့အတွက် ကပ်ရမယ့် တံဆိပ်ခေါင်းတန်ဖိုးက ကျပ် ၁၅ သိန်းဖြစ်နေတော့ သူ့အနေနဲ့ တရားမစွဲနိုင်တော့ဘူး။ တံဆိပ်ခေါင်းခွန်တွေ တိုးလာပြီး နောက်ပိုင်းမှာလည်း တရားစွဲဆိုမှုတွေသိသိသာသာလျော့ကျသွားပါတယ်"ဟု တရားလွှတ်တော်ရှေ့နေဦးကိုနီက ပြောကြားခဲ့ပါသည်။

ထို့ပြင် နှစ်စဉ်စက်တင်ဘာလ၌ ဆောင်ရွက်ရလေ့ရှိသောအထက်တန်းရှေ့နေလိုင်စင် သက်တမ်းတိုးရာ၌လည်း ယခင်နှစ်များတွင် ငွေကြေးတစ်စုံတစ်ရာပေးဆောင်ရခြင်းမရှိဘဲ ယခုနှစ်တွင်မှ သက်ဆိုင်ရာမြို့နယ်အခွန်ရုံး၌ ငွေကျပ် ၃၀၀၀၀ အခွန်ဆောင်ပြီးမှသာ လိုင်စင်သက်တမ်းတိုးခွင့်ရရှိကြောင်း၊ ထို့ပြင် မြို့နယ်အလိုက်အခွန်ဆောင်ရသည့် ငွေပမာဏလည်းတူညီမှုမရှိဘဲကွာခြားနေကြောင်း၊အချို့မြို့နယ်များ၌ ငွေကျပ်၂၀၀၀၀၊အချို့သောမြို့နယ်များ၌ငွေကျပ် ၃၀၀၀၀ ပေးဆောင်နေရကြောင်း အထက်တန်းရှေ့နေများထံမှ သိရှိရသည်။

| ပြင်ဆင်သတ်မှတ်လိုက်သော အခွန်နှုန်းထားအချို့ (ကျပ်) | | |
|---|---|---|
| စာချုပ်အမျိုးအစား | ယခင် | ယခု |
| ကြွေးမြီခံဝန်ချုပ် | ၁ | ၁၀၀ |
| မွေးစားစာချုပ် | ၃၀ | ၃၀၀ |
| ကျမ်းကျိန်လွှာ | ၂၅ | ၂၅၀ |
| ကွာရှင်းမှုစာချုပ်စာတမ်း | ၂၅ | ၂၅၀၀ |

တံဆိပ်ခေါင်းခွန်နှုန်းထားအသစ်များအရ လက်ရှိအသုံးပြုနေမှုနှင့်စပ်လျဉ်းပြီး"အရင်ကခြောက်ကျပ်ပဲ ကပ်ရမယ့်နေရာမှာကျပ် ၆၀၀ကပ်ရမှာဆိုတော့ ကျပ် ၆၀၀ တန်တံဆိပ်ခေါင်းထက် တံဆိပ်ခေါင်းစုစုပေါင်းတန်ဖိုး ၆၀၀ ပြည့်အောင်ပဲ ကပ်ပြီးသုံးနေကြတာများပါတယ်။ နောက်ပြီး တရားမရုံး ဒါမှမဟုတ် အခွန်ရုံးတစ်ခုခုမှာ အဆိုလွှာ၊ အချေလွှာ၊ အယူခံလွှာတွေမှာဆိုရင် အမှုတန်ဖိုးက ကျပ်တစ်သိန်းထက်မပိုရင် တန်ဖိုးပေါ်မှာ ၅ ရာခိုင်နှုန်း၊ ကျပ်တစ်သိန်းထက်ပိုရင် တန်ဖိုးပေါ်မှာ တစ်ရာခိုင်နှုန်းရုံးခွန်အဖြစ်ပေးသွင်းရမယ်။ ဒီတော့ ကျပ်သိန်း ၁၀၀ အမှုစွဲရင် တစ်သိန်းကျမယ်။ ကျပ်သိန်း ၁၀၀၀ ဆိုရင် ရုံးခွန် ကျပ် ၁၀သိန်းကျမယ်ပေါ့"ဟုလည်း တရားလွှတ်တော်ရှေ့နေတစ်ဦးက ရှင်းလင်းပြောပြခဲ့သည်။

**နီလာ၊ ဖြိုးဝေ**

## နိုင်ငံတကာသို့တင်ပို့နိုင်ရန် ရေထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံအများစုမှာ အဆင့်မြှင့်တင်ရန်လိုအပ်နေ အစိုးရကပြည်ပမှချေးငွေများရယူကာတိုင်းရင်းသားလုပ်ငန်းရှင်များကိုတစ်ဆင့်ပြန်လည်ချေးငှားပေးရန်ရှိကြောင်းသိရ

မြန်မာနိုင်ငံမှရေထွက်ကုန်များ နိုင်ငံတကာသို့တင်ပို့နိုင်ရန်ရေထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံအများစုမှာ အဆင့်မြှင့်တင်ရန်လိုအပ်နေပြီး ယင်းသို့မြှင့်တင်နိုင်ရန်အတွက် အစိုးရက ပြည်ပမှချေးငွေများရယူကာ တိုင်းရင်းသားလုပ်ငန်းရှင်များကိုတစ်ဆင့်ပြန်လည်ချေးငှားပေးသွားဖွယ်ရှိကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ ရေထွက်ပစ္စည်းစက်ရုံတစ်ခုလုပ်ငန်းခွင်ကိုတွေ့ရစဉ်

"ဝန်ကြီးက စီးပွားရေးလုပ်ကိုင်နိုင်ဖို့လိုအပ်တဲ့ အရင်းအနှီးတွေအတွက်ပြည်ပနိုင်ငံတွေကနေအတိုးနှုန်းသက်သာတဲ့ ချေးငွေများကို အစိုးရမှတစ်ဆင့်ရယူပြီး ပုဂ္ဂလိကကဏ္ဍကို ပြန်လည်ချေးငှားပေးသွားမယ်လို့ပြောခဲ့ပါတယ်။ ဒီက ရေထွက်ပစ္စည်းစက်ရုံ ၇၀ ကျော်မှာ ၁၃ ရုံပဲ အီးယူဈေးကွက်ကိုပို့လို့ရတဲ့ အဆင့်ရှိပါတယ်။ ဒီလိုအဆင့်မြှင့်ဖို့အတွက်ငွေကြေးအရင်းအနှီးအများကြီးလိုပါတယ်။ အစိုးရကပြည်ပကနေငွေချေးပြီး တစ်ဆင့်ပြန်ပြီး လုပ်ငန်းရှင်တွေကို ချေးငွေထုတ်ပေးမယ်ဆိုရင်တော့ လုပ်ငန်းရှင်တွေအတွက်လုပ်သာကိုင်သာရှိပါတယ်"ဟု အဆိုပါအသင်းမှ ဒေါက်တာတိုးနန္ဒာတင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှရေထွက်ပစ္စည်းဝယ်ယူသည့်ထိပ်တန်း ၁၀ နိုင်ငံမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ကူဝိတ်၊ မလေးရှား၊ ဆော်ဒီအာရေဗျ ၊ ဂျပန်၊ ယူအေအီး၊ဘင်္ဂလားဒေ့ရှ်နှင့် ယူကေတို့ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများကိုအိမ်နီးချင်းနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများသို့အများဆုံးတင်ပို့ခြင်းဖြစ်ပြီးအီးယူအဖွဲ့ဝင်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ ပြီးခဲ့သည့်နှစ်စာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်အအေးခန်းစက်ရုံ ၁၂၈ ရုံရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးတည်ရှိကာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင်လည်း ရေထွက်ပစ္စည်းစက်ရုံများရှိကြောင်းသိရသည်။

မင်းသီဟဇော်

## ကမ္ဘာ့နိုင်ငံအနှံ့မှ မြန်မာနိုင်ငံသို့ ငွေလွှဲနိုင်မည့်ဝန်ဆောင်မှုကို လာမည့် အောက်တိုဘာလဆန်းတွင်စတင်ရန်ပြင်ဆင်

ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ မြန်မာနိုင်ငံသို့ ငွေလွှဲနိုင်မည့်ဝန်ဆောင်မှုပေးနိုင်ရန်မြန်မာအရှေ့တိုင်းဘဏ် (MOB)နှင့် ကမ္ဘာလုံးဆိုင်ရာ ငွေလွှဲကုမ္ပဏီကြီးဖြစ်သည့် Western Union ကုမ္ပဏီတို့ ပူးပေါင်းလိုက်ပြီဖြစ်သည်။

"ကမ္ဘာအနှံ့ကနေ မြန်မာနိုင်ငံကို လာမယ့်အောက်တိုဘာလဆန်းမှာ စပြီးငွေလွှဲနိုင်ပါပြီ။ မြန်မာနိုင်ငံကနေ နိုင်ငံခြားကိုပြန်ပြီး ငွေလွှဲနိုင်ဖို့ကိုလည်း ဒုတိယဆင့်အနေနဲ့လုပ်ဆောင်သွားပါမယ်"ဟု မြန်မာအရှေ့တိုင်းဘဏ်၏ Senior General Manager ဦးသန်းဝင်းက Eleven Media သို့ ပြောကြားခဲ့သည်။

"နိုင်ငံခြားကနေ မြန်မာနိုင်ငံကို ငွေလွှဲတဲ့အတွက် အစိုးရက အခွန်ဖြတ်ယူတာမျိုးမရှိပါဘူး။ ငွေလွှဲခကိုလည်းလွှဲတဲ့ဘက်ကပဲ ပေးဆောင်ရမှာမို့ ဒီဘက်ကငွေလက်ခံတဲ့လူကလုံးဝပေးစရာမလိုပါဘူး။ ထုတ်တဲ့နေ့မြန်မာငွေပေါက်ဈေးအတိုင်းထုတ်ယူနိုင်မှာဖြစ်ပါတယ်။ နောက်ဆိုရင်တော့ ဒေါ်လာနဲ့ဖြစ်ဖြစ် မြန်မာနိုင်ငံမှာ ခွင့်ပြုထားတဲ့ ငွေကြေးနဲ့ထုတ်ယူနိုင်မှာဖြစ်ပါတယ်"ဟုငွေလွှဲဝန်ဆောင်မှုနှင့်ပတ်သက်၍ ဦးသန်းဝင်းကပြောကြားခဲ့သည်။

"နိုင်ငံခြားမှာရောက်နေတဲ့ မြန်မာတွေနဲ့ ပြည်တွင်းကမိသားစုတွေအတွက် စိတ်ချရတဲ့ငွေကြေးချိတ်ဆက်မှုပေးရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်မတို့ရဲ့ ရည်မှန်းချက်က ကွန်ရက်ကို အရှိန်အဟုန်နဲ့ချဲ့ထွင်သွားပြီး ကမ္ဘာ့နိုင်ငံတိုင်းက မြန်မာတွေသန်းပေါင်းများစွာအတွက်ဝန်ဆောင်မှုကို လွှမ်းခြုံမိအောင် လုပ်ဆောင်ပေးဖို့ ဖြစ်ပါတယ်"ဟု အာရှပစိဖိတ်ဆိုင်ရာ Western Union ကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာ Drina Yue ကပြောကြားခဲ့ကြောင်း PRNewswire သတင်းတစ်ပုဒ်တွင် ဖော်ပြပါရှိသည်။

နိုင်ငံခြားမှ မြန်မာနိုင်ငံသို့ ငွေလွှဲရာတွင် အဆိုပါနိုင်ငံ၏ငွေကြေးနှင့်လွှဲသော်လည်း မြန်မာကျပ်ငွေဖြင့်သာ ထုတ်ယူနိုင်ဦးမည်ဟု ဦးသန်းဝင်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိ မြန်မာအရှေ့တိုင်းဘဏ်နှင့် Western Union တို့ပူးပေါင်းပေးအပ်မည့် ဝန်ဆောင်မှုမှာ ကမ္ဘာ့နိုင်ငံအားလုံးနီးပါးမှ ငွေလွှဲနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Western Union ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာထိပ်တန်း ငွေလွှဲကုမ္ပဏီကြီးဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်တွင် အေးဂျင့်ပေါင်း ငါးသိန်းတစ်သောင်းကျော်ခန့်ဖြင့် ချိတ်ဆက်ထားသော ကုမ္ပဏီကြီးဖြစ်သဖြင့် ၎င်း၏ကွန်ရက်ရှိသောနိုင်ငံများအားလုံးမှ ငွေလွှဲနိုင်မည်ဖြစ်သည်။

■

## မြန်မာစိုက်ပျိုးရေးကုမ္ပဏီကိုးခု ဂျပန်နိုင်ငံသို့သွားရောက်၍ စိုက်ပျိုးရေးကဏ္ဍပူးပေါင်းရန် ဆွေးနွေးမည်

Japan External Trade Organization (JETRO) ၏ အစီအစဉ်ဖြင့် မြန်မာစိုက်ပျိုးရေးကုမ္ပဏီကိုးခုတို့သည် ဂျပန်နိုင်ငံသို့သွားရောက်၍ နှစ်နိုင်ငံစိုက်ပျိုးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကဲ့သို့တွေ့ဆုံဆွေးနွေးရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော လုပ်ငန်းရှင်အဖွဲ့တို့သည် ဂျပန်နိုင်ငံသို့ ၂၀၁၂ ခုနှစ် အောက်တိုဘာလဆန်းပိုင်းတွင် သွားရောက်ကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့အနေဖြင့် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့နှင့်တိုကျိုမြို့၊ ထိုင်းနိုင်ငံဘန်ကောက်မြို့များသို့ သွားရောက်၍ ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကိုလေ့လာကာလယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် မြန်မာလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန် အလားအလာရှိသည့် လုပ်ငန်းရှင်များနှင့်လည်းတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကြမည်ဖြစ်သည်။ "ဂျပန်လုပ်ငန်းရှင်တွေနဲ့တွေ့ ဆုံပြီး သက်ဆိုင်ရာလုပ်ငန်းအလိုက် Business Networking Meeting ပြုလုပ်နိုင်ဖို့လည်း စီစဉ်ထားပါတယ်"ဟု JETRO မှ တာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။






# ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်အများစုပါဝင်သော အထောက်အထားမဲ့ မြန်မာ ငါးသိန်းနှင့် တစ်သန်းကြားကို ဒီဇင်ဘာမကုန်မီ အထောက်အထားများ ပြုလုပ်ပေးသွားမည်



ထိုင်းနိုင်ငံရှိ မယ်လဒုက္ခသည်စခန်းကို ၂၀၁၂ ခုနှစ် ဇွန်လအတွင်းက တွေ့ရစဉ်

ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည် အများစုပါဝင်သော အထောက်အထားမဲ့ မြန်မာလူမျိုး ငါးသိန်းနှင့် တစ်သန်းကြားကိုဒီဇင်ဘာလမကုန်မီ အထောက်အထားများပြုလုပ်ပေးရန် စီစဉ်လျက်ရှိကြောင်း လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သိရသည်။

ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များနှင့် အထောက်အထားမဲ့ မြန်မာလူမျိုးများအတွက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တို့မှ အဓိကထား၍အထောက်အထားများလုပ်ဆောင်ပေးသွားမည်ဟု သိရှိရသည်။

"ဒီလိုအထောက်အထားထုတ်ပေးတာဟာ ကိုယ့်နိုင်ငံသားတွေအလိမ်မခံရအောင်၊ တရားဝင်အလုပ် လုပ်ကိုင်ခွင့်နဲ့ခံစားခွင့်ရရှိအောင် အဓိကရည်ရွယ်ပါတယ်။ အထောက်အထားလုပ်မယ့်သူတွေကလည်း မြန်မာနိုင်ငံရဲ့ ဘယ်ဒေသမှာနေခဲ့တယ်၊ ဘယ်အချိန်အထိနေခဲ့တယ်ဆိုတာကို အတိအကျပြောဖို့လိုပါတယ်" ဟု လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အထောက်အထားများထုတ်ပေးခြင်းကို ကူညီဆောင်ရွက်ပေးရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ၅၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၅ ရာခိုင်နှုန်း၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ ၂၅ ရာခိုင်နှုန်းဖြင့် အသီးသီး လုပ်ဆောင်မည်ဖြစ်သည်။

အထောက်အထားများရရှိခြင်းဖြင့် မြန်မာဒုက္ခသည်များတွင် မိမိနေရပ်သို့ပြန်လာလိုသူများအနေနှင့် တရားဝင်ပြန်လာခွင့်ရရှိမည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင်အလုပ်လုပ်ကိုင်မည်ဆိုလျှင်လည်း အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည် တစ်သိန်းနှစ်သောင်းကျော်မှာ တစ်နှစ်အတွင်း နေရပ်သို့ပြန်ဖွယ်ရှိနေကြောင်း ထိုင်းနိုင်ငံ၏အမျိုးသားလုံခြုံရေးကောင်စီ NSC မှပြောကြားခဲ့ကြောင်း ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြချက်အရ သိရသည်။

အဆိုပါဒုက္ခသည်ထောင်ပေါင်းများစွာမှာ မြန်မာနိုင်ငံမှရှမ်းနှင့်ကရင်တိုင်းရင်းသားများဖြစ်ကြပြီးစစ်ဘေးရှောင်လာကြသူများဖြစ်သည်။

မြန်မာနိုင်ငံသည် နယ်စပ်တစ်လျှောက်ရှိ မြေမြှုပ်မိုင်းများကိုရှင်းလင်းနေပြီး ဒုက္ခသည်များအတွက် နေစရာစခန်းများနှင့် အခြားအခြေခံအဆောက်အဦများကို တစ်နှစ်အတွင်း တည်ဆောက်ရန် ပြင်ဆင်နေကြောင်း NSC မှ အထွေထွေအတွင်းရေးမှူး ဝီချန်ပိုတီဖိုဆရီ၏ပြောကြားချက်ကို ကိုးကား၍ဘန်ကောက်ပို့စ်သတင်းစာက ဖော်ပြခဲ့သည်။

၎င်းသည်ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကနေပြည်တော်သို့သွားရောက်ကာ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဦးအောင်မင်းက မြန်မာအစိုးရသည် ပြန်လာမည့်ဒုက္ခသည်များအတွက် သင်တန်းများနှင့်အလုပ်အကိုင်များလည်းပေးမည်ဟုပြောကြားခဲ့သည်။

မြန်မာအစိုးရက ပြန်လာဖွယ်ရှိနေသည့် ဒုက္ခသည်များကိုအလုပ်အကိုင်များဖန်တီးပေးရန် ထိုင်းနိုင်ငံအနေနှင့် မြန်မာ့မြေပေါ်တွင် စက်မှုလုပ်ငန်းများရင်းနှီးမြှုပ်နှံစေလိုသည်ဟုထုတ်ပြန်ချက်၌ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတက်လာအပြီးတွင် ထိုင်းနိုင်ငံက ၎င်းတို့နယ်စပ်ရှိဒုက္ခသည်စခန်းများကို ပိတ်ပြစ်လိုကြောင်း ကြေညာခဲ့သော်လည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW ကၢ၎င်းတို့ကိုပေးထားသည့် အထောက်အပံ့များကိုဖြတ်တောက်ခြင်းကို အလျင်မလိုရန် တောင်းဆိုထားသည်။

*နွဲ့ယဉ်အေး၊ အောင်ရဲကို*

# မြန်မာ့စွမ်းအင်ကုန်စည်ပြပွဲ ကျင်းပမည်

မြန်မာ့စွမ်းအင်ကုန်စည်ပြပွဲ–၂၀၁၂ကို စက်တင်ဘာလ ၂၆ ရက်နှင့်၂၇ရက်နေ့များတွင် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲကို စွမ်းအင်ဝန်ကြီးဌာနမှ ကြီးမှူးပြီး Alpha Resources&Training Co.,Ltd မှစီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ဒီနှစ်ရက်တာပြပွဲကာလအတွင်းမှာ ရေနံကဏ္ဍနဲ့ပတ်သက်တဲ့ ပြခန်း၊ လျှပ်စစ်ကဏ္ဍနဲ့ပတ်သက်တဲ့ ပြခန်းတွေ ခင်းကျင်းပြသထားမှာဖြစ်ပါတယ်။ အချိန်ပိုင်းဆွေးနွေးမှုတွေလည်း ပြုလုပ်သွားမှာဖြစ်ပြီး ဒုတိယရက်မှာတော့ဒေါက်တာအောင်သူရရဲ့ကိုအောင်ခိုင်ကနေ energy နဲ့ပတ်သက်ပြီး workshop လုပ်သွားမှာဖြစ်ပါတယ်။ စွမ်းအင်နဲ့ပတ်သက်ပြီး ပြသသွားမှာဖြစ်တဲ့အတွက် ရေနံ၊ သဘာဝဓါတ်ငွေ့အပြင် လျှပ်စစ်နဲ့ပတ်သက်ပြီးလည်း ပြခန်းမှာပြသထားမှာဖြစ်သလို ဟောပြောဆွေးနွေးမှုတွေလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟုလည်း Alpha Resources & Training Co,.Ltd မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ၉၀ ကျော်မှ လုပ်ငန်းရှင်များတက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

# မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုသူဦးရေ နှစ်သိန်းခွဲကျော်ထိရှိလာ

ပြည်တွင်းရှိ မိုဘိုင်းဖုန်းသုံးစွဲသူဦးရေ သုံးသန်းတွင် မိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူ ဦးရေမှာ နှစ်သိန်းခွဲကျော်အထိရှိလာကြောင်း မြန်မာ့ဆက်သွယ်ရေးမှ သိရှိရသည်။

ပြည်တွင်း၌ GSM မိုဘိုင်းဖုန်းပေါ်မှ EDGE စနစ်ဖြင့်အင်တာနက်အသုံးပြုမှုမှာ ၆၁ ရာခိုင်နှုန်းခန့်၊ CDMA မိုဘိုင်းဖုန်းပေါ်မှ EVDO စနစ်ဖြင့် အင်တာနက်အသုံးပြုမှုမှာ ၂၄ရာခိုင်နှုန်း၊ WCDMA(3G)စနစ်ဖြင့် အင်တာနက်အသုံးပြုမှုမှာ ၁၁ ရာခိုင်နှုန်းစသဖြင့်အသီးသီးရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန်ချက်များအရ သိရသည်။

Broadband စနစ်ဖြင့် အင်တာနက်သုံးစွဲသူဦးရေမှာ ခြောက်သောင်းခန့်ရှိကြောင်းနှင့် ယင်းအရေအတွက်မှာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေသေးကြောင်း သိရသည်။

မိုဘိုင်းဖုန်းများ၏ အင်တာနက်အသုံးပြုခွင့်အား CDMA 800 MHz ဖုန်းများပေါ်တွင် EVDO စနစ်ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၈ရက်နေ့၊ GSM မိုဘိုင်းဖုန်းများအတွက် EDGE စနစ်ဖြင့် ဇွန်လ ၂၁ ရက်နေ့တို့တွင်အသီးသီးစတင်ချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။




# မြန်မာနိုင်ငံမှပို့ကုန်များ နော်ဝေနိုင်ငံသို့တင်သွင်းရာတွင် အခွန်အထူးသက်သာခွင့် (GSP) ရရှိ




ပြည်ပတင်ပို့သည့် ရေထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံလုပ်ငန်းခွင်ကိုတွေ့ရစဉ်

မြန်မာနိုင်ငံမှ ပို့ကုန်များ နော်ဝေနိုင်ငံသို့တင်သွင်းရာတွင် အခွန်အထူးသက်သာခွင့်(GSP-Generalized System of Preferences) ရရှိပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

နော်ဝေနိုင်ငံမှ မြန်မာနိုင်ငံသို့ GSP ပေးအပ်ခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ခုကို စက်တင်ဘာလ ၇ ရက်နေ့ကပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံး GSP ပေးသည့်အတွက် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် နော်ဝေနိုင်ငံအတွင်း ဈေးကွက်ချဲ့ထွင်ရာတွင် များစွာအထောက်အကူရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နော်ဝေနိုင်ငံမှ မြန်မာနိုင်ငံကို GSP ပေးရခြင်းမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား နော်ဝေနိုင်ငံအတွင်းသို့ ဈေးကွက်ရှာဖွေနိုင်ရန်၊ မြန်မာ့ပို့ကုန်ပစ္စည်းများ နော်ဝေနိုင်ငံသို့ လွတ်လပ်စွာတင်ပို့ခွင့်အတွက်ဖြစ်ကြောင်းနှင့် နော်ဝေမှGSP ပေးသည့်အတွက် မြန်မာနိုင်ငံတွင် အခြားနိုင်ငံများမှလာရောက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

အခွန်အထူးသက်သာခွင့် (GSP-Generalized System of Preferences) နှင့်ပတ်သက်၍ငါးလုပ်ငန်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက "မြန်မာနိုင်ငံအနေနဲ့က Forced Labour ကြောင့် ILO ရဲ့ကန့်သတ်ချက်အရ လုပ်ငန်းရှင်များဟာ GSP နဲ့ပတ်သက်ပြီးခံစားခွင့်မရခဲ့ပါဘူး။ GSP ခံစားခွင့်ရအောင် အရင်ကလည်း ငါးလုပ်ငန်းဦးစီးဌာနကတင်ပြပေးခဲ့ပါတယ်။ ဒါပေမယ့် ဟိုဘက်ဘယ်လိုပြန်လာလဲဆိုရင် ဒါသည် ILO ရဲ့ Forced Labour နဲ့ပတ်သက်ပြီးကန့်သတ်ထားမှုကြောင့် ခံစားခွင့်မပေးပါဘူးလို့အကြောင်းပြန်တာရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ ILO ကတားမြစ်ကန့်သတ်ချက်အများစုကရုပ်သိမ်းပေးလိုက်တာကြောင့် အခြေအနေပြန်ကောင်းလာပါပြီ" ဟု ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ တားမြစ်ကန့်သတ်ချက်များကို ရုပ်သိမ်း၊ပယ်ဖျက်၊ ဆိုင်းငံ့ခြင်းတို့ကြောင့် မြန်မာပြည်သူများအနေဖြင့်အီးယူနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင်အထူးအကျိုးခံစားခွင့်များရရှိလာနိုင်ကြောင်းအလုပ်သမားဝန်ကြီးဌာနမှလည်းသတင်းထုတ်ပြန်ခဲ့သည်။

GSP နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း "ယခုအခါအမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကပိတ်ဆို့မှုတော်တော်များများကိုဖြေလျှော့ပေးခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ပို့ကုန်အပေါ်တွင် ရရှိခံစားနိုင်မည့် GSP အခွင့်အရေးများ မခံစားရသေးပါကြောင်း၊ ပြင်သစ်နိုင်ငံသည်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်၍ မြန်မာနိုင်ငံက GSP အခွင့်အရေးများခံစားနိုင်ရေး တိုက်တွန်းပြောကြားပေးစေလိုကြောင်း"ကို စက်တင်ဘာလ ၅ ရက်နေ့ ပြင်သစ်ဆီးနိတ်လွှတ်တော်ကိုယ်စားလှယ်နှင့် တောင်အာရှကော်မတီ၏ဥက္ကဋ္ဌ Mr. Gerard Midquel ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

မင်းသီဟဇော်

# သီလဝါစီးပွားဇုန်မှမြေကွက်သုံးကွက်အား JV စနစ်ဖြင့် ဆိပ်ကမ်းတည်ဆောက်ရန်လျာထား

သီလဝါအထူးစီးပွား ဇုန်မြေနေရာတွင် နေရာလွတ်ကျန်ရှိသည့် မြေကွက်သုံးကွက်အားမြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ Joint Venture (အကျိုးတူပူးပေါင်းစနစ်) ဖြင့် ဆိပ်ကမ်းတည်ဆောက်ရန်လျာထားကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်၏ ပြောကြားချက်အရ သိရပါသည်။

သီလဝါအထူးစီးပွားဇုန်မြေနေရာတွင် လုပ်ငန်းဖော်ဆောင်ရန်မြေကွက် ၃၇ နေရာလျာထားရာမှ မြေကွက်ရှစ်ကွက်သာ နေရာလွတ်ကျန်ရှိခဲ့ပြီး၊ ယင်းမြေကွက်ရှစ်ကွက်အနက်မှ ငါးကွက်အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းတိုးချဲ့တည်ဆောက်မည်ဖြစ်ပြီး၊ ကျန်မြေကွက်သုံးကွက်ကိုသာလျှင် ဆိပ်ကမ်းတည်ဆောက်မည့် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ Joint Venture စနစ်ဖြင့် ဆိပ်ကမ်းတည်ဆောက်သွားမည်ဖြစ်သည်။

"လက်ရှိသီလဝါအထူးစီးပွားဇုန်မြေနေရာမှ မြေကွက်နေရာလွတ်ရှစ်ကွက်ကျန်တဲ့အနက်က မြေကွက် ငါးကွက်ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့သီလဝါဆိပ်ကမ်းဘက်မှာတိုးချဲ့တည်ဆောက်ဖို့ JICA နဲ့ပူးပေါင်းပြီး မြေနေရာလေ့လာမှုတွေလုပ်နေပြီဖြစ်ပါတယ်။ ကျန်မြေကွက်သုံးကွက်ကိုတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ Joint Venture သဘောမျိုးပူးပေါင်းပြီး ဆိပ်ကမ်းတည်ဆောက်သွားဖို့ လျာထားပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူးဦးချိုသန်းမောင်က စက်တင်ဘာလ ၁၁ ရက်နေ့က ပြောကြားခဲ့သည်။

လက်ရှိတွင် သီလဝါအထူးစီးပွားဇုန်နေရာ၌ MITT၊ MIPL နှင့် MEC တို့မှကုန်သေတ္တာနှင့် အထွေထွေကုန်စည်တံတားအတွက် ဆောင်ရွက်ပြီးမြေကွက်ခြောက်ကွက်နှင့် ဆောင်ရွက်ဆဲမြေကွက်လေးကွက်၊ဦးပိုင်နှင့် MSPLတို့မှ အထွေထွေတံတားတည်ဆောက်ရန် နေရာချထားပြီး မြေကွက်လေးကွက်၊ စက်သုံးဆီဆိပ်ကမ်းများတည်ဆောက်ရန်ချထားပြီးမြေကွက် ၁၁ ကွက်၊ ကောက်ပဲသီးနှံတံတားအတွက် မြေကွက်လေးကွက် စုစုပေါင်းမြေကွက် ၂၉ နေရာအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သီလဝါဆိပ်ကမ်း အထူးစီးပွားရေးဇုန်အား ဂျပန်နိုင်ငံ၏ ကူညီမှုဖြင့် ၂၀၁၅ ခုနှစ်တွင် အပြီးသတ်ဖွင့်လှစ်နိုင်ရန် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။






# Debit ကတ်အဖြစ် အသုံးပြုနိုင်မည့် MPU ကတ် အများပြည်သူသို့ စတင်ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ယခုဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတကာသုံးကတ်များသုံးစွဲနိုင်ရန်ပြင်ဆင်နေ

ATM(Automatic Teller Machine)ကတ်နှင့် Debit ကတ်အဖြစ် အသုံးပြုနိုင်မည့် MPU (Myanmar Payment Union) ကတ်ကို မြန်မာဘဏ်များက စတင်ဝန်ဆောင်မှုပေးတော့မည်ဖြစ်ပြီး နိုင်ငံတကာသုံးကတ်များကို ယခုဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲနိုင်ရန် ပြင်ဆင်နေကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က စက်တင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် Myanmar Payment Union ရုံးနှင့် National Switch(Data Center) ဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

"MPU ကတ်တွေကို နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတို့မှာ စတင်သုံးစွဲသွားမှာဖြစ်ပြီး ကျန်မြို့တွေကိုလည်း ဆက်လက်တိုးချဲ့သုံးစွဲသွားမှာဖြစ်ပါတယ်။ MPU အနေနဲ့ နိုင်ငံတကာသုံးကတ်တွေဖြစ်တဲ့ Visa၊ Master၊ American Express၊ CUP၊ JCB စတာတွေကိုလည်း ပြည်တွင်းမှာလက်ခံသုံးစွဲနိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာကိုသိရတဲ့အတွက် များစွာနှစ်ထောင်းအားရဖြစ်ရပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ယခုထုတ်ဝေမည့် MPUကတ်အမျိုးအစားမှာ ဘဏ်ရှိငွေစာရင်းနှင့်တိုက်ရိုက်ချိတ်ဆက်အသုံးပြုပြီး Onlineမှတိုက်ရိုက်ထုတ်ယူနိုင်သည့် Debit ကတ်အမျိုးအစားဖြစ်သည်။ ထို့အတူဘဏ်တစ်ခုမှထုတ်ဝေထားသောMPUကတ်သည် ယင်းဘဏ်၏ ATM စက်များအပြင် အခြားဘဏ်များ၏ ATM စက်များတွင်ပါ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် အရောင်းဆိုင်များရှိ POS (Point of Sale) စက်များတွင်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

"အခု MPU ပထမအဆင့်အနေနဲ့ Debit ကတ်အနေနဲ့စတင်တာဖြစ်ပါတယ်။ Online ရော Offline ပါသုံးစွဲလို့ရအောင် လုပ်ထားတယ်။ သုံးစွဲရတာအဆင်ပြေမှုရှိရင် နောက်နှစ်တွေမှာ Credit ကတ်စနစ်ကိုပါ ဝန်ဆောင်မှုပေးဖို့ရှိပါတယ်။ ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ MPU Debit ကတ်တွေကို နိုင်ငံတကာမှာပါသုံးလို့ရအောင် ဆောင်ရွက်နေပါတယ်"ဟု MPU လုပ်ငန်းကော်မတီဥက္ကဋ္ဌ အာရှစီမံလန်းမှုဖွံ့ဖြိုးရေးဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမင်းဦးက ထည့်သွင်းပြောကြားခဲ့ပါသည်။

MPU ရုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဖွင့်လှစ်ထားရှိပြီး MPUအဖွဲ့တွင် အစိုးရဘဏ်သုံးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်ပါဝင်ပါသည်။ အဆိုပါ MPU လုပ်ငန်းများအကောင်အထည်ဖော်ရန် ဘဏ်တစ်ဘဏ်လျှင် ကျပ်သန်းနှစ်ရာစီထည့်ဝင်ထားပြီး ရင်းနှီးမတည်ငွေကျပ် သန်း ၃၄၀၀ ရှိကြောင်း သိရပါသည်။

လက်ရှိ မြန်မာဘဏ်များသည် ATM စက် ၁၂၇ ခုခန့်တပ်ဆင်ထားပြီးဖြစ်ပြီး POS စနစ်အသုံးပြုနိုင်ရန်အတွက် စားသောက်ဆိုင်များ၊ ဈေးဝယ်စင်တာများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊လူသုံးကုန်နှင့် အီလက်ထရောနစ်ကုန်ပစ္စည်းအရောင်းဆိုင်များစသည်တို့နှင့် ချိတ်ဆက်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှ ၂၀၀၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ အေတီအမ်ကတ်နှင့် Credit ကတ်အသုံးပြုခဲ့ဖူးပြီး ၂၀၀၂ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ဘဏ်လုပ်ငန်းအကျပ်အတည်းကြောင့် ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

စည်သူအောင်



National Payment Switch လုပ်ငန်းလည်ပတ်ပုံကို ရှင်းပြနေစဉ်

# ၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်မြို့၌ ဟိုတယ်အခန်းပေါင်း ၁၆၇၀ ခန်း အသစ်ဖွင့်လှစ်နိုင်မည်

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးသွားများအတွက် ရန်ကုန်မြို့၌ ဟိုတယ်အခန်းပေါင်း ၁၆၇၀ အား အသစ်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

"ရန်ကုန်မှာ လာမယ့် ၂၀၁၃ မှာတည်ဆောက်ဆဲနဲ့ တိုးချဲ့နေတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံတဲ့ ဟိုတယ်သုံးလုံးက အခန်းပေါင်း ၆၇၀ နဲ့ ပြည်တွင်းဟိုတယ်တွေက အခန်းပေါင်း ၁၀၀၀ နဲ့ စုစုပေါင်း အခန်းပေါင်း ၁၆၇၀ ကို အသစ်ဖွင့်လှစ်နိုင်မှာဖြစ်ပါတယ်"ဟုဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောပါသည်။

အဆိုပါဟိုတယ်အခန်းများမှာ ရန်ကုန်မြို့၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြင့်တည်ဆောက်ဆဲနှင့်တိုးချဲ့နေသည့် ဟိုတယ်သစ်လေးလုံးမှအခန်းပေါင်း ၆၇၀ နှင့် ပြည်တွင်းဟိုတယ်လုပ်ငန်းရှင်များမှ တိုးချဲ့လုပ်ကိုင်လျက်ရှိသော ဟိုတယ်အခန်းပေါင်း ၁၀၀၀ တို့ဖြစ်သည်။

လက်ရှိနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ဆဲနှင့်တိုးချဲ့နေသည့် ဟိုတယ်သစ်လေးလုံးမှာ ရှန်ဂရီလာကွန်းပလပ်စ်၊ ရိစ့်ဂါးဒင်းဟိုတယ်၊ နဝရတ်ဟိုတယ်နှင့်စင်တာပွိုင့်တို့ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် နိုင်ငံခြားနှင့်ဖက်စပ်ဟိုတယ် ၂၆ ခု၊ ပြည်တွင်းပုဂ္ဂလိပိုင်ဟိုတယ် ၇၃၁ ခု၊ နိုင်ငံပိုင်ဟိုတယ်ခြောက်ခု စုစုပေါင်း ၇၆၃ ခုရှိပြီး နိုင်ငံခြားနှင့် ဖက်စပ်ဟိုတယ်များတွင် အိပ်ခန်းပေါင်း ၄၁၅၄ ခန်း၊ ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ်များတွင် ၂၂၄၂ ခန်း၊ နိုင်ငံပိုင်ဟိုတယ်များတွင် အခန်းပေါင်း ၁၁၉ ခန်း စုစုပေါင်း ၂၆၆၉၅ ခန်းရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ၏အဓိကခရီးသွားဝင်ပေါက်ဖြစ်သည့်ရန်ကုန်မြို့တွင်မူ လက်ရှိ၌ဟိုတယ်နှင့်တည်းခိုခန်းပေါင်း ၁၉၅ လုံး၌အခန်းပေါင်း ၈၃၅၆ ခန်းရှိကြောင်းသိရသည်။

မြန်မာနိုင်ငံသို့ခရီးသွားများဝင်ရောက်မှုသည် ၂၀၁၁ ခုနှစ်မှစတင်ကာတိုးတက်လာခဲ့ပြီး ၂၀၁၂ ခုနှစ်ရွေးကောက်ပွဲအပြီး၌ နိုင်ငံတကာ၏အာရုံစိုက်မှုမြင့်တက်လာသည်။ ခရီးသွားများပြားလာ၍ ဟိုတယ်အခန်းရရှိရန်ခက်ခဲမှု၊ အခန်းခနှုန်းထားများမြင့်တက်မှုတို့ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံခြားခရီးသွားများ အဓိကဝင်ရောက်ရာရန်ကုန်မြို့၌ အခြားသောဒေသများထက် ကြုံတွေ့နေရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်းရန်ကုန်မြို့အတွင်း ဟိုတယ်အခန်းမလုံလောက်မှုကိုဖြေရှင်းရန်အတွက်ရန်ကုန်မြို့လယ်ရှိ နိုင်ငံပိုင် သမိုင်းဝင် အဆောက်အအုံများကို တင်ဒါပေးခဲ့သည်။



# လယ်သမားဈေးကွက်၌ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူမည်သူမဆို လာရောက်ရောင်းချရန် ဖိတ်ခေါ်

သီရိမင်္ဂလာကုန်စိမ်းဈေး၏ လယ်သမားဈေးကွက် (Farmer Market) ၌ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူမည်သူမဆို လာရောက်ရောင်းချရန် ဖိတ်ခေါ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှဒုတိယဥက္ကဋ္ဌဒေါ်လှဲ့လှဲ့ဦးက ပြောကြားခဲ့သည်။



လယ်သမားဈေးကွက်မြင်ကွင်း

လယ်သမားဈေးကွက်အားမြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှပြီးခဲ့သည့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နယ်စုံမှ ရာသီပေါ်သီးနှံစိုက်ပျိုးသူ မည်သူမဆို လာရောက်ရောင်းချနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"လယ်သမားဈေးကွက်မှာ ဘာသီးနှံပဲဖြစ်ဖြစ် စိုက်ပြီးရောင်းချစရာနေရာမရှိရင် လာရောင်းဖို့ဖိတ်ခေါ်ပါတယ်။ နေရာအတွက်ကအဆင်ပြေအောင် ဖန်တီးပေးပါ့မယ်။ အဓိက ကိုယ်တိုင်စိုက်ပျိုးသူတွေနေရာမရှိလို့ ပွဲစားနဲ့ အပ်ရောင်းနေရတာမျိုးမဖြစ်စေချင်လို့ပါ။ ပွဲစားနဲ့ ကုန်အပ်ပြီးရောင်းတဲ့အခါပွဲစားခကို ၄၀ ရာခိုင်နှုန်းအထိ ပေးနေရတာ ရှိပါတယ်။ တကယ်စိုက်တဲ့သူက ဘာအကျိုးအမြတ်မှ မခံစားရတော့ဘူး။ ဒါကြောင့် စိုက်ပြီး ရောင်းစရာနေရာမရှိရင် သီရိမင်္ဂလာဈေးက လယ်သမားဈေးကွက်မှာ နေရာပေးပါ့မယ်" ဟု ဒေါ်လှဲ့လှဲ့ဦးက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် လယ်သမားဈေးကွက်၌ ၆ ပေ× ၈ ပေ ဆိုင်ခန်းပေါင်း ၆၀ ကျော် ဖွင့်လှစ်ထားပြီး လာရောက်ရောင်းချမှုအနေဖြင့် ဆိုင်ခန်းခ တစ်ရက်ကျပ် ၃၀၀၀ ကျသင့်မည်ဖြစ်ကြောင်း၊ နှစ်ပတ်လျှင် တစ်ကြိမ်ကျ အခန်းများအား မဲနှိုက်သည့်ပုံစံဖြင့် ဆိုင်ခန်းလဲလှယ်သတ်မှတ်ပေးကြောင်း သိရသည်။

လယ်သမားဈေးကွက်၌ ရန်ကုန်မြို့တွင်းနှင့် တိုက်ကြီး၊ မှော်ဘီ၊ တွံ့တေးမြို့များမှ တောင်သူများလာရောက်ရောင်းချမှုအများဆုံးဖြစ်ကြောင်းနှင့် အခြားနယ်များမှ တောင်သူများကိုလည်း လာရောက် ရောင်းချပါက ဆိုင်ခန်း စီစဉ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်နိုင်ဦး

## ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် အသေးစားနှင့် အလတ်စားလုပ်ငန်းများအား စာရင်းကောက်ယူမည်

ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ပြည်တွင်းရှိအသေးစားနှင့် အလတ်စားလုပ်ငန်းများ(SMEs) အားလုံးအား စာရင်းကောက်ယူနိုင်ရန် ပြန်ဆင်လျက်ရှိကြောင်း စက်မှုဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါ SMEs လုပ်ငန်းများအား စာရင်းကောက်ယူနိုင်ရန်နှင့် ပတ်သက်၍ လိုအပ်သည့်အချက်အလက်များအား ရေးဆွဲလျက်ရှိပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလအပြီး ဝန်ကြီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက ပြောကြားခဲ့သည်။

"အခုလောလောဆယ် SME ထဲမှာပါဝင်မယ့်လုပ်ငန်းအုပ်စုအမျိုးအစား၊ လုပ်ကိုင်နေတဲ့ ဝန်ထမ်းဦးရေနဲ့ တခြား သတ်မှတ်ချက်တွေခွဲပြီး မူတစ်ခု ရေးဆွဲနေပါတယ်။ ဒီလအတွင်း ဝန်ကြီးဌာနကို တင်ပြနိုင်အောင် ဆောင်ရွက်နေပါတယ်။ ထည့်သွင်းတင်ပြမယ့်အထဲမှာ အလုပြင်ဆိုင်လိုမျိုး ဝန်ဆောင်မှု လုပ်ငန်းတွေ၊ နောက် ကွမ်းယာဆိုင်တွေကအစ ပါဝင်နိုင်အောင် အချက်အလက်တွေ ရေးဆွဲနေပါတယ်" ဟု ၎င်းက ပြောပြခဲ့သည်။

## NEWS IN BRIEF

■ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက်(၂၃)ကြိမ်မြောက် စန္ဒိမာ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က အ.လ.က(၄) မရမ်းကုန်းမြို့နယ်ရှိ လှသီရိခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

စန္ဒိမာပညာရည်ချွန်ဆုအဖြစ် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အ.ထ.က.(၁)မရမ်းကုန်းမှ အောင်မြင်သော ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသားတစ်ဦးစီကို ဆုချီးမြှင့်ခဲ့ပြီး စန္ဒိမာဆင့်ပွားပညာရည်ချွန်ဆုအဖြစ် အ.ထ.က(၁)မရမ်းကုန်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး စန္ဒိမာပညာရည်ချွန်ဆုနှင့် အမှတ်ကပ်လွဲခဲ့ရသည့်အမှတ်အများဆုံးရကျောင်းသားကျောင်းသူ ၁၀ ဦးကို အမှတ်အစဉ်အလိုက် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ထို့ပြင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအတန်းလိုက် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သော ကျောင်းသားတစ်ဦးစီကိုလည်း ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

■ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခြောက်ဘာသာဂုဏ်ထူးရရှိသူဦးရေ ၂၇၀ ကျော်ရှိခဲ့ပြီး ဂုဏ်ထူးရရှိသူဦးရေမှာလည်းယခင်နှစ်များကထက် ပိုမိုခဲ့ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ သိရှိရပါသည်။

ယခုနှစ်၌ဂုဏ်ထူးရရှိသူဦးရေ ယခင်နှစ်ကထက် ပိုမိုရရှိခဲ့ခြင်းမှာ ၂၀၁၁-၁၂ ပညာသင်နှစ်၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ရွေးချယ်၍ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်းက တက္ကသိုလ်အဆင့်ပါမောက္ခကြီးများ၊ ဆရာ၊ ဆရာမကြီးများ၏ကြီးကြပ်လမ်းညွှန်မှုဖြင့်တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်ကျောင်းသား ကျောင်းသူများအား အားသစ်လောင်းဆောင်ရွက်ပေးသည့်အစီအစဉ်ကိုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါရလဒ်များကြောင့် ဂုဏ်ထူးရရှိသူဦးရေမှာလည်း ယခင်နှစ်ကထက် သာလွန်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးချုပ်ဦးအောင်ချိန်က ပြောပြခဲ့သည်။

■ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာ သင်တန်း(လှိုင်)ရှိ IMCEITS သင်တန်းဌာနတွင် Advanced ICT Engineer Training နှင့် Wireless and Mobile Computing သင်တန်းများ ဖွင့်လှစ်မည်ဟု သိရှိရသည်။

အဆိုပါသင်တန်းများမှာ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းအမျိုးအစားများအနေဖြင့် Java Programming Course၊ MS.Net Programming Course၊ Wireless and Mobile Computing၊ Android Application Development နှင့် Win CE.Net Programming တို့ ပါဝင်ကြောင်း သိရှိရသည်။ ယင်းသင်တန်းများကို ကွန်ပျူတာတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ IMCEITS နှင့် ICTTI သင်တန်းများမှ Software Development သင်တန်း၊ MS.Net သင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

## အခြေခံပညာကဏ္ဍ၌ ခရိုင်ပညာရေးမှူးများကို ယခုနှစ်အတွင်း တိုးချဲ့ခန့်အပ်မည်

အခြေခံပညာကဏ္ဍ၌ ခရိုင်အဆင့် ပညာရေးမှူးရုံးများကို တည်ထောင်ရန်စီစဉ်လျက်ရှိပြီး ခရိုင်ပညာရေးမှူးများကိုလည်းယခုနှစ်အတွင်း တိုးချဲ့ခန့်အပ်သွားမည်ဖြစ်ကြောင်း အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ သိရှိရသည်။

"အခြေခံပညာကဏ္ဍမှာသင်ကြားနေတဲ့ဆရာ၊ဆရာမများရဲ့စီမံခန့်ခွဲမှုအပိုင်းကိုလည်း အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ကိုလည်းလုပ်ဆောင်နေတယ်။ အရင်ကပညာရေးဌာနမှာ မြို့နယ်အဆင့်ကို မြို့နယ်ပညာရေးမှူးကအုပ်ချုပ်ပါတယ်။ ခရိုင်အဆင့်ပညာရေးမှူးဆိုတာကသတ်သတ်မှတ်မှတ်ရယ်လို့မရှိဘူးဆိုတော့တိုင်းအဆင့်ကနေမြို့နယ်ကိုလှမ်းအုပ်ချုပ်တဲ့အခါမှာခရိုင်အဆင့်ကွပ်ကဲမှုနည်းနေတဲ့အတွက်လုပ်ငန်းတွေအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာအခက်အခဲတွေအများကြီးရှိခဲ့ပါတယ်။ဒါကြောင့် ခရိုင်ပညာရေးမှူးများကိုမကြာခင်မှာပဲဖြည့်ဆည်းတာဝန်ပေးခန့်အပ်သွားမှာဖြစ်ပါတယ်"ဟုအမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးအောင်ချိန်က ပြောပြခဲ့သည်။

မြို့နယ်အဆင့်တွင် မြို့နယ်ပညာရေးမှူးများကလည်းကောင်း၊ ခရိုင်အဆင့်၌ ခရိုင်ပညာရေးမှူးများကလည်းကောင်း အသီးသီးအုပ်ချုပ်သွားကြမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး၌ခရိုင်လေးခုရှိသည့်အတွက် ခရိုင်ပညာရေးမှူးလေးဦးထားရှိခန့်အပ်သွားမည်ဖြစ်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ပညာရေးမှူးရုံးကို သင်္ဃန်းကျွန်းမြို့နယ်၌လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံးကို ယခင်ရန်ကုန်တိုင်းပညာရေးမှူးရုံး၌လည်းကောင်း၊ရန်ကုန်တောင်ပိုင်း ခရိုင်ပညာရေးမှူးရုံးကိုသန်လျင်မြို့နယ်၌လည်းကောင်း၊ မြောက်ပိုင်းခရိုင်ပညာရေးမှူးရုံးကို အင်းစိန်မြို့နယ်၌လည်းကောင်း တည်ထောင်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

SATIRE





## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

AA Medical Products Ltd. (မြစ်ကြီးနားရုံးခွဲ)တွင် အောက်ဖော်ပြပါရာထူးအတွက် အရည်အသွေးပြည့်စုံသူများအား ခန့်ထားရန် လိုအပ်လျက်ရှိပါသည်။

၁။ Driver ကျား(၂)ဦး

- အသက် (၂၅)နှစ်မှ (၄၅)နှစ်အတွင်း
- (၂/၃) တန်အောက် ကားကြီး/ သေးမောင်းနိုင်သူ၊ နယ်ခရီးမောင်းနိုင်သူ၊ လိုင်စင်အညီ/ အနီ ဖြစ်ရမည်။
- တောင်တက်/ တောင်ဆင်း ကျွမ်းကျင်ရမည်။ နယ်မြေကျွမ်းကျင်ရမည်။
- မျက်စိကောင်းမွန်သူဖြစ်ရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၁၈-၉-၂၀၁၂) ရက်နေ့အတွင်း မိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd. အမှတ်(၃၄) လင်းရောင်ခြည်လမ်း၊ ရန်ကြီးအောင်ရပ်၊ မြစ်ကြီးနားမြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

AA Medical Products Ltd. (မော်လမြိုင်ရုံးခွဲ)တွင် အောက်ဖော်ပြပါ ရာထူးအတွက် အရည်အသွေး ပြည့်စုံသူများအား ခန့်ထားရန် လိုအပ်လျက်ရှိပါသည်။

၁။ Sales Representative ကျား/ မ (၃)ဦး

- အသက် (၂၀)နှစ်မှ (၃၅)နှစ်အတွင်း။ ဘွဲ့ရရှိပြီးသူကို ဦးစားပေးမည်။
- လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးရောင်းချသည့် အတွေ့အကြုံအနည်းဆုံး(၂)နှစ် ရှိရမည်။ ရုပ်ရည်သန့်ပြန့်ရမည်။ စကားပြောကောင်းမွန်၍ သွက်လက်ဖျတ်လတ် ရိုးသားတက်ကြွစွာ တာဝန်ထမ်းဆောင် နိုင်ရမည်။
- ခရီးသွားနိုင်ရမည်။ ကွန်ပျူတာသုံးစွဲနိုင်သူ၊ အင်္ဂလိပ်စာပြောနိုင်၊ ဖတ်နိုင်သူကို ဦးစားပေးမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၁၈-၉-၂၀၁၂) ရက်နေ့ နောက်ဆုံးထား၍ မိမိ၏ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd. အမှတ်(၇) ရတနာလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## ဇီးကွက်မျက်နှာ မျောက်ဖင်ပြာ မျိုးစိတ်သစ်ကို ဒီအာကွန်ဂိုတွင်တွေ့ရှိ

နောက်ကျောဖင်ပိုင်းတစ်ခုလုံးအပြာရောင်ဖြစ်နေသည့် ဇီးကွက်မျက်နှာ မျောက်မျိုးစိတ်သစ် တစ်မျိုးကို အာဖရိကတိုက်ရှိ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ (DR Congo) တွင် တွေ့ရှိခဲ့သည်။

ဒေသခံများက လီဆူလာဟု ခေါ်ကြသော ယင်းမြောက်မျိုးစိတ်သည် ဇီးကွက်မျက်နှာမျောက် (Cercopithecus hamlymi) နှင့်မျိုးတူဖြစ်သည်ဟုမူလကယူဆခဲ့ကြသော်လည်း မျိုးကွဲတစ်ခုဖြစ်ကြောင်း လေ့လာမှုများကအတည်ပြုနိုင်ခဲ့ပြီး Cercopithecus lomamiensis မျိုးစိတ်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ အခြား Cercopithecus အနွယ်ဝင် မျောက်များထက် ထင်ရှားစွာကွဲလွဲသည့် အချက်မှာ တင်ပါးမှ ဝှေးစေ့အထိ နောက်ကျောတစ်ခုလုံး အပြာရောင်ဖြစ်နေခြင်းဖြစ်သည်ဟုဆိုသည်။ အခြား Cercopithecus မျောက်များတွင် ဝှေးစေ့သာ အပြာရောင်ဖြစ်နေလေ့ရှိသည်။

၂၀၀၇ ခုနှစ်က ဒီအာကွန်ဂိုရှိ မူလတန်းကျောင်းညွှန်မှူး၏ အိမ်တွင် မွေးမြူထားခဲ့သော ယင်းမျောက်ဖင်ပြာကို တွေ့ရှိရာမှ လေ့လာမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဆက်လက်လေ့လာမှုများ ပြုလုပ်ခဲ့ရာ ဒီအာကွန်ဂိုအလယ်ပိုင်းရှိ တောနက်ထဲတွင် နောက်ထပ်တွေ့ခဲ့ရသည်။

ယခုကဲ့သို့ မျောက်မျိုးစိတ်တစ်မျိုးကို အာဖရိကတွင် ထပ်တွေ့ခဲ့ရခြင်းမှာ ၂၈ နှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။

*Ref;Daily Mail,Photos:AFP*





## ကမ္ဘာဦးအမွေးထူဆင် ပုံတူမျိုးပွားရန်မျှော်လင့်ချက်ရှိလာ

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် ကမ္ဘာဦးအမွေးထူဆင်တစ်ကောင်၏ အေးခဲနေသည့် ရှင်သန်နေသည့်ဆဲလ်များ ကြွင်းကျန်နေသေးသည်ဟု ယူဆရသော အစိတ်အပိုင်းများ တွေ့ရှိခဲ့ရသောကြောင့် ကမ္ဘာဦးဆင်ပုံတူမျိုးပွားရေးအကောင်အထည်ပေါ်လာနိုင်ဖွယ်ရှိနေသည်။

ရုရှားနှင့် တောင်ကိုရီးယားပညာရှင်များပါရှိသည့် သုတေသနအဖွဲ့သည် ယခင်ကတည်းက အငြင်းပွားဖွယ်အိုင်ဒီယာတစ်ရပ်ဖြစ်သော ကမ္ဘာဦးဆင်ပုံတူမျိုးပွားရေး ကို လုပ်ဆောင်နေကြခြင်းဖြစ်သည်။

ဆိုက်ဘေးရီးယားဒေသ အရှေ့ပိုင်း အေးခဲနေသော မြေအောက် ၃၂၈ ပေအနက်တွင် ကမ္ဘာဦးဆင်၏ အမွေးများ၊ တစ်သျှူးမျှင်နှင့်ရိုးတွင်းချင်ဆီများကိုတွေ့ခဲ့ရကြောင်း ရုရှားမြောက်ပိုင်း ပြည်ထောင်စုတက္ကသိုလ်က ထုတ်ပြန်ခဲ့သည်။

အမွေးထူကမ္ဘာဦးဆင်များသည် လွန်ခဲ့သော အနှစ် တစ်သောင်းကတည်းက မျိုးသုဉ်းသွားခဲ့သည်ဟုယူဆရသော်လည်း အချို့သော အုပ်စုငယ်များမှာ အလာစကာနှင့် ဆိုက်ဘေးရီးယားကမ်းလွန် ဝရမ်ဂယ်ကျွန်းတို့တွင်လွန်ခဲ့သော အနှစ် ၄၀၀၀ ခန့်အထိရှင်သန်ခဲ့သေးသည်ဆိုသောအယူအဆကလည်းရှိနေသည်။

ယခင်ကတည်းက ကမ္ဘာဦးဆင်များ၏အရိုးနှင့်အစိတ်အပိုင်းများတွေ့ရှိခဲ့ဖူးပြီး ပုံတူမျိုးပွားရန်ကြံစည်ခဲ့ကြဖူးသော်လည်း ရှင်သန်နေသည့်ဆဲလ်များမကြွင်းကျန်ခြင်းကြောင့်မအောင်မြင်ခဲ့ပေ။ ပုံတူမျိုးပွားရန် ကြံနေသည့်အဖွဲ့နှင့်ပတ်သက်ပြီးလည်း သံသယဖြစ်မှုများရှိနေသည်။

အဖွဲ့ဝင်တစ်ဦးမှာ အငြင်းပွားဖွယ် တောင်ကိုရီးယားပညာရှင် ဟွမ်ဝူဆွတ်ဖြစ်သည်။ ဟွမ်သည် ပုံတူမျိုးပွားမှုနယ်ပယ်တွင် ရှေ့ဆောင် ပုဂ္ဂိုလ်အဖြစ် တောင်ကိုရီးယား ထင်ရှားခဲ့သော်လည်း ၂၀၀၆ တွင် သူ၏ လူသားပင်မကလာပ်စည်းသုတေသနတွင် လိမ် လည်မှု များရှိခဲ့ကြောင်းပေါ်ပေါက်ပြီး နာမည်ပျက်ခဲ့ရသူဖြစ်သည်။ သို့ရာတွင် ၂၀၀၅ ခုနှစ်က ကမ္ဘာ့ပထမဆုံး ပုံတူမျိုးပွားခွေးကလေးစနူပီကို ဖန်တီးနိုင်ခဲ့မှုမှာမူ မှန်ကန်ကြောင်းအတည်ပြုနိုင်ခဲ့သည်။Ref;AFP



## အင်္ဂါဂြိုဟ်ပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဒ်နှင်းကျဆင်းကြောင်း နာဆာထုတ်ပြန်

အင်္ဂါဂြိုဟ်ပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဒ်နှင်း ကျဆင်းမှုရှိခြင်းနှင့် ပတ်သက်သည့် ရှင်းလင်းသည့်အထောက်အထားရရှိပြီဖြစ်ကြောင်း အမေရိကန်အမျိုးသားအာကာသအေဂျင်စီ (နာဆာ)က ထုတ်ပြန်ခဲ့သည်။ လူသားတို့နေထိုင်ရာ ကမ္ဘာပါဝင်သည့် နေအဖွဲ့အစည်းအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဒ်နှင်း ကျဆင်းမှုနှင့်ပတ်သက်သည့် တစ်ခုတည်းသောအထောက်အထားလည်းဖြစ်သည်ဟုဆိုသည်။

ရေခဲခြောက်ဟု ထင်ရှားသည့် အေးခဲနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဒ်ဖြစ်ရန်မျှာ အပူချိန် အနုတ် ၁၂၅ ဒီဂရီစင်တီဂရိတ် (အနုတ် ၁၉၃ ဒီဂရီဖာရင်ဟိုက်)ရှိရန်လိုအပ်ပြီး ရေခဲမှတ်ထက်ပိုမြင့်သည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဒ်နှင်းကျ ခြင်းက ဖော်ပြနေသည်မှာ အင်္ဂါဂြိုဟ်၏အချို့သော အစိတ်အပိုင်းများသည် ကမ္ဘာမြေနှင့်တူနိုင်သည်ဟု ပညာရှင်များကမျှော်လင့်နေကြသော်လည်း အလွန်ကွဲပြားခြားနားသည့် ပတ်ဝန်းကျင်ရှိနေသည့်အချက်ကို ပြသနေသည်ဟု နာဆာကထုတ်ပြန်ခဲ့သည်။

“ဒီတိမ်ထုတွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်ဒ်နဲ့ဖွဲ့စည်းထားတယ်ဆိုတာ ကျွန်တော်တို့ ခိုင်ခိုင်မာမာပြောနိုင်ပါတယ်။ ဒီတိမ်ထုတွေဟာ ဂြိုဟ်မျက်နှာပြင်အပေါ် နှင်းအဖြစ်ရွာချဖို့လုံလောက်တဲ့အနေအထားထိ ထူထဲမှုလည်းရှိပါတယ်”ဟု ယင်းအစီရင်ခံစာကို ဦးဆောင်ထုတ်ပြန်ခဲ့သည့်နာဆာ Jet Propulsion ဓာတ်ခွဲခန်းမှပေါလ်ဟေးန်ကဆိုသည်။

အင်္ဂါဂြိုဟ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ရေခဲထုများရှိသည်ကိုသိရှိသည်မှာကြာပြီဖြစ်ပြီး ၂၀၀၈ ခုနှစ်က နာဆာ၏ စူးစမ်းရေးယာဉ် ဖီးနစ်က ဂြိုဟ်မြောက်ပိုင်းတွင် ရေခဲနှင်းကျသည်ကို မှတ်တမ်းတင်နိုင်ခဲ့ ဖူးသော်လည်းယခုအခါတွင်မှ တွေ့ရှိချက်အားလုံးကို စုပေါင်းကာ အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

*Ref: Daily Mail*









# ဂျပန်နိုင်ငံက လာမည့်ဆယ်စုနှစ်သုံးခုအတွင်း နျူစွမ်းအင်အသုံးပြုမှုကို စွန့်လွှတ်ရန် ရည်မှန်း

ဖူကူရှီးမား နျူစက်ရုံ မတော်တဆမှုဖြစ်ပွားပြီးနောက် ဂျပန်အစိုးရ၏မူဝါဒသစ်များအရလာမည့်ဆယ်စုနှစ်သုံးခုအတွင်း နျူစွမ်းအင်အသုံးပြုမှုကို ဂျပန်နိုင်ငံက စွန့်လွှတ်သွားရန် ရည်မှန်းထားကြောင်း စက်တင်ဘာ ၁၂ ရက်နေ့ထုတ် Mainichi Shimbun သတင်းစာတွင် ဖော်ပြခဲ့သည်။

၂၀၃၀ ပြည့် လွန်နှစ်များ အတွင်း ဂျပန်နိုင်ငံရှိ နျူကလီးယား ဓာတ်ပေါင်းဖိုများကို အပြီးအပိုင်ပိတ်ပင်မည် ဆိုသောကြေညာချက်ကို ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါ၏ အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းအမည်မဖော်သည့်အစိုးရသတင်းရင်းမြစ်များ၏ ပြောပြချက်အား Mainichi Shimbun က ကိုးကားဖော်ပြခဲ့သည်။

၂၀၃၀ပြည့် လွန်နှစ်များတွင် ဂျပန်ရှိ နျူကလီးယားစက်ရုံအားလုံး၏လည်ပတ်မှုကို သုညအထိလျှော့ချသင့်ကြောင်း ထောက်ခံထားသည့် မူဝါဒတစ်ရပ်အား နိုဒါ၏ အာဏာရဂျပန်ဒီမို ကရက်တစ်ပါတီ (ဒီပီဂျေ) က ပြီးခဲ့သည့် သီတင်းပတ်အတွင်း ထုတ်ပြန်ခဲ့သည်။

ဂျာမနီက နျူကလီးယားစွမ်းအင်အသုံးပြုမှုကို ၂၀၂၂ ခုနှစ်တွင်စွန့်လွှတ်မည်ဟု ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဂျပန်ကလည်း ယင်းသို့ပြုလုပ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ဂျာမနီတွင်နျူကလီးယားစွမ်းအင်ဆက်လက်အသုံးပြုမှုများကို ဆန့်ကျင်မှုအဖြစ် နေ့စဉ်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သောကြောင့် ၂၀၂၂ ခုနှစ်တွင် နျူကလီးယားစွမ်းအင်အသုံးပြုမှုကို စွန့်လွှတ်မည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

ဒီပီဂျေပါတီက ထုတ်ပြန်သည့် စည်းမျဉ်းသုံးခုတွင် နျူကလီးယားစက်ရုံသစ် မဆောက်ရေး၊ နှစ် ၄၀ လည်ပတ်ပြီးသည့် သက်တမ်းရင့် နျူကလီးယားစက်ရုံများကို ပိတ်ပစ်ရေးနှင့်နျူကလီးယားအဖွဲ့အစည်းတစ်ခု၏ ဘေးကင်းလုံခြုံမှုစစ်ဆေးမှုများအောင်မြင်မှုသာလျှင် နျူကလီးယားစက်ရုံများကို ပြန်လည်မှုကို အတည်ပြုရေးတို့ပါဝင်ကြောင်း သိရှိရသည်။

ယခုသီတင်းပတ်တွင် ကျင်းပမည့်စွမ်းအင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆွေးနွေးပွဲ၌ နျူကလီးယားစွမ်းအင်အသုံးပြုမှုရပ်နားရန်အတွက် အစိုးရကဆုံးဖြတ်ချက်ချသွားမည်ဟု ယင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ငလျင်နှင့် နောက်ဆက်တွဲ ဆူနာမီကြောင့် ဖူကူရှီးမားနျူကလီးယားစက်ရုံတွင်အကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီးနောက် စွမ်းအင်ဆိုင်ရာမူဝါဒသစ်တစ်ခုကိုတိုကျိုက အကောင်အထည်ဖော်ခဲ့သည်။ သဘာဝစွမ်းအင်ရှားပါးသည့် ဂျပန်တွင်ပြန်လည်ဖြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုရန်ကိုလည်းအကြံပြုထားသည်။

ဖူကူရှီးမား ဘေးအန္တရာယ်ကြောင့် ရပ်နားခဲ့ရသည့် ဓာတ်ပေါင်းဖိုများထဲမှ နှစ်ခုကို လူထုဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သော်လည်း ပြန်လည်စတင်ခဲ့သည်။ *Ref: AFP*



မတော်တဆမှုဖြစ်ပွားခဲ့သည့် ဖူကူရှီးမားဒိုင်အိချီနျူစက်ရုံရှိ အမှတ်လေးဓာတ်ပေါင်းဖို ၏ ထိပ်ဖုံးကို ကရိန်းဖြင့် ဖယ်ရှားနေစဉ်

# ဂျပန်ဘဏ္ဍာရေးဝန်ကြီးကွယ်လွန် မိမိကိုယ်ကိုအဆုံးစီရင်ခဲ့ခြင်းဟုယူဆ

ဂျပန် ဘဏ္ဍာရေးဝန်ကြီးသည် စက်တင်ဘာလ ၁၀ ရက်နေ့က ၎င်း၏ နေအိမ်တွင် သေဆုံးနေခဲ့ရာ မိမိကိုယ်ကိုအဆုံးစီရင်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က သံသယရှိနေသည်။

ဂျပန်ဝန်ကြီးချုပ်နိုဒါသည် ဇွန်လကအစိုးရအဖွဲ့ပြန်လည်ဖွဲ့စည်းပြီးနောက် သုံးနှစ်အတွင်း ဂျပန်၏ တတိယမြောက် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူ အသက် ၇၃ နှစ် အရွယ် တာဒါဟီရိုမက်ဆူရှီတာသည် ရာထူးတာဝန်ယူထားသည်မှာသုံးလသာရှိသေးသည်။

အာဏာရည္ဟနို့ပေါင်းအတွင်း အကွဲအပြဲများ၊လွှတ်တော်တွင်း လိပ်ခဲတည်းလည်းဖြစ်နေသော အကျပ်အတည်းများရှိနေချိန်တွင် မက်ဆူရှီတာ ကွယ်လွန်မှုမှာ အခြေအနေများကို ပိုမိုရှုပ်ထွေးသွားစေဖွယ်ရှိသည်။

ဝန်ကြီးချုပ်နိုဒါသည် စက်တင်လာလ ၁၀ ရက်နေ့က ဆေးရုံတွင် မက်ဆူရှီတာ၏အလောင်းကိုလာရောက်ကြည့်ရှုခဲ့ပြီးယင်းဝမ်းနည်းဖွယ်သတင်းကြောင့်အလွန်အံ့သြရကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

မက်ဆူရှီတာသည် ၂၀၀၉ ခုနှစ် တွင် ဂျပန်ဒီမိုကရက်တစ်ပါတီ အာဏာစတင်ရရှိစဉ်ကတည်းက ဘဏ္ဍာရေးဝန်ကြီးနေရာကို ပုံမှန်ရခဲ့သည့် ညွန့်ပေါင်းအတွင်းရှိပါတီငယ် People's New မှဖြစ်သည်။



တာဒါဟီရိုမက်ဆူရှီတာ

လာဘ်စားသည်ဟု စွဲချက်တင်ခံရသော စိုက်ပျိုးရေးဝန်ကြီး တိုရှီကတ်ဆုမတ်ဆူအိုကာသည် ၂၀၀၇ ခုနှစ်မေလတွင် အဆုံးစီရင်မှုဖြစ်ပွားပြီးနောက်ပိုင်း မက်ဆူရှီတာ၏ အဆုံးစီရင်မှုဖြစ်ပွားခဲ့ခြင်းသည်။ မက်ဆူရှီတာ သေဆုံးမှုသည် ယင်းကဲ့သို့ပြစ်ချက်ရှိသောကြောင့် လုပ်ဆောင်ခဲ့ခြင်းမျိုးမဟုတ်ဟု ယူဆရသည်။

အာဏာရပါတီအတွင်း၌လည်း ပြီးခဲ့သည့် လများအတွင်း ဘက်ပြောင်းမှုများနှင့် ရင်ဆိုင်နေရပြီး ဝန်ကြီးချုပ်နိုဒါသည် ပါတီခေါင်းဆောင်နေရာအတွက် ပြိုင်ဘက်သုံးဦးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

*Ref:Financial Times*

# လူ ၂၅၀ ကျော်သေဆုံးခဲ့ရသော စက်ရုံမီးလောင်မှုအတွက် ယင်းစက်ရုံပိုင်ရှင်ကို ရဲကစစ်ဆေးမည်

ပါကစ္စတန်ရှိ ကရာချိမြို့မှ အထည်ချုပ်စက်ရုံတစ်ခုတွင် မီးလောင်မှုအတွင်းလူ ၂၅၀ ကျော်သေဆုံးခဲ့ပြီး ယင်းစက်ရုံပိုင်ရှင်ကို စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်း ရဲအကြီးတန်းအရာရှိတစ်ဦးက စက်တင်ဘာလ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

စက်ရုံပိုင်ရှင် Abdul Aziz ၏ သားနှစ်ဦးတို့ကိုလည်း စစ်ဆေးမေးမြန်းမည်ဖြစ်သလို စက်ရုံမန်နေဂျာများ၊ ရှယ်ယာဝင်များ၊ စက်ရုံဘေးကင်းရေးစည်းမျဉ်းများကို စစ်ဆေးရန်ပျက်ကွက်ခဲ့သော အစိုးရအရာရှိတို့ကိုလည်း စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်း ကရာချိမြို့ရဲတပ်ဖွဲ့အကြီးတန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ Amir Farooqi ကပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းမှုမှရရှိသည့်အချက်အလက်များကို စုစည်းကာ အစိုးရရှေ့နေများထံတင်ပြပြီးနောက် တရားစွဲရန်သင့်၊ မသင့်ဆုံးဖြတ်မည်ဖြစ်သည်။ ယင်းစက်ရုံမီးလောင်မှုကြောင့် လူ ၂၅၈ ဦး သေဆုံးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

မီးလောင်ခဲ့သောစက်ရုံတွင်ထွက်ပေါက်များပိတ်ထားသဖြင့် လူသေမှုဖြင့် ရဲများကအမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ မည်သူမှအဖမ်းမခံရသေးဘဲ စက်ရုံပိုင်ရှင်နှင့်သားများ ပုန်းနေသည်ဟု Farooqi က ပြောကြားခဲ့သည်။

*Ref:CNN*

■

# သီရိလင်္ကာတွင် ကျောက်မျက်ပြပွဲ၌ တရုတ်နိုင်ငံသားတစ်ဦး မျိုချခဲ့သောစိန်မှာ အတုဖြစ်ပြီး အစစ်မှာပျောက်နေ

သီရိလင်္ကာတွင်ပြုလုပ်ခဲ့သော အကြီးဆုံးကျောက်မျက်ရတနာပြပွဲ၌ တရုတ်နိုင်ငံသားတစ်ဦးမျိုချခဲ့သော စိန်မှာ အတုဖြစ်နေပြီး ဒေါ်လာ ၁၃၀၀၀ တန်သောစိန်အစစ်မှာမူ အခြားလူတစ်ဦးက ယူသွားဖွယ်ရှိသည်ဟုသတင်းများက ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ ချိုးဝမ်သည် ကိုလံဘိုမြို့တွင် ယခုလဆန်းပိုင်း၌ပြုလုပ်ခဲ့သောပြပွဲ၌ ၁ ဒသမ ၅ ကာရက်ရှိသောစိန်တစ်လုံးကို မျိုချခဲ့သည်ဟုသံသယရှိမှုဖြင့် ဖမ်းဆီးခံထားရသည်။ သို့သော် တာဝန်ရှိသူများက ချိုးကို ဝမ်းနုတ်ဆေးများကျွေးပြီး ဝမ်းသွားစေခဲ့ပြီးနောက် စစ်ဆေးခဲ့ရာ မျိုချခဲ့သောစိန်မှာ အတုဖြစ်ကြောင်း တွေ့ရှိခဲ့သည်ဟု IBT က စက်တင်ဘာလ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ပြပွဲတွင် ချိုးနှင့်အတူပါလာသူတစ်ဦးက စိန်အစစ်ကို ယူသွားပြီး ချိုးက အာရုံပြောင်းသည့်အနေဖြင့် စိန်အတုကို မျိုချခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။ ယင်းကဲ့သို့ ခိုးယူသောအဖွဲ့သည် စိန်အစစ်ကို အတုဖြင့်လဲလှယ်ရာတွင် ကျွမ်းကျင်ကြသည်ဟု ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။ *Ref:BBC*

# အင်ဒိုနီးရှား၏သြဇာကြီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦး လာဘ်ပေးမှုဖြင့်ဖမ်းဆီးခံရ

အင်ဒိုနီးရှားနိုင်ငံ၏ သြဇာလွှမ်းမိုးမှုရှိသော စီးပွားရေးလုပ်ငန်းရှင်နှင့် ဒီမိုကရက်တစ်ပါတီအတွက် ငွေကြေးထောက်ပံ့ရေး ဘုတ်အဖွဲ့ဝင်ဟောင်းဖြစ်သူ Siti Hartati Murdaya သည်ကုန်သွယ်ရေးပါမစ်တစ်ခုရရန် လာဘ်ပေးခဲ့ကြောင်းစွဲချက်တင်ခံခဲ့ရပြီး ခြစားမှုတိုက်ဖျက်ရေးဖွဲ့ (KPK)က စက်တင်ဘာ ၁၂ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

Hartati ကိုလာဘ်ပေးမှုစွဲချက်များဖြင့် ရှစ်နာရီကြာစစ်ဆေးခဲ့ပြီးနောက် ခြစားမှုတိုက်ဖျက်ရေးအဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖော့စ်ဘ်မဂ္ဂဇင်း၏ ၂၀၁၁ ခုနှစ် ချမ်းသာကြွယ်ဝမှုစာရင်းအရ အင်ဒိုနီးရှား၏ ချမ်းသာကြွယ်ဝသူစာရင်းတွင် နံပါတ် ၁၄ နေရာ၌ဖော်ပြရသည့် Hartati သည် အင်ဒိုနီးရှား ဗုဒ္ဓဘာသာအသင်း(Walubi) ၏ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသူဖြစ်သည်။

အခြားသောလာဘ်ပေးမှုများနှင့်လည်းဆက်စပ်မှုရှိသည်ဟူသော သံသယရှိမှုနှင့်အတူ Hartati ကို ဂျကာတာတောင်ပိုင်း၊ Kuningan ရှိ KPK ၏ ပြစ်မှုကျူးလွန်သူများ ခေတ္တထိန်းသိမ်းရာစခန်းတွင် ထိန်းသိမ်းထားခဲ့သည်။

Hartati သည် ပြင်းထန်သည့် အဖျားဝေဒနာ ခံစားနေရကြောင်းနှင့် ကျန်းမာရေးအခြေအနေကြောင့် သူမကို ထိန်းသိမ်းမှုမလုပ်ရန် ၎င်း၏ရှေ့နေက တောင်းဆိုခဲ့သည်။

Hartati သည် ဆူလာဝေစီ အလယ်ပိုင်း၊ Buol မြို့၏ အုပ်ချုပ်ရေးမှူးဖြစ်သူ Amran Batalipu ကို လာဘ်ငွေ ရူပီး ၃ ဘီလျံ ပေးခဲ့သည်ဟုစွပ်စွဲခံခဲ့ရကြောင်း KPK ဥက္ကဋ္ဌ Abraham Samad ကဆိုသည်။ သူမ၏ကုမ္ပဏီများအတွက် ကုန်သွယ်ရေးပါမစ်တစ်ခုရရှိရန်အတွက် လာဘ်ငွေများပေးခဲ့ခြင်းဖြစ်ကြောင်း KPK က ထုတ်ပြန်ခဲ့သည်။ ပြစ်မှုထင်ရှားပါက ထောင်ဒဏ်ငါးနှစ်နှင့် အင်ဒိုရူပီး သန်း ၂၅၀ ပေးဆောင်ရမည်ဖြစ်သည်။

Ref:JakartaPost/ANN

# သီတင်းပတ်နှစ်ပတ်ခန့် ပျောက်နေသော ရှီကျင်းပင်၏အမည် နိုင်ငံပိုင်မီဒီယာတွင်ဖော်ပြ

ပြည်ပခေါင်းဆောင်များနှင့်တွေ့ဆုံမည့်အစီအစဉ်များကို ဆက်တိုက်ပျက်ကွက်ခဲ့ပြီး မြင်ကွင်းမှ သီတင်းပတ်နှစ်ပတ်ခန့် ပျောက်ကွယ်နေခဲ့သောတရုတ်ဒုတိယသမ္မတရှီကျင်းပင်အကြောင်းကို နိုင်ငံပိုင်မီဒီယာက စက်တင်ဘာလ ၁၃ ရက်တွင် ပထမဆုံးအကြိမ်ဖော်ပြခဲ့သည်။

ကွမ်ရှီးပြည်နယ်တွင် စက်တင်ဘာလ ၆ ရက်ကကွယ်လွန်ခဲ့သော အစိုးရဝန်ထမ်းဟောင်းဟွမ်ရောင်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့မှုတွင် အသက် ၅၉ နှစ်ရှိ ရှီကျင်းပင်၏အမည်ပါလာခြင်းသာဖြစ်ကြောင်း သိရသည်။ ကွန်မြူနစ်ပါတီ၏ အရေးပါသော ကွန်ဂရက်ပြုလုပ်ခါနီးတွင် မျိုးဆက်သစ်ခေါင်းဆောင် ဖြစ်လာဖွယ်ရှိသောရှီကျင်းပင်မှာ မြင်ကွင်းမှ ပျောက်နေခြင်းဖြစ်သည်။

ဝမ်းနည်းခြင်းသဝဏ်လွှာတွင် သမ္မတဟူကျင်တောင်၊ ရှီကျင်းပင်၊ လီယွမ်ချောင်၊ ကျူရောင်ကျီနှင့် လီကျားကျိုးတို့၏အမည်များပါဝင်ခဲ့ခြင်းဖြစ်သည်။ လီယွမ်ချောင်မှာ ရှီကျင်းပင်ကဲ့သို့ပင် သြဇာကြီးသောကိုးဦးပါ Politburo Standing Committee တွင် နေရာတစ်နေရာရရန် မျှော်လင့်ခံထားရသည်။

ယင်းသဝဏ်လွှာတွင် ရှီကျင်းပင်၏တိုက်ရိုက်ပြောစကားမပါဝင်ခဲ့သလို အဘယ်ကြောင့် ပျောက်နေရခြင်းအကြောင်းမှာလည်း ထပ်မံသိရှိခဲ့ခြင်းမရှိပေ။

ရှီကျင်းပင်မှာ စက်တင်ဘာလ ၁ ရက်တွင် ပေကျင်းရှိ ဗဟိုပါတီကျောင်းတွင် မိန့်ခွန်းပြောခဲ့ပြီး ယင်းနောက်ပိုင်း ပျောက်ကွယ်ခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနားတွင် ရှီကျင်းပင်သည် အနက်ရောင်ဝတ်စုံ၊ ပန်းရောင်လည်စည်းဝတ်ထားကာ ကျန်းမာရေးကောင်းပုံရကြောင်း သတင်းဓာတ်ပုံများက ဖော်ပြခဲ့သည်။

ရှီကျင်းပင်မြင်ကွင်းမှ ပျောက်ကွယ်နေခြင်းအတွက် တရုတ်အစိုးရကလည်း သတင်းထုတ်ပြန်ချက်များ မရှိခဲ့သဖြင့် ကောလာဟလများစွာ ထွက်ခဲ့သည်။ အချို့ကမူ ကားတိုက်မှုကြောင့် သေဆုံးခဲ့သည်ဟု ဖော်ပြခဲ့သလို လုပ်ကြံခံခဲ့ရသည်ဟုလည်း ဖော်ပြခဲ့ကြသည်။ နှလုံးရောဂါဖောက်မှုကြောင့် သို့မဟုတ် လေသင်တုန်းဖြတ်မှုကြောင့် သေဆုံးခဲ့သည်ဟူသော ကောလာဟလများ ထွက်ခဲ့ပြီး တရုတ်အစိုးရကမူ ငြင်းဆန်ခြင်း၊ အတည်ပြုခြင်းမပြုလုပ်ခဲ့ပေ။

*Ref:CNN*



ရှီကျင်းပင်

# iPhone 5 ဝယ်လိုအားမြင့်နေခြင်းကြောင့် အက်ပဲလ်ရှယ်ယာဈေး စံချိန်တင်မြင့်တက်



အက်ပဲလ်၏နောက်ဆုံးထွက် စမတ်ဖုန်း iPhone 5 ဝယ်လိုအားမြင့်တက်နေခြင်းကြောင့် အက်ပဲလ်ကုမ္ပဏီ၏ရှယ်ယာဈေးမှာလည်း စံချိန်တင်မြင့်တက်ခဲ့သည်။

iPhone 5 ကိုအောက်တိုဘာလ ၂၁ ရက်နေ့တွင်မှနိုင်ငံအချို့တွင် စတင်ဖြန့်ဖြူးမည်ဖြစ်သော်လည်းအွန်လိုင်းမှကြိုတင်မှာယူမှုကို စတင်ပြသပြီးကတည်းက ခွင့်ပြုထားခဲ့ခြင်းဖြစ်သည်။ ယခုအခါအွန်လိုင်းမှကြိုတင်မှာယူမှုများပြားသောကြောင့်ကြိုတင်မှာယူသူများကိုအိမ်အရောက်ပို့ ပေးမှုမှာ အမေရိကန်တွင်နှစ်ပတ်၊ ဥရောပရှိ ဗြိတိန်၊ ဂျာမနီနှင့်ပြင်သစ်တို့တွင် သုံးပတ်အထိ စောင့်ရမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့ရသည်။ မူလက တစ်ပတ်အတွင်းဖြန့်ဖြူးပေးမည်ဟုကြေညာခဲ့သော်လည်း အကြိုမှာယူမှုစတင်ပြီး နာရီပိုင်းအတွင် အမှာများသောကြောင့် ဖြန့်ဝေမည့်အချိန်ကို ရွှေ့ခဲ့ရခြင်းဖြစ်သည်။

အက်ပဲလ် ရှယ်ယာဈေးနှုန်းသည် ၂ ရာခိုင်နှုန်း တက်သွားခဲ့ပြီး ရှယ်ယာတစ်ခုလျှင် အမေရိကန် ဒေါ်လာ ၆၉၆ ဒသမ ၆၈ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

အက်ပဲလ်သည် iPhone 5 ကိုနိုင်ငံခွဲပြီးတစ်ဆင့်ချင်း ရောင်းသွားမည်ဖြစ်ပြီး ယခုနှစ်ကုန်တွင် နိုင်ငံပေါင်း ၁၀၀ ၌ ဝယ်ယူနိုင်မည်ဖြစ်သည်။ ဝေါစထရိမှ လေ့လာသူများ ခန့်မှန်းချက်အရ ယခုနှစ်ကုန်တွင် iPhone 5 အလုံးရေ ၄၂ သန်းအထိ ရောင်းချရနိုင်ပြီး သမိုင်းတစ်လျှောက် အရောင်းရဆုံး iPhone ဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားသည်။အဓိက ကြုံရနိုင်သည့်ပြဿနာမှာ ဖုန်းထုတ်လုပ်ရေးအတွက်ပစ္စည်းပြတ်လပ်နိုင်ခြင်းဖြစ်သည်ဟု လေ့လာသူတို့က သုံးသပ်သည်။

အက်ပဲလ်အတွက် ပစ္စည်းထုတ်ပေးသည့်အဓိကကုမ္ပဏီ တစ်ခုဖြစ်သော ဖန်သားပြင်များ ထုတ်လုပ်ပေးသည့်ရှာ့ပ်ကုမ္ပဏီမှာစီးပွားရေးအခက်အခဲကြုံနေပြီး အချိန်နှင့်တစ်ပြေးညီလိုအပ်ချက် အမီထုတ်ပေးရေးတွင် အခက်အခဲရှိနေသည်ဟု သတင်းထွက်ပေါ်နေသည်။

အက်ပဲလ်၏ iPhone 5 မှာ အရောင်းစံချိန်တင်ဦးမည်ဖြစ်သော်လည်း လာမည့်နှစ်နှစ်အတွင်း သိသာသည့်အပြောင်းအလဲမလုပ်နိုင်ပါက နိုကီယာကဲ့သို့ နောက်ကျကျန်နေသည့်အခြေအနေမျိုးနှင့် ကြုံနိုင်ကြောင်းလည်း သုံးသပ်မှုများရှိနေသည်။ ဆော့ဖ်ဝဲသစ်အချို့ပါဝင်လာခြင်း၊ မျိုးဆက်သစ်ဝါယာလက်နည်းပညာသစ် 4G LTE (Long-Term Evo-lution) အသုံးပြုထားခြင်းတို့တွင်အဆင့်မြင့်လာသည်ဟုဆိုနိုင်သော်လည်း ဟာ့ဒ်ဝဲနှင့်မောင်းနှင်စနစ်တွင် သိသာသော ရှေ့ဆောင်ပြောင်းလဲမှုမျိုးမပါရှိတော့ခြင်းတို့ကြောင့် ရေရှည်တွင် အထိနာလာနိုင်သည်ဟု သုံးသပ်မှုများရှိနေသည်။

ဈေးနှုန်းအမျိုးမျိုးဖြင့် ဗားရှင်းမျိုးစုံထုတ်လုပ်မှုမရှိခြင်း၊ အခြားအိုင်တီပစ္စည်းများနှင့်ချိတ်ဆက်မှုတွင်အားနည်းပြီးတစ်သီးတစ်သန့်တည်ရှိခြင်းတို့ကဲ့သို့သော အားနည်းချက်များရှိသော်လည်း အခြားကုမ္ပဏီများထက်ရှေ့ရောက်သည့်နည်းပညာဖြင့်ရပ်တည်နိုင်ခဲ့သော Apple တွင်နောက်ထပ် အံ့ဘနန်းဆန်းသစ်မှုမျိုး မပြုလုပ်နိုင်ပါက ဂူးဂဲလ်၏အန်းဒရွိုက်စနစ်သုံးစမတ်ဖုန်းမျိုးစုံနှင့်ယှဉ်ပြိုင်မှုတွင် အထိနာလာနိုင်သည်ဟုလည်း သုံးသပ်မှုများ ရှိနေသည်။ လက်ရှိအချိန်အထိမူ အက်ပဲလ်သည် ပြိုင်ဘက်ဟောင်းမိုက်ခရိုဆော့ဖ်တစ်ချိန်ကရရှိခဲ့သည့်တန်ဖိုးအရှိဆုံးကုမ္ပဏီနေရာကိုဆုပ်ကိုင်ထားနိုင်ဆဲဖြစ်သည်။

*Ref: AFP,Reuters*





# နင်တန်းဒိုးလက်ကိုင်ဂိမ်းစက်သစ် Wii U နိုဝင်ဘာတွင် စဖြန့်မည်

ကမ္ဘာ့အကြီးဆုံး ဂိမ်းကုမ္ပဏီ နင်တန်းဒိုး၏ လက်ကိုင်ဂိမ်းစက်သစ် Wii U ကို လာမည့်နိုဝင်ဘာလတွင် အမေရိကန်နှင့်ဥရောပ၌ စတင်ရောင်းချမည်ဟု စက်တင်ဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အိမ်တွင်းဖျော်ဖြေရေးစင်တာတစ်ခုအဖြစ်ရည်ရွယ်ထားသည် ဆိုသောWii U ဂိမ်းစက်သစ်သည် အွန်လိုင်းဗီဒီယိုနှင့်လိုင်းများချိတ်ဆက်ကြည့်နိုင်ခြင်းနှင့်ယင်းတို့ကို တီဗွီသို့တစ်ဆင့်ခံချိတ်ဆက်ကြည့်နိုင်ခြင်းကဲ့သို့သောစွမ်းဆောင်ရည်များထည့်သွင်းထားသည်။

ဖန်သားပြင်အကျယ် ၆ ဒသမ ၃ လက်မရှိသည့်ဂိမ်းစက်တွင် လက်ကိုင်ခလုတ်များနှင့်အတူထိတွေ့မျက်နှာပြင်စနစ်ကိုသုံးစွဲထားသည်။ အချက်အလက်သိမ်းနိုင်စွမ်း ၈ ဂီဂါဘိုက်ရှိသည့် အမျိုးအစားကို အမေရိကန်ဒေါ်လာ ၂၉၉ ဒေါ်လာ ဖြင့်ရောင်းမည်ဖြစ်ပြီး ၃၆ ဂီဂါဘိုက်အမျိုးအစားကို ၂၄၉ ဒေါ်လာဖြင့် ရောင်းမည်ဖြစ်သည်။

ယင်းဂိမ်းစက်အတွက် အထူးဖန်တီးထားသည့် ဂိမ်းသစ် ၅၀ ခန့်ကို ဆက်တိုက်ဖြန့်ဖြူးပေးမည်ဟု နင်တန်ဒိုးအမေရိကဌာနခွဲ ဥက္ကဌကထုတ်ပြန်ခဲ့သည်။ သုံးဖက်မြင်ဂိမ်းစက် Nintendo 3DS ထုတ်လုပ်စဉ်က ယင်းဂိမ်းစက်ဖြင့်ကစားနိုင်သည့်ဂိမ်းသစ်အများအပြားထုတ်လုပ်မပေးနိုင်ခြင်းသည် ရောင်းအားမကောင်းရသည့်အချက်တစ်ချက်ဖြစ်စေခဲ့သည်။ ဂန္ထဝင်ဂိမ်းများဖြစ်သော Super Mario Brtothers ၊ Metroid ဂိမ်းဗားရှင်းသစ်များကို နင်တန်းဒိုးကစတင်ပြသခဲ့ပြီး နာမည်ကျော်ဂိမ်းများဖြစ်သည့် Call of Duty ဂိမ်းနှင့်အခြားဂိမ်းများ၏ Wii U ဗားရှင်းမျိုးဆက်သစ်ဂိမ်းများကိုလည်း ဖြန့်ချိသွားမည်ဖြစ်သည်။

*Ref: Computerworld*





# ဂျပန်နှင့်အငြင်းပွားနေသော ကျွန်းစုသို့ တရုတ်က သင်္ဘောခြောက်စင်းစေလွှတ်

တရုတ်သည်ဂျပန်နှင့်နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေသောကျွန်းစုအား စက်တင်ဘာလ ၁၄ ရက်နေ့က သင်္ဘောခြောက်စင်းစေလွှတ်ခဲ့ကြောင်း သိရှိရသည်။

တရုတ်၏ ပြောကြားချက်အရယင်းကဲ့သို့စေလွှတ်ခဲ့ခြင်းသည် တရုတ်တို့၏ကျွန်းစုပေါ်တွင်အာဏာသက်ရောက်မှုကိုပြသရန်ဖြစ်ကြောင်း သိရှိရသည်။ မကြာသေးမီကပင် အဆိုပါကျွန်းစုအား ပိုင်ဆိုင်သည်ဟုဂျပန်ဘက်ကလက်ခံထားသည့် ဂျပန်မိသားစုထံမှ ဂျပန်အစိုးရက ဝယ်ယူခဲ့ပြီးဖြစ်သည်။

ယင်းကဲ့သို့ စီးပွားရေးအင်အားအကြီးဆုံးနှစ်နိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာပြင်းထန်သောအငြင်းပွားမှုများကြောင့် တရုတ်နိုင်ငံတွင်နေထိုင်နေသော၊အလည်အပတ်ရောက်ရှိနေသော ဂျပန်နိုင်ငံသားများကို တိုက်ခိုက်ခံရမှုများလည်း ဖြစ်ပွားခဲ့သည်။

ဂျပန်စီးပွားရေးလုပ်ငန်းများအခြေစိုက်ရာနှင့် ဂျပန်ခရီးသွားများလာရောက်ရာ ရှန်ဟိုင်း ရှိ ဂျပန်ကောင်စစ်ဝန်ရုံးတွင် ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရမှုနှင့်ပတ်သက်ပြီးလာရောက် တိုင်ကြားမှုများရှိလာခဲ့ပြီးနောက် တရုတ်သို့ခရီးသွားသော၊ တရုတ်တွင်နေထိုင်သော ဂျပန်လူမျိုးများအတွက် သတိပေးချက်များထုတ်ပြန်ခဲ့ရသည်။

ယင်းကဲ့သို့ သင်္ဘောများစေလွှတ်ခြင်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သင်္ဘောများသည် နိုင်ငံပိုင်၏အချုပ်အခြာအာဏာပိုင်နယ်မြေအတွင်းသွားလာကြခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဂျပန်တို့ဘက်မှလည်း တရုတ်နိုင်ငံရှိ ဂျပန်လူမျိုးများ၏ လုံခြုံရေးအား အစွမ်းကုန်ကူညီပေးရန် တိုက်တွန်းခဲ့သည်။ရှန်ဟိုင်းတွင် ညပိုင်းညစာစားသောက်နေကြသော ဂျပန်များသည်ပုလင်းများ၊အစားအသောက်များနှင့်ပစ်ပေါက်ခံခဲ့ရမှုများဖြစ် ပွားခဲ့သည်။ဖြစ်စဉ်နှစ်ခုတွင်ဆိုလျှင် “မင်းဂျပန်လား” ဟုသေသေချာချာမေးပြီးမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရှန်ဟိုင်းရှိ ဂျပန်သံတမန်တစ်ဦးကပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်အတွင်းရေးမှူးသည်သတင်းစာရှင်းလင်းပွဲတွင် တရုတ်သင်္ဘောခြောက်စင်းလွှတ်သည့် ကိစ္စသည် မကြုံဖူးသည့် ကိစ္စတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးအားလည်းတရုတ်သံအမတ်အားဆင့်ခေါ်စေပြီး ဆန္ဒပြပွဲများအား ထိန်းချုပ်ပေးရန် ပြောကြားခဲ့သည်။

*Ref:AFP*



ဂျပန်ကမ်းခြေစောင့်တပ်က စက်တင်ဘာလ ၁၄ ရက်နေ့တွင် ရိုက်ကူးထားသည့် တရုတ်ရေကြောင်းထောက်လှမ်းရေးသင်္ဘောတစ်စင်း အငြင်းပွားကျွန်းစုအနီးသို့ရောက်ရှိလာမှုမြင်ကွင်း

## ဝယ်ယူခဲ့သောအငြင်းပွားကျွန်းများအတွက် အစီအစဉ်များ ဂျပန်ရေးဆွဲ

တရုတ်နှင့်ပိုင်ဆိုင်မှုအငြင်းပွားခဲ့သော အိုကီနာဝါစီရင်စုရှိ ဆင်ကာကူကျွန်းစု၏ ကျွန်းသုံးခုအတွက် ပြုလုပ်မည့်အစီအစဉ်များကို ဂျပန်အစိုးရက ရေးဆွဲနေသည်။ ယင်းကျွန်းစုများကိုပိုင်သည်ဟု ဂျပန်ကလက်ခံထားသော ပိုင်ရှင်များထံမှ ယန်း ၂ ဒသမ ၀၅ ဘီလျံဖြင့် အစိုးရက ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့သည်။

ယင်းဝယ်ယူခဲ့သောကျွန်းများအတွက် အစီအစဉ်များကို ရေးဆွဲထားပြီး အစီအစဉ်တစ်မှာ ယင်းကျွန်းများကို မူလအတိုင်းထားရှိရန်ဖြစ်ကာ အစီအစဉ်နှစ်အရ ကျွန်းတစ်ဝိုက် သဘာဝပတ်ဝန်းကျင်ကြို တင်ကာကွယ်ရေးလုပ်ဆောင်ရန်ဖြစ်သည်။ အစီအစဉ်သုံးမှာ ကျွန်းသုံးခုအနက် Uotsurijima ကျွန်းပေါ်ရှိ မီးပြတိုက်ကို LED မီးလုံးများဖြင့် အစားထိုးရန်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ်နိုဒါက အစီအစဉ် နှစ်နှင့်သုံးကို ပြုလုပ်ရန်စိတ်ဝင်စားခဲ့သော်လည်းတရုတ်နှင့်တင်းမာမှုမြင့်တက်မည်စိုးသဖြင့် အစိုးရတာဝန်ရှိသူများက စည်းရုံးရာတွင် နောက်ဆုံး၌ အစီအစဉ်တစ်ကိုသာ ပြုလုပ်ရန်နိုဒါကလိုက်လျောခဲ့သည်။

အစီအစဉ်လေးမှာ ယင်းကျွန်းများပေါ်တွင် ငါးဖမ်းလှေများအတွက် ခိုနားရန်အဆောက်အအုံတည်ဆောက်ရန်ဖြစ်ပြီး တိုကျိုအုပ်ချုပ်ရေးမှူးရှ[illegible] တာရိုအီရှီဟာရာကလည်း ထောက်[illegible] ခံခဲ့သည်။ အစီအစဉ်ငါးမှာ ယင်[illegible] ကျွန်းစုတစ်ဝိုက် အဏ္ဏဝါရင်းမြစ်[illegible] များကို Survey လုပ်ရန်ဖြစ်သည်[illegible] အစီအစဉ်ခြောက်မှာ ယင်းကျွန်းစု[illegible] တစ်ဝိုက်ပေါ်တွင် Self-Defenc[illegible] Force ချထားရန်ဖြစ်သည်။

*Ref;Yomiuri Shimbun*

## ကမ္ဘောဒီးယားစစ်ရဲများ တရားမဝင်သစ်ခိုးထုတ်မှုသတင်းများရေးသည့် ကမ္ဘောဒီးယားဂျာနယ်လစ်အသတ်ခံရ၊ စစ်ရဲအရာရှိတစ်ဦးပိုင် ကာရာအိုကေခန်းမတွင် ရှိနေစဉ် အသတ်ခံခဲ့ရခြင်းဟုယူဆရ

ကမ္ဘောဒီးယားနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည့် တရားမဝင်သစ်ထုတ်လုပ်မှုများအကြောင်း၊ အထူးသဖြင့် လုပ်ပိုင်ခွင့်ကြီးမားစွာရှိနေသည့် ကမ္ဘောဒီးယားစစ်ရဲများ၏ သစ်ခိုးထုတ်မှုများအကြောင်းသတင်းများရေးသားခဲ့သည့် ကမ္ဘောဒီးယားဂျာနယ်လစ်တစ်ဦး အသတ်ခံထားသည်ကို တွေ့ရှိခဲ့ကြောင်းရဲများက စက်တင်ဘာ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

Vorakchun Khmer Daily သတင်းစာမှ သတင်းထောက်ဖြစ်သူ ဟန်ဆီရီအူဒွမ် ရက်ရက်စက်စက်အသတ်ခံခဲ့ရခြင်းနှင့်ပတ်သက်ပြီး ကမ္ဘောဒီးယားစစ်ရဲအရာရှိတစ်ဦးကိုဖမ်းဆီးထားကြောင်း စက်တင်ဘာလ ၁၄ ရက်နေ့တွင်ရဲများကထပ်မံထုတ်ပြန်ခဲ့သည်။

ဟန်ဆီရီအူဒွမ်မှာ စစ်ရဲအရာရှိ အန်ဘွန်ဟန် ပိုင်ဆိုင်သော ကာရာအိုကေခန်းမတွင် ရှိနေစဉ် အသတ်ခံခဲ့ရခြင်းဖြစ်နိုင်ပြီးအလောင်းကို ရတနာကီရီပြည်နယ်မြောက်ပိုင်းရှိ ယင်းဂျာနယ်လစ်၏ကားနောက်ဖုံးထဲတွင် တွေ့ခဲ့ရခြင်းဖြစ်သည်။

အူဒွမ်၏ခေါင်းကို ပုဆိန်ဖြင့် အချက်များစွာအခုတ်ခံထားရသည်ဟုသိရသည်။ယင်းညတွင် ကာရာအိုကေခန်းမ၌ အူဒွမ် သောက်စားနေသည်ကို တွေ့ခဲ့ရသူများကိုလည်း ခေါ်ယူစစ်မေးခဲ့သည်ဟု ရဲဌာနက ထုတ်ပြန်ခဲ့သည်။ ခေါ်ယူစစ်မေးခံရသူများထဲတွင် ပြည်နယ်စစ်ရဲ တပ်မှူးတစ်ဦး၏ သားဖြစ်သူလည်း ပါရှိသည်ဟု ကမ္ဘောဒီးယားလူ့အခွင့်အရေးဖွံ့ဖြိုးရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။

အူဒွမ်နောက်ဆုံးရေးသားခဲ့သော သတင်းတွင် ကိုယ်တိုင်လည်း စစ်ရဲတစ်ယောက်ဖြစ်သည့် ယင်းရဲမှူး၏သားသည် စစ်တံဆိပ်တပ်ထားသည့် ကားများဖြင့် သစ်ခိုးထုတ်နေပြီး တရားဝင်သစ်ခုတ်သူများကိုလည်းဆက်ကြေးကောက်နေကြောင်း စွပ်စွဲထားခဲ့သည်။

*Ref:AFP*

### military police ကို တပ်ထိန်းလို့ ဘာ့ကြောင့်မသုံးသလဲ

ကမ္ဘောဒီးယားတွင်စစ်ရဲ (military police) များမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၇၀၀၀ ခန့်ရှိပြီး တော်ဝင်ကမ္ဘောဒီးယားတပ်မတော်က တိုက်ရိုက်ကိုင်တွယ်သည့် အဖွဲ့အစည်းဖြစ်သည်။ military police မှာ အမျိုးအစားလေးမျိုးရှိပြီး နိုင်ငံအများစုတွင်တွေ့ရသောပုံစံမှာ တပ်ကိုထိန်းကျောင်းသော တပ်ထိန်းများဖြစ်သည်။ ကမ္ဘောဒီးယား military police မှာမူ ယင်းတပ်ထိန်းပုံစံမျိုးမဟုတ်ဘဲ Gendarmerie ဟုခေါ်သော အရပ်သားများနှင့်ပတ်သက်ပြီးထိန်းကွပ်ရသည့် ရဲတပ်ဖွဲ့အသွင်တာဝန်ယူရသော စစ်ဘက်အဖွဲ့အစည်းဖြစ်သည်။ ကမ္ဘောဒီးယားတွင် ရဲဌာနနှင့်ရဲများလည်း သီးခြားရှိနေသောကြောင့် ကွဲလွဲမှုရှိစေရန် စစ်ရဲဟုသုံးနှုန်းရခြင်းဖြစ်သည်။


သတင်းထောက် ဟန်ဆီရီအူဒွမ်၏အလောင်းကို သူ၏ ကားနောက်ဖုံးအတွင်းမှ ဆွဲထုတ်နေကြစဉ်

## တရုတ်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်သစ် ရာထူးလက်ခံပြီး နှစ်ရက်အကြာတွင် ဆေးရုံတက်

တရုတ်နှင့် ဂျပန်နိုင်ငံနယ်မြေဆိုင်ရာအငြင်းပွားမှုများဖြစ်ပေါ်ပြီးနောက် အသစ်ခန့်အပ်ခဲ့သော တရုတ်နိုင်ငံဆိုင်ရာဂျပန်သံအမတ်သည် ရာထူးလက်ခံပြီး နှစ်ရက်အကြာတွင် တိုကျိုမြို့၌ မေ့လဲကျသွားခဲ့ကြောင်း ဂျပန်အာဏာပိုင်များက စက်တင်ဘာလ ၁၃ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

အသက် ၆၀ အရွယ်ရှိပြီဖြစ်သောရှီနိချိနီရှိမိယာသည် ၎င်း၏ ကျန်းမာရေးအခြေအနေကြောင့် ဆေးရုံတက်ခဲ့ခြင်းဖြစ် သည်။

နီရှိမိယာသည် နိုင်ငံခြားရေးဒုတိယဝန်ကြီးတာဝန်ယူခဲ့ဖူးသူဖြစ်ပြီးလက်ရှိပေကျင်းတွင် တာဝန်ထမ်းဆောင်နေသော အသက် ၇၂ နှစ်အရွယ် သံအမတ်အူအီချီရိုနီဝနေရာတွင် လာမည့်ရက်သတ္တပတ်များအတွင်း အစားထိုးရမည့်သူဖြစ်သည်။

နှစ်နိုင်ငံအခြေအနေတင်းမာနေချိန်တွင် တာဝန်လွှဲယူရမည့် နီရှိမိယာ၏ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး အသေးစိတ်မသိရသေးပေ။

*Ref:CNN*

**Lucky Seven**

**TEA SHOP** ဆိုင်များမှ

စားသုံးသူပြည်သူများအတွက် ကျန်းမာရေးနှင့်

ညီညွတ်သော

တူရကီနိုင်ငံမှ ထုတ်လုပ်သည့်

Orkide နေကြာဆီကို အသုံးပြုပါသည်။

ဆိုင်(၁)။ ၁၁၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ဆိုင်(၂)။ ၁၃၈-၁၄၀၊ ၄၉ လမ်း၊ ပုဇွန်တောင်မြို့နယ်။

ဆိုင်(၃)။ ၁ • အေ • ဆည်မြောင်းလမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်။

ဆိုင်(၄)။ ကျိုက္ကဆံ, ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်။

ဆိုင်(၅)။ ၁၅(ဘီ) သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

Orkide နေကြာဆီ

Ph:01 - 299130, 293710

## ၃ ပေ ၈ လက်မမြင့်သော ဂရိတ်ဒိန်းခွေးကြီး ကမ္ဘာ့အရပ်အမြင့်ဆုံးခွေးအဖြစ် စံချိန်တင်

၃ ပေ ၈ လက်မ မြင့်သော ဇူးစ်အမည်ရဂရိတ်ဒိန်းခွေးကြီးသည် ကမ္ဘာ့အရပ်အမြင့်ဆုံးခွေး အဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်တင်ခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဗားရှင်းအဖြစ် ထုတ်ဝေသည့်ဂင်းနစ်ကမ္ဘာ့မှတ်တမ်း စာအုပ်တွင်ပါရှိလာခဲ့သော ခွေးကြီး ဇူးစ်မှာ ကိုယ်အလေးချိန် ၁၅၅ ပေါင် ရှိပြီး နောက်ခြေနှစ်ချောင်းပေါ်တွင် မတ်မတ်ရပ်ပါက ၇ ပေ ၄ လက်မ အထိရှည်သည်ဟု ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ မီချီဂန်ပြည် နယ်မှ ခွေးပိုင်ရှင်ဖြစ်သူ ဒင်းနစ်ဒေါ လက်စ်က သုံးနှစ်သားအရွယ်ရှိ ခွေး ကြီးမှာကြီးလွန်းသောကြောင့်ကလေး များက မြင်းဟုထင်ကြကြောင်းပြော ကြားခဲ့သည်။

"တွေ့တဲ့လူတိုင်းက ဟာ မင်း တို့မြင်းကို ကုန်းနှီးမတပ်ဘူးလား။ ဒါခွေးမှဟုတ်ရဲ့လား၊ မြည်းလား ဆို တာမျိုးပြောကြပြီးတအံ့တသြကြည့် ကြတယ်"ဟုဒေါလက်စ်ကဆိုသည်။ ဇူးစ်သည် ယခင်စံချိန်ရှင် ဂရိတ်ဒိန်း ခွေးကြီး ဂျော့ချ်ထက် တစ်လက်မမျှ ပိုမြင့်သောကြောင့် စံချိန်သစ်တင်နိုင် ခဲ့ခြင်းဖြစ်သည်။

၁၉၅၅ ခုနှစ်မှ စတင်ပုံနှိပ်ခဲ့ သော ဂင်းနစ်ကမ္ဘာ့စံချိန်စာအုပ်မှာ နိုင်ငံပေါင်း ၁၀၀ ကျော်တွင်အုပ်ရေ သန်း ၁၂၀ အထိ ရောင်းချခဲ့ပြီး ဖြစ် သည်။

*Ref: AFP*



## မိခင်လောင်းကို အာထရာဆောင်းရိုက်ကာ ဗိုက်အတွင်းမှရင်သွေးကို ကြည့်သည့်စနစ်နှင့်တူညီသော ဈေးနှုန်း အဆထောင်ချီသက်သာသည့် နည်းစနစ်သစ်သုံး စက်ငယ်တစ်မျိုး ဗြိတိန်ပညာရှင်တီထွင်

မိခင်လောင်းကို အာထရာ ဆောင်းရိုက်ကာ ဗိုက်အတွင်းမှ ရင်သွေးကို ကြည့်သည့်စနစ်နှင့် တူညီသော ဈေးနှုန်းအဆထောင် ချီသက်သာသည့် နည်းစနစ်သစ် သုံး စက်ငယ်တစ်မျိုးကို ဗြိတိန် ပညာရှင်တစ်ဦးကတီထွင်ခဲ့သည်။

ပင်လယ်ရေအောက်ကြမ်း



ပြင်ကိုပုံဖော်ရာတွင်သုံးသည့် အသံ လှိုင်းစနစ်တစ်မျိုးဖြစ်သော Sonar စနစ်ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ် သောဂျက်နီယာရှန်ဆိုသူကလက်ပ် တော့နှင့် ချိတ်ဆက်သုံးနိုင်သော ယင်းစက်ငယ်ကိုSonarနည်းပညာ သုံးတီထွင်ခဲ့ခြင်းဖြစ်သည်။

လက်ပ်တော့ကွန်ပျူတာနှင့် ချိတ်ဆက်သုံးပါက မမွေးသေးသော ကလေးငယ်ကို ကွန်ပျူတာဖန်သား ပြင်တွင်ကြည့်နိုင်သည့် ယင်းစကန် ဖတ်စက်ငယ်မှာ ထုတ်လုပ်မှုကုန်ကျ စရိတ် ဗြိတိသျှစတာလင်ပေါင် ၃၀ မှ ၄၀ ကြားသာ ကျသင့်မည်ဟုသိရ သည်။လက်ရှိသုံးနေသော အာထရာ ဆောင်းစက်များမှာ ပေါင်နှစ်သောင်း မှ တစ်သိန်းအထိကျသင့်သည်။

နယူးကာဆယ်တက္ကသိုလ်တွင် ကထိကတာဝန်ထမ်းဆောင်နေသော နီယာရှန်သည် သုတေသနလုပ်ဖော် ကိုင်ဖက်က ဒေ့ဗ်ဂရေဟမ်နှင့်ပေါင်း ကာ ယင်းစက်ငယ်ကို တီထွင်ခဲ့ခြင်း ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ မိခင် လောင်းများအတွက် များစွာအကျိုးရှိ စေမည်ဖြစ်သည်။



၃၉ နှစ်အရွယ်ရှိ ကလေးနှစ် ယောက်ဖခင် နီယာရှန်၏ ဇနီးသည် က ယင်းအိုင်ဒီယာကို စရခဲ့ခြင်းဖြစ် သည်။ ပထမဆုံးကလေးကို ကိုယ် ဝန်ဆောင်စဉ် အာထရာဆောင်းရိုက် ခဲ့ ပြီးနောက်ဇနီးသည်က ယင်းနည်း ပညာကိုဈေးသက်သာစွာဖြင့်လူတိုင်း သုံးခွင့်ရှိလျှင်ကောင်းမည်ထင်ကြောင်း ပြောခဲ့ရာမှ တီထွင်ရန်အကြံရခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အဆင့်မြင့်အာထရာဆောင်း စက်များနည်းတူ အရည်အသွေး ကောင်းရန် အဆင့်မြှင့်ရဦးမည်ဖြစ် သော်လည်း သားအိမ်အတွင်းရှိ ကလေး၏အခြေအနေကိုဆေးပညာ ရှင်များလေ့လာရန်၊ ကြိုတင်ကာ ကွယ်ကုသမှုများ လုပ်ရန်အတွက် လုံလောက်သော ပုံရိပ်ကိုပေးနိုင် သည်ဟုဆိုသည်။ ကမ္ဘာတစ်ဝန်း တွင် ကိုယ်ဝန်ဆောင်စဉ်နှင့်မီးဖွား စဉ်မိခင် နှစ်သိန်းခွဲခန့်နှစ်စဉ်သေ ဆုံးနေမှုတွင် ကိုယ် ဝန်ဆောင်စဉ် သားအိမ်တွင်းရှိ ကလေးငယ်ကို အလွယ်တကူ စစ်ဆေးနိုင်မှုမရှိ ခြင်းမှာ အဓိကအခက်အခဲဖြစ်နေ ရာ ယင်းစက်ငယ်က ဖွံ့ဖြိုးဆဲနိုင်ငံ များအတွက် အထောက်အကူဖြစ် စေမည်ဟုမျှော်လင့်ထားသည်။

*Ref;Daily Mail*









# ခေတ်သစ်လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေး

မြတ်သစ်

လူ့အဖွဲ့အစည်းတစ်ရပ်ပြောင်းလဲမှုသည် နိုင်ငံရေးပင်ဖြစ်သည်။ ပို့စ်မော်ဒန်အယူဆကို လက်ခံထားသည့် ဒဿနိကဗေဒပညာရှင် ဘောဒရီလာ့ဒ်က နိုင်ငံရေးဆန့်ကျင်သူ၊ ပဋိနိုင်ငံရေးသမားဖြစ်သော်လည်း အခြားခြားသော ပြင်သစ်ပို့စ်မော်ဒန်အယူဆလက်ခံသူတွေကတော့ နိုင်ငံရေးကိုဥပေက္ခာမပြုကြပေ။ဖူးကိုးလ်၊ လိုင်ယိုတာ၊ ရော်တီတို့သည် လူသားတစ်ဦးချင်း၏လွတ်လပ်မှုကို ရှေ့တန်းတင်ခဲ့သော်လည်း တိုးတက်သောပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်လာရေးကိုမူ လက်ခံခဲ့ကြသည်။

မော်ဒန်ခေတ်လွန်အယူဆကို လက်ခံခဲ့ကြသည့် ဖော်ပြပါပုဂ္ဂိုလ်ကြီးများသည် တစ်ဦးချင်း၏လွတ်လပ်ခွင့်၊ လူ့အဖွဲ့စည်းပြုပြင်ပြောင်းလဲရေးတို့ကိုမဆန့်ကျင်ကြပေ။ နိုင်ငံရေးသည် မိမိတို့နှင့်မပတ်သက်ဟူသောသေးနုပ်သည့်အမြင်ကို မမြင်ကြသလို၊ ရှေးရိုးကျသည့်နိုင်ငံရေးများကိုလည်း လက်မခံကြပေ။

သူတို့၏ နိုင်ငံရေးအယူဆတွင် သက်တံရောင်စဉ်တွေယှက်ဖြာနေခဲ့သည်ဟု ဘာဘရာအက်ပစတိုင်း Barbara Epstein က Postmodernism and the Left တွင် ယခုလိုရေးသားခဲ့သည်။ 'ပို့စ်မော်ဒန် အယူဆဘောင်ထဲမှာရှိနေသူများကော၊ ပြင်ပတွင်ရှိနေသူများပါလက်ဝဲအယူဆနှင့်ချက်ကြိုးညိနေသည်'ဟုရေးသားခဲ့သည်။ ပြင်သစ်ပို့စ်မော်ဒန်ဝါဒီများသည် မာ့က္ခ်ဝါဒအစဉ်လာနှင့် မကင်းကြ။ တချို့ဆိုလျှင် လက်ဝဲလှုပ်ရှားမှုတွင်ပါဝင်သည့် မိသားစုမှပေါက်ဖွားသူတွေဖြစ်ကြသည်။ တချို့တွေက စတာလင်ဝါဒီတွေ၊ ဖူးကိုးလ်သည်ပင် မော်အယူအဆလက်ခံသည့်အဖွဲ့နှင့် ပြင်သစ်ကွန်မြူနစ်ပါတီတို့နှင့်ဆက်စပ်ပတ်သက်ဖူးသည်။ နောက်ပိုင်းမှာတော့ အစိုးရဗဟိုပြုအယူအဆကို မာ့က္ခ်ဝါဒမှာမြင်တွေ့လိုက်သည်နှင့် မာ့က္ခ်ဝါဒနှင့်လမ်းခွဲခဲ့သည်။ 'မာ့က္ခ်ဝါဒဟာ ၁၉ ရာစု အတွေးခေါ်တစ်ရပ်ဖြစ်ပြီး ရေထဲမှာ ရှင်သန်တဲ့ငါးတစ်ကောင်နဲ့တူတယ်၊ ရေမရှိရင် အသက်မရှူနိုင်တော့ဘူး'ဟု ဖူးကိုးလ်က သူ၏ကမ္ဘာကျော်ကျမ်း The order of Things, An Archaeology of the Human Science တွင် ရေးသားခဲ့သည်။ အန်ထော်နီဆွမ်မဆန်ကတော့ ပို့စ်မော်ဒန်အယူအဆသည် ယေဘုယျအားဖြင့်ပြောရလျှင်အစိုးရဆိုရှယ်လစ်စနစ်တည်းဟူသော မာ့က္ခ်ဝါဒစိတ်ကူးယဉ်မှုကျဆုံးရာမှပေါ်ပေါက်လာခြင်းဖြစ်သည်ဟု သုံးသပ်ခဲ့လေသည်။





ဖူးကိုးနှင့် သူ၏စာအုပ် The order of Things, An Archaeology of the Human Science

**လက်ရှိတည်ရှိနေသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစနစ်သည် လူသားတစ်ဦး၏ ဂုဏ်သိက္ခာတရားကိုလည်းကောင်း၊ လွတ်လပ်မှုကိုလည်းကောင်း၊ တရားဥပဒေ၏သြဇာသက်ရောက်မှုကို လည်းကောင်း ကန့်သတ်ချုပ်ချယ်ထားခဲ့ပါလျှင် ထိုအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲပစ်ရန်သည် လူတစ်ဦးချင်းစီ၏တာဝန်ဖြစ်. . .**

မာ့က္ခ်ဝါဒကိုလက်မခံတော့ဟုဆိုသည့်တိုင် လုံးဝဥဿုံပစ်ပယ်ခြင်းမဟုတ်ပေ။ ပါဝါဆက်ဆံရေးနှင့်စပ်လျဉ်း၍ဖူးကိုးလ်သည် မာ့က္ခ်၏နိုင်ငံရေးခွဲခြမ်းစိတ်ဖြာမှုအယူအဆကို လက်ခံခဲ့သည်။ ပါဝါဆိုသည်က လူမှုရေးဆိုင်ရာတည်ဆောက်မှုများအတွက် အဆုံးအဖြတ်ပေးသလို၊ စီးပွားရေးမညီမျှမှုသည် လူသားများ၏လူနေမှုဘဝနှင့်လူတန်းစားအလွှာတွေဖြစ်ပေါ်စေသည်ဟူသောအယူဆကို ဖူးကိုးလ်ကလည်း လက်ခံထားည်။ ပါဝါသည် မိုးပေါ်မှကျလာခြင်းမဟုတ်။ ငွေကြေး၊ ဥစ္စာဓန၊ စီးပွားရေးဘဝကနေပေါက်ဖွားလာခြင်းမျှသာ။ ဖူးကိုးလ်သည်ပါဝါအယူအဆနှင့်ပတ်သက်၍ မာ့က္ခ်ဝါဒထက်ပင်ပို၍အစွန်းရောက်သည်။ ထို့ကြောင့် ဖူးကိုးလ်က ပါဝါနှင့်ပတ်သက်၍ လူ့အဖွဲ့စည်းပြောင်းလဲရေးနှင့်ပတ်သက်၍ နိရှေး Nietzsche နှင့်ဟိုက်ဒဂါ Heidegger တို့၏ အယူအဆများနှင့် ဘူဇွာအယူဆကို ဆန့်ကျင်သည့်ခေတ်ရှေ့ဆောင်(အနုပညာတပ်ဦး) စာရေးဆရာနှင့်ပန်းချီဆရာများ၏ရသအယူအဆများကိုလက်ခံခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးဆိုသည်မှာ နိုင်ငံရေးပါတီများ၊ စိတ်ကူးယဉ်အမြင်များ (မိုးကျရွှေကိုယ်အယူဆများ) တို့အပေါ်တွင် ဗဟိုပြုနေသည်ဟု ပို့စ်မော်ဒန်ဝါဒီများကမယူဆပေ။ လက်ရှိလူ့အဖွဲ့အစည်း၊ အုပ်ချုပ်သူများနှင့်၎င်းတို့ကျင့်သုံးနေသည့်ပါဝါများကိုပြင်းပြင်းထန်ထန်ဝေဖန်ရေးအတွက် စမ်းသပ်စစ်ဆေးသည့်လက်နက်ကိရိယာတစ်ရပ်အဖြစ် ယူဆထားကြသည်။ တရားမျှတမှုမရှိသည့် လူ့အဖွဲ့စည်း၊ နိုင်ငံရေးအယူဆနှင့်အုပ်ချုပ်ရေးစနစ်၏ မတရားမှုကို ခံစားနေရသည့် ပြည်သူလူထုအား ယင်းဒုက္ခများမှလွတ်မြောက်ရေးအတွက် စွမ်းအားတစ်ခုအဖြစ်လာအောင် လုပ်ဆောင်ပေးရမည်ဟုလည်း ယုံကြည်ထားသည်။ ဖူးကိုးလ်သည်လည်းကောင်း၊ ရော်တီသည်လည်းကောင်း လက်ဝဲအယူဆနှင့် တိုးတက်သောအယူဆဟူသော စကားလုံးကိုအသုံးပြုပြီး မိမိတို့၏နိုင်ငံရေးအမြင်ကို ဖော်ပြခဲ့ကြကုန်၏။ တိုးတက်သောအမြင်၊ တိုးတက်သောအ ယူဆဖြင့်လူ့အဖွဲ့အစည်းပြောင်းလဲရေးများကို လုပ်ဆောင်နိုင်မည်ဟု ယူဆခဲ့ကြသည်။

ပို့စ်မော်ဒန်အခြေနေ Post-modern Condition ကျမ်းကိုရေးသားသူ လိုင်ယိုတာကတော့ နိုင်ငံရေးခမ်းနားကြီးကျယ်သောအရေးအသား၊ အယူအဆ (မာ့က္ခ်၊ ဟေဂယ်) တို့သည် လူ့အဖွဲ့အစည်းပြောင်းလဲရေးအတွက် ဘာမှအရာမရောက်တော့။ သြဇာမပေးနိုင်တော့။ ပုဂ္ဂလိက၊ လူသားတစ်ဦးချင်းစီ၏ အယူအဆ၊ယုံကြည်ချက်တို့ကသာလျှင် နိုင်ငံရေးဆိုင်ရာကိုဓ political codes တွေနှင့် လူမှုရေးဆိုင်ရာဆက်နွှယ်မှုနှင့် ကန့်သတ်မှုတွေကို အပိုင်းပိုင်းအစစဖြစ်အောင်ပြုလုပ်နိုင်သည်ဟု ရေးသားခဲ့သည်။

၁၉၆၀ ပြည့်နှစ်ကာလများတွင် ပြင်သစ်နိုင်ငံမှာပေါ်ထွက်လာခဲ့သော ပညာတတ်များသည် ပို့စ်မော်ဒန်လှုပ်ရှားမှုတစ်ရပ်ကိုပြုလုပ်ခဲ့ကြသည်ဟု ဘာဘရာတက်စတိုင်းကမှတ်ချက်ချခဲ့သည်။ 'ပို့စ်မော်ဒန်ဟုခေါ်တွင်မည့်အယူဝါဒလမ်းကြောင်းကို ဖူးကိုးလ်၊ ဒရိုင်ဒါ၊ လကန် (Lacan) နှင့် လိုင်ယိုတာက ဖော်ဆောင်ခဲ့ကြပြီးသူတို့တစ်တွေသည် ၁၉၆၀ ပြည့်နှစ်ကာလတွင် တည်ရှိနေသည့် အစွန်းရောက်ဝါဒနှင့်ပေါင်းဖက်ခဲ့ကြသည်ဟု ရေးသားခဲ့သည်။

လူမှုရေးမညီမျှမှု၊ တရားမမျှမရှိသည့်လူ့အဖွဲ့အစည်း၏သားကောင်ဖြစ်ခဲ့ရသည့်ပြင်သစ်တက္ကသိုလ်မှပညာတတ်လူငယ်များသည် လူသားတစ်ယောက်၏ဖြစ်တည်မှုသတ်မှတ်ချက်ပျောက်ဆုံးနေမှုများ၊ ဖိနှိပ်ခံပြည်သူများအား ဖိနှိပ်ခံနေရမှုမှလွတ်မြောက်စေရန် နိုင်ငံရေးအခြေအနေတစ်ရပ်ပေါ်ထွန်းစေရန် လုပ်ဆောင်ခဲ့ကြသည်။ လက်ရှိတည်ရှိနေသော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစနစ်သည် လူသားတစ်ဦး၏ ဂုဏ်သိက္ခာတရားကိုလည်းကောင်း၊ လွတ်လပ်မှုကိုလည်းကောင်း၊ တရားဥပဒေ၏သြဇာသက်ရောက်မှုကိုလည်းကောင်း ကန့်သတ်ချုပ်ချယ်ထားခဲ့ပါလျှင် ထိုအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲပစ်ရန်သည် လူတစ်ဦးချင်းစီ၏ တာဝန်ဖြစ်ကြောင်း ပို့စ်မော်ဒန်ဒဿနိကဗေဒပညာရှင်များက ပြောကြားခဲ့ကြသည်။

## အီဂျစ်ဝန်ကြီးချုပ်ဟောင်း အာမစ်ရှာဖစ်ကို ဖမ်းဆီးရန်နှင့်လွှဲပြောင်းပေးရန် အီဂျစ်အစိုးရရှေ့နေများကအမိန့်ထုတ်ပြန်

အီဂျစ်ဝန်ကြီးချုပ်ဟောင်းနှင့် သမ္မတရွေးကောက်ပွဲတွင် ဒုတိယမဲအများဆုံးရခဲ့သည့်အာမစ်ရှာဖစ်ကို ဖမ်းရန်နှင့်လွှဲပြောင်းပေးရန်အတွက် အီဂျစ်အစိုးရရှေ့နေများကအမိန့်ထုတ်ပြန်ခဲ့ကြောင်း အီဂျစ်နိုင်ငံပိုင် Middle East သတင်းဌာနတွင်ဖော်ပြခဲ့သည်။

နိုင်ငံတော်ပိုင် အိမ်ခြံမြေများအား သမ္မတဟောင်းဟိုစနီမူဘာရက်၏သားများထံ တရားမဝင်ရောင်းချသည့်ခြစားမှုတွင် ရှာဖစ်ပါဝင်သည်ဟု သံသယရှိခံရသည်။

Ismailia ရှိ ကန်စပ်နံဘေးရှိ မြေယာ ၉ ဒသမ ၉ ဧကကို မူဘာရက်၏သားများဖြစ်သည့် ဂါမယ်လ်နှင်အလာတို့ထံ ရောင်းချမှုတွင် ရှာဖစ်ပါဝင်မှုရှိသည်ဟု တရားသူကြီးများက အမိန့်ချမှတ်ခဲ့သည်။

လေတပ်ဦးစီးချုပ်ဟောင်းနှင့် မူဘာရက်လက်ထက်တွင် နောက်ဆုံးဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သူ ရှာဖစ်သည် ဇွန်လကပြုလုပ်ခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် မိုဟာမက်မော်ဆီကိုရှုံးနိမ့်ခဲ့ပြီး ရွေးကောက်ပွဲအပြီးတွင် ယူအေအီးနိုင်ငံသို့ တိမ်းရှောင်ခဲ့သည်။ သို့သော်ရှာဖစ်၏ရှေ့နေကမူရှာဖစ်သည်ယင်းအချိန်တွင် နိုင်ငံမှထွက်ပြေးခဲ့ခြင်းမရှိဟု စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံပိုင် Al-Ahram သတင်းစာနှင့် မေးမြန်းမှုတစ်ခုတွင် "မိမိသည် ယင်းကဲ့သို့စွဲချက်များစွဲဆိုခံရမည်ကို မျှော်လင့်ထားကြောင်းနှင့် စုံစမ်းစစ်ဆေးမှုရလဒ်များကို စောင့်ဆိုင်းသွားမည်"ဟု ရှာဖစ်က ပြောကြားခဲ့သည်။

နိုင်ငံပိုင်ပစ္စည်းများကို အမြတ်ထုတ်မှု၊ ပြည်သူပိုင်ပစ္စည်းများကို သိမ်းယူမှု၊ အစိုးရစာရွက်စာတမ်းများကိုအတုပြုလုပ်မှုနှင့် ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးမှုတွင် ရှာဖစ်နှင့် ဗိုလ်ချုပ်ဟောင်းနှစ်ဦးတို့ ပါဝင်သည်ဟုစွပ်စွဲထားကြောင်း MENA တွင်ဖော်ပြခဲ့သည်။ *Ref:CNN*

## အီရန်နျူစီမံကိန်းကိစ္စ အိုဘားမားနှင့်နေတန်ယာဟု ဖုန်းဖြင့်ဆွေးနွေး

အမေရိကန်သမ္မတ အိုဘားမားသည် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့် စက်တင်ဘာလ ၁၁ ရက်နေ့ညနေပိုင်းက အီရန်နျူကလီးယားအစီအစဉ်၏ ခြိမ်းခြောက်မှုများကို ဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။

အိုဘားမားနှင့် နေတန်ယာဟုနှစ်ဦးစလုံးသည် ယခုလကုန်ပိုင်းတွင် နယူးယောက်ရှိ ကုလသမဂ္ဂ၌ မိန့်ခွန်းပြောမည်ဖြစ်သော်လည်း ပြောမည့်အချိန်မတူကြောင်း သိရသည်။

အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုသည် ကုလသမဂ္ဂညီလာခံသို့ တက်ရောက်ရန် အမေရိကန်ခရီးစဉ်အတွင်း အီရန်အရေးဆွေးနွေးရန် အိုဘားမားအားတွေ့ခွင့်တောင်းခဲ့ရာ အိမ်ဖြူတော်မှ ငြင်းပယ်ခဲ့သည်ဟူသော သတင်းထွက်ပေါ်ခဲ့သည်။ သို့သော် အမေရိကန်အစိုးရကမူ နေတန်ယာဟုက တွေ့ခွင့်တောင်းခဲ့ခြင်းမရှိသလို အိုဘားမားက ငြင်းပယ်ခဲ့ခြင်းမရှိကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

အီရန်နျူစီမံကိန်းအပေါ် စိုးရိမ်မှုကြောင့် အစ္စရေးက စစ်ရေးဖြင့်အရေးယူရန် စီစဉ်ထားမှုများရှိရာ အမေရိကန်က အီရန်၏နျူစီမံကိန်းလုပ်ဆောင်နေမှုနှင့်ပတ်သက်၍တိကျသောစည်းမျဉ်းမချမှတ်သေးသည့်အတွက် အစ္စရေးက စိတ်မရှည်ဖြစ်နေကြောင်း သိရသည်။

အီရန်သည် နျူလက်နက်ထုတ်လုပ်ရန်ဆုံးဖြတ်ချက်မချသေးကြောင်း အမေရိကန်ထောက်လှမ်းရေးတာဝန်ရှိသူများက ယုံကြည်နေသည်။ အီရန်အပေါ်လတ်တလောတွင်ပိတ်ဆို့အရေးယူမှုများဖြင့် ဆက်လက်ဖိအားပေးရန် အမေရိကန်က ရည်ရွယ်ထားသည်။ *Ref:CNN*



# အမေရိကန်သံရုံးများကို သက်ဆိုင်ရာနိုင်ငံများက ကာကွယ်မပေးပါက အမေရိကန်ကိုယ်တိုင် ကာကွယ်သွားမည်ဟု ဟီလာရီကလင်တန်ပြောကြား အငြင်းပွားဖွယ်ဗီဒီယိုနှင့်ပတ်သက်ပြီး ဆန္ဒပြမှုများဖြစ်ပွားခဲ့ကာ အချို့နိုင်ငံများတွင် အမေရိကန်သံရုံးများ တိုက်ခိုက်ခံရ



လစ်ဗျားနိုင်ငံ ဘင်ဂါဇီတွင်သေဆုံးခဲ့သော အမေရိကန်နိုင်ငံသားလေးဦး၏ရုပ်အလောင်းများကို စက်တင်ဘာလ ၁၄ ရက်နေ့က မေရီလင်းပြည်နယ် အင်ဒရူးလေဆိပ်၌ လွှဲပြောင်းရယူသည့် အခမ်းအနားတွင် နိုင်ငံတော်သီချင်းတီးမှုတ်ချိန်၌ သတိအနေအထားဖြင့် ရပ်နေကြသော အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်

အမေရိကန်သံရုံးများနှင့် သံတမန်ဆိုင်ရာအဆောက်အအုံများကို သက်ဆိုင်ရာနိုင်ငံများက ကာကွယ်မပေးပါက အမေရိကန်ကိုယ်တိုင် ကာကွယ်သွားမည်ဖြစ်ကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က စက်တင်ဘာလ ၁၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

"ဒီနိုင်ငံတွေက ဆင်ခြင်တုံတရားရှိတဲ့ ပြည်သူတွေနဲ့တာဝန်ယူမှုရှိတဲ့အစိုးရတွေအနေနဲ့ လုံခြုံရေးပြန်လည်ဖော်ဆောင်ဖို့နဲ့ ဒီအကြမ်းဖက်မှုတွေနောက်က သူတွေနဲ့ပတ်သက်ပြီးဖော်ထုတ်နိုင်ဖို့လိုအပ်တာအားလုံး လုပ်ဆောင်ဖို့လိုပါတယ်။ ကျွန်မတို့အနေနဲ့ ကမ္ဘာတစ်ဝန်းက ကျွန်မတို့ရဲ့ဝန်ထမ်းတွေကို ကာကွယ်ပေးသွားမှာပါ"ဟု ဟီလာရီကလင်တန်က ပြောကြားခဲ့သည်။

ကာလီဖိုးနီးယားပြည်နယ်တွင် အီဂျစ်မှရွှေ့ပြောင်းလာသည့် ကော့ပ်တစ်ခရစ်ယာန်တစ်ဦးဟု ယူဆရသူတစ်ဦးက ရိုက်ကူးခဲ့သည့် တမန်တော်မိုဟာမက်ကို တိုက်ခိုက်ထားသည့် ဗီဒီယိုနမူနာဖိုင်ကြောင့် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သလို နိုင်ငံအချို့တွင် အမေရိကန်သံရုံးများနှင့် အမေရိကန်နှင့်ဆိုင်သော နေရာများတွင် ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ဆူဒန်တွင် အမေရိကန်သံရုံးသာမက ဗြိတိန်နှင့်ဂျာမနီသံရုံးများပါ တိုက်ခိုက်ခံခဲ့ရသည်။ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့်နိုင်ငံများတွင် အာရပ်နွေဦးတော်လှန်ရေးဖြစ်ပွားခဲ့သည့် မြောက်အာဖရိကရှိ အာရပ်နိုင်ငံများမှသည် အရှေ့တောင်အာရှမှ အင်ဒိုနီးရှားနှင့်မလေးရှားနိုင်ငံများအထိ ပါဝင်ခဲ့သည်။ စက်တင်ဘာလ ၁၅ ရက်နေ့တွင်မူ မွတ်စလင်နိုင်ငံအများစုတွင် အခြေအနေများ ပြန်လည်ငြိမ်သက်သွားပြီဖြစ်ကြောင်း အမေရိကန်သတင်းဌာနများက ဖော်ပြသည်။

၁၄ မိနစ်မျှ ကြာမြင့်သည့် ယင်းဗီဒီယိုဖိုင်ကြောင့် ကန့်ကွက်မှုများဖြစ်ပေါ်ခဲ့ရသော်လည်း အများစုမှာ ငြိမ်းငြိမ်းချမ်းချမ်းရှိခဲ့ပြီး ဖြစ်ပွားခဲ့သည့်နေရာများ၏ လူဦးရေနှင့်ယှဉ်ပါက နည်းပါးသောပမာဏသာဖြစ်သည်ဟုအမေရိကန်သတင်းဌာနများက ထုတ်ပြန်သည်။

ယင်းဇာတ်ကားအကျဉ်းမိတ်ဆက်ဗီဒီယိုဖိုင်ကို ဖန်တီးခဲ့သူမှာ အမေရိကန်တွင် ငွေကြေးမသမာမှုကြောင့် ပြဿနာကြုံနေရသူဖြစ်ပြီး အစောပိုင်းတွင် ပြောကြားခဲ့သလို ဂျူးလူမျိုးများက ဒေါ်လာ ငါးသန်းခန့်ထောက်ပံ့ပေးခဲ့သည်ဆိုသည်မှာလည်း ဟုတ်မှန်ခြင်းမရှိကြောင်း ပေါ်ပေါက်လာခဲ့သည်။

အကြမ်းဖက်မှုများမှာမူ နောက်ကွယ်မှအစွန်းရောက်များ၏လှုံ့ဆော်မှုများရှိနေနိုင်ကြောင်း သုံးသပ်မှုများရှိနေသည်။ အမေရိကန်သံရုံးများ တိုက်ခိုက်ခံခဲ့ရသည့် လစ်ဗျားနှင့် ယီမင်သို့ မရိန်းတပ်ဖွဲ့ဝင်များစေလွှတ်နိုင်ခဲ့သော်လည်း ဆူဒန်တွင်မူ အစိုးရက လက်ခံခဲ့ခြင်းမရှိပေ။

အမေရိကန်ကောင်စစ်ဝန်ရုံး အကြမ်းဖက်ခံရမှုအတွက် တရားမျှတစွာစီရင်နိုင်ရေးအတွက် အမေရိကန်က လုပ်ဆောင်သွားမည်ဖြစ်ပြီး မည်သည့်အမှားအယွင်းမှ အဖြစ်ခံမည်မဟုတ်ကြောင်း အမေရိကန်သမ္မတဘာရက်အိုဘားမားက စက်တင်ဘာလ ၁၃ ရက်တွင် ပြောကြားခဲ့သည်။ တိုက်ခိုက်မှုနှင့်ဆက်နွှယ်သော ဂျီဟတ်ဒ်များကိုရှာဖွေချေမှုန်းနိုင်ရေးအတွက် လူမဲ့ထောက်လှမ်းရေးလေယာဉ်များအသုံးပြုသွားဖွယ်ရှိကြောင်း တာဝန်ရှိသူများက ဆိုခဲ့သည်။

အမေရိကန်ဖျက်သင်္ဘောနှစ်စင်းဖြစ်သော USS Laboonနှင့် USS McFaulတို့သည်လည်း လစ်ဗျားကမ်းရိုးတန်းသို့ ဦးတည်ထွက်ခွာလာနေပြီး ယင်းသင်္ဘောများတွင် တိုမာဟော့ခ်ဒုံးကျည်များ တပ်ဆင်ထားကြောင်းသိရသည်။ *Ref:Guardian*

## တိုက်ခိုက်မှုကျူးလွန်သူများကို တရားခွင်တင်နိုင်ရန်ကြိုးပမ်းသွားမည်ဟု လစ်ဗျားကြေညာ

ဘင်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးကို တိုက်ခိုက်မှုအတွက် လစ်ဗျားခေါင်းဆောင်များက တောင်းပန်ခဲ့သည်။ ယင်းလုပ်ရပ်မှာ သူရဲဘောကြောင်သော ရာဇဝတ်မှုလုပ်ရပ်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသော Abdurrahim el-Keib က ပြောကြားခဲ့သည်။ ယင်းတိုက်ခိုက်မှုအတွင်း ပါဝင်ခဲ့သူများမှာ ဒီမိုကရေစီအားမကောင်းသေးမှုအပေါ် အမြတ်ထုတ်သွားခဲ့သောလူနည်းစုသာဖြစ်ကြောင်း အမေရိကန်ဆိုင်ရာလစ်ဗျားသံအမတ်အလီဆူလေမန်အူဂျာလီက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုကျူးလွန်သူများကို တရားခွင်တင်သွားမည်ဟု လစ်ဗျားအစိုးရက ထုတ်ပြန်ခဲ့သော်လည်း ယင်းသို့လုပ်နိုင်ရန်အတွက် နိုင်ငံတကာက အကူအညီပေးလိမ့်မည်ဟုမျှော်လင့်ကြောင်းလစ်ဗျားသမ္မတက ပြောကြားခဲ့သည်။










# ဆန္ဒပြမှုများဖြစ်ပွားစေခဲ့သည့် ဇာတ်ကားရိုက်ကူးသူကို ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်း

နိုင်ငံအချို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများဖြစ် စေခဲ့သည့် ဇာတ်ကားရိုက်ကူးသူဟု ယူဆရသူကို ရဲတပ်ဖွဲ့က စက်တင်ဘာလ ၁၅ ရက်အစောပိုင်းတွင် စစ်ဆေးမေးမြန်းခဲ့ကြောင်းအမေရိကန် NBC သတင်းဌာနကဖော်ပြခဲ့သည်။

ဇာတ်ကားရိုက်ကူးသူဟု ထင်ရသူ Nakoula Besseley Nakoula ကို ပြည်နယ်အစိုးရတာဝန်ရှိသူများက စစ်ဆေးမေးမြန်းခဲ့ပြီးနောက် ကာလီဖိုးနီးယားပြည်နယ်၊ Cerritos ရှိ သူ၏နေအိမ်မှနေ၍ ရဲများအစောင့်အရှောက်ဖြင့် ခေါ်ယူသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Nakoula သည် ကုတ်အင်္ကျီ၊ ဦးထုပ်၊ ပုဝါ၊ မျက်မှန်များဝတ်ဆင်ပြီး မျက်နှာကိုကွယ်ကာ လိုက်ပါသွားခဲ့ကြောင်း ယင်းသတင်းဌာနက ဖော်ပြခဲ့သည်။

Nakoula သည် ခံဝန်ဖြင့်နေရစဉ်အတွင်း ကန့်သတ်မှုများကို ချိုးဖောက်ခြင်းရှိ၊ မရှိ ပြည်နယ်တာဝန်ရှိသူများက စစ်ဆေးမေးမြန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်နယ်တာဝန်ရှိသူများ၏ စစ်ဆေးမှုမခံရမီ အင်တာဗျူးပြုလုပ်ရန် Nakoula ကသဘောတူခဲ့သည်။



ဇာတ်ကားရိုက်ကူးခဲ့သူဟုယူဆရသူအား ခေါ်ဆောင်လာစဉ်

Nakoula သည် ဘဏ်စာရင်းအတုများပြုလုပ်ခဲ့သည်ဟုစွဲချက်ကို ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရင်ဆိုင်ခဲ့ရသည်။ သူနှင့် အပေါင်းအပါအချို့သည် ကာလီဖိုးနီးယားရှိ Wells Fargo ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းအသုံးပြုသူများထံမှ မှတ်ပုံတင်ကတ်များ၊ လုံခြုံရေးနံပါတ်များကို တရားမဝင်နည်းလမ်းများဖြင့် ရယူပြီး အမေရိကန်ဒေါ်လာ ၈၆၀ ထုတ်ယူခဲ့ကြောင်းစွဲချက်တင်ခံရခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်ကလည်း မက်သာဖက်တမင်းကို ထုတ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် လက်ဝယ်ပိုင်ဆိုင်မှုဖြင့် အပြစ်ရှိကြောင်း ဝန်ခံခဲ့သဖြင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခံခဲ့ရကြောင်း NBC က ဖော်ပြခဲ့သည်။

ယင်းဇာတ်ကားနမူနာထွက်ပေါ်လာမှုမှတစ်ဆင့် လစ်ဗျားတွင် စတင်ကာ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်ပွားခဲ့ပြီး လက်နက်များကိုင်ဆောင်ထားသောလူအချို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီး လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးမှာ လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည်။ ယင်းကန့်ကွက်ဆန္ဒပြမှုများမှာ အရှေ့အလယ်ပိုင်းနှင့်အာဖရိကရှိနိုင် ငံများသို့ ပျံ့နှံ့ခဲ့ပြီး စက်တင်ဘာလ ၁၄ ရက်အထိ ဆန္ဒပြသူ ခြောက်ဦးထက်မနည်းသေဆုံးခဲ့သလို လစ်ဗျားဆိုင်ရာအမေရိကန်သံအမတ်အပါအဝင် လစ်ဗျားရှိ အမေရိကန်နိုင်ငံသား ၄ ဦးသေဆုံးခဲ့သည်။

*Ref:AFP*

## ဆန္ဒပြမှုဖြစ်ပေါ်စေခဲ့သော ဇာတ်ကား

ဆန္ဒပြမှုဖြစ်စေခဲ့သောဇာတ်ကားမှာ Innocence of Muslims ဖြစ်သည်။ အွန်လိုင်းတွင်ပျံ့နှံ့နေသော ယင်းဇာတ်ကားနမူနာ၌ အစ္စလာမ်ဘာသာနှင့် တမန်တော်မိုဟာမက်ကို ရှုတ်ချထားမှုများပါဝင်ကြောင်းသိရသည်။

သို့သော် ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူများနှင့် ရိုက်ကူးမှုတွင်ပါဝင်ခဲ့သူများက စက်တင်ဘာလ ၁၂ ရက်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပြီး ဇာတ်ကားရိုက်ကူးသူ၏ လှည့်စားခြင်းခံခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။ အမည်မဖော်သော အမျိုးသမီးသရုပ်ဆောင်တစ်ဦးက မူရင်းဇာတ်လမ်းတွင် တမန်တော်မိုဟာမက်ဇာတ်ကောင်မပါဝင်ကြောင်း၊ ဇာတ်ကားရိုက်ကူးပြီးမှသာ ဇာတ်ကောင်များ ပြောင်းလဲခံရကြောင်းပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် ယင်းဇာတ်ကားအမည်ကို "Desert Warrior" အဖြစ် ထုတ်ပြန်ခဲ့ပြီး သမိုင်းဝင်အာရပ်သဲကန္တာရတွင် စွန့်စားသွားလာမှုအကြောင်းဖြစ်သည်ဟု ကြေညာခဲ့သည်။ ဇာတ်ကားရိုက်ကူးသူမှာ ဆမ်ဘာဆိုင်းဟု ဝေါစထရိဂျာနယ်က ထုတ်ပြန်ခဲ့သည်။ ဝေါစထရိက ဘာဆိုင်းနှင့်ဖုန်းအင်တာဗျူးလုပ်ခဲ့ပြီး ဘာဆိုင်းက ယင်းဇာတ်ကားကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဘာဆိုင်းဆိုသည်မှာအမည်ဝှက်တစ်ခုဖြစ်ပြီး စက်တင်ဘာလ ၁၅ ရက်တွင် ကာလီဖိုးနီးယားပြည်နယ်၌ ရဲတပ်ဖွဲ့၏စစ်ဆေးမေးမြန်းမှုခံခဲ့ရသော Nakoula Bessely Nakoula ဆိုသူမှာ ဇာတ်ကားရိုက်ကူးသူဟု ထင်မှတ်ရဖွယ်ရှိကြောင်း သိရသည်။ ဝေါစထရိဂျာနယ်နှင့်အင်တာဗျူးတစ်ခုတွင် အသက် ၅၂ နှစ်ရှိ အစ္စရေး– အမေရိကန်နွယ်ဖွားဘာဆိုင်းသည် ကာလီဖိုးနီးယားမှ အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ယင်းဇာတ်ကားရိုက်ကူးရန် ဂျူးလူမျိုးအလှူရှင်များက ဒေါ်လာငါးသန်းထောက်ပံ့ပေးခဲ့ကြောင်း ဖော်ပြခဲ့သည်။ သို့သော် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနကမူ ဆမ်ဘာဆိုင်းအမည်ဖြင့် အစ္စရေးနိုင်ငံသား မရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လတွင် YouTube ၌တင် ခဲ့သော ယင်းဇာတ်ကားနမူနာ အကျဉ်းမှာ အွန်လိုင်းတွင် ပျံ့နှံ့ခဲ့ပြီး ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

*Ref: CNN*

## ယီမင်ရှိ အာရေဗျအယ်လ်ကေးဒါးအဖွဲ့က အမေရိကန်ကို တိုက်ခိုက်မှုထပ်မံပြုလုပ်ရန် တိုက်တွန်း

လစ်ဗျားအရှေ့ပိုင်းရှိ အစ္စလာမ္မစ်စစ်သွေးကြွများကို ထောက်လှမ်းသောသတင်းရင်းမြစ်များ၏အဆိုအရ ဘင်ဂါဇီတွင် ယခုတိုက်ခိုက်မှုမတိုင်မီဖြစ်ပွားခဲ့သည့် သံရုံးကို လက်နက်များဖြင့် တိုက်ခိုက်မှုတွင် တာဝန်ရှိသည့် အယ်လ်ကေးဒါးလိုလားသောအဖွဲ့မှာ အဓိကသံသယဖြစ်စရာကောင်းနေကြောင်းသိရသည်။ ယခုတိုက်ခိုက်မှုမှာ ယင်းဇာတ်ကားကြောင့်မဟုတ်ဘဲ ကြိုတင်စီစဉ်ထားမှုဟုယုံကြည်ရကြောင်း အမေရိကန်တာဝန်ရှိသူများကပြောကြားခဲ့သည်။

လန်ဒန်ရှိ ပညာရှင်များအဖွဲ့ Quilliam ကလည်း ယင်းတိုက်ခိုက်မှုမှာပြီးခဲ့သောလများအတွင်းအယ်လ်ကေးဒါး နံပါတ်နှစ်ခေါင်းဆောင် အဘူယာယာအယ်လီဘီ အသတ်ခံရမှုအတွက် လက်စားချေခြင်းဖြစ်နိုင်သည်ဟုကောက်ချက်ချခဲ့ပြီး စတီဗင်မှာ ဓားစာခံဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ယခုတိုက်ခိုက်မှုမှာ စစ်သွေးကြွအကြမ်းဖျင်း ၂၀ ဦးခန့်၏ တိုက်ခိုက်မှုဖြစ်ပြီး ရော့ကတ်လောင်ချာများမှာ ငြိမ်းချမ်းသောဆန္ဒပြမှုများတွင် ပုံမှန်အားဖြင့်ပါဝင်ရမည့်အရာမဟုတ်ကြောင်း ယင်းအဖွဲ့က ပြောကြားခဲ့သည်။ ထို့ပြင် လစ်ဗျားရှိ အခြားနေရာများတွင် ယင်းဇာတ်ကားကိုဆန္ဒပြမှုများ၌ ယင်းလက်နက်များအား မတွေ့ခဲ့ရကြောင်း နှိုင်းယှဉ်ပြခဲ့သည်။ ထို့ပြင် ယခုတိုက်ခိုက်မှုမှာ စက်ဘာလ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်ခံရမှု ၁၁ နှစ်ပြည့်နှင့်တိုက်ဆိုင်နေခြင်းမှာလည်း ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကရှိအမေရိကန်သံရုံးများကို အကြမ်းဖက်ကြရန်၊ အနောက်နိုင်ငံများရှိ မွတ်စလင်များအနေဖြင့် အမေရိကန်တို့ကို တိုက်ခိုက်ကြရန် ယီမင်ရှိ အာရေဗျကျွန်းဆွယ်အယ်လ်ကေးဒါးအဖွဲ့ (AQAP) ကတိုက်တွန်းခဲ့သည်။ မိမိတို့အဖွဲ့မှ နံပါတ်နှစ်ခေါင်းဆောင် အဘူယာယာအယ်လီဘီ အသတ်ခံရသည့်အတွက် လက်စားချေရန်စိတ်အားတက်စေခဲ့ပြီး တမန်တော်မိုဟာမက်အပေါ်စော်ကားမှုအတွက် လစ်ဗျားလွတ်မြောက်ရေးသူရဲကောင်းအိုမာအယ်မူတာ၏ သားများက လက်တုံ့ပြန်ခဲ့ကြခြင်းဖြစ်ကြောင်း AQAP ကထုတ်ပြန်ခဲ့သည်။

*Ref:AFP*



ဘင်ဂါဇီရှိ အမေရိကန်ကောင်စစ်ဝန်ရုံးကို ဝင်ရောက်တိုက်ခိုက်မှုနောက်ကွယ်တွင် ပါဝင်ခဲ့သည်ဟု သံသယရှိခံရသည့် အန်ဆာအယ်လ်ရှာရီးယား(လစ်ဗျား)အဖွဲ့ဝင်များ၊ ယင်းအဖွဲ့ဝင်များသည် ရဲကားပုံစံကားများကိုပါ ပိုင်ဆိုင်ပြီး ကိုယ်ပိုင် တံဆိပ်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်

## လစ်ဗျားရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတိုက်ခိုက်ခံရမှုနှင့်သက်ဆိုင်သော အချက်အလက်များ ထပ်မံထွက်ပေါ်

တိုက်ခိုက်မှုမဖြစ်မီ သုံးရက်အလိုကပင် လစ်ဗျားလုံခြုံရေးတာဝန်ရှိသူတစ်ဦးဖြစ်သော February 17th Brigade အဖွဲ့ဝင် ဂျာမယ်မာဘရော့က အမေရိကန်သံတမန်များနှင့်တွေ့ဆုံခဲ့ပြီး လုံခြုံရေးအခြေအနေစိုးရိမ်စရာကောင်းကြောင်း သတိပေးခဲ့သည်ဟု စက်တင်ဘာလ ၁၅ ရက်တွင်ထပ်မံထွက်ပေါ်ခဲ့သောအချက်အလက်များအရ သိရသည်။ ဘင်ဂါဇီတွင် ဂျီဟတ်အဖွဲ့များ များပြားလာမှုအပေါ် မာဘရော့က သတိပေးခဲ့မှုမှာ ပထမဆုံးအကြိမ်မဟုတ်ခဲ့ပေ။



လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတိုက်ခိုက်ခံရပြီးနောက် မြင်တွေ့ရသည့်မြင်ကွင်း

စက်တင်ဘာလ ၁၁ ရက်က ဆန္ဒပြနေချိန်တွင် လက်နက်များကိုင်ဆောင်လာသော လူတစ်စုက လူအုပ်ထဲဝင်လာချိန်မှစပြီး ဝရုန်းသုန်းကားဖြစ်ခဲ့ကြောင်း လစ်ဗျားပြည်ထဲရေးဒုတိယဝန်ကြီး ဝါနစ်အယ်ရှရိဖ်က ပြောကြားခဲ့သည်။ ကနဦးထုတ်ပြန်ချက်များအရ ယင်းဖြစ်စဉ်မှာ ည ၁၀ နာရီတွင်စတင်ခဲ့ပြီး သေနတ်သမားများက သံရုံး၏ အဓိကဝင်းကို ပစ်ခတ်ခဲ့ကာ ၁၅ မိနစ်အကြာတွင်သံရုံးထဲဝင်ခဲ့ကြောင်း သိရသည်။

ရော့ကတ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် သံရုံးမှာမီးလောင်ခဲ့သည်ဟု အမေရိကန်အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ မီးလောင်မှု ကူးစက်ချိန်တွင် စတီဗင်၊ ပြည်ပရေးရာပြန်ကြားရေးစီမံခန့်ခွဲရေးအရာရှိ ရှောင်စမစ်နှင့် အမေရိကန်ဒေသဆိုင်ရာလုံခြုံရေးဝန်ထမ်းတစ်ဦး၊ စုစုပေါင်းသုံးဦးမှာ ဘေးကင်းသည့်အခန်းတွင် ရှိနေခဲ့သည်ဟု သိရသည်။ ဒေသဆိုင်ရာလုံခြုံရေးဝန်ထမ်းဆိုသူမှာအဆောက်အအုံတွင်းမှ လွတ်မြောက်ခဲ့ပြီး စတီဗင်နှင့်စမစ်ကိုကယ်ရန်လာချိန်တွင် စမစ်မှာ သေဆုံးနေခဲ့ကာ မီးခိုးမွှန်မှုကြောင့်ဖြစ်မည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းအချိန်တွင် စတီဗင်မှာ ပျောက်နေခဲ့သည်။ စတီဗင်အလောင်းကိုတွေ့ခဲ့သော အခန်းမှတံခါးကြီးနှင့်ပြတင်းပေါက်များကို သံမဏိတိုင်များဖြင့်ကာထားသည်ဟုသိရသည်။ လုယက်တိုက်ခိုက်သူများက အခန်းထဲဝင်စီးခဲ့ပြီးနောက်စတီဗင်အလောင်းကိုတွေ့ခဲ့ခြင်းဖြစ်ပြီး သေဆုံးရသည့်အကြောင်းရင်းအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အသေးစိတ်မထုတ်ပြန်သေးပေ။ ဒေသခံများက စတီဗင်ကို ဘင်ဂါဇီရှိဆေးရုံ တစ်ခုသို့ ပို့ပေးခဲ့ပြီး ဆရာဝန်များက မကယ်နိုင်တော့ဘဲသေပြီဟု ကြေညာခဲ့ရသည်။ သံရုံးဂိတ်တစ်ခုတွင်စောင့်ရသော လုံခြုံရေးတစ်ဦးက တိုက်ခိုက်မှုမှာ နေရာသုံးခုမှ တစ်ဆက်တည်းဖြစ်ပွားခဲ့ကြောင်း ပြောကြားခဲ့သည်။ စက်သေနတ်များ၊ ရော့ကတ်လောင်ချာများဖြင့် ပစ်ခတ်မှုရှိခဲ့ကြောင်း သူကပြောကြားခဲ့ပြီး မျက်နှာဖုံးစွပ်ထားသောသေနတ်သမားများက သူ့ကိုသတ်ရန် ခြိမ်းခြောက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

*Ref:CNN;AFP*

### ကွယ်လွန်ခဲ့သည့် လစ်ဗျားသံအမတ်စတီဗင်

စတီဗင်သည် လစ်ဗျားဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် မေလတွင် ခန့်အပ်မခံရမီ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတို့ရှိ နိုင်ငံခြားရေးဌာနများတွင် ရာထူးအမျိုးမျိုး၌ထမ်းဆောင်ခဲ့သည်။

၂၀၁၁ ခုနှစ်တွင် လစ်ဗျား၌ အာဏာရှင်ကဒါဖီအစိုးရဖြုတ်ချရေး လူထုတော်လှန်ရေးဖြစ်ပေါ်စဉ် စတီဗင်ကို သံအမတ်အဖြစ် ဟီလာရီကလင်တန်က စေလွှတ်ခဲ့သည်။

စတီဗင်သည် ၁၉၈၂ ခုနှစ်တွင် ဘာကလေရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှဘွဲ့ရခဲ့ပြီး Peace Corp တွင်ပါဝင်ရန်အတွက် ကျောင်းတက်မှုကို ရပ်နားခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ကာလီဖိုးနီးယားတွင် မွေးဖွားခဲ့သောမိမိအနေဖြင့် အာရပ်ကမ္ဘာအကြောင်းကို အများကြီးမသိကြောင်း စတီဗင်ကသံအမတ်ခန့်အပ်ခံရစဉ်ပြောကြားခဲ့သည်။

*Ref:CNN*

*မျက်နှာဖုံး "မြန်မာစာနယ်ဇင်းကောင်စီ (ယာယီ)....." သတင်းမှအဆက်*

၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၂)ဖြင့် ဖွဲ့စည်းခဲ့သော်လည်း ကန့်ကွက်မှုများကြောင့် အသက်မဝင်ခဲ့သည့်အမြဲတေစာနယ်ဇင်းကောင်စီအစား မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အမည်ဖြင့် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ကို ဖွဲ့စည်းရန်အတွက် လျာထားအဖွဲ့ဝင် ၃၀ ဦး၏ အမည်အား ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ပြန်ခဲ့ရာ ယခင်အမြဲတေစာနယ်ဇင်းကောင်စီမှ ၁၅ ဦးပြန်လည် ပါဝင်လာပြီး စာနယ်ဇင်းကိုယ်စားပြုအဖွဲ့အစည်းများမှကိုယ်စားလှယ်များလည်းပါဝင်လာကြောင်း သိရသည်။ အမြဲတေစာနယ်ဇင်းကောင်စီဖွဲ့စည်းကြောင်း ကြေငြာစဉ်ကကဲ့သို့ အဖွဲ့ဝင်များ၏ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးများကို သတ်မှတ်ပေးထားခြင်းမရှိဘဲလုပ်ငန်းတာဝန်များကိုသာပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အဆိုပြုတင်ပြထားသည်။ ၎င်းအဆိုပြုချက်များမှာလည်း ဝန်ကြီးဌာန၏ သဘောသက်သက်မဟုတ်ဘဲ စာနယ်ဇင်းအဖွဲ့အသီးသီးနှင့်ပြန်ကြားရေးဝန်ကြီးသစ် ဦးအောင်ကြည်တို့တွေ့ဆုံစဉ်ကဆွေးနွေးခဲ့သည့် အချက်အလက်များအပေါ် အခြေခံထားခြင်းဖြစ်ပြီး စက်တင်ဘာလ ၁၇ ရက်နေ့တွင်ပြုလုပ်မည့်အခမ်းအနားတွင်အတည်ပြုရန်ဆွေးနွေးဦးမည်ဖြစ်ကြောင်းသိရပါသည်။

"ကျွန်တော်နားလည်တာကတော့ ဒီကောင်စီမှာ အရင်အမြဲတေကောင်စီထဲကလူ ၂၅ ဦးမှာ ၁၅ ဦးပါတယ်။အစိုးရဖက်က ပြန်ကြားရေးနဲ့ JV လုပ်ထားတဲ့ Skynet နဲ့ Forever က ၂ယောက်၊ သမ္မတအကြံပေးကောင်စီက ဦးမော်သန်း၊ ၈၈ မျိုးဆက်က ဦးကိုကိုကြီးတို့အပါအဝင် အစိုးရဖက်က ၁၉ ဦးအဆိုပြုတယ်။ ဂျာနယ်လစ်တွေနဲ့စာပေစာနယ်ဇင်းအဖွဲ့အသီးသီးက MJU က ၃ ယောက်၊ သူတို့အဆိုပြုတဲ့ ဒေါက်တာဖေမြင့်နဲ့ ဦးကိုကိုကြီး(ဟန်ဂေရီ)၊ MJN က ၂ ယောက်၊ သတင်းမီဒီယာအုပ်စုကြီးတွေကိုယ်စား EMG၊ The Voice၊ 7 Day နဲ့ ပေါ်ပြူလာ၊ စုစုပေါင်း ၁၁ ယောက်ရှိတယ်။ ၁၄ ရက်နေ့က ကျွန်တော်တို့ ၁၁ ယောက် စာပေစိစစ်ရေးမှာတွေ့ပြီး စာနယ်ဇင်းကောင်စီရဲ့လုပ်ငန်းတာဝန်တွေကို ညှိနှိုင်းကြတယ်။ဟိုဖက်၁၉ယောက်လည်းအချင်းချင်းညှိနှိုင်းကြတယ်။ ၁၇ ရက်နေ့မှာ လူ ၃၀ နဲ့ ပြန်ကြားရေးဝန်ကြီးရှေ့မှာထပ်တွေ့ပြီး ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးရွေးမယ်။ အကျင့်စာရိတ္တ၊ သမိုင်းကြောင်းနဲ့အမှီအခိုကင်းမှုစတာတွေကိုပါ Debate လုပ်နိုင်မှာဖြစ်လို့ မျှမျှတတဖြစ်မယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် မှန်ကန်တဲ့မူဝါဒအပေါ် အခြေပြုလုပ်သွားရင်တော့ ဒီကောင်စီရဲ့လုပ်ငန်းတွေ အောင်မြင်နိုင်ပါတယ်။ တစ်ခုပဲ စိုးရိမ်စရာရှိတာက ဝါရင့်ဂျာနယ်လစ်တွေအကြားမှာကိုကျင့်ဝတ်နဲ့ပတ်သက်ပြီးလက်တွေ့မှာငြင်းခုံရတာတွေရှိတော့ အခုမှစထိတွေ့ဖူးတဲ့ အပြင်လောကက ပုဂ္ဂိုလ်တွေအနေနဲ့ အချိန်တိုအတွင်းမှာ Journalism ကို ဘယ်လို Catch လုပ်မလဲဆိုတာကိုပါ။ ပညာရှင်တွေ၊ နိုင်ငံရေးသမားတွေ၊ စာရေးဆရာတွေပါတာကောင်းပါတယ်"ဟု Eleven Media Group ၏မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာသိန်းမြင့်ကဆိုပါသည်။



အမြဲတေစာနယ်ဇင်းကောင်စီဖွဲ့စည်းစဉ်က စာနယ်ဇင်းသမားများကန့်ကွက်ခဲ့ကြစဉ်

"ဝေဖန်မှုတွေကိုလက်ခံပြီး စာနယ်ဇင်းကောင်စီ အသစ်ဖွဲ့တာကောင်းတယ်။ပြန်ဖွဲ့တဲ့ စာနယ်ဇင်းကောင်စီနဲ့ပတ်သက်ရင်တော့ စာနယ်ဇင်းသမားတွေ၊ မီဒီယာတွေရဲ့အကျိုးစီးပွားကိုစောင့်ရှောက်နိုင်တဲ့အဖွဲ့အစည်းဖြစ်ဖို့က အရေးအကြီးဆုံးပဲလို့ထင်တယ်ကျင့်ဝတ်တွေရေးဆွဲတဲ့အခါမှာ အရေးကြီးဆုံးအချက်ကစာနယ်ဇင်းသမားတွေရဲ့သတင်းရင်းမြစ်ကိုကာကွယ်တဲ့အနေနဲ့ရင်းမြစ်ကို ထုတ်ဖော်မပြောရဆိုတဲ့အချက်တစ်ချက်ပါဝင်သင့်တယ်လို့ထင်တယ်"ဟု သတင်းစာဆရာကြီးဟံသာဝတီ ဦးဝင်းတင်က ပြောသည်။

အသစ်ပြန်လည်ဖွဲ့မည့်အဖွဲ့တွင် အလွှာစုံမှလူများပါဝင်အောင် စီစဉ်ထားသော်လည်း ယခင်ဝန်ကြီးလက်ထက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းကိုဖျက်ပြီးဖွဲ့ထားသော အဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှများနေကြောင်း ထောက်ပြပြောဆိုမှုလည်းရှိနေသည်ဟုသိရသည်။

"စာရေးဆရာ၊ သတင်းစာဆရာ၊ မီဒီယာသမားတွေအားလုံးရဲ့ အကျိုးစီးပွားအတွက်လုပ်တယ်ဆိုရင် သူတို့ကိုယ်တိုင်ဦးစီးဦးဆောင်ပြီး လုပ်တာကပိုကောင်းမှာပေါ့။ ကျွန်တော်ကတော့ လွတ်လွတ်လပ်လပ်နဲ့ဖွဲ့တာကိုပိုပြီးကြိုက်တယ်။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက တာဝန်ရှိတယ်ဆိုပြီးတော့၊ စည်းကမ်းတကျရှိအောင်တို့ဆိုတာအမြဲတမ်းပြောလေ့ပြောထရှိတယ်။ စည်းကမ်းတကျရှိအောင် ဦးစီးဦးဆောင်လုပ်ပြီး ဖွဲ့ပေးတာကို မကြိုက်ဘူး။ ဘာမှထိန်းစရာမလိုဘူး။ ပြောချင်တာက လွတ်လွတ်လပ်လပ်ဖွဲ့ပါစေ။ ပျက်သွားတဲ့ အမြဲတေမှာတုန်းကလဲ စာတစ်ခါမှ မရေးဖူးတဲ့သူကို ဥက္ကဋ္ဌခန့်ထား တယ်။ ဒါမျိုးတွေကတော့ မလုပ်သင့် ဘူး။ မဖြစ်သင့်ဘူး။ ကျွန်တော်ကတော့မကြိုက်ဘူး။ ကျွန်တော်ကိုယ်တိုင်ကအသက်အရွယ်ကြောင့် ဝင်မပါနိုင်တော့ပေမယ့် ကိုယ့်လောကအတွက်တကယ်လုပ်မယ့်သူတွေကိုတော့ ကျွန်တော်ထောက်ခံမယ်။ အချုပ်ပြောရရင်တော့ အနုပညာသမားတွေ၊ စာရေးဆရာတွေ၊ သတင်းစာဆရာတွေ ကိုယ့်လောကအကျိုးအတွက် ကိုယ်တိုင်လုပ်ကြ။ ဘယ်သူကမှမစွက်ဖက်နဲ့။ ဒါပါပဲ"ဟု စာရေးဆရာကြီး ဆရာဇော်ဇော်အောင်ကပြောပါသည်။

"စာနယ်ဇင်းသမဂ္ဂဆိုတာက ရှိကိုရှိသင့်တဲ့ အသင်းတစ်ခုပေါ့။ စာရေးဆရာ၊ သတင်းစာ ဆရာတွေ သူတို့ဘာသာသူတို့ရွေးကောက်တင်မြှောက်တဲ့သတင်းစာဆရာအသင်းဖြစ်စေချင်တယ်။ ဒါမှကိုယ့် စာနယ်ဇင်းသမားတွေရဲ့ဘဝကို ကိုယ်ချင်းစာစိတ်နဲ့အလုပ်လုပ်မှာပေါ့။ ကိုယ့်လွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်မှာပေါ့။စာရေးဆရာ၊ သတင်းစာဆရာတွေသဘောကျဖွဲ့တဲ့ပုံစံမျိုးဖြစ်စေချင်တယ်။ စိတ်ထဲမှာမလွတ်မလပ်နဲ့ ဟိုကြောက်ရ၊ ဒီကြောက်ရ၊ ဟိုမျက်နှာငဲ့ရ၊ ဒီမျက်နှာငဲ့ရနဲ့ ရွေးချယ်တင်မြှောက်တဲ့ပုံစံမျိုးမလိုချင်ပါဘူး။ ဒါကြောင့်ဖွဲ့မယ်ဆိုရင်ဗဟိုကော်မတီကအစ အဖွဲ့ဝင်အဆုံးလက်ရှိစာနယ်ဇင်းလောကမှာ ကျင်လည်နေကြတဲ့လူကြီး၊ လူငယ်တွေပဲပါစေချင်ပါတယ်"ဟု သတင်းစာဆရာကြီး မောင်သစ်လွင်(လူထု)ကလည်းပြောပါသည်။

"Press Council ကို အသစ်ပြန်လည်ဖွဲ့စည်းတယ်ဆိုတဲ့နေရာမှာ အရေးကြီးဆုံးက အစိုးရအဖွဲ့။ တနည်းအားဖြင့်ပြန်ကြားရေးဝန်ကြီးဌာနကပါဝင်ပတ်သက်မှု၊ဩဇာလွှမ်းမိုးမှု၊ စွက်ဖက်မှုဘယ်လောက်ရှိလဲဆိုတဲ့အချက်ကအရေးကြီးမယ်ထင်ပါတယ်။ အဲဒီအချက်ကလည်း အဲဒီအဖွဲ့ရဲ့လွတ်လပ်မှု၊ သီးခြားရပ်တည်နိုင်မှု၊ ဆုံးဖြတ်လုပ်ဆောင်နိုင်မှုတွေရဲ့ အတိုင်းအတာကို၊ ဘောင်ကိုဖော်ပြမှာဖြစ်ပါတယ်။ အစိုးရ၊ ဝန်ကြီးဌာနက လုံးဝပတ်သက်မှုမရှိသော၊ လွှမ်းမိုးမှုမရှိသော၊ သီးခြားလွတ်လပ်တဲ့ private အဖွဲ့အစည်းဖြစ်ဖို့ကောင်းပါတယ်။အဲဒီလို မဟုတ်ဘူးဆိုရင်အဲဒီအဖွဲ့အစည်းထဲမှာ ဘယ်လောက်တော်၊ ဘယ်လောက်အရည်အချင်း ပြည့်သူတွေ ပါနေပါစေ၊ သူတို့လုပ်နိုင်မယ့်အခြေအနေတွေဟာအကန့်အသတ်ရှိနေနိုင်ပါတယ်။ Press Council အဖွဲ့ဝင်တွေဟာ အစိုးရ၊ ဝန်ကြီးဌာနနဲ့တစိုးတစိမှမပတ်သက် တဲ့သူတွေဖြစ်ဖို့လိုသလို၊ သတင်းမီဒီယာလောကနဲ့ မစိမ်းတဲ့သူတွေလည်းဖြစ်သင့်ပါတယ်။ နာမည်ကြီးတဲ့လူတွေကိုကောက်သင်းကောက်လိုက်ထည့်တာမျိုးမဖြစ်ဖို့လည်းလိုပါတယ်"ဟု နိုင်ငံရေးဝေဖန်ချက်ဆောင်းပါးများရေးသားနေသူ ဒေါက်တာရန်မျိုးသိမ်းကသုံးသပ်ပါသည်။

"လူမှုအဖွဲ့အစည်းနဲ့ အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းက လူတချို့ပါရုံနဲ့ အဲဒီအဖွဲ့ဟာ လွတ်လပ်တဲ့အဖွဲ့လို့ လူအများစုကတော့ သတ်မှတ်မယ်မထင်ပါဘူး။ နောက်တစ်ခု သတိထားရမှာက ပြန်လည်ပြင်ဆင်ရေးလိုလို၊ သီးခြားလွတ်လပ်သလိုလို၊ အတိုက်အခံအဖွဲ့အစည်းတွေနဲ့ လက်တွဲနေသလိုလိုအများအမြင်မှာ ဟန်ဆောင်ပန်ဆောင်နေပြပြီး၊ လက်တွေ့မှာတော့ ကိုယ့်အကျိုးစီးပွားနဲ့ ကိုယ်နာမည်ကြီးဖို့ အာဏာပိုင်တွေနဲ့ လက်ဝါးချင်းရိုက်တတ်တဲ့အတုအယောင်ပညာတတ်တွေကိုပါ။ သူတို့ဟာ အဲဒီလိုအဖွဲ့အစည်းတွေကို ဦးဆောင်လာတတ်သလို၊ ဘေးကနေ့ပံ့ပိုးဘေးတီးတတ်ပါတယ်။ အဲဒီလိုလူမျိုးတွေမပါလာဖို့ကိုတော့ သတိပြုရမယ် ထင်ပါတယ်။ နောက် ကျွန်တော်တို့ဆီမှာ လူတစ်ယောက်ထဲကနေအဖွဲ့အတော်များများမှာဝင်ပါ အလုပ်လုပ်နေတတ်တဲ့အလေ့အထကို ပြုပြင်ရပါမယ်။ လူတစ်ယောက်အနေနဲ့ လုပ်နိုင်တဲ့နေရာမှာ အကန့်အသတ်ရှိပါတယ်။ အဖွဲ့အတော်များများမှာဝင်ပါနေပြီဆိုရင်၊ အဲဒီလူမှားတာလား။ အဲဒီအဖွဲ့မှားတာလားတစ်ခုခုတော့ မှားနေပါပြီ။ သီးခြားလွတ်လပ်ရပ်တည်နိုင်မှုမရှိဘူးဆိုရင်တော့ မဖွဲ့လည်း ဘာမှမဖြစ်ဘူးလို့ ထင်ပါတယ်။ ဖွဲ့လည်း ဆေးဖော်ကြောဖက်လုပ်မယ့် သူနည်းနည်းပဲရှိမယ်ထင်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းမည့် စာနယ်ဇင်းကောင်စီ(ယာယီ)၌ ဖွဲ့စည်းခန့်အပ်ရန်လျာထားသောပုဂ္ဂိုလ်(၃၀) မှာ ဦးခင်မောင်အေး(တရားရုံးချုပ်တရားသူကြီး(ငြိမ်း))၊ ဒေါက်တာအောင်ထွန်းသက်(ကျောင်းအုပ်ကြီး United Nation System Staff College(ငြိမ်း))၊ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)၊ ဦးမော်သန်း(စီးပွားရေးပညာရှင်)၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာ ကျော်ဇောနိုင်၊ ဦးကိုကိုကြီး(၈၈ မျိုးဆက်ကျောင်းသားအဖွဲ့)၊ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်-မြန်မာနိုင်ငံစာရေးဆရာအသင်း)၊ ဒေါ်ချိုချိုတင်(မစန္ဒာ-မြန်မာနိုင်ငံစာရေးဆရာအသင်း)၊ ဦးခင်မောင်လေး(ဖိုးသောကြာ- မြန်မာနိုင်ငံသတင်းစာဆရာအသင်း)၊ ဦးစိုးသိမ်း(မောင်ဝံသ-မြန်မာနိုင်ငံသတင်းစာဆရာအသင်း)၊ ဦးကိုကို ( ကိုကို စက်မှုတက္ကသိုလ်၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း)၊ ဦးအောင်လှထွန်း(မြန်မာနိုင်ငံသတင်းစာဆရာအသင်း)၊ ဦးသီဟစော(မြန်မာနိုင်ငံသတင်းစာဆရာအသင်း)၊ ဦးဇော်သက်ထွေး(မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ)၊ ဒေါ်အေးအေးဝင်း(မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ)၊ ဦးချစ်ဝင်းမောင်(မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ)၊ ဦးမြင့်ကျော်(Yangon Press International ၊ မြန်မာဂျာနယ်လစ်ကွန်ရက်)၊ ဒေါ်တင်ဇာဇော် (Popular News Journal ၊ မြန်မာဂျာနယ်လစ်ကွန်ရက်)၊ ဒေါက်တာတင်ထွန်းဦး (မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)၊ ဒေါက်တာသာထွန်းဦး (မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း)၊ ဒေါက်တာသိန်းမြင့်(မန်နေးဂျင်းဒါရိုက်တာ Eleven Media Group)၊ ဦးသောင်းစုငြိမ်း( အမှုဆောင်အရာရှိချုပ်၊ 7 Day Journal)၊ ဒေါ်နန်းကလျာဝင်း(Popular Journal)၊ ဦးကိုကိုကြီး(ဟန်ဂေရီကိုကိုကြီး)၊ ဒေါက်တာဖေမြင့်(အယ်ဒီတာချုပ်-ပြည်သူ့ခေတ်ဂျာနယ်)၊ ဦးကျော်မင်းဆွေ(အယ်ဒီတာချုပ်-The Voice Journal)၊ ဦးရဲမင်းဦး(Sky Net)၊ ဦးခင်မောင်ငွေ (Family Entertainment)တို့ဖြစ်ကြသည်။

အသစ်ပြန်လည်ဖွဲ့စည်းမည့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ သက်တမ်းမှာ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်းရေးဆွဲရန်ရှိသည့် မီဒီယာဥပဒေ(မူကြမ်း)အား လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းပြီးနောက် အဆိုပါဥပဒေနှင့်အညီ ဖွဲ့စည်းသည့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီထံ တာဝန်လွှဲပြောင်းပြီးသည်အထိဖြစ်ကြောင်းသိရှိရသည်။

*သတင်းအယ်ဒီတာအဖွဲ့*

**မှန်ကန်တဲ့မူဝါဒအပေါ်**
**အခြေပြုလုပ်သွားရင်တော့ ဒီကောင်စီရဲ့**
**လုပ်ငန်းတွေအောင်မြင်နိုင်ပါတယ်။ တစ်ခုပဲစိုးရိမ်စရာရှိတာက**
**ဝါရင့်ဂျာနယ်လစ်တွေအကြားမှာကိုကျင့်ဝတ်နဲ့ပတ်သက်ပြီး**
**လက်တွေ့မှာ ငြင်းခုံရတာတွေရှိတော့ အခုမှစထိတွေ့ဖူးတဲ့**
**အပြင်လောကက ပုဂ္ဂိုလ်တွေအနေနဲ့ အချိန်တိုအတွင်းမှာ**
**Journalism ကို ဘယ်လို Catch လုပ်မလဲဆိုတာကိုပါ။**



**မျက်နှာဖုံး“ဖားကန့်မြို့ပေါ်တွင် ဗုံးပေါက်ကွဲပြီး ...”သတင်းမှအဆက်**

ကချင်ပြည်နယ် ဖားကန့်မြို့ပေါ်တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့က ဗုံးပေါက်ကွဲပြီး မှားယွင်းပစ်ခတ်မှုကြောင့် ကျောင်းဆင်းပြန်လာသော နဝမတန်းကျောင်းသူတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါဖြစ်စဉ်သည် စက်တင်ဘာလ ၁၃ ရက်နေ့ ညနေ ၄ နာရီဝန်းကျင် ကျောင်းဆင်းချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မဂျာဆိုင်းအိန်သည် ၄င်းတက်ရောက်နေသည့် ဖားကန့်အထက်တန်းကျောင်းမှ နေထိုင်ရာဆွတ်ငိုင်ယန်သို့ ပြန်လာစဉ်လမ်း၌ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။

“ဆွတ်ငိုင်ယန်ရွာအရှေ့ဘက်ပိုင်းကို စက်တင်ဘာလ ၁၃ ရက် မနက်ပိုင်းမှာတပ်မတော်စစ်ကြောင်းရောက်လာတယ်။ ညနေပိုင်း စစ်ကြောင်းပြန်အထွက်မှာ ဗုံးတစ်လုံးကွဲတယ်။ နောက်အပြန်အလှန် ပစ်ခတ်ကြတာပဲ။ ရွာသူရွာသားနဲ့ ကျောင်းသူတွေ ခုနစ်၊ ရှစ်ဦးလောက် ထိခိုက်ဒဏ်ရာရလို့ ဖားကန့်ဆေးရုံမှာ ကုသမှုခံယူနေပါတယ်”ဟု ဖားကန့်မြို့ခံတစ်ဦးက စက်တင်ဘာလ ၁၄ ရက်နေ့က ပြောပြသည်။

အဆိုပါ ပစ်ခတ်မှုများသည် တပ်မတော်မှ တပ်ဖွဲ့ဝင်အချင်းချင်းအကြား ဖြစ်ပွားသည့် မှားယွင်းပစ်ခတ်မှုသာဖြစ်ကြောင်းလည်း ဒေသခံများက ပြောကြားခဲ့သည်။

ကချင်ပြည်နယ်တွင်း တစ်ကျော့ပြန်စစ်ပွဲများသည် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် စတင်ဖြစ်ပွားခဲ့ပြီး တစ်နှစ်ကျော်ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်ကာလအတွင်းသေဆုံးခဲ့ရသောမြေစာပင်များတွင် အသက် ၁၄ နှစ်အရွယ်မျှသာ ရှိသေးသည့် မဂျာဆိုင်းအိန်လည်း ပါဝင်လာခဲ့ပါသည်။

“ပစ်ခတ်မှုတွေဖြစ်ပြီးတဲ့အ ချိန်မှာ ရပ်ကွက်သူ၊ရပ်ကွက်သား အားလုံးကို ခေါ်ထုတ်ပြီး ယောကျ်ားနဲ့ မိန်းမသပ်သပ်စီ ခွဲထားလိုက်တယ်။ ပြီးတော့ ဦးဘရန်ရှောင်ဆိုတာ ဘယ်သူလဲလို့မေးပြီး ကျွန်တော့်ကို ခေါ်ထုတ်သွားတယ်။ နောက်ပြီး မီးဖိုချောင်လေးမှာ ရဲဘော်နှစ်ယောက်နဲ့ ကျွန်တော့်သမီးကို ဒဏ်ရာတွေနဲ့ တွေ့ရတာပဲ”ဟု သေဆုံးသူမဂျာဆိုင်းအိန်၏ ဖခင် ဦးဘရန်ရှောင်က Eleven Media သို့ ပြောပြသည်။

“ကျွန်တော်က စစ်ကြောင်းမှူးကို ဆေးရုံပို့ချင်တယ်ဆိုတော့ ကျွန်တော်တို့ စစ်ကြောင်းထွက်မှ ပို့ပါလို့ သူက ပြောပါတယ်။ တကယ်တော့ ကလေးက သွေးလွန်လို့ သေရတာ။ သူတို့ထွက်သွားမှ ရပ်ကွက်က ကားအကူအညီနဲ့ဆေးရုံကိုပို့ရတာ။ ဆေးရုံရောက်တော့ ညနေ ၆ နာရီကျော်ပြီ”ဟု ဦးဘရန်ရှောင်က ဆက်လက်ပြောပြသည်။

ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် ကေအိုင်အေတို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ၁၉၉၄ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည်။ နှစ်ပေါင်း ၁၇ နှစ်အကြာ တစ်ကျော့ပြန်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားမှုသည် ဗန်းမော်ခရိုင်မိုးမောက်မြို့နယ်တွင် ဖြစ်ပြီးနောက်ပိုင်း၌ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်များတွင်ပါ တိုက်ပွဲဖြစ်ပွားမှုများရှိလာခဲ့သည်။

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ အဓိကလုပ်ကိုင်ရာ စီးပွားရေးမြို့ဖြစ်သော ဖားကန့်မြို့နယ်၌လည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် တိုက်ပွဲများဖြစ်ပွားမှုရှိခဲ့ကာလုပ်ငန်းနှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဖားကန့်မြို့နယ်တွင် ဩဂုတ်လကုန်ပိုင်း၌ တပ်မတော်နှင့်ကေအိုင်အေအဖွဲ့တို့အကြား တိုက်ပွဲများပြန်လည်ဖြစ်ပွားလာကာ မူရင်းနေရပ်မှ စစ်ဘေးရှောင်၍ ဒုက္ခသည်စခန်းများသို့ ခိုလှုံရောက်ရှိလာသူအရေအတွက်သည်လည်းသောင်းဂဏန်းသို့ရောက်ရှိလာခဲ့သည်။

“ဖားကန့်မြို့ပေါ်မှာ ဒုက္ခသည်စခန်း၃၉ခုရှိပါတယ်။ အဲဒီစခန်းတွေကို ဒီနေ့မှာပဲ လုံခြုံရေးအခြေအနေအရ ဝင်ရောက်ခိုလှုံသူတစ်သောင်းကျော်လောက်ရှိလာပြီလို့ သိရပါတယ်”ဟု ဖားကန့်မြို့သို့ ရောက်ရှိနေသော Eleven Media Group ၏ သတင်းထောက်က ပြောပါသည်။

စက်တင်ဘာလ ၁၃ ရက်နေ့ ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက်ပိုင်း ညပိုင်းအချိန်များတွင် မြို့ပေါ်၌ လူသွားလူလာ မရှိတော့ကြောင်းလည်း ဒေသခံများက ပြောပြသည်။

ထို့အပြင်ဖားကန့်ဒေသ၌ စက်တင်ဘာလ ၁၄ ရက်နေ့ ညနေပိုင်းက ပုဒ်မ ၁၄၄ ထုတ်ပြန်လိုက်သည်ဆိုသော သတင်းများ ထွက်ပေါ်ခဲ့သော်လည်းသက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံမှသီးခြားအတည်ပြုချက်မရရှိခဲ့ပေ။

စက်တင်ဘာလ ၁၃ ရက်နေ့ ပစ်ခတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများမှာ မော်ဝမ်းမှ မဆိုင်းလုပန်(အသက် ၁၇ နှစ်)၊ ဂလောင်းခေါ်ဘောမ်(ခ)ယာကု(အသက် ၃၆ နှစ်)၊ ကိုကျော်ထိန်လင်း(အသက် ၂၇ နှစ်)၊ ခေါ်ဆောင်(အသက် ၃၅ နှစ်)၊ ဆွတ်ငိုင်ယန်မှ ကိုစိုးမိုး(အသက် ၄၄ နှစ်)၊ မော်ဝမ်းစစ်ပြေးဒုက္ခသည် မလုဘူခွန်ဆိုင်း(အသက် ၃၁ နှစ်)၊ မလုဘူဂျာလုအွန်(အသက် ရှစ်နှစ်)တို့ဖြစ်ကြောင်း ကချင်သတင်းဝက်ဘ်ဆိုက်အချို့၏ ဖော်ပြချက်အရ သိရှိရသည်။

လက်ရှိအချိန် စက်တင်ဘာလ ၁၅ ရက်နေ့ ညနေပိုင်းအထိ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖားကန့်မြို့၌ တိကျသော သတင်းထုတ်ပြန်မှုများ မရှိသေးပေ။

“ဘာမှအပြစ်မရှိတဲ့ ကျွန်တော့်သမီး အခုလို သေဆုံးရတဲ့အတွက် တကယ်စိတ်မကောင်းဖြစ်မိတယ်”ဟု မဂျာဆိုင်းအိန်၏ ဖခင် ဦးဘရန်ရှောင်က ပြောကြားသည်။

“ဒီကိစ္စကို ဒေသအစိုးရအနေနဲ့ ကူညီမှု၊ ဆက်သွယ်မေးမြန်းမှု၊ ဘာတုံ့ပြန်မှုမှမရှိဘူး။ ဒီနေ့ နာရေးချတာ လူမှုရေးအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ ချခဲ့ရတာ”ဟု ၄င်းက ဆက်လက်ပြောပြသည်။

စက်တင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ဆွတ်ငိုင်ယန်အနီးဝန်းကျင်မှ ဒေသခံများသည် လုံခြုံရေးအခြေအနေအရ နေထိုင်ရာနေအိမ်များမှ တိမ်းရှောင်ခြင်းများရှိလာခဲ့သည်ဟု ဆွတ်ငိုင်ယန်မှ ဒေသခံတစ်ဦးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်းတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)တို့ အကြားတိုက်ပွဲများဖြစ်ပွားနေသည့် တစ်နှစ်ကျော်ကာလအတွင်း နေရပ်မှတိမ်းရှောင်ကာဒုက္ခသည်စခန်းများသို့ တိမ်းရှောင်ရသူဦးရေသည် လက်ရှိတွင် တစ်သိန်းဝန်းကျင်ရှိနေကာ လူမှုအကူအညီများလည်း လိုအပ်လျက်ရှိနေသည်။

စစ်ဖြစ်ပွားလျက်ရှိသည့်ကာလအတွင်း ကလေးငယ်များသည် စာသင်ကျောင်းများ၌ ပညာကောင်းစွာ မသင်ကြားနိုင်မှုများ၊ တောင်ယာနှင့် လယ်ယာအလုပ်ကို အဓိကထားလုပ်ကိုင်သော ဒေသခံများ၏ စားဝတ်နေရေးအခက်ကြုံမှုများ၊ ဒုက္ခသည်စခန်းများတွင် မှီခိုနေထိုင်ရမှုကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ ကျန်းမာရေးပိုင်းဆိုင်ရာစောင့်ရှောက်မှုလိုအပ်နေခြင်းများစသည်တို့ကို ကြုံတွေ့နေရသည်ဟု လူမှုကူညီရေးလုပ်ဆောင်နေသူများက ပြောပြသည်။

“အခု ဖြစ်နေတဲ့ ပြည်တွင်းစစ်ကာလအတွင်း ကျွန်မသိသလောက် စစ်ကြောင့် သေတဲ့လူဟာ ရာဂဏန်းဝန်းကျင်ရှိပါပြီ။ အရပ်သားဒေသခံတွေချည်းကိုပဲ ဆိုလိုတာပါ”ဟု Kachin Peace Network မှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာလ ၁၅ ရက်နေ့ ညနေပိုင်းက ပြောပြခဲ့သည်။

စက်တင်ဘာလ ၆ ရက်နေ့က ပြုလုပ်ခဲ့သောအမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခက်ထိန်နန်၏ အပစ်အခတ်ရပ်စဲရေး/ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် မေးခွန်းအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က ဖြေကြားရာတွင် KIA အဖွဲ့အနေဖြင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကို လုံးဝညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ပြီးမှသာ အပစ်အခတ်ရပ်စဲမည်ဆိုသည့်အချက်ကို ကိုင်စွဲထားသဖြင့် လတ်တလောပစ်ခတ်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သော်၏ ပြောကြားချက်မှာ မဟုတ်မမှန်ကြောင်း KIO က စက်တင်ဘာလ ၇ရက်နေ့ကတုံ့ပြန်ပြောကြားခဲ့သည်ဟု Karen Information Center က ဖော်ပြခဲ့သည်။

ရှည်လျားသည့် ပြည်တွင်းစစ်ကာလအတွင်းတိုက်ပွဲများ၏သက်ရောက်မှုကြောင့်စိတ်ပိုင်းဆိုင်ရာ၊ရုပ်ပိုင်းဆိုင်ရာဒဏ်သင့်ခံစားခဲ့ရသူဒေသခံများသည်လက်ရှိတွင် နှစ်ဖက်သောစစ်တပ်၏ အပြန်အလှန်တိုက်ခိုက်မှုများအား အမြန်ဆုံးရပ်တန့်ကာ ငြိမ်းချမ်းရေးကို လိုလားလျက်ရှိနေသည်။

ပြည်တွင်းစစ်ကြောင့် မြေစာပင်သဖွယ်ထိခိုက်ခံစားနေရသည့် ဒေသခံများသည် စစ်၏ သက်ရောက်မှုများကို ပြီးဆုံးစေလိုသည့် ဆန္ဒများရှိနေကြပြီးယခုကွယ်လွန်ခဲ့သည့်ကျောင်းသူ မဂျာဆိုင်းအိန်သည် နောက်ဆုံးသေဆုံးခဲ့သော မြေစာပင်သာဖြစ်စေလိုသော မျှော်လင့်မှုများလည်း ရှိနေကြပါသည်။

*ဖြူနု၊ မင်းသန့်၊ ထွန်းလင်းအောင်*

**ပြည်တွင်းစစ်ကြောင့် မြေစာပင်သဖွယ် ထိခိုက်ခံစားနေရသည့် ဒေသခံများသည် စစ်၏သက်ရောက်မှုများကို ပြီးဆုံးစေလိုသည့် ဆန္ဒများရှိနေကြပြီး ယခုကွယ်လွန်ခဲ့သည့်ကျောင်းသူ မဂျာဆိုင်းအိန်သည် နောက်ဆုံးသေဆုံးခဲ့သော မြေစာပင်သာဖြစ်စေလိုသော မျှော်လင့်မှုများလည်း ရှိနေ ...**



ပစ်ခတ်မှုများ ဖြစ်ပွားစဉ်အတွင်း မဂျာဆိုင်းအိန် ပုန်းခိုခဲ့သော အိမ်ခြံဝင်းကို စက်တင်ဘာလ ၁၅ ရက်နေ့ ညကတွေ့ရစဉ်



*Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်အား ပေါ်ပြူလာဂျာနယ်၏ အယ်ဒီတာချုပ်ကိုမျိုး(မြန်မာစာ)က စက်တင်ဘာလ ၉ ရက်နေ့တွင် တွေ့ဆုံပြီး မီဒီယာနှင့်လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်းများနှင့် ဆက်စပ်ပြီး မေးမြန်းမှုပြုလုပ်ခဲ့ပါသည်။ ထိုမေးမြန်းမှု(အင်တာဗျူး)ကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ထုတ်ဝေခဲ့သော Popular Myanmar News ဂျာနယ်တွင် ဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခဲ့သည့် အင်တာဗျူးအား Weekly Eleven News ဂျာနယ်၌ ထပ်မံဖော်ပြလိုက်ပါသည်။*

# အမှားလုပ်တဲ့သူတွေဟာအမှားကို ဝန်ခံရမယ်။ ရှိတဲ့အမှားကို ပြင်ဆင်ရမယ်။ အမှားလုပ်ခဲ့တဲ့သူတွေက အမှားကို ဝန်မခံဘဲနဲ့ နေရာဝင်ယူလို့ မရဘူး။ အဲဒါကို ကျွန်တော်ပြောချင်တာ ...

**မေး။ ။ပထမဆုံးအနေနဲ့မေးချင်တာကဆရာ ခုနက ပြောသလိုပြန်လာတဲ့သူတွေ သေးသိမ်အောင်ရေးနေကြတယ်။ ရေးနေကြတယ်ဆိုတာ Facebook လည်းဖြစ်မယ်၊ တရားဝင်မီဒီယာအချို့တွေလည်းဖြစ်ကောင်းဖြစ်မယ်။ မီဒီယာပေါ်မှာတက်ရောက်ပြောခွင့်ရှိတဲ့သူတွေလည်းဖြစ်ကောင်းဖြစ်မယ်။ အဲဒီလိုပုတ်ခတ်ပြောဆိုတဲ့ဟာက ၈၈ ကို သမိုင်းတစ်ခုလုံးမဟုတ်တောင် တစ်စိတ်တစ်ပိုင်းကို ထိခိုက်သွားစေနိုင်တဲ့အကြောင်းအရာတွေဖြစ်နေမယ်။သမိုင်းတစ်ခုလုံးကိုလည်း ထိခိုက်သွားစေတဲ့အကြောင်းအရာတွေဖြစ်နေမယ်။ အဲဒီသဘောလက်ရှိမီဒီယာကျင့်ဝတ်နဲ့ ဘာလုပ်သင့်တယ်ဆိုတာလေးနဲ့ စမေးချင်တယ်။ မီဒီယာကျင့်ဝတ်နဲ့ ၈၈ သမိုင်းဆိုတာက ၂၄ နှစ်ကျော်ကာလကျမှ ဒီနေ့အချိန်ခါမှ မှန်သည်မှားသည်ဆိုတာကို ဘယ်သူမှဝန်မခံသေးဘူး။ ကျူးလွန်တဲ့သူတွေပေါ့။ တစ်ဖက်က ဒီဟာကြီးဟာမှန်ပါတယ်ဆိုပြီးတော့ ယုံကြည်ချက်နဲ့နေခဲ့တဲ့ သူတွေကပဲ မှန်တယ်လို့ပြောနေတဲ့ကာလပါ။ အဲဒီလိုကာလမှာ မီဒီယာအနေနဲ့ ဘယ်လိုကျင့်ဝတ်နဲ့ဘယ်လိုစကားလုံးမျိုးဘယ်လိုအရေးအသားမျိုးဘယ်လိုဖော်ဆောင်မှုမျိုးလိုအပ်သလဲပေါ့ အဲဒါလေးမေးချင်ပါတယ် ဆရာ ...**

**ဖြေ။** ။အခုပြဿနာက မိုးသီးဇွန် ပြန်လာတယ်။ ကိုနိုင်အောင်ပြန်လာတယ်။ ABSDF ကမြောက်ပိုင်းကိစ္စ ပြဿနာတက်တယ်။ ဒီကိစ္စတက်လာတဲ့အခါ ABSDFဥက္ကဋ္ဌတွေအနေနဲ့သူတို့အနေနဲ့မှားယွင်းကောင်းမှားယွင်းခဲ့မယ်။ တကယ်မစွပ်စွဲသင့်တဲ့သူတွေကိုစွပ်စွဲခဲ့မယ်။ တကယ်ထောက်လှမ်းရေးမဟုတ်တဲ့ သူတွေကိုသူတို့စွပ်စွဲပြီးတော့ မှားယွင်းခဲ့မယ်။ နောက်လက်နက်တွေသာအဓိကဆိုပြီး အာဏာရှင်စနစ်ကလည်း အကြွင်းအကျန်တွေရှိတဲ့အခါ လက်နက်ရှိတဲ့အချိန်၊တရားဥပဒေစိုးမိုးမှုမရှိတဲ့အချိန်၊လက်နက်ရှိတဲ့သူကနိုင်တဲ့အချိန်မျိုးဖြစ်သွားတယ်။ အဲဒါကြောင့်မို့လို့ ဒီပြဿနာပေါ်ခဲ့ရတယ်။ ကိုထွန်းအောင်ကျော်အပါအဝင်လူအများကြီးဟာ ရက်စက်စွာ အသတ်အဖြတ်ခံခဲ့ရတယ်။ အသတ်ဖြတ်ခံခဲ့ရတာကတာဝန်ရှိတာကတာဝန်ရှိတာတစ်ပိုင်း၊ တာဝန်ရှိတဲ့ သူကလည်းရှိတဲ့အတိုင်း အမှားကို ဝန်ခံရမယ်။ အမှားကိုဝန်ခံပြီးတော့ အပြစ်ဒဏ်ကျသင့်တဲ့သူကလည်း အပြစ်ဒဏ်ခံပေါ့။သတ္တိရှိရှိကိုယ်လုပ်ခဲ့တာကိုယ်ခံရမယ်။ ဒါပေမယ့်မဆိုင်တဲ့ သူတွေ ABSDF မှာပါဝင်ခဲ့တဲ့သူတွေ ၈၈ မှာရက်စက်စွာနှိမ်နင်းခံရပြီးတဲ့နောက်ပိုင်း နိုင်ငံခြားကို ထွက်ပြေးပြီးတော့ ရရာလက်နက် ဒါမှမဟုတ်မဖြစ်ဖြစ်တဲ့နည်းနဲ့ဆန့်ကျင်မယ်ဆိုပြီးထွက်ပြေးခဲ့တဲ့သူတွေဟာ ကျဆုံးသွားတဲ့တော်လှန်ရေးတွေရဲ့ထုံးစံအတိုင်း သူတို့မှာ ရပ်တည်ရာမဲ့ နိုင်ငံပေါင်းစုံကိုရောက်သွားကြတယ်။ သူတို့ဘဝတွေပျက်သွားကြတယ်။ သူတို့အခြေအနေတွေ ပျက်ယွင်းသွားကြတယ်။အဲလိုအခြေအနေပျက်ယွင်းသွားတဲ့သူတွေဟာ တစ်ချိန်ချိန်မှာ သူတို့ပြန်လာဖို့ လုပ်ခဲ့ကြပြီ။ ဒီမှာရှိနေတဲ့မီဒီယာတွေရောအချို့လူတွေစွပ်စွဲသလို ဒေါ်လာမက်လို့၊ ကြောက်လို့ထွက်ပြေးသွားတယ်လို့ အဲဒီလိုတွေမဟုတ်ဘူး။ အခြေအနေကိုလွဲမှားစွာသုံးသပ်မှုတွေမြင်နေရလို့ ကျွန်တော့်အနေနဲ့ ဒါဟာလွဲမှားတယ်ဆိုတာရှင်းပြချင်ပါတယ်။ ပြည်ပကပြန်လာတဲ့သူတွေဟာ နိုင်ငံရေးနယ်ပယ်မှာပါဝင်လှုပ်ရှားပါစေ။ သူတို့မှာ အတွေ့အကြုံတွေရှိလာခဲ့တယ်။ သူတို့မှာရှိတဲ့နိုင်ငံတကာအတွေ့အကြုံနဲ့ ဒီမှာရှိနေခဲ့တဲ့သူတွေရဲ့အတွေ့အကြုံတွေပေါင်းစပ်ပြီးတော့ ကျွန်တော်တို့နိုင်ငံကိုရှေ့ဆက်သွားအောင်လုပ်နိုင်တဲ့အခြေအနေတွေ ဖန်တီးဖို့လိုတယ်။ ဒီလိုလုပ်နိုင်မှသာလျှင် ကျွန်တော်တို့နိုင်ငံဒီမိုကရေစီဟာ ပိုပီပြင်မယ်။ သူတို့ရဲ့ လုပ်ပိုင်ခွင့်ကိုဖွင့်ပေးဖို့ လိုတယ်။

**မေး။ ။ကျွန်တော်တို့မီဒီယာအကြောင်းပါပဲ ဆရာ။ မီဒီယာသမားတွေက လက်ရှိကြိုတော့လည်းကြိုတယ်။ ဒီပေါ်မှာပဲ ဥပမာ ၈၈ က ဒီဟာကို မကြိုဖို့မဲ့ခွဲဆုံးဖြတ်ရတယ်ဆိုတာမျိုးတွေ။ ဒါကတော့သူတို့အတွင်းထဲမှာ တကယ်ရှိချင်လည်းရှိနိုင်တယ်။ မရှိချင်လည်းမရှိနိုင်ဘူး။ ဒီအကြောင်းအရာကိုမီဒီယာပေါ်တင်ပြီးတော့ စကားလုံးဖော်ပြတဲ့ဟာကဆရာတို့က ပြည်သူကို တကယ့်ထင်ထင်ရှားရှား ဒီ ၈၈ ဆိုတဲ့ဟာက ကောင်းပါတယ်ဆိုတဲ့အကြောင်းအရာပေါ်မှာ ဒီနေ့ ဒီအချိန်မှာတည်ပြီးတော့ရေးနေသင့်သလား။ သို့တည်းမဟုတ်ဖြစ်နေတဲ့အကြောင်းအရာပေါ်မှာပဲ တိုင်းပြည်ဟာ ၈၈ ကြောင့် ကောင်းတဲ့ အပြောင်းအလဲတွေရှိခဲ့တယ်။ ဒီဟာကို ပြန်ဖော်ဆောင်ကြမယ်ဆိုတဲ့အမြင်မျိုးမဟုတ်ဘဲနဲ့ လတ်တလောဖြစ်နေတဲ့ကိစ္စကိုပဲ တင်ပြရမလား။ ၈၈ ဆိုတာဟာမမှားခဲ့ဘဲနဲ့ အမှားလို့ထင်ခံခဲ့ရတယ်။ ၈၈ ဆိုတာကို အမှန်တရားပါလို့ ဖော်ပြနေဖို့ အချိန်ကာလအနေနဲ့ မီဒီယာအနေနဲ့က ကျွန်တော်တို့မှာတာဝန်ရှိပါသလား။ ၂၄ နှစ်လုံးလုံး ကျွန်တော်တို့တာဝန်မကျေခဲ့ဘူး။ ဒီနေ့ဒီအချိန်မှာ ဒါကိုကျွန်တော်တို့ဖော်ဆောင်နေသင့်သလား။**

**ဖြေ။** ။အာဏာသိမ်းခါနီးအခြေအနေတွေ ခင်ဗျားဘာပဲဖြစ်ဖြစ်မြင်တွေ့ခဲ့ရမှာပါ။ ဘယ်လိုကြောင့် အာဏာသိမ်းခဲ့တယ်။အာဏာသိမ်းဖို့ အခြေအနေတွေဘယ်သူကဖန်တီးခဲ့တယ်၊ ဘယ်လိုအခြေအနေမျိုးတွေဖန်တီးခဲ့လို့အာဏာသိမ်းခဲ့တယ်။ အာဏာသိမ်းပြီးခါစမှာ ကျွန်တော်တို့ ဒီကိစ္စမှာလှုပ်ရှားခဲ့သူတွေကနောက်ထပ် ၂၆ နှစ်ငါတို့ခံရမှာ စိုးလို့ငါတို့အနေနဲ့ မဖြစ်ဖြစ်တဲ့ နည်းနဲ့တိုက်ပွဲဝင်မယ်ဆိုတဲ့စိတ်ကျွန်တော်တို့ရင်ထဲမှာကိန်းအောင်းနေခဲ့တယ်။ တကယ်လည်း ၂၄ နှစ်ကြာခဲ့တယ်။ အာဏာရှင်စနစ်က ဒီမိုကရေစီပြောင်းလဲဖို့ အခုထက်ထိ ရုန်းကန်နေရတုန်းပဲ။ တကယ်ကျတော့ ကျွန်တော်တို့ဆီမှာရှိနေတဲ့ အယ်ဒီတာတွေတော်တော်များများက ၈၈ တုန်းက မမွေးသေးတဲ့သူတွေတောင်ရှိတယ်။ မွေးခါစတွေရှိတယ်။ အဲဒီလူတွေက ဒီဟာပေါ်မှာရေးသားနေကြတဲ့အခါအပေါ်မှာ သူတို့က လတ်တလောဟာတွေပဲ ကြည့်တယ်။ သမိုင်းတွေကို ပြန်မကြည့်ဘူး။ ဥပမာ ကျွန်တော့်ရှေ့မှာရှိတဲ့အဲဒီတုန်းက ကြေးမုံသတင်းစာကိုသူတို့မြင်ဖူးမှာတောင်မဟုတ်ဘူး။ လူတွေသန်းနဲ့ချီပြီး ဆန္ဒပြတယ်ဆိုရင် ကျွန်တော်တို့ကိုဟားရင်ဟားနေမှာ။ လူတွေသန်းနဲ့ချီပြီး ဘယ်လိုလုပ်ရှိမှာလဲဆိုပြီးတော့။ တကယ်ဆိုရင် သန်းဂဏန်းရှိတယ်။ မန္တလေးမှာဆိုရင် အဲဒီတုန်းကလူဦးရေခြောက်သိန်းနဲ့ရှစ်သိန်းကြားရှိတယ်။ ဩဂုတ်လ ၂၆ ရက်နေ့မှာ အထက်မြန်မာပြည်မြို့လုံးဆိုင်ရာ၊နယ်လုံးဆိုင်ရာတစ်ခရိုင်လုံးက ရာပြည့်ကွင်းမှာဆန္ဒပြတယ်။ အဲဒီတုန်းက ကျွန်တော်ကသတင်းထောက်တစ်ယောက်ကို လူဦးရေလေးသိန်းလောက်ရှိတယ်လို့ပြောတော့၊သူက မန္တလေးမြို့လူဦးရေတောင်ခြောက်သိန်းနဲ့ ရှစ်သိန်းကြားပဲရှိတယ်ဖြစ်နိုင်ပါ့မလားတဲ့။ ကျွန်တော်ကလည်း လေးသိန်းမရှိတောင်သုံးသိန်းတော့ရှိတယ်လို့ပြောတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လမ်းတစ်လမ်းလုံးမှာတောင်မှ လူတွေဟာ အိမ်ပေါက်စေ့တိုင်းမှာ လူတစ်ယောက်လောက်ပဲကျန်တယ်။ တစ်လမ်းလုံးမှာ မသွားနိုင်တဲ့သူပဲ ကျန်တယ်။ တစ်လမ်းလုံးကထွက်တာ တချို့ရပ်ကွက်က ထွက်တယ်၊ ကျောင်းသားက ထွက်တယ်၊ဝန်ထမ်းကထွက်တယ်။အိမ်ရှင်မကထွက်တယ်။ တစ်မြို့လုံးကလူတွေရာပြည့်ကွင်းမှာ အနည်းဆုံးသုံး၊ လေးသိန်းလောက်ရှိတယ်။ မြို့လုံးကျွတ်ဆန္ဒပြတာ။ အဲဒီဟာမျိုးတွေ ဒီကလေးတွေက ကြုံဖူးမှာမဟုတ်ဘူး။ အများဆုံးကြုံဘူးရင် ၂၀၀၇ တုန်းက ကြုံဖူးမယ်။ ငါးသောင်းတစ်သိန်းထက်မပိုဘူး။ ကျွန်တော်တို့တုန်းကအဲဒီလိုမှမဟုတ်ဘဲ ရန်ကုန်မြို့မှာတင် သန်းနဲ့ချီပြီး၊ ရန်ကုန်မြို့လူဦးရေက အဲဒီတုန်းက သုံးသန်းလေးသန်းလောက်ပဲရှိတယ်။ တကယ်အရေးကြီးတဲ့နေ့တွေမှာဆန္ဒပြရင် သန်းနဲ့ ချီပြီးတော့ ဆန္ဒပြကြတယ်။ဒါတွေအားလုံးသူတို့ကြုံဖူးမှာမဟုတ်ဘူး။ဒါတွေအားလုံးဟာ အိပ်မက်တွေ၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ဟာတွေ။ ဒါတွေအားလုံးကိုကျွန်တော်တို့မှာ အရေးအခင်းတုန်းကအချက်အလက်တွေ ကျွန်တော်တို့မရဘူး။ သတင်းစာတွေကို ကျွန်တော်တို့ပြန်ပြီး လှန်ကြည့်တဲ့အခါမှာ အံ့သြစရာလူအုပ်ကြီးတွေကို ကျွန်တော်တို့တွေ့ရတယ်။ဒါတွေကိုမတွေ့ခဲ့ဘဲ ဒါကို ပြောတဲ့အချိန်မှာ စွန့်လွှတ်ခဲ့တဲ့ ကျောင်းသားတွေ၊စွန့်လွှတ်ခဲ့တဲ့သူတွေရဲ့ ဘဝပျက်ခဲ့တဲ့သူတွေရဲ့ ပြောတဲ့စကားကိုသူတို့က ဘယ်လိုလုပ်ပြီးတော့ပြောမလဲ။ သူတို့အနေနဲ့ဟိုမှာရုန်းကန်ရတဲ့အခြေအနေမျိုးတွေရှိတယ်။ ကိုယ့်တိုင်းပြည်လည်းမဟုတ်ဘူး။ ပညာလည်းမတတ်ဘူး။ အခြေအနေတွေကလည်း အားလုံးပြောင်းလဲနေတယ်။ ပညာလည်းမရှိ အလုပ်အကိုင်လည်းမရှိ ကိုယ့်နိုင်ငံကိုလည်းတစ်သက်လုံးပြန်လာလို့မရတဲ့အခြေအနေမျိုးတွေမှာ သူတို့။ အခုပြန်လာလို့ရတဲ့အခြေအနေမျိုးတွေမှာသူတို့ကိုကြိုဆိုတဲ့ဟာကမကောင်းဘူး။ မိုးသီးဇွန်မှားကောင်းမှားမယ် ဒေါက်တာနိုင်အောင်မှားကောင်းမှားမယ်။ ဒါပေမယ့် ကျန်တဲ့သူတွေအားလုံးကတော့မှားတဲ့သူတွေမဟုတ်ဘူး။

## ကျွန်တော်တို့သွားနေတဲ့ခရီးကိုလည်း အနှောင့်အယှက်မဖြစ်စေရဘူး။ ကျွန်တော်တို့က အမျိုးသားပြန်လည်သင့်မြတ်ရေး အခုမှ ပြန်တည်ဆောက်တုန်းပဲ ရှိသေးတယ်။အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း မထိခိုက်စေရဘူး။ ဒီလိုနည်းနဲ့ပဲ မီဒီယာတွေက သွားသင့်တယ် ...

**မေး။ ။ဓာတ်ပုံတစ်ပုံအကြောင်းနဲ့ ပတ်သက်ပြီးဖြစ်ခဲ့တဲ့အကြောင်းအရာကို သိချင်ပါတယ်။ ဆရာတို့ ၈၈ တုန်းက ဆရာဝန်သမဂ္ဂလား။ ဆရာတို့လုပ်ထားတာ။ အဲဒီဓာတ်ပုံတစ်ခုဟာ အင်တာနက်ပေါ်မှာတက်လာပြီးတဲ့အခါကျတော့ ဆရာဟာ သမဂ္ဂမှာလုပ်ခဲ့တဲ့အပေါ်တချို့က လည်းအပြုသဘောနဲ့ရေးတယ်။ တချို့ကလည်း လှောင်သလိုနဲ့ရေးတယ်။ လှောင်သလိုဆိုတာက အခုကျမှ ဘာလို့လာပြီးရေးနေတာလဲပေါ့။**

**ဖြေ။** ။ အသေးစိတ်ပြောရရင် ကျွန်တော်က နိုင်ငံရေးမလုပ်ဘူးလို့ ဆုံးဖြတ်ပြီးပြီ။ ကျွန်တော်ကနိုင်ငံရေးလည်းလုပ်ခဲ့ပြီးပြီလေ။ ကျွန်တော် ၂၅ နှစ်မှာ NLD မှာ တိုင်းစည်းရုံးရေးကော်မတီဝင်ပေါ့။ အသက်နဲ့စာရင် ကျွန်တော်ကရာထူးမြင့်ပါတယ်။ နောက်အများကြီးလည်း ရှိပါတယ်။ ရှင်းရှင်းပြောရရင် နိုင်ငံရေးမှာ မကိုက်ညီလို့ ထွက်ခဲ့ပြီးပြီ။ နောက်ထပ်နိုင်ငံရေးလုပ်ဖို့လည်း မရှိဘူး။ ကျွန်တော်ဒီကိစ္စကို ဘာကြောင့်အခုအချိန်မှထုတ်ရေးရလဲဆိုတော့ ကျွန်တော်တို့မြောက်ပိုင်းကိစ္စမှာ အဓိကပတ်သက်တဲ့ အောင်နိုင်က ကျွန်တော်နဲ့အရေးအခင်းကာလတစ်လျှောက်လုံး ကျွန်တော်နဲ့သူနဲ့တွဲခဲ့တယ်။ စိုးလင်းတို့ ထွန်းအောင်ကျော်တို့ဆိုတာ ကျွန်တော်တို့တွဲခဲ့တဲ့သူတွေ။ ကျွန်တော့်အနေနဲ့ဒီကိစ္စကိုပြောသင့်တယ်လို့ယူဆတဲ့အတွက်ပါ။ကျွန်တော်ကအရေးအခင်းကာလကို မန္တလေးမှာ ဖြတ်သန်းခဲ့တယ်။ ကျွန်တော့်ရဲ့ ၂၂ နှစ်ဆိုတာထဲမှာ ပါပြီးပြီ။ ပြီးတော့မှ ကျွန်တော် ၁၀ ရက်နေ့မှာ ကျွန်တော်တို့မန္တလေးအထက် ဗမာပြည်နယ်လုံးဆိုင်ရာသပိတ်တပ်ပေါင်းစုက ကျွန်တော့်ကို တာဝန်ပေးတယ်။ နောက်အထက် ဗမာပြည်ဗကသက အောင်နိုင်နဲ့အောင်မြင့်ထွန်းကို တာဝန်ပေးတယ်။ ကျွန်တော်တို့သုံးယောက် ရန်ကုန်ကိုဆင်းလာပြီးတော့ ဒီမှာခေါင်းဆောင်ရတဲ့အခြေအနေကို သုံးသပ်ဖို့၊ ကျွန်တော်တို့ ဒီမှာရှိနေတဲ့အောက်ဗမာပြည်ဗကသနဲ့ ဒီကကျောင်းသားအင်အားစုတွေနဲ့နောက်ပြီး ဒီကနိုင်ငံရေးခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီးတော့အခြေအနေတွေကို အကဲဖြတ်ဖို့နဲ့ နောက်ပြီး သူတို့ကို ပြန်ပြီး သတင်းပို့ဖို့ ကျွန်တော်တို့ ရန်ကုန်ကို ဆင်းလာတယ်။ ကျွန်တော်တို့ ၁၀ ရက်နေ့ဆင်းလာတော့ ၁၁ ရက်နေ့ရန်ကုန်ကိုရောက်တယ်။ ၁၀ ရက်နေ့လမ်းမှာပဲ ဘာဖြစ်လဲဆိုတော့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲလုပ်မယ်လို့ ရေဒီယိုကကြေညာတယ်။ ကြေညာတဲ့အခါကျတော့ ကျွန်တော်တို့က ဒီမိုကရေစီရပြီလို့ တွက်လိုက်တယ်။ အာလုံးက ဝမ်းသာနေတာပဲ။ ဒီမိုကရေစီတော့ရပြီပေါ့။ တကယ်လည်းရမှာလားဆိုပြီး ထပ်ပေါင်းကြည့်တဲ့အခါကျတော့ ကြားဖြတ်အစိုးရဖြစ်နေတယ်။ အဲတော့ သူတို့တောင်းဆိုတဲ့အတိုင်း။ အဲတော့ ကျွန်တော်တို့အနေနဲ့ ဒီလိုအသေးစိတ်တွေမလုပ်နိုင်ခဲ့တဲ့အခါမှာ ကျွန်တော်တို့အများကြီးပြဿနာရှိတယ်။ အဲတော့ကျွန်တော်တို့သုံးယောက်ကဒီရောက်လာတော့ကျောင်းသားတွေက ဗကသနဲ့ တွေ့တယ်။ ကျွန်တော်က ဦးတင်ဦးနဲ့ စတွေ့တယ်။ နောက်ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တယ်။ နောက်သူနဲ့တွေ့ပြီးတော့ ကျွန်တော်တို့ထပ်မတွေ့တော့ဘူး။ ဘယ်သူ့ကို ထောက်ခံရမလဲလို့ပြောတော့ ကျွန်တော်တို့

*စာမျက်နှာ (၃၀) သို့*



*မျက်နှာဖုံး"အာရုံတော်ဝင်ဆေးရုံရှေ့တွင် ဖြစ်ပွားခဲ့သည့်…"သတင်းမှအဆက်*

အာရုတော်ဝင်ဆေးရုံရှေ့တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုအပေါ် ခရိုင်တရားရုံး၏ အမိန့်ကိုမကျေနပ်၍ တိုင်းသို့လျှောက်ထားခဲ့ရာ ခြောက်လကြာမှ အမှုခေါ်ယူခဲ့ကြောင်း တိုင်ကြားခဲ့သည့် မိသားစုဝင်များ၏ ပြောကြားချက်အရ သိရှိရသည်။

စမ်းချောင်းမြို့နယ်၊ အာရုတော်ဝင်ဆေးကုခန်းရှေ့ရှိ မြန်မာ့ရိုးရာထမင်းဆိုင်တွင် ထမင်းစားနေသည့် တက္ကစီယာဉ်မောင်းဖြစ်သူ ကိုတင်မောင်ဆွေ(အသက် ၃၆ နှစ်)ကို ၂၀၁၀ ပြည့်နှစ်ဒီဇင်ဘာလ ၃ ရက်နေ့ည ၁၁ နာရီအချိန်ခန့်တွင် လူကိုးဦးခန့်က တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် သေဆုံးသွားသည့်ဖြစ်စဉ်ကို ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၃)မှပြစ်ဒဏ်ချမှတ်လိုက်သည့်အပေါ်မမျှတဟု ယူဆသဖြင့် တရားလို မိသားစုဝင်များမှ တိုင်းတရားရုံးသို့ ပြစ်ဒဏ်တိုးမြှင့်စေရေးအတွက် ပြင်ဆင်မှုကို ၂၀၁၂ ခုနှစ် မတ်လ ၉ ရက်နေ့က လျှောက်ထားခဲ့ရာ ယခုစက်တင်ဘာလအတွင်း ပြန်လည်စစ်ဆေးကြားနာမည်ဖြစ်ကြောင်း မိသားစုဝင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ဝိုင်းဝန်း၍ ရိုက်နှက်ခံရသူကို



တိုင်းတရားရုံးအား စက်တင်ဘာလ ၁၂ ရက်နေ့က တွေ့ရစဉ်

တင်မောင်ဆွေမှာ အခင်းဖြစ်သည့်နေရာ၌ပင်ပါးစပ်နှင့်ဦးခေါင်းမှ သွေးများထွက်ရှိကာ သတိမရတော့ဘဲ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့နံနက် ၃ နာရီခွဲအချိန်တွင်သေဆုံးသွားခဲ့ကြောင်းၿငး၏အစ်ကိုဖြစ်သူဦးမောင်မောင်လွင်က ပြောပြခဲ့သည်။

အဆိုပါဖြစ်စဉ်ကို ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင်တရားရုံး ဒု-ခရိုင်(၃)တွင် ဦးမောင်မောင်လွင်မှ ၂၀၁၁ ခုနှစ်ပြစ်မှုကြီးမှုအမှတ် ၁၀၃/၂၀၁၀ ဖြင့် တရားလိုပြုလုပ်၍ တရားခံများဖြစ်သည့် ကိုကိုဝင်း၊ သော်ဇင်၊ ညီညီဇော်နှင့်ကျော်ထွေးတို့အပေါ်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မကြီး ၃၀၂(၂)ဖြင့် တရားစွဲဆိုခဲ့သည်။ ထိုသို့စွဲဆိုပြီးနောက်တရားလို တရားခံများအပါအဝင် သက်သေအသီးသီးအားစစ်ဆေးပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရုံးတော်မှ တရားခံညီညီဇော်နှင့်သော်ဇင်တို့အားပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ ဖြင့် ထောင်ဒဏ်ငါးနှစ်ချမှတ်ခဲ့ပြီး တရားခံ ကိုကိုဝင်းနှင့် ကျော်ထွေးတို့အား ပုဒ်မ ၃၂၅/၁၁၄ အရ ထောင်ဒဏ်တစ်နှစ်နှင့် သုံးလချမှတ်ခဲ့ကြောင်း သိရှိရသည်။

"ကျွန်တော့်ညီက ဝိုင်းဝန်းရိုက်နှက်ခဲ့လို့ သေဆုံးသွားတဲ့ဖြစ်စဉ်ကို ခရိုင်တရားရုံးကအပြင်းအထန်ဒဏ်ရာရတဲ့ပုဒ်မနဲ့ပဲအမိန့်ချခဲ့တဲ့အတွက် မကျေနပ်လို့ တိုင်းတရားရုံးကို ထပ်ဆင့်တိုင်ကြားခဲ့ရာခြောက်လကြာခဲ့မှ ပြန်လည်စစ်ဆေးမယ်လို့ စက်တင်ဘာလ၁၄ရက်နေ့က ခေါ်ယူပြီးပြောခဲ့ပါတယ်။အခုလာမယ့် ၂၈ရက်နေ့မှာ စတင်ပြီးတော့ကြားနာမယ်လို့ တိုင်းတရားရုံးက ဥပဒေအရာရှိတစ်ဦးက ကျွန်တော်တို့ကို ခေါ်ယူပြီးပြောခဲ့ပါတယ်။ ပြန်စစ်ဆေးမယ်လို့ သိရတဲ့အတွက် ပထမအဆင့်တော့ ရင်အေးသွားပါပြီ။ ပြန်စစ်ဆေးတဲ့အခါမှာလည်း မျှတမှုရှိတဲ့အမိန့်တစ်ခုကို ပြန်ပြီးတော့ ချမှတ်မလားဆိုတာကို စောင့်ကြည့်သွားရဦးမှာပါ" ဟု သေဆုံးသူ၏အစ်ကိုဖြစ်သူ ဦးမောင်မောင်လွင်က ပြောကြားခဲ့သည်။

ဆက်လက်၍ၿငးက"ကျွန်တော့်ညီက ဆေးရုံရှေ့က ထမင်းဆိုင်မှာ ထမင်းစားနေရင်းနဲ့ တုတ်တွေကိုင်ဆောင်ထားတဲ့လူကိုးယောက်လောက်က ဆိုင်ထဲဝင်လာပြီးတော့ကားသမားတွေအကုန်လုံးကိုရိုက်ကွာလို့ အော်ပြီးတော့ဝင်ရိုက်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ညီက ဘာမှမဆိုင်ဘဲနဲ့ ဝိုင်းရိုက်ခံရလို့ ဆေးရုံရောက်ပြီးနာရီဝက်အကြာမှာပဲ သေဆုံးသွားခဲ့တယ်။ ကျွန်တော်စုံစမ်းတော့ ဝိုင်းရိုက်တဲ့တရားခံတွေနဲ့ တခြားယာဉ်မောင်းတွေက စမ်းချောင်းမြို့နယ်မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ စကားများထားတယ်ဆိုတာကိုသိရပါတယ် "ဟု ပြောကြားခဲ့သည်။

သေဆုံးခဲ့သူ တင်မောင်ဆွေမှာ ဦးခေါင်းဝဲယာစောင်းဦးခေါင်း ထိပ်ပေါက်ပြဲဒဏ်ရာနှင့် ဝဲလက်ဖျံဖူးရောင်၊ ဝမ်းဗိုက်ချက်အောက်ညိုမည်း၊ ယာပုခုံးဝဲယာပါးခါးတို့တွင် ဒဏ်ရာအသီးသီးရရှိ၍ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနရောက်ပြီး နာရီအနည်းငယ်အကြာတွင်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူအများဝိုင်းရိုက်ခဲ့သဖြင့် ယာဉ်မောင်းတစ်ဦးသေဆုံးခဲ့မှုကြောင့် ကိုမောင်မောင်လွင်မှတရားလိုပြု၍ စမ်းချောင်းရဲစခန်း(ပ)၄၆၈/၂၀၁၀ ပြစ်မှု ပုဒ်မ ၃၂၆/၁၁၄ မှ ၃၀၂/၃၂၆/ ၁၁၄ သို့ ပြောင်းလဲအမှုဖွင့်ခဲ့ပြီး အမှုစစ်ဖြစ်သူဒုရဲအုပ်ငွေစိုးက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှုမှ တရားခံ (၁) ဖြစ်သူ တရားခံ ကိုကိုဝင်းနှင့်တရားခံ(၄) ဖြစ်သူတရားခံကျော်ထွေးတို့မှာပြစ်မှုဆိုင်ရာပုဒ်မ ၃၂၅/၁၁၄အရ အပြစ်ရှိကြောင်းတွေ့ရှိရသဖြင့် အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်နှင့်သုံးလကျခံစေသော်လည်းတရားခံများအားအထုတ်ခံရသော ၂၀၁၀ ဒီဇင်ဘာလ ၄ ရက်မှ စ၍ချုပ်ရက်များကို ထောင်ဒဏ်မှ ထုတ်နှုတ်ကျခံစေကြောင်း သိရသည်။

*ဝင်းမြင့်ကျော်၊ အောင်မျိုးသန့်*

*စာမျက်နှာ (၂၉) မှအဆက်*

ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံရမယ်။မန္တလေးကသပိတ်တပ်ပေါင်းစုကဆရာတော်ဦးရေဝတက သူကအတွင်းရေးမှူး။ ထောင်ထဲရောက်ပြီးတော့ နောက်ထောင်က လွတ်လာတော့ပျံလွန်တော်မူသွားတယ်။ သူတို့ဆီကို ကျွန်တော်တို့သတင်းပို့တယ်။ ကျွန်တော်တို့ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တယ်။ NLD နဲ့တွေ့တယ်။ ကျွန်တော်တို့ကသုံးယောက်ပါလာတယ်။ အောင်နိုင်၊ ပြဿနာတက်တဲ့အောင်နိုင်ရယ်။အောင်နိုင်က ၂၁ နှစ်၊ ကျွန်တော်က ၂၅ နှစ်၊ အောင်မြင့်ထွန်းက ၁၉ နှစ်။ တက္ကသိုလ်ကျောင်းသား။ ကျွန်တော်က ဆရာဝန်ဖြစ်နေပြီ။ ဦးနုနဲ့အောင်မြင့်ထွန်းက သွားတွေ့တယ်။ ကျွန်တော်နဲ့ အောင်နိုင်နဲ့ ကဦးတင်ဦးနဲ့တွေ့တယ်။ သုံးယောက်ပေါင်းပြီးတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့တယ်။ တွေ့ပြီးတော့ ဦးအောင်ကြီးနဲ့တော့ ကျွန်တော်တို့မတွေ့လိုက်ရဘူး။ ဦးနုက ၉ ရက်နေ့မှာ တရားဝင်ဝန်ကြီးချုပ်ဖြစ်တယ်လို့ ကြေညာလိုက်တယ်။ တချို့ကတော့ထင်ကြတယ်။ အာဏာလိုချင်လို့လို့ ထင်တာပေါ့။ ၁၀ ရက်နေ့မှာရွေးကောက်ပွဲကျင်းပမယ်ဆိုပြီးတော့ လွှတ်တော်က ကြေညာလိုက်တယ်။ နိုင်ငံရေး Pressure ပေးတယ်။ တကယ်တော့ အဲဒီခေတ်ကကျွန်တော်တို့က သမိုင်းနားမလည်တဲ့ လူငယ်တွေရဲ့အမှားပေါ့။ ဦးနုကြီးက တကယ်အမှန်။ သူက နိုင်ငံရေးကျွမ်းကျင်နားလည်တယ်။ ကျွန်တော်ထင်ပါတယ်။ တခြားသူ တွေလည်းမှားမယ်ဆိုတာ။ ကျွန်တော်တို့က ရေရှည်ပြန်စဉ်းစားတဲ့အခါကျတော့ ဦးနုရဲ့နိုင်ငံရေးကျွမ်းကျင်မှုကို ကျွန်တော်တို့အသိအမှတ်ပြုပါတယ်။ အဲဒီအနေအထားမျိုးဖြစ်တယ်။ ပြီးတော့ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့တယ်။ ပြီးတော့ ၁၂ ရက်နေ့မှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ။ တကယ်က ကျွန်တော်က ကျောင်းပြီးသွားပြီ။ ဒါပေမယ့်ကြားဖြတ်အစိုးရဖွဲ့မယ်။ လက်မှတ်ထိုးရမယ်ဆိုတော့ အဲဒီကျောင်းသားပွဲလည်း ကျွန်တော်တက်တယ်။ ၁၃ ရက်နေ့ကျတော့ကြားဖြတ်အစိုးရဖွဲ့ဖို့အတွက်ဆွေးနွေးတဲ့အတွက်အဲဒီပွဲကိုတက်တယ်။ ဒါပဲ။ အရေးအခင်းပြီးတော့စစ်တပ်က အာဏာသိမ်းတော့ရန်ကုန်မှာပဲကျွန်တော်ရှိတယ်။ အမှန်တကယ်က ဆန္ဒပြခဲ့တာကကျွန်တော့်ရဲ့အဖွဲ့အစည်းက မန္တလေးမှာပဲ။

**မေး။ ။ ဆရာ့အနေနဲ့ ဒီပြန်ရေးရတဲ့ အနေအထားအပေါ်အချိန်အခါသင့်တယ်ဆိုတဲ့ အနေအထားလား။**

**ဖြေ။** ။ဆိုလိုတာက သမိုင်းကို ကျွန်တော်မရေးချင်ဘူး။ ဒါပေမယ့် ကျွန်တော်သိထားတဲ့အချက်အလက်တွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်ကပြောချင်တာ။ အဓိကမြောက်ပိုင်းကိစ္စမှာအားလုံးပြန်လာကြတော့မယ်။ ပြန်လာကြတဲ့အချိန်မှာ သမိုင်းကို ဖျောက်ဖျက်ပြီး ပြန်လာကြတာတော့ ကျွန်တော်ခွင့်မလွှတ်နိုင်ဘူး။ အဓိကအကြောင်းရင်းက သမိုင်းကို ဖျောက်ဖျက်ပြီး ပြန်လာမှာကို။ ဒါပေမယ့် ခုနပြောသလို အလွန်အကျွံတွေဖြစ်၊ တစ်ယောက်နဲ့တစ်ယောက် အပုပ် ချလိုက်၊ သမိုင်းတွေပြန်ဖော်လိုက်၊ စစ်တပ်ကသမိုင်းပြန်ဖော်လိုက်၊ ဒီဘက်သမိုင်းပြန်ဖော်လိုက်။ ဟုတ်တယ်မလား။ ရှေ့ကိုမသွားနိုင်ဘဲ အနာဂတ်မှာ တဝဲလည်လည်ဖြစ်နေမှာစိုးတဲ့အတွက် ကျွန်တော်ဒီအတိုင်းပဲ ဝင်ပြောလို့ရှိရင် ကျွန်တော်မင်းဘယ်လောက်သိတယ်လို့ပြောနိုင်လဲ။ ကျွန်တော်ဘယ် လောက်သိခဲ့တယ်ဆိုတာကို ပြောချင်တာ။ ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခဲ့တာတွေ ဘာတွေဘယ်သူမှသိခဲ့တာမဟုတ်ဘူး။ ကျွန်တော်တို့ကသမိုင်းကို သိခဲ့တယ်ဆိုတာကို ပြောချင်တာ။

**မေး။ ။ယုံကြည်မှုပေါ့။ Eleven Media Group ရဲ့ CEO တစ်ယောက်ပြောတဲ့စကားနဲ့တခြားပြောတဲ့ သူရဲ့အနေအထားနဲ့အဲဒါမျိုးရှိပါတယ်။ ပြီးတော့ဒါကိုသိထား၊ ပြုထားတယ်ဆိုတဲ့အကြောင်းအရာလည်းပါတာပေါ့ ဆရာ။**

**ဖြေ။** ။အဓိကကတော့ ကျွန်တော်ပြောမယ်။ ဗမာပြည်မှာသတင်းမီဒီယာကြီးတစ်ခုကတာဝန်ရှိတဲ့သူတစ်ယောက်က သမိုင်းကို သိတယ်။ ဒါပေမယ့် ဒီသမိုင်းကို ဖော်ထုတ်သင့်၊ မဖော်ထုတ်သင့်ဆိုတာ ကျွန်တော်ကအချိန်အခါကိုယူပြီးတော့ စဉ်းစားဆင်ခြင်ဉာဏ်ရှိတယ်ဆိုတာကို ကျွန်တော်ပြောချင်တာပါ။ လိုအပ်တဲ့အချိန်မှာ ကျွန်တော်ပြောသင့်ပြောထိုက်တာကို ပြောမယ်။ မလိုအပ်တဲ့အချိန်မှာ ဒီလိုတိုင်းပြည်ရှေ့ဆက်ရမယ့်ခရီးမှာနောက်ပြန်သွားမယ့်ဟာတွေ ကျွန်တော်မပြောချင်ဘူး။ အဲဒါကို ကျွန်တော်ပြောချင်တာ။ ဒါပေမယ့် ဒီသမိုင်းတွေကို မေ့ပြီးတော့ ဒီမှာပြန်လာပြီးတော့ သူတော်ကောင်းလုပ်လို့တော့ မရဘူး။ အမှားကိုဝန်ခံရမယ်။ အမှားလုပ်တဲ့သူတွေဟာ အမှားကိုဝန်ခံရမယ်။ ရှိတဲ့အမှားကို ပြင်ဆင်ရမယ်။ အမှားလုပ်ခဲ့တဲ့သူတွေကအမှားကို ဝန်မခံဘဲနဲ့နေရာဝင်ယူလို့မရဘူး။ အဲဒါကို ကျွန်တော်ပြောချင်တာ။

**မေး။ ။အဲဒါဆို လတ်တလောအနေအထားအရ လူငယ်တော်တော်များများကတိတိကျကျမသိတဲ့ လူငယ်တွေလည်းရှိတယ်။ တချို့ကျတော့လည်းသိထားတဲ့ အရာတွေကျတော့ ဘာခေါ်မလဲ။ စာအုပ်အနီကြီးပေါ့။ ဒီပြန်ကြားရေးကထုတ်တဲ့စာအုပ်တွေဖတ်ပြီးတော့ သိတဲ့သူတွေလည်းရှိတယ်။ တချို့ကျတော့လည်း တကယ့်ကိုယ်တွေ့သိတဲ့လူရှိတယ်။ တချို့ကျတော့လည်း တကယ့်အရင်းခံတဲ့သူတွေဆီကလည်း သိတဲ့အကြောင်းအရာတွေရှိတယ်။ ဒါပေမယ့် ဒီမှာကျတော့သိရမယ့်အကြောင်းအရာက ၂ ချက်ပဲရှိတယ်ဆရာ။ တချို့ရဲ့လွဲမှားမှုရယ်၊ နောက်တချို့ဖတ်ရတဲ့စာအုပ်ကြီးနဲ့ အမှားရှိနိုင်တယ်။ တချို့ကျတော့လုံးလုံးလျားလျားမသိဘဲနဲ့ ဒီနေ့ဒီအချိန်အခါမှာ မိုးသီးဇွန်ပြန်လာပြီ။ ပြန်လာပြီဆိုတော့ အင်တာဗျူးကြတဲ့အနေအထားရှိတယ်။ အဲတော့ ဆရာ့အနေနဲ့ဖြစ်သင့်ဖြစ်ထိုက်တဲ့အကြောင်းအရာတစ်ခု မီဒီယာသမားတစ်ယောက်အနေနဲ့ရော၊ သမိုင်းသိတဲ့သူတစ်ယောက်အနေနဲ့ရော ဘယ်လိုဖြစ်ထိုက်တယ်ဆိုတဲ့ အကြောင်းအရာလေးကို ပြောစေချင်တယ် ဆရာ။**

**ဖြေ။** ။ အဓိကကတော့ ကျွန်တော့်ထက်သိတဲ့သူတွေအများကြီးရှိပါတယ်။ သမိုင်းပညာရှင်တွေလည်း ရှိပါတယ်။ ဒီဟာကိုမီခဲ့တဲ့သူတွေလည်းရှိပါတယ်။ အဲတော့ အကောင်းဆုံးကတော့သမိုင်းကိုပြန်ရေးကြပါ။ သမိုင်းကိုသမိုင်းလိုပဲရေးပါ။ ကျွန်တော်တို့က အပြစ်ပေးဖို့ရေးမှာမဟုတ်ဘူး။ အခုလူငယ်တွေဟာ အမှားတွေနဲ့ ယဉ်ခဲ့တော့ခုနပြောတဲ့ ဗိုလ်ချုပ်ခင်ညွန့်ရေးခဲ့တဲ့ဟာတွေနဲ့။ အဲဒါတွေက တလွဲတွေဖြစ်နေတယ်။ အဲဒါတွေကသမိုင်းတွေမဟုတ်ဘူး။ အဖြစ်မှန်တွေမဟုတ်ဘူး။ ဗကပတွေ လှုံ့ဆော်လို့ဆိုတာ မဟုတ်ဘူး။ ဒါပေမယ့် သမိုင်းအဖြစ်မှန်က ဗကပတွေဟာ အဲဒါကို ပြုခဲ့တာမှန်တယ်။ ဒါပေမယ့် လှုံ့ဆော်တာမဟုတ်ဘူး။ မှန်မှန်ကန်ကန်နဲ့ သက်ရှိထင်ရှားရှိတဲ့သူတွေနဲ့၊ တကယ်လုပ်နေတဲ့သူတွေအများကြီးရှိတယ်။ ကျွန်တော်ထင်တယ်။ ၆၂ ကစပြီး သမိုင်းကို အမှန်ရေးထားကြသူတွေ၊ ၆၂ ကနေ ၈၈ အထိ သမိုင်းအမှန်ကို ရေးဖို့လိုတယ်။ ဒီ ၈၈ နောက်ပိုင်း သမိုင်းကိုထပ်ပြုစုဖို့လိုတယ်။ အဲဒါတွေအားလုံးက ကျွန်တော်တို့သိထားတာတွေအများကြီး။ ကျွန်တော်နိုင်ငံရေးဘက်ကို လုံးဝမလုပ်တော့တဲ့အချိန်၊ စီးပွားရေး ဘက်ကိုလုံးပန်းနေတဲ့အချိန်မှာသမိုင်းကို ကျွန်တော်ပြတ်သွားတယ်။ အခုနောက်ပိုင်းတော့ မီဒီယာကိုလုပ်ပြီးတဲ့နောက်ပိုင်းနဲ့ မီဒီယာရှေ့ပိုင်းမှာတော့ သမိုင်းကို တတ်နိုင်သရွေ့တော့ ကျွန်တော်တို့ ပြောနိုင်တယ်။ ဒီထက်ကျွန်တော့်ထက်ပြောနိုင်တဲ့သူတွေလည်းအများကြီးရှိတယ်။ ဒါပေမယ့် မျှမျှတတလည်းဖြစ်ရမယ်။ ကျွန်တော်တို့သွားနေတဲ့ခရီးကိုလည်း အနှောင့်အယှက်မဖြစ်စေရဘူး။ ကျွန်တော်တို့ကအမျိုးသားပြန်လည်သင့်မြတ်ရေး အခုမှ ပြန်တည်ဆောက်တုန်းပဲရှိသေးတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း မထိခိုက်စေရဘူး။ ဒီလိုနည်းနဲ့ပဲ မီဒီယာတွေက သွားသင့်တယ်။ သမိုင်းပြုစုတဲ့သူတွေ ဒီလိုနည်းနဲ့ပဲ သွားသင့်တယ်။

**မေး။ ။ဆရာ့အနေနဲ့ ဒီသမိုင်းတွေထဲမှာ ခုနကပြောတဲ့ ဦးနုရဲ့နိုင်ငံရေးအကွက်မြင်တယ်ဆိုတဲ့အကြောင်းအရာမျိုး၊ ဒီအရွယ်မှာ ရင့်ကျက်မှုနဲ့တွေးသင့်နေပြီဆိုတာလိုမျိုးတွေလိုမျိုး အခြားအကြောင်းအရာတွေကိုများ ဒီနေ့အင်တာဗျူးမှာ ပြောချင်တာရှိပါသလား ဆရာ။**

**ဖြေ။** ။ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့လည်းကိုယ့်ဟာကိုယ်မှန်တယ်လို့ ထင်ကြတာပါပဲ။ အခုလောလောဆယ်နိုင်ငံရေးမှာ ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်တွေလည်းကိုယ့်ဟာကိုယ်မှန်တယ်ထင်ကြတာပဲ။ ဒါပေမယ့် ကိုယ့်ဟာကိုယ်ပြန်ကြည့်လိုက်ရင်တော့ ဘယ်သူမဆို သမ္မတကြီးပဲဖြစ်ဖြစ်၊ ဒေါ်အောင်ဆန်းစုကြည်ပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ပဲဖြစ်ဖြစ်၊ ၈၈ ကိုမင်းကိုနိုင်တို့ပဲဖြစ်ဖြစ် ကျွန်တော်တို့တိုင်းပြည်ဟာ မရွေ့သေးဘူးဆိုတာကို အားလုံးကဝန်ခံရမှာပါ။ အဲဒါကိုတော့ အားလုံးဝန်ခံရမှာပါ။ ကျွန်တော်တို့တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘူး။ ကျွန်တော်တို့တိုင်းပြည်ဟာ နိမ့်ကျနေသေးတယ်ဆိုရင် ကျွန်တော်တို့ရောခင်ဗျားတို့ရော၊ ခေါင်းဆောင်တွေရော ညံ့လို့ဆိုတာကို ဝန်ခံရလိမ့်မယ်။ ကျွန်တော်တို့ညံ့ခဲ့လို့ ကျွန်တော်တို့သမိုင်းတွေညံ့ခဲ့ကြရတယ်။ ကျွန်တော်တို့သမိုင်းညံ့ခဲ့လို့ ကျွန်တော်တို့နိုင်ငံမတိုးတက်ခဲ့ရဘူး။ ဒါကိုတော့ ကြီးကြီးငယ်ငယ်အားလုံးမှာ တာဝန်ရှိပါတယ်။ ဘယ်နေရာမှာ ကိုယ်မှားခဲ့သလဲ၊ ဘယ်နေရာမှာ ကိုယ့်အတ္တကို ကိုယ်ရှေ့တန်းတင်မိခဲ့သလဲဆိုတာကို ကိုယ့်ဟာကိုမြင်ဖို့လိုတယ်။ တကယ်တော့အားလုံးမှားခဲ့ကြပါတယ်။အားလုံးမှာအမှားအနည်းနဲ့အများရှိခဲ့ကြပါတယ်။ဘယ်လောက်စွန့်လွှတ်ခဲ့တာကိုမပြောဘူး။ တော်ခဲ့တာတွေမပြောဘူး။ ကျူးလွန်ခဲ့တာတွေမပြောဘူး။ ကိုယ်ရည်တွေကိုယ်မသွေးကြဘူး။ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်မယ်ဆိုရင်ကျွန်တော်တို့အားလုံးမှာတာဝန်အနည်းနဲ့အများရှိနေတယ်။

ကျွန်တော်တို့တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘူး။ ကျွန်တော်တို့တိုင်းပြည်ဟာ နိမ့်ကျနေသေးတယ်ဆိုရင် ကျွန်တော်တို့ ရောခင်ဗျားတို့ရော၊ ခေါင်းဆောင်တွေရော ညံ့လို့ဆိုတာကို ဝန်ခံရလိမ့်မယ်။ ကျွန်တော်တို့ညံ့ခဲ့လို့ ကျွန်တော်တို့သမိုင်းတွေညံ့ခဲ့ကြရတယ်။ ကျွန်တော်တို့သမိုင်းညံ့ခဲ့လို့ ကျွန်တော်တို့နိုင်ငံမတိုးတက်ခဲ့ရဘူး။ ဒါကိုတော့ ကြီးကြီးငယ်ငယ် အားလုံးမှာတာဝန်ရှိပါတယ် …

# ပဉ္စမ်တပ်သား/သူ့လူကိုယ့်ဘက်သား

ဇော်ဇော်အောင်

**အရေးကိစ္စတစ်ခုမှာ တစ်ဖက်ကနေတယ်၊ ဟန်ဆောင်ပြီး ဆန့်ကျင်ဘက်ကို အားပေးတဲ့သူဆိုတဲ့ အဓိပ္ပာယ်နဲ့လည်း သုံးလာတယ်။ ကျွန်တော်တို့ အခုအခြေအနေနဲ့ပြောရမယ်ဆိုရင်. . . ဒီမိုကရေစီကို လိုလားဟန်ဆောင်ပြီး ဒီမိုကရေစီ စကားများများပြောပြီး၊ တိတ်တဆိတ်ကျိတ်ပြီး ဒီမိုကရေစီ ပျက်စီးရာပျက်စီးကြောင်းလုပ်တဲ့ သူတွေဟာ . . . ပဉ္စမ်တပ်သား Fifth Columnist တွေပဲ ဖြစ်ပါတယ်. . .**

ပဉ္စမ်တပ်သား။အရေးကိစ္စတစ်ခုကို အများအကျိုးအတွက် အများစုပေါင်းဆောင်ရွက်ကြရာမှာ သူ့လူကိုယ့်ဘက်သားလုပ်ပြီး ဝင်ရောက်ဖျက်ဆီးတဲ့လူကိုခေါ်တယ်။ သူ့လူကိုယ့်ဘက်သားဆိုတဲ့ စကားကသဘောမိတယ်။ လူကတော့သူ့လူပဲ၊ ဒါပေမယ့် ကိုယ့်ဘက်မှာနေတယ်။ ကိုယ့်လူဟန်ဆောင်ပေးတယ်။ ပြီးတော့ မသိအောင်ကပျက်ယဖျက်လုပ်တယ်။ အနှောင့် အယှက်ပေးတယ်။ နောက်ဆုံးလုပ်ငန်းကြီးတစ်ခုလုံးကို လုပ်မရအောင် ဖျက်ဆီးတယ်။ ဒီလိုလူတွေဟာ ပရိယာယ်ကြွယ်တယ်။ ပါးနပ်တယ်။ လူရည်လယ်တယ် ခေါ်ရမှာပေါ့။ သူတို့ဟာ ရန်သူဘက်က (ဝါ) တစ်ဖက်ကဖြစ်တယ်ဆိုတာ မရိပ်မိအောင် မသိအောင်နေတယ်။ အနေအထိုင် သိပ်သည်းတယ်။စကားကြွယ်တယ်။တစ်ဖက်ကိုဘယ်လောက်မုန်းတီးဆန့်ကျင်ကြောင်း (အမှန်တော့ အဲ့ဒီတစ်ဖက်ဟာသူ့ဘက်) ဒီဘက်ကို ဘယ်လောက်လေးစားချစ်ခင်ကြောင်း (အမှန်တော့ ဒီဘက်ဆိုတာသူနဲ့ ဆန့်ကျင်ဘက်)တွေကို အာဘောင်အာရင်းသန်သန်ပြောတတ်တယ်။ အဲဒီလိုလူမျိုးတွေဟာမျက်နှာချင်းဆိုင် တိုက်ခိုက်နေရတဲ့ ရန်သူထက် ပိုကြောက်စရာကောင်းတယ်။ အဲ့ဒီ သူ့လူကိုယ့်ဘက်သား ပဉ္စမ်တပ်သားဆိုတာ အလွန်အန္တရာယ်ကြီးပါတယ်။ ပဉ္စမ်တပ်သားဆိုတဲ့ စကားကို ဘယ်သူစတင်ပြန်ဆိုသုံးစွဲခဲ့သလဲမသိပါ။ စိတ်အထင်တော့ ဟိုတုန်းက သတင်းစာ ဆရာကြီးတစ်ယောက်ယောက်၊ ဂျာနယ်လစ်ကြီးတစ်ယောက်ယောက် ဖြစ်လိမ့်မယ်ထင်ပါတယ်။ လေးစားဖို့ ကျေးဇူးတင်ဖို့ကောင်းပါတယ်။ နိုင်ငံကြီးတွေမှာတော့ အရေးပါတဲ့ စကားလုံးအသစ်တစ်လုံးထွက်ပေါ်လာတယ်ဆိုရင် ဘယ်တုန်းကဘယ်သူကစသုံးခဲ့တယ်ဆိုတာ အဘိဓာန်ကြီးတွေမှာ မှတ်တမ်း တင်ထားတတ်ကြတယ်။ ကျောင်းသုံး အဘိဓာန်မျိုးမှာတော့ မပာတ်ဘူးပေါ့။ OEDလို အဘိဓာန်ကြီးတွေမှာ တွေ့ရတတ်တယ်။ ကျွန်တော်တို့ဆီမှာလည်း တစ်နေ့တော့ဖြစ်လာမှာပေါ့။

ဒီစကားလုံး ဖြစ်ပေါ်လာပုံ အကျဉ်းလောက်ပြောရရင် . . . ၁၉၃၆ ခုနှစ် ဝန်းကျင်လောက်မှာဖြစ်တဲ့ စပိန်နိုင်ငံ ပြည်တွင်းစစ်အဖြစ်ပျက်က စပြောရမယ်။ နောင်အခါ အာဏာရှင်အဖြစ်ကျော်ကြားလာတဲ့ ဖရန်ကို Franciso Franco နဲ့စပိန်ဘုရင့်နိုင်ငံတော်နဲ့ ပဋိပက္ခဖြစ်ကြတယ်။ ဖရန်ကိုရဲ့ အမျိုးသားရေးဝါဒီတပ်တွေကိုဦးစီးတဲ့ စစ်သူကြီး Mola မိုလာဆိုတာရှိတယ်။ ဒီစကားလုံးက စစ်သူကြီး မိုလာစတင်သုံးစွဲခဲ့တဲ့ စကားလုံးဖြစ်တယ်။ စပိန်နေပြည်တော် မဒရစ် Madrid ကို စစ်သူကြီးမိုလာက ဝိုင်းရံပိတ်ဆို့တိုက်ခိုက်တယ်။ စစ်ကြောင်းကြီးလေးကြောင်းနဲ့ဝိုင်းရံတိုက်ခိုက်တယ်။ အပြင်မှာ စစ်ကြောင်းကြီးလေးကြောင်းဝိုင်းထားသလို၊ အထဲမှာလည်း"ပဉ္စမမြောက်စစ်ကြောင်းကြီးFifth Column ရှိနေတယ်လို့ မိုလာကဆိုတယ်။ စစ်ကြောင်းကြီးဆိုတာ Column လို့ခေါ်တယ်။ ရန်သူ့မြို့တော်အတွင်းမှာပဲ စစ်ကြောင်းကြီး တစ်ခုလောက်များပြားတဲ့ သူလျှိုတွေ ဒလန်တွေ မြှုပ်နှံထားတယ်လို့ ဆိုလိုတာဖြစ်တယ်။ နောက်ပိုင်းမှာတော့ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို သစ္စာဖောက်ပြီး ရန်သူကို အားပေး အားမြှောက်လုပ်သူလို့လည်း အဓိပ္ပာယ်တွင်လာတယ်။ အရေးကိစ္စ တစ်ခုမှာ တစ်ဖက်ကနေတယ်၊ ဟန်ဆောင်ပြီး ဆန့်ကျင်ဘက်ကို အားပေးတဲ့သူဆိုတဲ့ အဓိပ္ပာယ်နဲ့လည်း သုံးလာတယ်။ ကျွန်တော်တို့အခုအခြေအနေနဲ့ပြောရမယ်ဆိုရင် . . . ဒီမိုကရေစီကိုလိုလား ဟန်ဆောင်ပြီး၊ ဒီမိုကရေစီ စကားများများပြောပြီး၊တိတ်တဆိတ်ကျိတ်ပြီး ဒီမိုကရေစီပျက်စီးရာပျက်စီးကြောင်းလုပ်တဲ့သူတွေဟာ . . . ပဉ္စမ်တပ်သား Fifth Columnist တွေပဲဖြစ်ပါတယ်။ရင်ဆိုင်တွေ့နေရတဲ့ ရန်သူထက်ပိုကြောက်စရာကောင်းပါတယ်။ နောက်ကျောကို ဓားနဲ့ထိုးတယ်ဆိုတဲ့စကားရှိတယ်။ ပဉ္စမ်တပ်သားတွေက နောက်ကျောလည်းဓားနဲ့ထိုးတယ်၊တွေ့ရာကြုံရာနေရာမရွေး လစ်ရင် လစ်သလို ဓားနဲ့ထိုးမယ့်လူတွေဖြစ်တယ်။သိပ်သတိထားရပါမယ်။ အထူးသဖြင့် နိုင်ငံရေးမှာ လှုပ်ရှားမှုပြင်းထန်လာတဲ့ အချိန်တိုင်း ရှုပ်ထွေးတဲ့အခြေအနေကို အခွင့်ကောင်းယူပြီး ပဉ္စမ်တွေ လှုပ်ရှားတတ်ကြတယ်။

သိပ်မကြာသေးခင်ကပဲဆောင်းပါး တစ်စောင် ဖတ်လိုက်ရတယ်။ ၂၂-၈-၂၀၁၂ နေ့ထုတ် Newday Newsသတင်းဂျာနယ်မှာဖြစ်ပါတယ်။ ဆောင်းပါးရှင် ထွန်းဇော်ဌေးရဲ့ 'မဖွဲ့မစောင်းကိုယ့်လမ်းကြောင်းမှာ' ဆိုတဲ့ ဆောင်းပါးဖြစ်ပါတယ်။ အခုကျွန်တော်ပြောနေတဲ့ ပဉ္စမ်တပ်သား အန္တရာယ်နဲ့သက်ဆိုင် နေပါတယ်။ ဆောင်းပါးရှင်ဟာနိုင်ငံရေးအတွေ့အကြုံရှိတဲ့ သူတစ်ယောက်ပါပဲ။ ကွယ်လွန်သူ ဒဿနိကပါမောက္ခ ဦးသိန်းဇံ (ဆရာ နန္ဒာသိန်းဇံ)ရဲ့ တပည့်ရင်းတစ်ယောက်လို့သိရတယ်။ ၈၈လှုပ်ရှားမှုကြီးအတွင်းကသူ့ဆရာ နန္ဒာသိန်းဇံက သူ့ကိုခေါ်ပြီး စာရွက်တစ်ရွက်ပေးတယ်၊ အရစ္စတိုတယ် Aristotle ရဲ့ကျမ်းစာထဲက ကောက်နုတ် စာသားတစ်ပုဒ်ဖြစ်တယ်။ သူ့တပည့်ရင်း(ဆောင်းပါးရှင်ထွန်းဇော်ဌေး) ကို ဒီစာရွက်ပေးလိုက်ခြင်းဟာ လတ်တလောဖြစ်ပွားနေတဲ့ လှုပ်ရှားမှုမှာ ပညာရှင်တစ်ယောက်အနေနဲ့ ထည့်ဝင်သည်ပိုးအကျိုးပြု contribute လုပ်လိုက်တာပါပဲ။အဲဒီကောက်နုတ်ချက်စာရွက်မှာ ရေးထားတာက "လူထုအုံကြွမှု တစ်ခုပေါ်ပေါက်လာပြီဆိုရင်တစ်ဖက်ကလူတွေဟာအာရုံပြောင်းသွားအောင် မဟုတ်မမှန်လုပ်ကြံသတင်းတွေ ဖြန့်တယ်၊ ပမာအားဖြင့် ရေတွင်းရေကန်တွေမှာ အဆိပ်ခတ်ထားတယ်၊ ဘယ်နေရာမှာ ဆူပူမှုတွေ၊ လုယက်မှုတွေ ဖြစ်နေတယ်။ လူထု အကာအကွယ်မဲ့ပြီး အချိန်မရွေး ဒုက္ခရောက်သွားမယ်၊ လုံခြုံမှုတွေ မရှိတော့ဖူးစသည်ဖြင့် ဝါဒဖြန့်တယ်။ နေရာအနှံ့အပြားမှာ ပြဿနာတွေ အခက်အခဲတွေ မဖြစ်ဖြစ်အောင် ဖန်တီးတတ်ကြတယ်၊ ဘယ်နေရာမှာဖြင့် လူတွေခေါင်းဖြတ် သတ်နေကြပြီ၊ မကြုံဘူးအောင် ရက်စက်နေကြပြီစသည်ဖြင့်လည်းကြောက်အောင် ခြောက်တတ်ကြတယ်။ အုပ်စိုးသူတွေဟာ ပြည်သူလူထုရဲ့ အုံကြွမှု အကြောင်းရင်းတွေကို ဖြေရှင်းမပေးနိုင်တဲ့အတွက် လူထုကို အာရုံပြောင်းလမ်းကြောင်း လွှဲပေးတာမျိုးပဲဖြစ်တယ်။ ဒါတွေဟာ တစ်ဖက်က လူတွေရဲ့ ပဉ္စမ်နည်းလမ်းတွေ ဖြစ်ပါတယ်။ ဆရာ နန္ဒာသိန်းဇံ (ကျွန်တော်တို့ကတော့ ဇံကြီးလို့ခေါ်တယ်) ရဲ့ တာဝန်ကျေမှု တစ်ခုဖြစ်တယ်လို့ ထင်ပါတယ်။

အတွေ့အကြုံအရပြောရရင် ဆိုကြပါစို့၊ စီတန်းလှည့်လည် ဆန္ဒပြပွဲဆိုပါတော့။ အေးအေးချမ်းချမ်း စနစ်တကျ တန်းစီချီတက်ကြတယ်၊ ကြွေးကြော်သံ ကပ်ပြားတွေထောင်ပြီး ကိုင်လာကြတယ်၊ ကြွေးကြော်သံတွေ အတိုင်အဖောက် ကြွေးကြော်လာကြတယ်။ စုရပ်တစ်နေရာရောက်တဲ့အခါ စကားပြောမယ်၊ အဆိုတင်သွင်းမယ်၊ ထောက်ခံမယ်၊ ဆုံးဖြတ်ချက်ချမယ်၊ ပြီးရင် ကြွေးကြော်သံတွေနဲ့ ရုပ်သိမ်းလူစုခွဲမယ်။ ဒါဟာ ဖြစ်ရိုးဖြစ်စဉ် လုပ်ရိုးလုပ်စဉ် ချီတက်ပွဲ၊ ဆန္ဒပြပွဲပါပဲ။ အဲဒီမှာ တန်းစီသူတွေနဲ့အတူ လိုက်ပါလာတဲ့ သူ့လူကိုယ့်ဘက်သား ပဉ္စမ်တွေက မဖွယ်မရာအော်ဟစ်တာတို့၊ ဘေးက ရပ်ကြည့်နေတဲ့ လူတွေကိုမဖွယ်မရာလုပ်ပြတာတို့၊ ရန်ဖြစ်တာတို့၊ ဘေးမှာ ရပ်ထားတဲ့ မော်တော်ကား၊ လမ်းဘေးဈေးဆိုင်ကလေးတွေကို ကန်ကျောက်တာ၊ အုတ်ခဲနဲ့ထုတာ၊ ဖျက်ဆီးတာ၊နောက်ဆုံးအဆင့်ဈေးဆိုင်တွေကို ဝင်လုယက်တာတွေလုပ်တတ်ကြတယ်။ဆန္ဒပြပွဲစီတန်းလှည့်လည်ပွဲကို သရုပ်ပျက်အောင်လုပ်တာပဲ။ ရှင်းရှင်းလေးပဲ၊ အဲဒီလိုလုပ်တဲ့သူတွေဟာ များသောအားဖြင့် အခကြေးငွေပေးပြီး ခေါ်ထားတဲ့ . . . ကလေကချေ၊ အခြေမဲ့အနေမဲ့လူတွေဖြစ်တတ်ကြတယ်၊ မာ့စ်ဝါဒရဲ့ ဖခင်ကြီး ကားလ်မာ့စ် Karl Marx က . . . ဒီလိုလူမျိုးတွေကို Lumpen လူတန်းစားလို့ခေါ်တယ်၊လူ့လောကကို ဘာမှကောင်းကျိုးမပေး၊ ဖျက်ဆီးတတ်တဲ့ ကလေကချေ လူတန်းစားတွေဖြစ်တယ်၊ မာ့စ်ကတော့ လူ့လောကရဲ့အမှိုက်တွေလို့တောင်ခေါ်ခဲ့တယ်၊ တော်လှန်ရေးကို ဖျက်ဆီးမယ့်လူတွေလို့ သတ်မှတ်ခဲ့ဖူးတယ်။ ကျွန်တော်တို့ ဒီမိုကရေစီရေး လှုပ်ရှားမှုတွေမှာလည်း ဒီလို ပဉ္စမ်တပ်သားတွေ ရှိနိုင်တယ်။ ရှိနေတယ်၊ ဒီမိုကရေစီ လှုပ်ရှားမှုတွေကို အခုပြောခဲ့သလို အတွင်းကဝင်ပြီး သရုပ်ပျက်အောင် လုပ်တော့ တစ်ဖက်ကအကွက်ဝင် သွားတယ်။ ဘာအကွက်လည်းဆိုရင် . . . မင်းတို့ ဆန္ဒပြပွဲတွေဟာ စည်းမရှိ ကမ်းမရှိ ပရမ်းပတာတွေ၊ လူအများအနှောင့်အယှက်ဖြစ်တယ်၊စည်းကမ်းထိန်းသိမ်းရမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဆန္ဒပြချင်ရင်လျှောက်လွှာတင်ခွင့်ပြုမိန့်တောင်းရမယ်၊ လူဘယ်နှယောက်ပါမယ်၊ ဘာတွေပြောမယ်၊ ကြွေးကြော်သံတွေ ရေးတင်ရမယ်၊ စီတန်းလှည့်လည်ရင်လည်း ဘယ်လမ်းက သွားမယ်၊ ဘယ်မှာဆုံးမယ်စသည်ဖြင့် အသေးစိတ်စည်းကမ်းတွေထုတ်လာတယ်၊ ချုပ်ချယ်လာတယ်။ ပညာသားပါပါနဲ့နှိပ်ကွပ်ပိတ်ဆို့ လာတတ်တယ်၊ တကယ်တော့ လူတိုင်းလူတိုင်းလွတ်လွတ်လပ်လပ် ငြိမ်းချမ်းစွာစုဝေးခွင့်ရှိတယ်။ (အပိုဒ်၂၀၊အပိုဒ်ခွဲ၁) လူတိုင်း လူတိုင်းဟာ မိမိဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့်ရှိတယ်။

*စာမျက်နှာ (၃၃) သို့*




"ထူးချွန်ဂုဏ်ထူးရှင်များ (တက္ကသိုလ်ဝင်တန်း - ၂၀၁၂) အတွက် မိဘများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"

အစဉ်အမြဲ သည် ဆောင်ပွဲခံသည်

ဘာသာစုံ ALL D

(၆) ဘာသာ ဂုဏ်ထူးရှင်များ

(၅) ဘာသာ ဂုဏ်ထူးရှင်များ

(၄) ဘာသာ ဂုဏ်ထူးရှင်များ

(၃) ဘာသာ ဂုဏ်ထူးရှင်များ

(၂) ဘာသာ ဂုဏ်ထူးရှင်များ




ပညာရေးဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ရ

ညည်သန်းနိုင် တည်ထောင်သည့်

ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်တသင်ဝိုင်းများ နှင့် ဘော်ဒါ

၁၀ တန်း (တက္ကသိုလ်ဝင်တန်း)၊ ၉ တန်း၊ ၈ တန်း၊ ၇ တန်း၊ ၆ တန်း၊ ၅ တန်း (ဘာသာစုံ)

ကျောင်းအပ် လက်ခံပါပြီ [နေရာသေချာရန် ကြိုအပ်ဖို့ လိုအပ်ပါသည်]

## မန္တလေးမြို့၌ အိန္ဒိယ-မြန်မာပူးပေါင်း၍ အိုင်တီနည်းပညာ တက္ကသိုလ်ကျောင်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံပူးပေါင်း၍ အိုင်တီနည်းပညာတက္ကသိုလ်ကျောင်းတစ်ကျောင်းကိုမန္တလေးမြို့တွင်ဖွင့်လှစ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောင်းဖွင့်လှစ်ရန်အတွက် နှစ်နိုင်ငံအစိုးရသဘောတူလက်မှတ်ရေးထိုးထားပြီးမြန်မာနိုင်ငံမှမြေနေရာနှင့် အဆောက်အအုံအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးရမည်ဖြစ်ကာ အိန္ဒိယနိုင်ငံမှ ကျောင်းတွင်းလိုအပ်သော နည်းပညာပစ္စည်းများ၊သင်ထောက်ကူပစ္စည်းများနှင့် ဆရာ၊ဆရာမများကိုပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းကျောင်းဆောက်လုပ်ရန် မြေဧက ၂၀ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ယခုနောက်ဆုံးလျာထားသောနေရာမှာ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊၇၃လမ်းနှင့် ၄ ရွှေဝါလမ်းမင်္ဂလာမန္တလေးမြို့သစ်စီမံကိန်းအနီးနေရာဖြစ်ကြောင်း၊ တည်ဆောက်ပြီးပါက IT Institute အဖြစ်ဖွင့်လှစ်သွားမည်ဖြစ်ပြီးအိန္ဒိယနိုင်ငံမှပထမစာသင်နှစ်တွင်သင်ကြားရေး ဆရာ၊ဆရာမရာနှုန်းပြည့်လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ (၃၂) မှ အဆက်*

(အပိုဒ် ၁၉)လို့ ကုလသမဂ္ဂလူ့အခွင့်အရေးကြေငြာစာတမ်းမှာပါပြီးဖြစ်ပါတယ်။

ပိုဆိုးတာက ပိုအန္တရာယ်ကြီးတာက ဒီလိုရှိပါတယ်။ ဆိုကြပါစို့။ စကာပမာပြောတယ်လို့ပဲသဘောထားပါ။ ကျွန်တော်တို့ ဒီမိုကရေစီဘက်တော်သား၊ ဒီမိုကရေစီအင်အားစုတွေထဲမှာ အတွေ့အကြုံများတဲ့သူတွေ ရှိတယ်။ နိုင်ငံရေးမှာ ၁၊သမ္မာ၂၊ဝါ ကြီးတဲ့သူတွေရင့်ကျက်သူတွေရှိတတ်ကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာဒီမိုကရေစီအကြောင်း ကောင်းကောင်း ပြောတတ်တယ်။ များများပြောကြတယ်။ ကျယ်ကျယ်လောင်လောင်ပြောတတ်ကြတယ်။ အဟောအပြောမှာ ရှေ့တန်းရောက်တယ်။ တကယ့်အရေးကြုံလာရင်၊ ကျဉ်းထဲကျပ်ထဲ ကျလာရင် သူတို့ မရှိတော့ဘူး။ အခြေအနေကောင်းရင် ပြန်ပေါ်လာပြီး ဒီမိုကရေစီအတွက် ဘယ်လိုလုပ်မယ် ဘယ်လိုကိုင်မယ် မိုးတစ်လုံး လေတစ်လုံးပြောကြပြန်ရော။ အဲဒီလို လူတွေကပိုအန္တရာယ်ကြီးတယ်။ ဒီမိုကရေစီအဝန်းအဝိုင်းထဲမှာနေပြီး သိမ်သိမ်မွေ့မွေ့ပါးပါးနပ်နပ်နဲ့ ကိုယ့်လမ်းကြောင်းမသွေဖည်သွားအောင်လုပ်တတ်ကြတယ်။ သမ္မာကလည်းရင့်နေပြီ၊ဝါကလည်းကြီးလှပြီ။ အဟောကောင်း အပြောကောင်း(မကောင်းလည်း စကားတွေအများကြီးပြောတတ်)တဲ့ သူတွေဖြစ်တဲ့အတွက် ရိုးသားတဲ့ ဒီမိုကရေစီဘက်သားတွေနားယောင်သွားတတ်ကြတယ်။လမ်းကြောင်းမှားအောင်ပါးပါးကလေးလုပ်တတ်ကြတယ်။ဒီလိုပုဂ္ဂိုလ်တွေလည်းပဋ္ဌမ်တွေပဲ။ပိုတတ်တော့၊ပိုကျွမ်းကျင်တော့၊ပိုကောက်ကျစ်တော့ ကိုယ့်ဘက်မှာ အထိနာတယ်ဆိုတာ သတိပြုမိဖို့ လွန်စွာအရေးကြီးပါကြောင်း ။ ။

## မိုးထိမိုးမိရွှေလုပ်သားများဆန္ဒပြတောင်းဆိုသည့်အချက်(၆)ချက်ကို သဘောတူစာချုပ်ချုပ်ဆိုထားရှိမှုနှင့်ပတ်သက်၍ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ မီဒီယာများအား တွေ့ဆုံရှင်းလင်း

ရမည်းသင်းခရိုင် မိုးထိမိုးမိဒေသ ရွှေလုပ်ငန်းခွင်တစ်နေရာ *ဓာတ်ပုံ- အောင်သူ*



ရွှေလုပ်ကွက်မှ တူးဖော်တွေ့ရှိသည့် ရွှေပါဝင်သော ကျောက်တုံးတစ်တုံး

မန္တလေးတိုင်း ဒေသကြီး၊ ရမည်းသင်းခရိုင် မိုးထိမိုးမိ ရွှေလုပ်သားများ ဆန္ဒပြတောင်းဆိုသည့် အချက်(၆)ချက်အားသဘောတူ စာချုပ် ချုပ်ဆိုထားရှိမှုနှင့် ပတ်သက်၍ အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီမှ မီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲကို စက်တင်ဘာလ၁၃ ရက်နေ့ကကုမ္ပဏီ၏ပင်မစခန်းတွင် ပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ ရွှေလုပ်သားများ အဖွဲ့အစည်း(ယာယီ)မှ အမျိုးသား ကြီးပွားတိုးတက်ရေးအုပ်စုကုမ္ပဏီ လီမိတက်နှင့် ပတ်သက်၍လည်း သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကို မန္တလေးမြို့ လမ်း၃၀နှင့် ၇၁လမ်း ထောင့်ရှိ ယူနီဆန်ကဖေးဆိုင်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေလုပ်သားများဆန္ဒပြတောင်းဆိုထားသည့်အချက်မှာအင်းအက်တာများကိုယခင်အတိုင်းလုပ်ကိုင်ခွင့်ပေးရန်၊ဇုန်အသီးသီးမှာရှိသည့် ကျောက်ကြိတ်စက်များကို ယခင်အတိုင်း ကြိတ်ခွင့်ပြုရန်၊ထုံးကြီးတောင်ဒေသမှာရှိသည့် ရွှေလုပ်သားများအား အစုစားဖြင့်ယခင်အတိုင်းလုပ်ကိုင်ခွင့်ပြုရန်၊ အင်းအက်တာများ နစ်နာကြေးတောင်းခံသူများကို နစ်နာကြေးပေးရန်၊လုပ်ငန်းများရပ်ဆိုင်းထားရသည့် အခြေအနေတွင် အသေးစားလုပ်ငန်းရှင်များနှင့် မီးခိုလုပ်သားများအား နစ်နာကြေးပေးရန်နှင့် တောင်းဆိုသူများအား နှစ်ဦးနှစ်ဖက်ပြန်လည်ညှိနှိုင်းပြီး သဘောတူလက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုရန်တို့ဖြစ်ကြောင်း သိရသည်။

ဆန္ဒပြတောင်းဆိုသည့်အချက်(၆)ချက်ကို သဘောတူစာချုပ် ချုပ်ဆိုထားရှိမှုနှင့်ပတ်သက်၍အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ ဦးထွန်းအောင်စိုးက “ ပြီးခဲ့တဲ့ဇွန်လ ၁၄ရက်နေ့က ရွှေမြင်တင်မှာ ရွှေလုပ်သားတွေ တောင်းဆိုတဲ့အချက်(၆)ချက်အပေါ် ကုမ္ပဏီဥက္ကဋ္ဌက သဘောတူလိုက်လျောဖြေရှင်းပေးခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ နောက်တစ်ချက်က စာချုပ်ထဲမှာမပါပေမယ့် သူတို့တွေ တောင်းဆိုတာတစ်ခုကဆန္ဒပြရာမှာ ပါဝင်တဲ့လုပ်သားများနဲ့ မိသားစုတွေကို အငြိုးထားပြီး လုပ်ငန်းရပ်ဆိုင်းခြင်း၊ နေရာမှရွှေ့ပြောင်းစေခြင်း၊ ကုမ္ပဏီမှနုတ်ထွက်စေခြင်းများမပြုလုပ်ဖို့ အတွက်ကိုလည်း တောင်းဆိုလာတဲ့အပေါ်မှာ ကုမ္ပဏီအနေနဲ့ သဘောတူခဲ့ပြီး စာချုပ်ထဲမှာ ထည့်သွင်းချုပ်ဆို ပေးခဲ့ပါတယ်”ဟု ပြောကြားပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းမန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏ အရှေ့ဘက် ၂၈ မိုင်ခန့်တွင်ရှိသည့် မိုးထိမိုးမိရွှေမိုင်း ဒေသသည် လွန်ခဲ့သောဆယ်စုနှစ်ခန့်က ရွှေထွက်ရှိမှုကြောင့်သတင်းကြီးနေခဲ့သည့်မြန်မာနိုင်ငံ၏ အကြီးဆုံးရွှေလုပ်ကွက်ကြီးတစ်ခုဖြစ်ကြောင်းသိရသည်။

အဆိုပါရွှေလုပ်ကွက်ကို ၂၀၀၀ ပြည့်နှစ်ခန့်တွင် ကနေဒါနိုင်ငံမှ အိုင်ဗင်ဟိုးကုမ္ပဏီနှင့်နိုင်ငံတော်ဖက်စပ်လုပ်ကိုင်ခဲ့ကြပြီး ၂၀၀၅ခုနှစ်ခန့်တွင် အိုင်ဗင်ဟိုး ကုမ္ပဏီပြန်လည်ထွက်ခွာသွားခဲ့ပြီး နောက်ပိုင်းတွင်နိုင်ငံသားရွှေလုပ်ငန်းရှင်များအားလေလံစနစ်ဖြင့် အကွက်ချလုပ်ကိုင်စေခဲ့ရာမှ ရွှေလုပ်သားများ တဖြည်းဖြည်းစည်ကား လာခဲ့သည့် ဒေသဖြစ်ကြောင်း၊ ၂၀၁၁ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင်အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီက ငါးနှစ်တာအတွင်း ရွှေတန်ချိန်၅ဒသမ ၅၇၇ဖြင့် အများဆုံးပေးကာ လေလံအောင်မြင်ခဲ့ကြောင်း သိရသည်။

အောင်သူ






## ဘောလီတံတားအသစ်ဖြစ်သော ငမိုးရိပ်တံတား(ပါရမီ)ကို စတင်အသုံးပြုခွင့်ပေး


ဓာတ်ပုံ - ကျော်ထင်

ဘောလီတံအသစ်နှင့် အဟောင်းတို့တွင် ယာဉ်သွားလာမှုများအား စက်တင်ဘာလ ၁၄ ရက်နေ့က တွေ့ရစဉ်

ရန်ကုန်တိုင်းဒေသကြီးတောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ပေးထားသည့် ဘောလီတံတားအသစ်ဖြစ်သော ငမိုးရိပ်တံတား(ပါရမီ)ကို စက်တင်ဘာလ ၁၂ ရက်နေ့မှစတင်၍ အသုံးပြုခွင့်ပေးခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊လမ်းနှင့်တံတားဌာနမှ သိရသည်။

လက်ရှိအသုံးပြုနေသော ဘောလီတံတားအဟောင်းမှာ ကျဉ်းမြောင်းနေပြီး တံတားတစ်စင်းတည်းနှင့်ဖြတ်သန်းမည့် ယာဉ်အရေအတွက်မလုံလောက်ဘဲယာဉ်ကြောပိတ်ဆို့မှုများရှိနေခြင်းကြောင့် ငမိုးရိပ်တံတား(ပါရမီ)ကို ထပ်မံတည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

"အမှန်တော့ တံတားရဲ့သွားလမ်းတွေကို ကတ္တရာကွန်ကရစ်ထပ်ခင်းနေတာအချို့နေရာတွေကျန်နေသေးတယ်။ ဒါပေမယ့်တံတားကို စတင်အသုံးပြုခွင့်ပေးလိုက်တယ်။ တံတားဖွင့်ပွဲကိုတော့ နောက်အဆင်ပြေတဲ့ရက်မှာလုပ်သွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းနှင့်တံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

ငမိုးရိပ်တံတား(ပါရမီ)ကို ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ပန္နက်တင်အခမ်းအနားပြုလုပ်ကာ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၈ ရက်နေ့မှစ၍ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားမှာ အရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင်ခြောက်ပေ အကျယ်အဝန်းရှိကြောင်း သိရသည်။

တံတားအားယခင်က ဇူလိုင်လကုန်တွင်အပြီးသတ်တည်ဆောက်ရန်မျှော်မှန်းခဲ့သော်လည်း မပြီးစီးခဲ့ကြောင်း၊ တံတားသစ်အားဒဂုံမြို့သစ်မြောက်ပိုင်းမှတောင်ဥက္ကလာပသို့အဝင်အဖြစ်လည်းကောင်း၊ တံတားအဟောင်းကိုမူတောင်ဥက္ကလာပမြို့နယ်မှ ဒဂုံမြို့သစ်မြောက်ပိုင်းဘက်သို့အဝင်အဖြစ်လည်းကောင်း အသုံးပြုလျက်ရှိသည်ဟုသိရသည်။

*ကျော်ထင်၊ ကျော်ဇင်ဝင်း*

## မြို့တွင်း ဆိုင်းလမ်းညွှန်ဆိုင်းဘုတ်များကိုဖြုတ်သိမ်းစေမည်

ရန်ကုန်မြို့တွင်းရှိ ကြော်ငြာဆိုင်းဘုတ်အသေးများအားလုံးကို စက်တင်ဘာလဆန်းတွင် အပြီးဖြုတ်သိမ်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရာ အများစုဖြုတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ဖြုတ်သိမ်းရမည့်အထဲတွင် ရန်ကုန်မြို့တွင်းရှိ လမ်းထိပ်များတွင် စိုက်ထူထားသော ဆိုင်းလမ်းညွှန်ဆိုင်းဘုတ်များပါဝင်ကြောင်း သိရသည်။

"ကြော်ငြာဆိုင်းဘုတ်အသေးတွေအားလုံးဖြုတ်သိမ်းပြီးရင် ဆိုင်းလမ်းညွှန်ဆိုင်းဘုတ်တွေကို ဖြုတ်သိမ်းစေမှာပါ"ဟုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်ညီစေရန်အတွက် ပြန့်ကြဲနေသော ကြော်ငြာဆိုင်းဘုတ်များကို လျှော့ချရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလဆန်းတွင် အပြီးဖြုတ်သိမ်းရန် ပြီးခဲ့သည့်မေလဆန်းကတည်းကညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဆိုင်းလမ်းညွှန်ဆိုင်းဘုတ် တွေကို ဖြုတ်သိမ်းပြီး လမ်းထိပ်မှာ Light Box တွေကို ဒီဇိုင်းဆွဲပြီးလုပ်ပေးမယ်။ အဲဒီမှာ Light Box မှာ ၃၂ လမ်းထဲမှာ ဘာဆိုင်တွေရှိတယ်ဆိုတာကို ထည့်သွင်းပေးမယ်။ အဲဒီအတွက် ကျသင့်ငွေကိုတစ်နှစ်စာ ပုံစံမျိုးပေးသွင်းရမယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက ပြောပြခဲ့ သည်။

## ဖုန်းအားသွင်းကြိုးဖြင့် လည်ပင်းရစ်ပတ် သေဆုံးနေသူသည်အသတ်ခံရသည်ဟုသက်ဆိုင်ရာကအတည်ပြု

ဖုန်းအားသွင်းကြိုးဖြင့် လည်ပင်းရစ်ပတ်သေဆုံးနေသူသည်အသတ်ခံရသူဖြစ်ကြောင်း သက်ဆိုင်ရာက စက်တင်ဘာလ ၃ ရက်နေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ နံနက် ၉ နာရီ ၂၀ မိနစ်အချိန် ဒလမြို့နယ်၊ ၁၁/၁၄ ရပ်ကွက်ပွဲစားတန်းလမ်းနေ မငြိမ်းငြိမ်းအိ(၂၅)နှစ်သည်နေအိမ်၌လည်ပင်းတွင် ဖုန်းအားသွင်းကြိုးအား နှစ်ပတ်ရစ်ပတ်ချည်နှောင်လျက်သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် သက်ဆိုင်ရာက စစ်ဆေးခဲ့ရာတွင် ရင်ခွဲစစ်ဆေးသူမှူခင်းဆရာဝန်၏ပြောကြားချက်အရ မငြိမ်းငြိမ်းအိသည်ကြိုးဖြင့် လည်ပင်းညှစ်ခံရ၍သေဆုံးခြင်းဖြစ်ကြောင်း စက်တင်ဘာလ ၃ ရက်နေ့တွင် အတည်ပြုနိုင်ခဲ့သည်။ ယင်းဖြစ်စဉ်မှကျူးလွန်သူအား ဖမ်းဆီးရမိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## သတင်းတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးဟုဆိုကာ ငွေကြေးလိမ်လည်သွားသူကို ဖမ်းဆီးစစ်ဆေးနေ

သတင်းတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးဟုဆိုကာငွေကြေးလိမ်လည်သွားသူတစ်ဦးကို ဖမ်းဆီးစစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် မြင့်စိုး (၄၂)နှစ် ဒံပေါက်ထမင်းချက်၊ အမှတ်ထမ်းရပ်ကွက် သန်လျင်မြို့နယ် နေသူသည် နေအိမ်တွင်ရှိနေစဉ် အမည်မသိလူတစ်ဦးရောက်ရှိလာခဲ့ပြီးသတင်းတပ်ဖွဲ့မှတကကလှမြင့်ဆိုသူဖြစ်ကြောင်း မြင့်စိုး၏ မယားကြီးဒေါ်အမာလေး (ခ)အေးအေးညွှန့်၊ ဦးကာသယ် (ခ) ကြည့်တွန်းနှင့် မဆိုင်နက်(ခ)စခန်းစန်းမြင့်တို့မှ ဆေးခြောက်ပစ်ပြီးဖမ်းခိုင်းမည်ဟုပြော၍ ၎င်းမှလာရောက်ခဲ့ ခြင်းဖြစ်ကြောင်းငွေကျပ် ၈၅၀၀၀၀ ပေးပါက တစ်ဖက်အားအရေးယူရန်စီစဉ်ပေးမည်ဖြစ်ကြောင်း စက်တင်ဘာလ ၉ ရက်နေ့တွင်စရံငွေကျပ်သုံးသိန်းပေးရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြောင်း လိမ်လည်သူ လှမြင့်(၅၄)နှစ်သန်လျင်မြို့နယ်နေသူမှ ၉ ရက်နေ့တွင်နေအိမ်သို့လာရောက်တောင်းယူပြီးအထွက်တွင် သတင်းကြိုရ၍စောင့်နေသော သက်ဆိုင်ရာကဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



# ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်မှုဖြစ်စဉ်အများအပြားဖြစ်ပွားလာမှုကြောင့် ယခုနှစ်အတွင်း ဒဏ်ရာရရှိသူဦးရေနှင့် သေဆုံးသူဦးရေတို့မှာ သုံးနှစ်တာကာလအတွင်း အများဆုံးဖြစ်ပွားခဲ့

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်တိုက်မှုဖြစ်စဉ်အများအပြားဖြစ်ပွားလာမှုကြောင့် ယခုနှစ်အတွင်း ဒဏ်ရာရရှိသူဦးရေနှင့် သေဆုံးသူဦးရေတို့မှာ သုံးနှစ်အတွင်းအများဆုံးဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သိရသည်။


ဓာတ်ပုံ - ဝင်းမြင့်ကျော်

ဩဂုတ်လအတွင်းက ယာဉ်တိုက်မှုဖြစ်စဉ်တစ်ခုအား တွေ့ရစဉ်

ရန်ကုန်တိုင်းဒေသကြီး၌ သုံးနှစ်အတွင်း ပထမရှစ်လတာကာလတွင်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုဖြစ်စဉ် ၊ဒဏ်ရာရရှိသူအရေအတွက်နှင့်သေဆုံးသူဦးရေတို့မှာ ယခုနှစ်အတွင်း အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၀ ပြည့်နှစ်၏ ဇန်နဝါရီလမှဩဂုတ်လအကုန်အထိယာဉ်တိုက်မှုဖြစ်စဉ် ၅၀၉ မှု၊ ၂၀၁၁ ခုနှစ်၏ ဇန်နဝါရီလမှဩဂုတ်လအကုန်အထိ ယာဉ်တိုက်မှုဖြစ်စဉ် ၇၇၁ မှု၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအကုန်အထိ ၈၀၇ မှုတို့ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အတူ ယာဉ်တိုက်မှုဖြစ်စဉ်များကြောင့် ဒဏ်ရာရရှိသူဦးရေမှာ ၂၀၁၀ ပြည့်နှစ်၏ရှစ်လအတွင်း ၈၂၅ ဦး၊ ၂၀၁၁ ခုနှစ် ရှစ်လအတွင်း ၁၁၆၄ ဦးနှင့် ၂၀၁၂ ခုနှစ် ရှစ်လအတွင်း ၁၂၃၄ ဦးတို့ရှိခဲ့ကြောင်းသိရသည်။

အလားတူ ဇန်နဝါရီလမှဩဂုတ်လအထိ ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် သေဆုံးသူဦးရေမှာ ၂၀၁၀ ပြည့်နှစ်တွင် ၁၁၉ ဦး၊ ၂၀၁၁ ခုနှစ်တွင် ၁၄၁ ဦးနှင့်၂၀၁၂ ခုနှစ်တွင် ၁၉၆ ဦးတို့ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှသိရသည်။

ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက "ယာဉ်မောင်းတွေအနေနဲ့ ယာဉ်စည်းကမ်းလိုက်နာဖို့ အထူးလိုအပ်ပါတယ်။ ဒါတွေအပြင် ယာဉ်တိုက်မှုဖြစ်စဉ်များပြားလာခြင်းရဲ့အဓိကအကြောင်းအရင်းက ယာဉ်အစီးရေများပြားလာလို့ ဖြစ်တယ်။ ဒ့ါအပြင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားက လုံလောက်မှုမရှိခြင်းကြောင့် ဖြစ်တယ်လို့ယူဆပါတယ်" ဟု သုံးသပ်ပြောကြားခဲ့သည်။ *ဝင်းမြင့်ကျော်*

## News In Brief

ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် စစ်ဆေးသိမ်းဆည်းထားသောယာဉ်များကိုသတ်မှတ်ရက်အတွင်းပြန်လည်ထုတ်ပေးပြီးဖြစ်ပြီး ဒုတိယအကြိမ်ထပ်မံစစ်ဆေးတွေ့ရှိပါကဒဏ်ငွေအပြင် ယာဉ်ထိန်းသိမ်းအရေးယူသည့်ကာလကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှသိရှိရသည်။

စစ်ဆေးမှုကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်မှ ၃၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြောင်း စည်းကမ်းပျက်ယာဉ်များကို ပထမအကြိမ်ဖြစ်ပါကယာဉ်အား ၁၀ ရက် ဒုတိယအကြိမ်ဖြစ်ပါကယာဉ်အား ၂၀ ရက်၊ တတိယအကြိမ်ဖြစ်ပါက ယာဉ်အား ၃၀ ရက်ထိန်းသိမ်းမည်ဖြစ်ကြောင်း သိရှိရသည်။

## ငါးနှစ်တာကာလအတွင်း သင်္ဘောသားအဖြစ် လျှောက်ထားသူပေါင်း နှစ်သောင်းကျော်မြင့်တက်

၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ် ငါးနှစ်တာကာလအတွင်း သင်္ဘောသားအဖြစ်လျှောက်ထားသူ ပေါင်းနှစ်သောင်းကျော် မြင့်တက်ခဲ့ကြောင်းရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏သတင်းထုတ်ပြန်ချက်များအရသိရသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၀၇ ခုနှစ်တွင် သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်(စီဒီစီ)ကို ၆၅၉၉၂ ဦးအားထုတ်ပေးခဲ့ပြီး၊ ၂၀၁၂ ခုနှစ်ဩဂုတ်လကုန်ထိသင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်(စီဒီစီ)အား ၈၃၁၉၃ ဦးသို့ထုတ်ပေးထားပြီး ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍လွန်ခဲ့သည့် ငါးနှစ်တာကာလနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၂၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ စီဒီစီလျှောက်ထားသူပေါင်း ၁၇၂၇၁ ဦးအား စီဒီစီ လက်မှတ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

## ဧရာဝတီမြစ်ကြောင်းတစ်လျှောက်လည်ပတ်သော နိုင်ငံခြားခရီးသွားများမကွေးမြို့သို့ပုံမှန်လည်ပတ်

ORIENT ပန်းတော်သင်္ဘောဖြင့် ပြည်မြို့မှမန္တလေးမြို့သို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်လည်ပတ်သောနိုင်ငံခြားခရီးသွားများမကွေးမြို့တွင်းသို့အစုန်တစ်ခေါက်၊ အဆန်တစ်ခေါက်ပုံမှန်လည်ပတ်လေ့လာမှုများရှိလာကြောင်း သိရှိရသည်။

အဆိုပါသင်္ဘောသည် ပြည်မှမန္တလေးသို့အစုန်အဆန်တစ်ကြောင်းလျှင်ရှစ်ရက်ဖြင့်တစ်လလျှင်လေးခေါက်ပြေးဆွဲလေ့ရှိကြောင်း၊ခရီးသွားများသည်မြသလွန်စေတီတော်၊ စည်ပင်သာယာဈေးကြီး၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ပန်းခြံများသို့ လည်ပတ်လေ့လာကြကြောင်းသိရသည်။

"သင်္ဘောတစ်ခေါက်ကို ခရီးသွားဦးရေ ၂၀၊ ၃၀ လောက်ပါလေ့ရှိတယ်။ နောက်တစ်နှစ်အထိခရီးစဉ်တွေပုံမှန်ပြေးဆွဲဖို့ရှိပါတယ်"ဟုခရီးသွားလမ်းညွှန်တစ်ဦးကပြောပါသည်။

အဆိုပါသင်္ဘောသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မင်းလှ ခံတပ်၊ မကွေးမြသလွန်စေတီ၊ ပုဂံ စသည့်မြို့များသို့တစ်ညအိပ်စီဝင်ရောက်လေ့ရှိကြောင်း၊မကွေးမြို့စည်ပင်သာယာဈေးကြီးအနီးဩင်ပင်ဆိပ်၌ပုံမှန်ဆိုက်ကပ်လေ့ရှိပြီးခရီးသွားများသည်မြို့တွင်းသို့ဆိုက္ကားဖြင့်လည်ပတ်လေ့ရှိကြောင်းသိရသည်။

*အောင်သူငြိမ်း(မကွေး)*


ဓာတ်ပုံ - အောင်သူငြိမ်း

မကွေးမြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံအတွင်းလေ့လာနေသောနိုင်ငံခြားသားခရီးသည်များကိုတွေ့ရစဉ်



# ချမ်းမြသာစည်မြို့နယ် မြို့ကွက်သစ်မြေများပေါ်တွင် ကျူးကျော်နေထိုင်သူများအားဖယ်ရှားပေးရန် မန္တလေးမြို့တော်ဝန်နှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးပြောကြား



ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်တွင် စိတ်ပိုင်းရောင်းချထားသောမြေကွက်များ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မြို့ကွက်သစ်မြေများပေါ်တွင် ကျူးကျော်နေထိုင်သူများအား မန္တလေးမြို့တော်ဝန်နှင့် စည်ပင်သာယာရေးဌာနဝန်ကြီးမှ တွေ့ဆုံရှင်းလင်းပြောကြားသည့် အခမ်းအနားကို စက်တင်ဘာလ ၁၁ ရက်နေ့က ချမ်းမြသာစည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးမြို့တော်ဝန်နှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဦးအောင်မောင်းက "ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မြို့ကွက်သစ်များကို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၁ ခုနှစ်ကတည်းက လုပ်ထုံးလုပ်နည်းများနဲ့အညီ နိုင်ငံတော်ကနေ တရားဝင်သိမ်းယူထားပြီးဖြစ်ပါတယ်။ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့ကို မြို့တိုးချဲ့ရေးအတွက် လန ၃၉ ခွင့်ပြုမိန့် ထုတ်ပေးထားခဲ့ပါတယ်။ မြေပေါ်လက်ရှိ နေထိုင်သူတွေဟာ တရားမဝင် ဥပဒေမဲ့ဝင်ရောက်နေထိုင်သူတွေဖြစ်တဲ့အတွက် ဩဂုတ်လ ၁၅ ရက်နေ့သတင်းစာမှာ နောက်ဆုံးထားဖယ်ရှားပေးဖို့ ကြေညာထားပြီးလည်းဖြစ်ပါတယ်။ ဖယ်ရှားပေးဖို့သတ်မှတ်ရက်အတွင်း ကျော်လွန်သွားပြီ ဖြစ်တဲ့အတွက် မိမိအစီအစဉ်နဲ့အေးချမ်းစွာဖယ်ရှားပေးကြဖို့ ပြောကြားလိုပါတယ်။ ဖယ်ရှားပေးခြင်းမရှိဘူးဆိုရင် စီမံခန့်ခွဲရေးနည်းလမ်းအရလည်းကောင်း၊ တရားဥပဒေနည်းလမ်းအရလည်းကောင်း၊ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။

"ဖယ်ရှားပေးဖို့အတွက် စက်တင်ဘာလ ၁၁ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ အချိန်သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွေကနေ အသံချဲ့စက်နဲ့ဆော်ဩမယ်။မြေစိုက်ပိုစတာတွေစိုက်ထူပြီး သတင်းစာတွေမှာလည်း ထည့်သွင်းကြေငြာသွားမှာဖြစ်ပါတယ်။ စက်တင်ဘာလ ၁၇ ရက်နေ့ဆိုရင် ကျွန်တော်တို့ရဲ့နည်းဥပဒေ ၃၁ နဲ့ ၃၃ အရ လုံလောက်တဲ့လူအင်အား၊ စက်ယန္တရား ယာဉ်တွေနဲ့ဖယ်ရှားရှင်းလင်းသွားမယ်။ မဖယ်ရှားတဲ့ကျူးကျော်နေအိမ်များကို တရားဥပဒေအရကျူးကျော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ဒါကြောင့် သတ်မှတ်တဲ့ရက်အတွင်းမှာ ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံပါတယ်" ဟု မြေယာစီမံခန့်ခွဲဌာနမှူး ဦးတင်ထွဋ်ကျော်က ပြောကြားပါသည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မြို့ကွက်သစ်မြေများပေါ်တွင် ကျူးကျော်နေထိုင်သူ ၅၅၀ ဦးခန့်တက်ရောက်ခဲ့ပြီး တက်ရောက်လာသူအတွင်းမှ အောင်သာယာရပ်ကွက်တွင်နေထိုင်ပြီး မြေဝယ်ထားရှိသူတစ်ဦးက "အခုလိုအခြေအနေမျိုးတွေဖြစ်မလာအောင် အစောပိုင်းကတည်းက တားဆီးသင့်တယ်။ အခုနေရာမှာ ဝန်းတွေ၊ ခြံတွေခတ်ပြီး အုတ်အော်သောင်းတင်းဖြစ်နေတာကို မြေအရောင်းအဝယ်ဌာနဆိုင်ရာလူကြီးမသိနိုင်စရာမရှိပါဘူး။ ရှိစုမဲ့စုလေးတွေခြစ်ခြုတ်ပြီးဝယ်ထားတဲ့ မရှိဆင်းရဲသားတွေလက်ထဲ ရောက်တော့မှ တရားမဝင်ပါဘူး၊ ဖယ်ရှားပေးကြပါပြောတာကတော့ တရားမျှတမှုမရှိပါဘူး" ဟု ပြောကြားသွားခဲ့ပါသည်။ *ဇော်ဌေးလွင်၊ အောင်သူ*

## ချမ်းမြသာစည်မြို့နယ်တွင် မိမိကိုယ်ကို ဓာတ်ဆီလောင်း၍ မီးရှို့သတ်သေမှုဖြစ်ပွား

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်တွင် စက်တင်ဘာလ ၁၂ ရက်နေ့ မွန်းလွဲ ၃ နာရီ ၅ မိနစ်ခန့်က အမျိုးသားတစ်ဦး မိမိကိုယ်ကို မီးရှို့သတ်သေမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချမ်းမြသာစည်တောင်ရပ်ကွက်အကွက်(၈၅၉)တွင်နေထိုင်သူ ကိုလွင်ဦး(အသက် ၄၀ ကျော်)သည် ရန်ကုန်-မန္တလေးလမ်းနှင့် စက်ဘီးဆိုင်ကယ်သီးသန့်လမ်းကြားနေရာ၌ အသင့်ယူဆောင်လာသော ဓာတ်ဆီဘူးထဲမှ ဓာတ်ဆီများကို ကိုယ်ပေါ်သို့လောင်းချ၍ကိုယ့်ကိုယ်ကိုယ်မီးရှို့သတ်သေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုသေဆုံးသူရဲ့အမျိုးသမီးရောင်းတဲ့ဆိုင်ကနေ ဓာတ်ဆီဘူးနှစ်ဘူးယူသွားပြီး ကိုယ့်ကိုကိုယ်သတ်သေခဲ့တာဖြစ်ပါတယ်။ သူ့ကိုမီးလောင်နေတာမြင်ကြတော့ အနီးပတ်ဝန်းကျင်ကလူတွေကငြိမ်းသတ်ဖို့ ကြိုးစားကြပါသေးတယ်။ ဒါပေမယ့် အချိန်ငါးမိနစ်လောက်အတွင်းမှာပဲ နေရာမှာပွဲချင်းပြီးသေဆုံးသွားခဲ့ပါတယ်" ဟု ဖြစ်စဉ်အားမျက်မြင်တွေ့ရှိခဲ့သူတစ်ဦးကပြောကြားသည်။

အဆိုပါဖြစ်စဉ်အားချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) ရဲစခန်းမှတာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ပြီး သေမှုသေခင်းဖြစ်စဉ်အနေဖြင့် ဆောင်ရွက်ထားရှိကြောင်းသိရသည်။

## ခင်ဦးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးချိန်နောက်ကျ



ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေစဉ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် လယ်ယာများစိုက်ပျိုးချိန် နောက်ကျခဲ့ရပြီး စပါးအထွက်နှုန်းပါလျော့နည်းနိုင်ကြောင်း ဒေသခံတောင်သူများထံမှ စုံစမ်းသိရသည်။

"မိုးကောင်းကောင်းမရွာတာကကြာနေပြီ။ ကျွန်တော်တို့ဘက်က မိုးကိုမျှော်ပြီးတော့ စိုက်ကြပျိုးကြရတာလေ။ ဒီနှစ်က မိုးခေါင်တယ်လို့ပြောလို့ရပါတယ်။အရင်နှစ်ကဆိုရင် ဒီလိုအချိန်မှာ အားလုံးလိုလို စိုက်ပြီးကုန်ကြပြီ။ မိုးရွာတာနောက်ကျတဲ့အတွက် တောင်သူတွေခက်ခဲကြတာပေါ့။ မိုးမရွာလို့ ပျိုးမကြဲနိုင်သူတွေက အခုမိုးရွာလာတော့ တခြားနယ်တွေကိုသွားဝယ်ပြီးတော့ စိုက်နေကြရတယ်။ စိုက်ပျိုးချိန်မီအောင်လို့ မနည်းကြိုးစားနေရပါတယ်။ ဒါပေမယ့် စပါးအထွက်နှုန်းကတော့အရင်နှစ်ထက်စာရင် လျော့သွားတော့မှာပါ"ဟု ပင်တင်းရွာမှတောင်သူဦးဆွေဦးက ပြောပြခဲ့သည်။

ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာတချို့သည် ဆည်ရေသောက်၍ စိုက်ပျိုးနေကြရသော်လည်းဆည်ရေမရရှိသည့် ကျေးရွာများမှာ မိုးရေကိုသာအဓိကအားထား စိုက်ပျိုးနေကြရကြောင်း၊ စက်တင်ဘာလအတွင်းမှစကာ မိုးရေချိန်များခဲ့သည့်အတွက် စိုက်ပျိုးထွန်ယက်ချိန်နောက်ကျခဲ့ရပြီး စပါးအထွက်နှုန်းပါလျော့နည်းနိုင်ကြောင်း သိရသည်။




## တရုတ်အမျိုးသားနှင့်အဓမ္မလက်ထပ်ရန် စည်းရုံးရောင်းစားခံခဲ့ရသည့် အမျိုးသမီးတစ်ဦး တရုတ်နိုင်ငံမှ ပြန်လည်ထွက်ပြေးလွတ်မြောက်လာ

တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရန်စည်းရုံးရောင်းစားခံခဲ့ရသည့်အမျိုးသမီးတစ်ဦးတရုတ်နိုင်ငံမှ ပြန်လည်ထွက်ပြေးလွတ်မြောက်လာကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါတရုတ်နိုင်ငံမှ တရုတ်အမျိုးသားနှင့်အဓမ္မလက်ထပ်ရန်ရောင်းစားခံခဲ့ရသည့်ပုသိမ်မြို့နယ်မှ အသက် ၂၈ နှစ်အရွယ်အမျိုးသမီးသည် ၂၀၁၂ ခုနှစ်စက်တင်ဘာလ ၁၀ရက် ၉ နာရီခွဲအချိန်တွင် တရုတ်နိုင်ငံမှ ထွက်ပြေးလွတ်မြောက်လာပြီးမူဆယ်လူကုန်ကူးအထူးအဖွဲ့သို့ရောက်ရှိလာကြောင်း သိရှိရသည်။

၎င်းအမျိုးသမီးသည် ၂၀၀၇ ခုနှစ် ဧပြီလကတစ်ရွာတည်းနေအမျိုးသမီးတစ်ဦးနှင့် ကျိုက်ခေါက်ဘုရားပွဲသို့သွားရောက်ခဲ့ရာ သန်လျင်မြို့နေမလင်းလင်း၊ပပမိုး၊မျိုးဥမ္မာတို့နှင့်တွေ့ဆုံရင်းနှီးခဲ့ပြီး မလင်းလင်းဆိုသူက တရုတ်နိုင်ငံကျယ်ဂေါင်ရှိ အထည်ချုပ်စက်ရုံတွင် တစ်လလျှင် တရုတ်ယွမ်ငွေ ၁၀၀၀၀ ဖြင့်အလုပ်လုပ်ကိုင်ရန် စည်းရုံးခဲ့ကြောင်းသိရှိရသည်။

အဆိုပါမလင်းလင်းပါ သုံးဦးက၎င်းအမျိုးသမီးနှစ်ဦးအား မူဆယ်မှတစ်ဆင့် ကျယ်ဂေါင်ရှိမျိုးဥမ္မာ၏ ဦးလေးတော်စပ်သူထွန်းထွန်း၊ဇနီးဖြစ်သူမဖြူတို့နှင့်ပူးပေါင်းပြီး တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်၊ဖန်းချွန်းခရိုင်၊ ကျစ်ချွန်းဒေသနေ တရုတ်အမျိုးသားလောင်စာရင်းထံ ယွမ်ငွေ ၃၀၀၀၀ ဖြင့်ရောင်းစားခဲ့ရာ တရုတ်အမျိုးသားနှင့် ခြောက်နှစ်ခန့်ပေါင်းသင်းခဲ့ရပြီး ၂၀၁၂ ခုနှစ်စက်တင်ဘာလ ၈ ရက်နေ့တွင် ပြန်လည်ထွက်ပြေးလာခဲ့ကြောင်း သိရပါသည်။

**ဟဲနန်ပြည်နယ်၊ ဖန်းချွန်းခရိုင်၊ ကျစ်ချွန်းဒေသနေ တရုတ်အမျိုးသား လောင်စာရင်းထံ ယွမ်ငွေ ၃၀၀၀၀ ဖြင့် ရောင်းစားခဲ့ရာ ယင်းတရုတ်အမျိုးသားနှင့် ခြောက်နှစ်ခန့်ပေါင်းသင်းခဲ့ရပြီး . . .**

အသက် ၂၈ နှစ်ရှိပုသိမ်မြို့နယ်နေသူအမျိုးသမီးအား တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရန် စည်းရုံးခေါ်ဆောင်ရောင်းစားခဲ့သည့် မလင်းလင်း၊မမျိုးဥမ္မာ၊ကိုထွန်းထွန်း၊ မဖြူ၊ မပပမိုး (တိမ်းရှောင်)တို့ ငါးဦးအားမူဆယ်ရဲစခန်း (ပ)အမှတ် ၂၉၉/၂၀၁၂ လူကုန်ကူး ပုဒ်မ ၂၈ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်းသိရသည်။

*နေပြည်တော်သတင်းအဖွဲ့*

## မောင်တောဆူပူအကြမ်းဖက်မှုဖြစ်ပွားပြီး သုံးလအတွင်း အမှုပေါင်း ၄၄ မှု၊ တရားခံ ၅၀၀ ကျော်ကို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ

မောင်တောဆူပူအကြမ်းဖက်မှုဖြစ်ပွားပြီးနောက် တရားဥပဒေစိုးမိုးရေးအတွက် ဇွန်လမှ ဩဂုတ်လထိ သုံးလတာကာလအတွင်း အမှုပေါင်း ၄၄ မှုတရားခံ ၅၅၅ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဇွန်လ ၈ ရက်နေ့တွင်ဖြစ်ပွားခဲ့သည့် မောင်တောဆူပူအကြမ်းဖက်မှုတွင်ပါဝင်သူများကိုဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဇွန်လအတွင်း ဆူပူမှု လေးမှု၊ မီးရှို့မှု ကိုးမှု၊ လက်နက်မှု တစ်မှု စုစုပေါင်း ၁၄မှုကိုအမှုဖွင့်နိုင်ခဲ့ပြီးပါဝင်ပတ်သက်သူ ၃၉၀ ဦးအား တရားဥပဒေစိုးမိုးရေးအတွက် အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။ဇူလိုင်လအတွင်းတွင် ဆူပူမှုလေးမှု၊ နာကျင်မှု နှစ်မှု၊ လူသတ်မှုခုနစ်မှု၊ ပြည်သူပိုင် ၆(၁) ငါးမှု၊ မီးရှို့မှုခြောက်မှု ၊ စုစုပေါင်း ၂၄ မှုတွင် ပါဝင်ပတ်သက်သူ ၁၅၅ ဦးကိုအရေးယူဆောင်ရွက်နိုင်ခဲ့သည်။ ဩဂုတ်လအတွင်းတွင် မီးရှို့မှု လေးမှု၊ဆူပူမှု နှစ်မှု စုစုပေါင်းခြောက်မှုအားအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး တရားခံ ၁၀ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအမှုပေါင်း ၄၄ မှုတွင်မှား ယွင်းမှုဖြင့် တစ်မှုကိုပိတ်ခဲ့ကြောင်းလည်းသိရသည်။

အဆိုပါအမှုမှာ INGO အဖွဲ့အစည်းများမှ ဖမ်းဆီး ထားသူများအနက် ရောဟီး ဇူရာမန်(ခ)ဇော်မြင့် (AZG)ဝန်ထမ်း၊ အဒူဟိုက်(ခ) သန်းနိုင်(WFP) ဝန်ထမ်းနှင့် မာမတ်ဒူရာမန် (ခ)စောမြင့်(ခ) (UNHCR) ဝန်ထမ်းတို့ သုံးဦးအားပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၄၉၄/က)အရ အမှုအားရုပ်သိမ်းပေးခဲ့ကြောင်းလည်း သိရှိရပါသည်။

ထို့နောက် ဒေါ်ချိုလေးမာ (UNHCR) ဝန်ထမ်း၊ အဏ္ဏဝါဆာဒတ်(ခ)ခင်မောင်(UNHCR)ဝန်ထမ်းနှင့်ကာယတ်(ခ)ခင်ဆွေ(WFP)ဝန်ထမ်းတို့သုံးဦးအားနိုင်ငံတော်သမ္မတရုံး၏ (၂၈-၈-၂၀၁၂ ) ရက်စွဲပါစာအမှတ် ၊ပထရ/ရအဖ (၇၅၂)/ဦး ၄ ဖြင့် ကျင့်ထုံးဥပဒေပုဒ်မ (၄၀၁)အရ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

*သားရွှေဦး(ကစ္ဆပ)*

## ရွှေဘိုတွင် ငါးစာဈေးများ မြင့်တက်လာပြီးနောက် ငါးဈေးမြင့်တက်




ရွှေဘိုမြို့ရှိ ငါးစာရောင်းချသော ပွဲရုံတစ်ရုံအားတွေ့ရစဉ်

ရွှေဘိုမြို့တွင်ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ငါးစာဈေးများမြင့်တက်ခဲ့ပြီး ငါးဈေးလည်းမြင့်တက်လာကြောင်း သတင်းရရှိသည်။ ယခင်နှစ်များကဈေးကွက်တွင်နွေစပါးကုန်ချိန်မှသာငါးစာဈေးများမြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင် တရုတ်ဝယ်လက်များကြောင့်နွေစပါးမကုန်မီကပင်စတင်ဈေးတက်လာခဲ့ခြင်းဖြစ်ကြောင်းငါးမွေးမြူရေးလုပ်ငန်းရှင်များကပြောပါသည်။

ငါးမွေးမြူသူများအဓိကအစာအဖြစ်ကျွေးမွေးသည့်ဖွဲနုမှာ ယခင်တစ်တင်းကျပ် ၂၀၀၀ ဝန်းကျင်မှ ကျပ် ၂၅၀၀ ဝန်းကျင်သို့ မြင့်တက်သွားခဲ့ပြီးဘီးအီးဖတ်မှာလည်းရန်ကုန်သို့တိုက်ရိုက်တင်ပို့မှုများရှိလာသဖြင့် တစ်ပိဿာ ၁၂၀ ကျပ် မှ ၁၄၀ ကျပ်သို့မြင့်တက်သွားကြောင်းသိရသည်။ ငါးမွေးမြူရေးမျိုးကန်များမှကန်ကြီးများသို့ ပြောင်းရွှေ့မွေးမြူရာတွင် ငါးပိဿာတစ်ကောင်ထွက်ရှိရန်ဖွဲနုပိဿာသုံးထောင်ဝန်းကျင်ခန့်ကျွေးရလေ့ရှိပြီး ယခင်ကကျပ်ခြောက်သိန်းဝန်းကျင်သာကုန်ကျခဲ့ကာယခုအချိန်တွင်ကျပ်ရှစ်သိန်းမှ ကိုးသိန်းအထိကုန်ကျကြောင်းလည်းသိရသည်။

"အရင်ကဒီအချိန်ဆို ငါးစာဈေးတွေမတက်သေးဘူး။ ဒီနှစ်တရုတ်ဘက်ကိုနွေစပါးတွေအရောက်များတော့ဖွဲနုဈေးကကျရမှာမကျဘဲနဲ့တက်သွားတယ်။ တချို့ငါးမွေးသူတွေ ကျွေးတဲ့ဘီအီးဖတ်ကျတော့လည်းရန်ကုန်ကိုအခြောက်ခံစက်တွေသုံးပြီးတိုက်ရိုက်ပို့ကြတော့ဈေးတက်သွားတယ်။ ငါးဈေးကလည်းနောက်ပိုင်းနည်းနည်းပြန်တက်လာတယ်။ ရန်ကုန်ကတော့ ငါးအဝင်နည်းလို့ဈေးတက်တာပါ" ဟုငါးမွေးမြူရေးလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ရွှေဘိုမြို့တွင်ငါးမွေးမြူသူများမှာ ငါးကြင်းနှင့်ငါးတန်ကိုအဓိကမွေးမြူကြပြီး စက်တင်ဘာလဆန်းပိုင်းတွင် ငါးကြင်းတစ်ပိဿာ ယခင်ကျပ် ၁၇၀၀ မှ ၁၉၀၀၊ ငါးတန်တစ်ပိဿာကျပ်၁၂၀၀ မှ ၁၄၀၀ သို့ မြင့်တက်လာကြောင်း သိရသည်။

*ရဲရင့်အောင်(ရွှေဘို)*

## နိုင်ငံခြားသားဧည့်သည်များ အင်းလေးဒေသထွက် တိုင်းရင်းသားအဝတ်အစားများ စိတ်ဝင်စားဝယ်ယူ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ လာရောက်လည်ပတ် လေ့လာကြသော နိုင်ငံခြားသား ဧည့်သည်အများစုမှာ အင်းလေးဒေသထွက် တိုင်းရင်းသားရိုးရာအဝတ်အစားများကို ဝယ်ယူဝတ်ဆင်ကြရုံသာမက မိမိတို့နိုင်ငံများအထိ မိသားစုများ၊ မိတ်ဆွေများအတွက် ဝယ်ယူလေ့ရှိကြကြောင်း ဒေသခံများထံမှ သိရှိရသည်။

အင်းလေးဒေသရှိအင်းပေါခုန်၊ ရွာမ၊ နန်းပန်၊ နန်းဟူး၊ ကျိုင်းခမ်းစသော ရွာကြီးများတွင် ရက်ကန်းရုံများစွာရှိရာ ထိုရက်ကန်းရုံများမှ အင်းသားရိုးရာ အဝတ်အထည်များ ရှမ်းရိုးရာ အဝတ်အထည်များ၊ တဘက်၊ မာဖလာ၊ စောင်၊ လွယ်အိတ်၊ ပိုက်ဆံအိတ်၊ပုဆိုး၊ အဆင်ဒီဇိုင်းအရောင်များ ဆန်းသစ်၍ မျက်စိပသာဒ ဆွဲဆောင်မှုရှိ၍ နှစ်ခြိုက်စွာ ဝယ်ယူလေ့ရှိခြင်းဖြစ်ကြောင်း၊ ချည်ထည်၊ ပိုးထည်၊ နိုင်လွန်၊ သိုးမွှေးစသည်တို့ဖြင့် ရက်လုပ်သော တန်ဖိုးကြီးအထည်များကိုလည်း နှစ်ခြိုက်ကြကြောင်း၊ ရက်ကန်းရုံကြီးများအတွင်း အဝတ်အထည်များ ရက်လုပ်နေမှုကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ ဒေသထွက် တိုင်းရင်းသားရိုးရာ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ရက်ကန်းရုံအရောင်းဆိုင်ကြီးများသာမက ဖောင်တော်ဦးဘုရားနှင့်အလိုတော်ပေါက်ဘုရားရှိ အရောင်းဆိုင်များ၊ ညောင်ရွှေဈေးနှင့် အင်းလေးဒေသ ကျေးရွာဈေးများ၊ရေပေါ်ဈေးအရောင်းဆိုင်များတွင်ရောင်းချလျက်ရှိရာဧည့်သည်များလည်းဝယ်ယူကြကြောင်းသိရသည်။




## မကွေးမြို့နှင့်အနီးတစ်ဝိုက်ကျေးရွာများတွင် တရုတ်နယ်စပ်သို့သွားရောက်လုပ်ကိုင်သူများပြားလာ လယ်ယာလုပ်ငန်းများတွင် ရွှေ့ပြောင်းလုပ်သားများကို အားထားနေရ




မကွေးမြို့အနီး ကျေးရွာရှိ လယ်ယာလုပ်ငန်းခွင်တစ်ခု

မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့်အနီးတစ်ဝိုက်ကျေးရွာများမှ တရုတ်နိုင်ငံနယ်စပ်မြို့များသို့အလုပ်သွားရောက်လုပ်ကိုင်သူများပြားလာပြီး ယာမြေလုပ်ငန်းခွင်အလုပ်လိုင်ချိန်တွင် ရေနံချောင်း၊ ဆင်ဖြူကျွန်း၊ ချောက်၊ စလေမြို့နယ်များမှရွှေ့ပြောင်းလုပ်သားများကို အဓိကအားထားနေရကြောင်း သတင်းရရှိပါသည်။

မကွေးမြို့၏ အရှေ့ဘက်၊ မကွေး-နတ်မောက်ကားလမ်းဘေးရှိ ညောင်ပင်ရွာကျေးရွာမှ လူငယ်နှင့်လူလတ်ပိုင်းအများစုမှာ တရုတ်နိုင်ငံနယ်စပ်မြို့များဖြစ်သော တာချီလိတ်၊ ရွှေလီ၊ ကြယ်ခေါင်၊ မန်စီမြို့များသို့ အများဆုံးသွားရောက်လုပ်ကိုင်လေ့ရှိကြောင်း၊ အဆိုပါမြို့များတွင်ကားရေဆေးလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ သစ်စက်လုပ်ငန်းများတွင် အဓိကလုပ်ကိုင်ကြကြောင်း ကိုယ်တိုင်သွားရောက်အလုပ်လုပ်ခဲ့သူများ၏ပြောကြားချက်အရသိရသည်။

"ဟိုမှာလုပ်ရတဲ့အလုပ်က ပင်ပန်းတယ်ဆိုရင်တောင် တောလုပ်တောကိုင်လောက်တော့မပင်ပန်းဘူးလေ၊ ပြီးတော့ လစဉ်ပုံမှန်လစာပေးတာဆိုတော့ ကိုယ့်ရွာမှာလိုတစ်နေ့လုပ်တစ်နေ့စားပုံစံမျိုးမဟုတ်တာလည်းပါတာပေါ့။ အလုပ်ရှင်အတော်များများကနေစရာပေး။ထမင်းကျွေးထားပြီး တစ်လကို မြန်မာငွေကျပ် ၉၀၀၀၀ ဝန်းကျင်ရကြပါတယ်။ တချို့မိန်းကလေးတွေကလည်း အနှိပ်ခန်းတွေမှာဝင်လုပ်ကြတာတွေရှိပါတယ်။ တချို့ဆို အဲဒီမှာတင် အိမ်ထောင်ကျပြီး ပြန်မလာကြတာလည်းရှိပါတယ်။ ရွာမှာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်မှာတော့ လုပ်သားတွေရှားလာတာပေါ့" ဟု ညောင်ပင်ရွာကျေးရွာမှ နယ်စပ်သို့ အလုပ်သွားရောက်လုပ်ကိုင်ဖူးသူတစ်ဦးကပြောကြားသည်။

မကွေးမြို့နှင့်အနီးတစ်ဝိုက်ကျေးရွာများတွင် ဩဂုတ်လကုန်ပိုင်းမှစ၍ မိုးဦးနှမ်းရိတ်သိမ်းခြင်း၊ ဝါဆိုမြေပဲစိုက်ခင်းများ၊ ပေါင်းနှုတ်ခြင်းလုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီး အခြားမြို့နယ်များမှလာရောက်သော ရွှေ့ပြောင်းလုပ်သားများဖြင့် လုပ်ကိုင်နေကြကြောင်း၊ကျေးရွာခံလုပ်သားတစ်ဦးလျှင် တစ်မနက်စာပေါင်းနှုတ်ခကျပ် ၆၀၀ ပေါက်ဈေးရှိသော်လည်း ရွှေ့ပြောင်းလုပ်သားများကို တစ်ဦးလျှင်ပေါင်းနှုတ်ခ တစ်နာရီကျပ် ၃၀၀ နှုန်းဖြင့်ငှားရမ်းအသုံးပြုနေရကြောင်း သိရသည်။

မကွေးမြို့နှင့်အနီးတစ်ဝိုက်ကျေးရွာများတွင် ပေါင်းနှုတ်ချိန်၊ နှုတ်သိမ်းချိန်နှင့်မြေပဲနှုတ်ချိန်များတွင်အဓိကလုပ်သားရှားပါးမှုကြုံတွေ့ရလေ့ရှိပြီး အခြားမြို့နယ်များမှ ရွှေ့ပြောင်းလုပ်သားများကို အဓိကအားထားရလေ့ရှိကြောင်း၊ မကွေးမြို့အနီး ကံသာကြီး၊ ကံသာလေး၊ ညောင်ပင်ရွာ၊ ဆားတိုင်ကန်၊ ဒဟတ်ကန်၊ ဝက်သိုက်စသည့်ကျေးရွာများမှလုပ်သားများမှာ သီတင်းကျွတ်မြေပဲနှုတ်လုပ်ငန်းနှင့် ပဲစင်းငုံလုပ်ငန်းများသိမ်းပြီးပါက အခြားလုပ်ငန်းမရှိသောကြောင့် ရွှေစက်တော်ပွဲတော်အတွင်းသို့သွားရောက်အလုပ်လုပ်ကိုင်လေ့ရှိကြောင်း၊ အမျိုးသမီးများမှာ ရန်ကုန်ရှိအထည်ချုပ်လုပ်ငန်းများသို့သွားရောက်လုပ်ကိုင်သူများလည်းရှိကြောင်းသတင်းရရှိပါသည်။

*အောင်သူငြိမ်း*

## ထိုင်းနိုင်ငံမှကြက်ဥများ မြိတ်ကျွန်းစုအတွင်းသို့ ဝင်ရောက်လာပြီး ကြက်ဥဈေးနှုန်းများ အဆမတန်ကျဆင်းသွားသောကြောင့် ဒေသခံမွေးမြူရေးခြံများလုပ်ငန်းရပ်ဆိုင်းရန်ပြင်ဆင်

ထိုင်းနိုင်ငံတွင်ကြက်ဥစားသုံးမှုနည်းပါးသွားခြင်းနှင့်အတူမြိတ်ကျွန်းစုအတွင်းသို့ ကြက်ဥများထိုင်းနိုင်ငံမှရေလမ်းနှင့်အတူဝင်ရောက်လာပြီး ကြက်ဥဈေးနှုန်းများမှာလည်း အဆမတန်ကျဆင်းသွားသောကြောင့်ဒေသခံကြက်မွေးမြူရေးခြံများလုပ်ငန်းရပ်ဆိုင်းရန် ပြင်ဆင်နေပြီဖြစ်ကြောင်း မြိတ်ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



မြိတ်မြို့ရှိ ကြက်မွေးမြူရေးခြံတစ်ခြံကို တွေ့ရစဉ်

ထိုင်းနိုင်ငံမှကြက်ဥများမှာရေလမ်းခရီးမှ နေ့စဉ်ဝင်ရောက်နေပြီးတစ်ဖက်နယ်စပ်မှမြိတ်ကျွန်းစုအတွင်းသို့များစွာတင်ပို့နေကြောင်းသိရသည်။ မြိတ်ကျွန်းစုအတွင်းရှိကံမော်၊ချောင်းကြီးဝ၊ရေအေးကြတ်ချောင်း၊ သဲချောင်း၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိကျေးရွာများ၊ ကြိမ်နီတောင်၊ကြိမ်မဲတောင်၊ချောင်းကဖီး၊ အလယ်မန်၊ ရွှေဂဲညိုစသည့်ကျေးရွာများနှင့်အခြားကျေးရွာများသို့ နေ့စဉ်ဝင်ရောက်နေကြောင်းသိရသည်။

"ထိုင်းနိုင်ငံမှာ လွန်ခဲ့တဲ့တစ်လလောက်ကကြက်ဥနှင့်ပတ်သက်ပြီးရောဂါတစ်ခုဖြစ်ပွားခဲ့တယ်လို့သိရတယ်။ထိုင်းနိုင်ငံမှာ ကျောင်းသား/သူရာနှင့်ချီပြီး ဆေးရုံတင်လိုက်ရပြီးတဲ့နောက်ပိုင်းမှာ ထိုင်းနိုင်ငံမှာကြက်ဥကိုစားသုံးမှုအတော်ကလေးနည်းသွားတာတွေ့ရပါတယ်။ ဒီလိုဖြစ်ပွားပြီးတဲ့နောက်မှာ ကြက်ဥတွေဝင်ရောက်လာတာပါ။ ကျွန်တော်တို့ဆီကိုရေလမ်းကနေဝင်လာနေပြီး မြိတ်ကျွန်းစုဘက်ကရွာတွေမှာဆိုရင် ရွာအရောက် အလတ်ဆိုက်ကြက်ဥတစ်လုံးကိုကျပ် ၆၅ ကနေကျပ် ၇၀၊ အလုံးလှတွေဆိုရင် ကျပ် ၇၀ ကနေ ၇၅ အထိဈေးနဲ့ရနေတယ်။ ကျန်းမာရေးစစ်ချက်တွေမပါသလို၊ ဝင်ရောက်နေတာလည်း နှစ်လနီးပါးအထိရှိနေပါပြီ"ဟု မြိတ်ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကြက်ဥဝင်ရောက်မှုများတားဆီးပေးနိုင်ခြင်းမရှိပါက တစ်လအတွင်းမြိတ်ခရိုင်အတွင်းရှိ ကြက်မွေးမြူရေးခြံများမှာလုပ်ငန်းရပ်ဆိုင်းသွားတော့မည်ဖြစ်ကြောင်းသိရသည်။ ဝင်ရောက်နေသောကြက်ဥဈေးနှုန်းကိုအစာဝယ်ယူရခြင်း၊ ကြက်ပေါက်ဝယ်ယူရခြင်း၊ အခွန်ဆောင်ရခြင်းနှင့် အလုပ်သမားစရိတ်များရှိသောဒေသခံကြက်မွေးမြူရေးလုပ်ငန်းများအနေဖြင့် မည်သို့မျှယှဉ်ပြိုင်နိုင်တော့မည်မဟုတ်သောကြောင့် တချို့ကြက်ခြံများမှာကြက်များထုတ်ရောင်းနေပြီဖြစ်ကြောင်း သိရသည်။

"ယခုလက်ရှိကြက်ဥတစ်လုံးရဲ့ကုန်ကျစရိတ်ကကျပ် ၈၀ လောက်ရှိတယ်။အရှုံးခံပြီးကျပ် ၇၇ နဲ့ဖြန့်တယ်။ ဒါပေမယ့်ပြည်တွင်းနယ်ကျော်ကြက်ဥတင်သွင်းမှုကလည်း ရှိနေတယ်။ နယ်စပ်ကနေကြက်ပေါက်နဲ့အစာတင်သွင်းမှုကလည်းရှိနေတယ်။ ကြက်စာ၊ကြက်ပေါက်တွေကို ထိုင်းနိုင်ငံကနေတင်သွင်းနေတဲ့မွေးမြူရေးကုမ္ပဏီကြီးတစ်ခုကကြက်ဥတစ်လုံးကို ကျပ် ၆၅ နဲ့ဖြန့်တော့မယ်ဆိုတော့ဒေသခံကြက်ခြံများရပ်နားဖို့လုပ်နေကြပြီ" ဟုကြက်ခြံပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။ *ဇော်မိုးဦး(မြိတ်)*

## ပြည်မြို့တွင် သားပေါက်နှင့် မွေးမြူရေးအစာဈေးများ မြင့်တက်မှုကြောင့် ကြက်မွေးမြူသူများအခက်အခဲတွေ့

အသားတိုးကြက်မွေးမြူသူများအနေဖြင့် သားပေါက်ဈေးနှုန်းမြင့်လာမှုနှင့် မွေးမြူရေးအစာဈေးနှုန်းများကြီးမြင့်လာမှုတို့ကြောင့် အခက်အခဲတွေ့လျက်ရှိကြောင်းသိရှိရသည်။

ကြက်သားပေါက်ထုတ်လုပ်သော ကုမ္ပဏီအများစုမှ မိုးကာလအတွင်း ကောင်ရေလျှော့ကာထုတ်လုပ်သည့်အခြေအနေတွင်လတ်တလောမွေးမြူသူမှာလည်း များပြားလျက်ရှိနေသည့်အတွက် ဈေးကွက်လိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်းမရှိမှုကြောင့် သားပေါက်ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်းနှင့် မွေးမြူသူများအနေဖြင့် သားပေါက်ဖြန့်ဖြူးရေးလုပ်ကိုင်နေသည့် ကိုယ်စားလှယ်များထံတွင်ကြိုတင်စာရင်းပေးသွင်း၍ စောင့်ဆိုင်းမွေးမြူနေရကြောင်းသိရသည်။ ထို့အပြင် သားပေါက်ထုတ်လုပ်သည့် ကုမ္ပဏီများ၏သားပေါက်ရောင်းဈေးမှာလည်း ယမန်နှစ်ယခုလိုအချိန်ကထက် မြင့်မားလာသည်ဟု သိရသည်။

"ဒီနှစ်ကြက်မွေးမြူရေးဈေးကွက်က ခါတိုင်းနှစ်တွေနဲ့ကိုမတူဘဲ ခန့်မှန်းရခက်နေပါတယ်။ နှစ်စဉ်မိုးတွင်းဆိုရင် သားပေါက်ဈေးနှုန်းကျဆင်းပြီး မွေးမြူသူလည်းနည်းတဲ့အတွက် ကုမ္ပဏီတွေကလည်း လျှော့ပြီးထုတ်ကြတယ်။ ဒါပေမယ့် သားငါးပေါတဲ့ အခုလိုမိုးကာလမှာကိုကြက်ထည့်တဲ့သူတွေများနေပြီးသားပေါက်ကလည်းရှားနေတဲ့အတွက်ဈေးတက်လာတာပါ"ဟုမွေးမြူရေးလုပ်ကိုင်နေသူတစ်ဦးက ဆိုပါသည်။

ထို့အတူ မွေးမြူရေးအစာဈေးနှုန်းများမှာလည်း ပြီးခဲ့သည့်လမှစတင်၍ တရိပ်ရိပ်မြင့်တက်လာခဲ့ကြောင်းနှင့် ထိုသို့မြင့်တက်လာခြင်းမှာ မွေးမြူရေးအစာကုန်ကြမ်းဖြစ်သည့် သီးနှံအထွက်နှုန်းများ ၂၀၁၁ ခုနှစ်အတွင်းက လျော့ကျခဲ့မှုနှင့် ဆက်စပ်လျက်ရှိသည်ဟု သိရသည်။

"ပြီးခဲ့တဲ့လကစပြီးအစာဈေးနှုန်းတွေကျပ် ၅၀၀၊ ၁၀၀၀ နဲ့ တက်လာတာ အခုအစာတစ်အိတ်ကျပ် ၄၀၀၀ နီးပါးတက်သွားပါတယ်။ ဒါ့ကြောင့် အိတ် ၁၀၀ ကျွေးတယ်ဆိုရင်ကုန်ကျစရိတ်ကျပ်လေးသိန်းလောက် ပိုလာနေပြီ။ ဒီကြားထဲကုန်ကျစရိတ်မြင့်လို့အသားဈေးနှုန်း(ခြံဖမ်းဈေး)လေးရှိနေရင် ခံသာသေးပေမယ့်အသားဈေးနှုန်းကျတဲ့အခါဆိုရင်အရှုံးပေါ်နိုင်ပါတယ်"ဟု ပဲခူးဘုရားသုံးဆူတွင် အသားတိုးကြက်မွေးမြူနေသူတစ်ဦးက ပြောကြားသည်။ *ကိုနေ(ပြည်)*

## မြဝတီနယ်စပ်ကုန်သွယ်မှုလမ်းတစ်လျှောက်တွင် အခွန်မဟုတ်သည့်ကောက်ခံမှုများ ရှိနေသေး



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းအနီး ကုန်ကားများကိုတွေ့ရစဉ်

မြဝတီနယ်စပ်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိအခွန်မဟုတ်သည့်တရားမဝင်တောင်းခံမှုများပပျောက်သွားခြင်းမရှိသေး၍ ပြည်တွင်းစားသုံးမှုဈေးကွက်တွင် ကုန်ဈေးနှုန်းများ ပိုမိုမြင့်တက်လျက်ရှိကြောင်း နယ်စပ်ကုန်သွယ်မှုလုပ်သူများထံမှ သိရသည်။

"တရားဝင် ကုန်သွယ်ခွင့်ပြုထားတဲ့ကုန်ပစ္စည်းတွေကို တရားဝင်အခွန်ဆောင်သွားလာဖို့အတွက် ပေးရတဲ့ကုန်ကျစရိတ်(ကားခ)တွေ မြင့်သွားတယ်။ အရင်က ဟိုင်းလတ်တစ်စီး ကျပ်တစ်သိန်းခွဲနဲ့တင်လို့ရရင် အခုကျပ်နှစ်သိန်းကျော်ပေးရတယ်။ ဒီမှာဝယ်ဈေးမတက်ပေမယ့်ပြည်တွင်းဈေးကွက်မှာဈေးမြင့်သွားတယ်။ ကာစတန်ဂျူတီအပြင် ကုန်သွယ်ခွန်(ငါးရာခိုင်နှုန်း)ဆိုတော့ကားသမားတွေအတွက်ဘာမှမကျန်သလိုကုန်သည်တွေကလည်းဈေးမြှင့်ပြီး ရောင်းမှာပဲ။ ကုန်သည်တွေအတွက်ထိခိုက်မှုမရှိပေမယ့်စားသုံးသူတွေထိခိုက်ပါတယ်"ဟု မြဝတီနယ်စပ်ကုန်သွယ်မှုလုပ်သည့် အမျိုးသမီးတစ်ဦးက ပြောပါသည်။

"ခုလို အခွန်ဆောင်ပြီးသွားတာအဓိကစစ်ဆေးရေးဂိတ်(တံတားကျိုး)မှာငွေထပ်မကုန်တော့ဘူး ဆိုပေမယ့် ကော့ကရိတ်၊ဂျိုင်း၊(ကျုံဒိုး)ဂျိုင်း(ဇာသပြင်)တံတားဂိတ်တွေမှာယခင်ထက်ပိုကုန်နေတယ်။ဂျူတီနဲ့မို့မပေးနိုင်ဘူးလို့ပြောရင် ဒီနေ့မော်လမြိုင်သို့မရောက်မှာ သေချာပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

"အစ်မတို့က ကိုယ်ပိုင်ကားနဲ့သစ်သီးဝယ်ရောင်းလုပ်တာပါ။ပုံမှန်ဂျူတီနဲ့ အခွန်ဆောင်နှုန်းက ကျပ် ၆၀၀၀၀ ကုန်ကျပါတယ်။ အခြားကုန်ပစ္စည်းဆောင်တဲ့ကားတွေကကျပ်တစ်သိန်းကျော်ဆောင်ရတာလည်းရှိတယ်။ ယခင် ထက်ကုန်ကျစရိတ်အနည်းငယ်ပိုတယ်ဆိုပေမယ့် စိတ်ချမ်းသာပါတယ်"ဟုမြဝတီကုန်သွယ်လမ်းမှ မော်လမြိုင်သို့ သစ်သီးမျိုးစုံတင်ပို့ရောင်းချသူတစ်ဦးက ပြောပါသည်။ *ရွှေသိန်း(မြဝတီ)*

## ပဲခူးမြို့ မြို့တော်ခန်းမတွင် ပဲခူးတိုင်းဒေသကြီး၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပဲခူးမြို့၊ မြို့တော်ခန်းမတွင် စက်တင်ဘာလ ၁၁ ရက်နေ့ နံနက် ၉ နာရီကပဲခူးတိုင်းဒေသကြီး၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဦးဘောဘီအုန်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒု-ဥက္ကဋ္ဌဦးဝင်းမြင့်စိုး၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန၊ အထည်လိပ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးကအထည်လိပ်နှင့်အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်း၊စက်မှုဝန်ကြီးဌာနစားသောက်ကုန်နှင့်ဆေးဝါးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်ကစားသောက်ကုန်နှင့် ဆေးဝါးကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်းနှင့်စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်လက်ရှိစက်မှုဇုန်များအား အဆင့်မြှင့်တင်ရေး၊ စက်မှုဇုန်အသစ်များထူထောင်ရေးနှင့်အလုပ်အကိုင်အခွင့်လမ်းများဖန်တီးပေးမည့်စက်ရုံစုများတိုးချဲ့ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးခြင်းစသည်ဖြင့်တာဝန်ရှိသူများကအသီးသီးဆွေးနွေးတင်ပြခဲ့ကြသည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာချင်းဆက် လမ်းပိုင်းများပျက်စီးနေမှုကြောင့် ဒေသခံများ သတိပြုသွားလာနေရ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ နဘုလယ်ဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းမှဆောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းများမှာ မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းပျက်စီးမှုများပိုမိုဖြစ်ပွားလာပြီး ဒေသခံများမှာသတိပြုသွားလာနေရကြောင်း သိရသည်။ စီမံကိန်းမှ ဖောက်လုပ်ထားသော လမ်းများမှာ အပေါ်ယံမြေသားလွှာများဖြစ်ခြင်းကြောင့် မိုးရွာသွန်းမှုများပြားလာသောအခါ လမ်းမြေသားနူးပြီး စီမံကိန်းမှ ကားကြီးများသွားလာသောအခါလမ်းသားကျွံကျမှုများဖြစ်ပွား၍လမ်းများပိုမိုပျက်စီးလာခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက မိုးများတဲ့နေရာဆိုတော့ သူတို့လုပ်ထားတဲ့လမ်းက နွေရာသီတော့ကောင်းပြီးမိုးရွာပြီဆိုတာနဲ့ လမ်းကပျက်ရော၊ မိုးဦးစကတည်းကနေ လမ်းက လုပ်လိုက်၊ ပျက်လိုက်ပဲ။ ဟိုတစ်လောကကတော့ ရွာကအုပ်ချုပ်ရေးမှူးနဲ့ ရွာသားတွေက လမ်းပျက်တာကိုဝိုင်းပြောကြလို့ ကားကြီးတွေမသွားခိုင်းတော့ဘူး။ စီမံကိန်းကတော့ လမ်းတွေကို နည်းနည်းချင်းစီ ပြန်ပြင်နေတာတွေ့ရတယ်။ တချို့ကားတွေညအချိန်မှာသွားနေတာရှိတယ်"ဟု နဘုလယ်ဒေသထိန်ကြီးရွာမှ ဒေသခံတစ်ဦးက ပြောပါသည်။



ထားဝယ်ခရိုင် နဘုလယ်ဒေသရှိ ကျေးရွာချင်းဆက်လမ်းများမှာ မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းပျက်စီးနေစဉ်

ဆိပ်ကမ်းနှင့် ကမြောကင်းတံတားဝန်းကျင်တစ်လျှောက်ရှိနေရာများမှာမြစ်ကြောင်းပြောင်းလဲမှုကြောင့်ရေတိုက်စားခံရပြီးကမ်းပါးပြိုကျမှုအဆိုးရွားဆုံးခံစားနေရသောနေရာများဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကကမ်းပြိုပြီးမြို့ဘက်ကမ်းမှာ မြေတွေသွားစုနေတော့ ရေလယ်မှာသဲသောင်တွေအဖြစ်များလာပြီးကုန်းတစ်ခုလိုဖြစ်နေပြီ။ ရေလမ်းကြောင်းလည်းမြို့ဘက်ကမ်းမှာလုံးဝပိတ်ထားပြီးရွာဘက်ကိုရေစီးကြောင်းကပြောင်းလာတော့ကမ်းပြိုတာပိုဖြစ်လာတာပေါ့။ ဒီအတိုင်းသာဆက်ဖြစ်နေမယ်ဆိုရင် ၁၀ နှစ်လောက်မှာရွာနားကိုရောက်လာနိုင်တယ်"ဟု ထားဝယ်မြို့အနောက်ဘက်ကမ်းအင်းဝန်းရွာမှဒေသခံတစ်ဦးကပြောကြားသည်။ *ဖြိုးဇင်(ထားဝယ်)*

## မိတ္ထီလာခရိုင်အတွင်း မိုးစပါး စတင်စိုက်ပျိုး

လက်ရှိအောက်တိုဘာလဆန်းပိုင်းမှစတင်၍ မိုးရွာသွန်းမှုရှိလာသောကြောင့် မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများတွင် မိုးစပါးစတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။ ဒေသတွင်းကျေးရွာအများစုသည် မိုးကောင်းရေသောက်များဖြစ်ကြပြီး ဆည်ရေသောက်၊ ကန်ရေသောက် ကျေးရွာအချို့တွင် မိုးစပါးစိုက်ပျိုးမှုအနည်းငယ်စောခဲ့ပြီး ငစိန်၊ အုတ်ဖို၊ မနောသုခစသော စပါးအမျိုးအစားများကိုစိုက်ပျိုးကြကြောင်းသိရသည်။ “အခုစိုက်တဲ့စပါးကို ဇန်နဝါရီလလောက်မှာ ရိတ်မယ်၊ မနှစ်ကတော့ စပါးဈေးမကောင်းပေမယ့် ဥတုမဆိုးဘူး၊ ဒီနှစ်တော့စပါးဈေးမသိရသေးပေမယ့်ဥတုရာသီမကောင်းလို့ ရှေ့သီးနှံမရခဲ့ဘူး၊ရတဲ့စပါးကဝမ်းစာပါပဲ”ဟုအုတ်နဲ့ဘုတ်ကျေးရွာမှစပါးစိုက်တောင်သူတစ်ဦးကပြောပြသည်။

## ရွှေဘိုဆန်ဈေးကွက်တွင် တရုတ်ဝယ်လက်များအဝယ်လိုက်နေခြင်းကြောင့် ဆန်နှင့်စပါးဈေးများ ဆက်လက်မြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိ

ရွှေဘိုတွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်းကဆန်ဈေးများမြင့်တက်ခဲ့ပြီးနောက်ဆန်အရောင်းအဝယ်အနည်းငယ် အေးသွားခဲ့သော်လည်း တရုတ်ဝယ်လက်များပြန်လိုက်လာခြင်းကြောင့် ဆန်နှင့်စပါးဈေးကွက်တွင် ဈေးများဆက်လက်မြင့်တက်နေကာအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

၇၆၇ နှင့် ရွှေဝါထွန်းဆန်များမှာ စက်တင်ဘာလ ပထမပတ်တွင် တစ်ပိုင်းလျှင်ကျပ် ၁၃၀၀၀ရှိနေခဲ့ရာမှ ယခုအချိန်တွင် ကျပ် ၁၇၀၀၀ ခန့်ပေါက်ဈေးရှိနေကြောင်း ဆန်ကုန်သည်များထံမှစုံစမ်းသိရသည်။ ယခုနှစ်ရွှေဘိုဆန်ဈေးကွက်အတက်အကျများမှာ တရုတ်ဝယ်လက်များအပေါ် အဓိကမူတည်နေကာ ယခင်နှစ်ထက် ဆန်ဈေးများစွာမြင့်တက်ခဲ့ကြောင်းလည်း သိရသည်။ ဆန်ကွဲဈေးကွက်တွင်ပင် အနိမ့်ဆုံးကျပ် ၁၂၅၀၀ ဝန်းကျင်ပေါက်ဈေးရှိနေပြီး အရောင်းအဝယ်အဓိကဖြစ်လျက်ရှိသောနွေစပါး (ရွှေသွယ်ယဥ်မျိုး) ဈေးကွက်တွင် ၇၆၇ မှာ လက်ကျန်မရှိသလောက်ဖြစ်နေကာ ရွှေဝါထွန်းဆန်မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်နေကြောင်းဆန်ကုန်သည်များထံမှ သိရှိရသည်။



ရွှေဘိုမြို့နယ်ရှိ ဆန်ပွဲရုံတစ်ရုံကို တွေ့ရစဉ်

“ဆန်ဈေးက မနှစ်ကဆိုအနိမ့်ဆုံးတစ်ပိုင်းကို ကျပ်ကိုးထောင်တစ်သောင်းထိရှိတယ်။ ဒီနှစ်ကျတော့ ဆန်ကွဲတောင် ကျပ် ၁၂၅၀၀ ဈေးရှိတယ်။ ဆန်ဈေးအတက်အကျမြန်နေတော့ ကြိုပွဲ့ပွင့်တွေရှုံးတယ်။ မြတ်တဲ့သူလည်းမြတ်ပေါ့။ အရင်နှစ်တွေက ပြည်တွင်းပဲ အဓိကပို့ရပေမယ့် ဒီနှစ်တရုတ်ဘက်ကို အဓိကပို့နေရတယ်။ အတက်အကျကလည်း အဲဒီအပေါ်မူတည်နေတယ်။ရန်ကုန်ကုမ္ပဏီတစ်ခုကတိုက်ရိုက်တင်သွင်းနေတော့ တချို့ဆန်ကုန်သည်တွေတော့ ကျပ်တာပေါ့”ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ပြောကြားသည်။

လက်ရှိအချိန်တွင် ရွှေဘိုပေါ်ဆန်းဆန်မှာ ကျပ် ၃၃၀၀၀ မှ ကျပ် ၃၄၀၀၀ ဝန်းကျင်၌အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး စပါးဈေးတွင် တင်းတစ်ရာ ကျပ်ကိုးသိန်းမှကိုးသိန်းခွဲပေါက်ဈေးရှိကြောင်းသိရသည်။ စပါးပေါ်စအချိန်တွင် ကျပ်သုံးသိန်းဝန်းကျင်သာရှိခဲ့သော ရွှေသွယ်ယဥ်မျိုးနွေစပါးများမှာ ကျပ် ၄၂၅၀၀၀၊ ကျပ် ၄၅၀၀၀၀ ထိ ဈေးရှိနေကြောင်း သတင်းရရှိသည်။

*ရဲရင့်အောင်(ရွှေဘို)*




## ရော်ဘာစိုက်ပျိုးသည့်တောင်သူများ ခြံမြေဂရန်ပြုလုပ်ရာတွင် အခက်အခဲများကြုံတွေ့နေရ

မွန်ပြည်နယ်မြို့နယ်အချို့တွင် ရော်ဘာစိုက်ပျိုးသည့်တောင်သူများ ခြံမြေဂရန်ပြုလုပ်ရာတွင် ယခင်ကတစ်ဧကလျှင်ကျပ်သုံးသောင်းမှ ငါးသောင်းထိတောင်းခံမှုများရှိနေပြီး၊ ယခုအချိန်တွင် မြို့နယ်အလိုက်ဖွဲ့စည်းထားသောရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှတစ်ဆင့်စုပေါင်းဆောင်ရွက်ရာတွင် ယခင်ကကဲ့သို့ငွေကြေးတောင်းခံမှုမရှိသော်လည်း မြေတိုင်းတာမှုတွင် အချိန်ဆွဲခြင်းများ၊ အကြိမ်ကြိမ်ချိန်းဆိုခြင်းများ စသည့်အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလ ၉ရက်နေ့တွင် ပြုလုပ်သော မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများလစဉ်အစည်းအဝေးတွင်ရေးမြို့နယ်နှင့်ကျိုက်မရောမြို့နယ်တို့မှတင်ပြခဲ့ကြောင်းသတင်းရရှိပါသည်။

အလားတူ ပေါင်မြို့နယ် ရော်ဘာတောင်သူများ ခြံမြေဂရန်ပြုလုပ်ရေးအတွက် ဌာနနှင့်ညှိနှိုင်းဆောင်ရွက်ရာ နှစ်လကျော်ကြာသည့်တိုင် ခြံရှင် ၁၇ ဦးသာတိုင်းတာမှုပြုလုပ်နိုင်ကြောင်း၊လက်ရှိပေါင်မြို့နယ်တွင် စိုက်ဧကတစ်သောင်းနီးပါးရှိရာ ၁၀ ရာခိုင်နှုန်းခန့်သာခြံမြေဂရန်ရှိကြောင်း၊ ကျိုက်မရောမြို့နယ်တွင် စိုက်ဧကရှစ်သောင်းဝန်းကျင်ရှိသော်လည်း ၁၀ ရာခိုင်နှုန်းခန့်သာ ခြံမြေဂရန်ရှိကြောင်း သိရသည်။

## ပုဂံဇုန်တွင် ပထမအကြိမ် ငှက်ကြည့်သင်တန်းဖွင့်မည်



ရှားပါးစပြုလာသော တောင်ဘီစူးငှက်အား ညောင်ဦးလေဆိပ်အနီးတွေ့ရစဉ်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အချက်အချာဒေသတစ်ခုဖြစ်သော ပုဂံဇုန်တွင် ငှက်ကြည့်သင်တန်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပုဂံဇုန်ဧည့်လမ်းညွှန်များအသင်းရုံးမှ သတင်းရရှိသည်။

“စက်တင်ဘာလ ၁၅ ရက်မှာ Lecture သင်မယ်။ နန္ဒဝန်မှာပါ။ ၁၆/၁၇ ရက်တွေမှာ ပုဂံဝန်းကျင်တစ်ဝိုက်နဲ့ဧရာဝတီမြစ်ကြောင်းတစ်လျှောက် လက်တွေ့ငှက်ကြည့်မယ်” ဟုဧည့်လမ်းညွှန်တစ်ဦးကပြောသည်။ မြန်မာနိုင်ငံ၌သာတွေ့ရသည့် ငှက်အမျိုးအစားခြောက်မျိုးရှိရာစွေ့(White-throated Babbler)၊ နဖားကြူးအမြီးဝိုင်း (Hooded Treepie)၊ ငှက်မင်းသားဝမ်းဖြူ (Jerdon's Minivet)နှင့် မြန်မာဘီလုံးငှက် (Burmese Bush-lark) လေးမျိုးကို ပုဂံဝန်းကျင်တစ်ဝိုက်တွင် နေ့တစ်ဝက်ဖြင့် မြင်တွေ့နိုင်ကြောင်းသိရသည်။ ကျန်ငှက်နှစ်မျိုးမှာ မျက်ခုံးဖြူငှက်ပြာခြောက်မျိုး (White-browed Nuthatch)နှင့် မြန်မာတစ် (Burmese Tit)ဖြစ်ကြောင်း သိရသည်။

ငှက်ကြည့်သင်တန်းသို့သင်တန်းသား သုံးဆယ်ဝန်းကျင်တက်ရောက်မည်ဖြစ်ကြောင်းသိရပြီး၊ ရန်ကုန်မှ သင်တန်းသားများလည်းပါဝင်ကြောင်း သိရသည်။ သင်တန်းသို့ MBWA/MBNS/WCS တို့မှ ပညာရှင်များအပြင် WCS မှ နိုင်ငံခြားသားငှက်ကျွမ်းကျင်ပညာရှင် Mr. Rob Tizard လည်း လာရောက်မည်ဖြစ်သည်။

## မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း ၁၈ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး



ဦးမြင့်ဆွေ(ရန်ကုန်တိုင်းဝန်ကြီးချုပ်)



ဦးအေးမြင့်
(စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး )



ဦးဝင်းအောင် (ဥက္ကဋ္ဌ၊ UMFCCI )

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ၁၈ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာလ ၁၄ ရက်နေ့က ကျင်းပခဲ့ပြီး စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအေးမြင့် ရန်ကုန်တိုင်းဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

## အရေးပေါ်လူနာအသက်ကယ်တင် ကုသပို့ဆောင်ရေးဖောင်ဒေးရှင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်ဖွင့်ပွဲ



ဒေါက်တာဖေသက်ခင် (ကျန်းမာရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး)



ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ ရေဝတီဖောင်ဒေးရှင်း)



ပါမောက္ခဒေါက်တာ အောင်ထွန်းသက်

အရေးပေါ်လူနာအသက် ကယ်တင်ကုသပို့ဆောင်ရေးဖောင်ဒေးရှင်းလုပ်ငန်းစတင်ဆောင်ရွက်ခြင်းအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်နေ့က Sedona Hotel တွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဒေါက်တာဖေသက်ခင်နှင့် တက္ကသက်ဆိုင်ရာမှတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတတ်ရောက်ခဲ့ကြောင်းသိရသည်။

## Yangon - Seoul တိုက်ရိုက်လေကြောင်းပြေးဆွဲသည့်မိတ်ဆက်ပွဲ



Mr.Kim Hae Yong(မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး)



ဦးဝင်းကို (General manager ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)



Korean Air လေကြောင်းလိုင်းမှလေယာဉ်မယ်များ

Yangon - Seoul တိုက်ရိုက်လေကြောင်းပြေးဆွဲသည့် မိတ်ဆက်ပွဲအား စက်တင်ဘာလ ၁၃ ရက်နေ့ ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပခဲ့ပြီး လေဆိပ်မှ တာဝန်ရှိသူများနှင့် ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

## MCIA နှင့် Yangon RCIA တို့၏ စာနယ်ဇင်းရှင်းလင်းပွဲ



ဒေါက်တာမျိုးနိုင်(ဥက္ကဋ္ဌ၊Yangon RCIA)



ဦးအောင်သန်းညွန့်(MD,Soft Guide)

MCIAနှင့် Yangon RCIAအသင်းတို့မှ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်ပတ်သတ်၍ စာနယ်ဇင်းရှင်းလင်းပွဲအား စက်တင်ဘာလ ၁၃ရက်နေ့ တွင် City Star Hotel တွင်ကျင်းပခဲ့သည်။

## ယွန်းလျှံမိုဘိုင်းအရောင်းဆိုင်၏ သုံးဆိုင်မြောက်ဆိုင်ခွဲဖွင့်ပွဲ



ကိုထက်ဘုန်း(ယွန်းလျှံမိုဘိုင်းအရောင်းဆိုင်)



ဒေါ်ကြည်ကြည်နိုင်
မန်နေဂျာယွန်းလျှံမိုဘိုင်းအရောင်းဆိုင်မှ

ယွန်းလျှံမိုဘိုင်းအရောင်း ဆိုင်၏သုံးဆိုင်မြောက်ဆိုင်သစ်ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ တွင်ဖွင့်လှစ်ခဲ့ပြီးဆိုင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အနေဖြင့် လာရောက်ဝယ်ယူသူများဝယ်ယူသည့်ပစ္စည်းတိုင်းကို ငါးထောင်ကျပ်လျှော့၍ရောင်းချခဲ့ကြောင်းသိရသည်။







## “ပန်းရဲ့လမ်း”အဖွဲ့မှ လှူဒါန်းမှုများ ဆက်လက်ပြုလုပ်

ငြိမ်းချမ်းရေးတေးသီချင်းများ လှည့်လည်ဖျော်ဖြေနေသည့် “ပန်းရဲ့လမ်း”လူမှုကွန်ရက်ဂီတအဖွဲ့သည် လှည့်လည်ဖျော်ဖြေခဲ့သည့်ခရီးစဉ်များမှရရှိငွေများကို ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းရေဘေးတို့သို့လှူဒါန်းခဲ့ကြောင်း သိရသည်။

“ပန်းရဲ့လမ်း”အဖွဲ့သည် စက်တင်ဘာလ ၅ ရက်မှ ၈ ရက်နေ့အထိ ချောက်၊ရေနံချောင်း၊ မကွေးနှင့်ကြို့ပင်ကောက်မြို့များသို့လှည့်လည်ဖျော်ဖြေခဲ့မှုများမှ အလှူငွေကျပ်သိန်း ၇၀ ကျော်ရရှိခဲ့သည်။ ယင်းအလှူငွေများကိုစက်တင်ဘာလ ၁၁ ရက်နေ့ကဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့နယ်ကန်ကြီးဒေါင့်ဝန်းကျင်ဒေသများရှိရေဘေးဒုက္ခသင့်သူများအတွက်သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အခြေခံစိစစ်အကဲဖြတ်ရေးအဖွဲ့တွင် သရုပ်ဆောင်အနုပညာရှင်များ ပါဝင်လာ

၂၀၁၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအခြေခံစိစစ်အကဲဖြတ်ရေးအဖွဲ့တွင် သရုပ်ဆောင်အနုပညာရှင်များ ပါဝင်လာခဲ့ကြောင်း သိရသည်။



“အရင်နှစ်တွေတုန်းက အကဲအကယ်ဒမီဆုအတွက် ဒါရိုက်တာ၊ တည်းဖြတ်၊ ဓာတ်ညွှန်း၊ တေးဂီတ၊ အသံနဲ့ဓာတ်ပုံစတဲ့အလွှာခြောက်လွှာက ပညာရှင်တွေကို နှစ်စဉ်ခေါ်ခဲ့ပါတယ်။ ဒါပေမယ့် အကယ်ဒမီ ၁၁ ဆုမှာ ဆုအရေအတွက်အများဆုံးဖြစ်တဲ့ သရုပ်ဆောင်ဆုတွေအတွက်တော့ သရုပ်ဆောင်အနုပညာရှင်တွေကိုမခေါ်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့က သရုပ်ဆောင်အနုပညာရှင်တွေထည့်ပေးဖို့တောင်းဆိုခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်အတွက် အကဲဖြတ်စိစစ်ရေးအဖွဲ့မှာတော့ သရုပ်ဆောင်အနုပညာရှင် နှစ်ဦးပါဝင်လာခဲ့ပါပြီ။ နောက်အဆင့်မှာလည်း သရုပ်ဆောင်ပညာရှင်နှစ်ဦး ထပ်ပြီးပါဝင်ဦးမှာပါ။ ဒီနှစ်အကယ်ဒမီက ရွေးချယ်မှုတွေက ပိုပြီးမှန်ကန်မှုရှိလာမယ်လို့ ထင်ပါတယ်”ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ဆိုပါသည်။

၂၀၁၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက်အခြေခံအကဲဖြတ်စိစစ်ရေးအဖွဲ့ကို ဌာနဆိုင်ရာပုဂ္ဂိုလ်ခုနစ်ဦး၊ ရုပ်ရှင်ပညာရှင်ရှစ်ဦးနှင့် စာပေဂီတနယ်ပယ်မှ အနုပညာရှင်နှစ်ဦး စုစုပေါင်း ၁၇ ဦးဖြင့် အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့မှ ၂၀၁၁ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဓာတ်ကား ၁၅ ကားကို အကယ်ဒမီဆုများအတွက် ကနဦးကြည့်ရှုစစ်ဆေးရွေးချယ်မှုများစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက ဌာနဆိုင်ရာပုဂ္ဂိုလ်ခုနစ်ဦး၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နယ်ပယ်မှ ပညာရှင်ရှစ်ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင်မူ ရုပ်ရှင်သရုပ်ဆောင်နှစ်ဦးထပ်တိုးကာ အဖွဲ့ဝင် ၁၇ ဦးဖြင့် စိစစ်အကဲဖြတ်သွားမည်ဖြစ်သည်။

အဆိုပါ အခြေခံစိစစ်အကဲဖြတ်ရေးအဖွဲ့၏ရုပ်ရှင်ပညာရှင်ရှစ်ဦးတွင်ရုပ်ရှင်အတတ်ပညာရှင်ဦးအောင်မြင့်မြတ်၊ ရုပ်ရှင်ဓာတ်ညွှန်းပညာရှင်ဦးအေးကြူလေး၊ရုပ်ရှင်ဓာတ်ပုံပညာရှင်ဦးတင်အောင်(ပန်း သာ)၊ ရုပ်ရှင်အသံပညာရှင် ဦးကြည်မင်းသိန်း၊ ရုပ်ရှင်တည်းဖြတ်ပညာရှင်ဦးတင်ငြိမ်း၊ ရုပ်ရှင်နောက်ခံတေးဂီတပညာရှင် ဦးဝင်းကျော်နှင့် သရုပ်ဆောင်ပညာရှင်များဖြစ်သည့်ဦးသန်းဝင်းနှင့်ဒေါ်မြင့်မြင့်ခိုင်တို့ပါဝင်ကြမည်ပြီး စာပေနှင့်ဂီတပညာရှင်နှစ်ဦးတွင်ဦးအုန်းမောင်(ကဗျာဆရာ မြင်းမူမောင်နိုင်မိုး)နှင့် ဦးမောင်မောင်လတ်တို့ ပါဝင်ကြမည်ဖြစ်သည်။ ■




## သီရိဆွေ၏ ပထမဆုံး တစ်ကိုယ်တော်စီးရီး ယခုလကုန်တွင် ထွက်ရှိမည်

သီရိဆွေ၏ ပထမဆုံးတစ်ကိုယ်တော်တေးစီးရီးဖြစ်သည့် ‘ဆိုလာကိုစတာ’စီးရီးဗီစီဒီကိုယခုလကုန်ပိုင်းတွင်ဖြန့်ချိနိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

“ဗီစီဒီရိုက်ကူးမှုတွေအားလုံးပြီးနေပါပြီ။ တည်းဖြတ်မှုတွေလုပ်နေပါတယ်။ ဒီလကုန်ပိုင်းလောက်ဖြန့်နိုင်မယ်လို့မှန်းထားပါတယ်။ ဒီလကုန်ပိုင်းမမီရင်တောင် အောက်တိုဘာလဆန်းပိုင်းလောက်မှာဖြန့်မှာပါ။ Title သီချင်းကိုတော့ ကိုယ်တိုင်သရုပ်ဆောင်ဖြစ်ပါတယ်။ ဗီစီဒီကို Excellent Creation ကနေဖြန့်မှာပါ”ဟု သီရိဆွေက ပြောကြားသည်။

‘ဆိုလာကိုစတာ’ စီးရီး ဗီစီဒီကို ဒါရိုက်တာ ဇော်ကိုကို၊ ဏကြီး၊ ရဲမြင့်သူ၊ ဇော်ဇော်၊ HAK နှင့် မောင်မောင်အေး(Dream Boat )တို့က ရိုက်ကူးပေးထားပြီး စိုင်းစိုင်းခမ်းလှိုင်၊ ရဲတိုက်၊ စိုင်းစည်တွမ်ခမ်း၊ ဖွေးဖွေး၊ မာရီနာ၊ နန်းမြတ်ဖြိုးသင်း၊ စန္ဒီမြင့်လွင်တို့အပါအဝင် အခြားသောအနုပညာရှင်များစွာပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

## မာမာအေး၏တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ရန်ကုန်မြို့၌ပြုလုပ်သွားမည်



အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိသောအဆိုတော် မာမာအေး၏တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ယခုနှစ်ကုန်ပိုင်းတွင်ပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဟု သတင်းရရှိသည်။

“အခုဆိုရင် မြန်မာနိုင်ငံက အပြောင်းအလဲတွေအများကြီးဖြစ်လာပြီ။ ဂီတလောကရဲ့ကြီးမားတဲ့အပြောင်းအလဲတစ်ခုအဖြစ်ဂီတအစည်းအရုံးသစ်ကြီးကိုလည်းပြင်ဆင်ဖွဲ့စည်းပြီးသွားပြီ။ နောက်ပိုင်းမှာပြည်တွင်းကအဆိုတော်တွေရဲ့ဖျော်ဖြေပွဲတွေသာမကဘဲပြည်ပကိုသွားရောက်နေထိုင်နေကြတဲ့ မြန်မာအနုပညာရှင်တွေရဲ့ဖျော်ဖြေပွဲတွေနဲ့ နိုင်ငံတကာအနုပညာရှင်တွေရဲ့ဖျော်ဖြေပွဲတွေကိုလည်း ပြုလုပ်ဖို့ရှိပါတယ်။ဒါကြောင့် အန်တီမာမာအေးရဲ့ဖျော်ဖြေပွဲလုပ်ဖို့စီစဉ်ဖြစ်သွားတာပါ။ အန်တီကလည်းသူဆိုချင်တဲ့သီချင်းလေးတွေကအစ ကြိုပို့ထားတာမျိုးလေးတွေလုပ်ဖို့ စီစဉ်ထားပါတယ်”ဟု ပွဲစီစဉ်သူကိုဘိုစန်းကရှင်းပြခဲ့သည်။

အဆိုတော်မာမာအေးသည် ၁၉၉၈ ခုနှစ်တွင်အမေရိကန်နိုင်ငံသို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ခေတ္တပြန်လာရန် စီစဉ်ထားကာ အဆိုပါကာလအတွင်း တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အဆိုတော်မာမာအေး၏ အသက် ၇၀ ပြည့်မွေးနေ့အမှတ်တရအဖြစ် ကိုယ်တိုင်ရေးသားထားသည့် စာအုပ်ကို ဇူလိုင်လက မြန်မာနိုင်ငံတွင် ဖြန့်ချိခဲ့ပြီးဖြစ်သည်။

## ဗြိတိန်မင်းသားဝီလျံနှင့်ကြင်ယာတော်ကိတ်မစ်ဒယ်တန်တို့အရှေ့တောင်အာရှနှင့်တောင်ပစိဖိတ်နိုင်ငံများသို့သွားရောက်









ဗြိတိန်ဘုရင်မအဲလိဇဘက်၏ နန်းသက်နှစ်(၆၀)ပြည့်စိန်ရတုအထိမ်းအမှတ်ခရီးစဉ်အဖြစ်ဗြိတိန်မင်းသားဝီလျံနှင့်ကြင်ယာတော်ကိတ်မစ်ဒယ်တန်တို့သည်အရှေ့တောင်အာရှနှင့်တောင်ပစိဖိတ်နိုင်ငံများသို့စက်တင်ဘာ ၁၁ ရက်နေ့တွင်စတင်သွားရောက်ခဲ့သည်။ ခရီးစဉ်၏ ပထမဆုံးခရီးအဖြစ်စင်ကာပူနိုင်ငံသို့သွားရောက်ခဲ့သည်။ စင်ကာပူသို့ရောက်ရှိစဉ်တွင်မင်းသားဝီလျံနှင့် ကြင်ယာတော်ကိတ်တို့သည် Kranji စစ်သင်္ချိုင်းသို့သွားရောက်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက အသက်ဆုံးရှုံးခဲ့သူများ၏အုတ်ဂူများကို ဂါရဝပြုခဲ့ကြသည်။

မင်းသားဝီလျံနှင့်ကိတ်တို့သည် Singapore Botanic Gardens သို့ သွားရောက်လည်ပတ်ခဲ့ပြီး မင်းသားဝီလျံ၏မိခင်ကွယ်လွန်သူ ဒိုင်ယာနာမင်းသမီး၏ အမည်ပေးထားသည့် Dendrobium Memoria Princess Diana သစ်ခွပန်းနှင့် အဲလိဇဘက်ဘုရင်မအမည်ပေးထားသော Dendrobium Queen Elizabeth II သစ်ခွပန်းတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အဲလိဇဘက်ဘုရင်မ စင်ကာပူသို့လာရောက်ခဲ့မှုကို ကြိုဆိုမှုအဖြစ်ယင်းကဲ့သို့ အမည်ပေးခဲ့ခြင်းဖြစ်သည်။ သစ်ခွနာမည်ပေးခြင်းသည်အရေးကြီးပုဂ္ဂိုလ်များကို ကြိုဆိုမှုပြုသည့်စင်ကာပူနိုင်ငံ၏နည်းလမ်းဖြစ်သည်။ စင်ကာပူသို့ရောက်ရှိနေသည့် မင်းသားဝီလျံနှင့်ကိတ်တို့ကိုဂုဏ်ပြုမှုအဖြစ်သစ်ခွတစ်မျိုးကို "Vanda William Catherine" ဟုသတ်မှတ်ခဲ့သည်။

ကိန်းဘရေ့ချ်မြို့စားနှင့်မြို့စားကတော်ကိတ်မစ်ဒယ်တန်တို့ကို စင်ကာပူသမ္မတတိုနီတန်နှင့်ဝန်ကြီးချုပ်လီရှန်လွန်းတို့ဦးဆောင်သည့် အစိုးရအဖွဲ့ကနိုင်ငံတော်အခမ်းအနားဖြင့် ညစာတည်ခင်းဧည့်ခံခဲ့ကြောင်းဗြိတိန်ရှိ St. James's Palace နန်းတော်ကထုတ်ပြန်ခဲ့သည်။

ညစာစားပွဲတွင် ကိန်းဘရေ့ချ် မြို့စားဝီလျံသည်စင်ကာပူ၏စီးပွားရေးတိုးတက်အောင်မြင်မှုနှင့်အိုလံပစ်နှင့်လန်ဒန်မသန်စွမ်းအားကစားပြိုင်ပွဲတွင် စင်ကာပူအားကစားသမားများ၏အောင်မြင်မှုများကိုချီးကျူးပြောကြားခဲ့သည်။ မင်းသားဝီလျံနှင့်ကိတ်တို့သည်စင်ကာပူမှတစ်ဆင့်စက်တင်ဘာလ ၁၃ ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့သွားရောက်ခဲ့သည်။ ကိတ်သည် ဗြိတိန်ပြင်ပ၌ပထမအကြိမ်အဖြစ် ကွာလာလမ်ပူတွင်လူထုကိုမိန့်ခွန်းပြောကြားခဲ့သည်။ East Anglia ဒေသရှိ ကလေးဆေးရုံများကိုကူညီထောက်ပံ့နေသည့်ကိတ်သည် မလေးရှားရှိကလေးများနှင့် အရွယ်ရောက်သူများ၏ ဆေးရုံသို့သွားရောက်ခဲ့စဉ်တွင် မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းညတွင် မင်းသားဝီလျံနှင့်ကိတ်တို့ကိုမလေးရှားဘုရင်နှင့်မိဖုရားတို့က တော်ဝင်နန်းတော်တွင်ညစာတည်ခင်းဧည့်ခံခဲ့သည်။ ၁၅ ရက်နေ့တွင် မင်းသားဝီလျံနှင့်ကိတ်တို့သည် KLCC ပန်းခြံတွင်လူထုနှင့်တွေ့ဆုံသွားမည်ဖြစ်ပြီးစက်တင်ဘာလ ၁၆ ရက်နေ့တွင် ဆော်လမွန်ကျွန်းစုသို့ သွားရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

## သရုပ်ဆောင် အင်ဂျလီနာဂျိုလီ တူရကီရှိ ဆီးရီးယားဒုက္ခသည်များကို သွားရောက်တွေ့ဆုံ

ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီဆိုင်ရာ အထူးသံတမန်တစ်ဦးဖြစ်သည့် သရုပ်ဆောင် အင်ဂျလီနာဂျိုလီသည်စက်တင်ဘာလ ၁၃ ရက်နေ့တွင်တူရကီရှိဆီးရီးယားဒုက္ခသည်များကို သွားရောက်တွေ့ဆုံခဲ့သည်။ ပြည်တွင်းစစ်ကြောင့်နိုင်ငံတွင်းမှထွက်ပြေးသည့်ဒုက္ခသည်များ၏အတိဒုက္ခများအကြောင်းကိုအစီရင်ခံစာတင်ပြရန်သွားရောက်ခြင်းဖြစ်သည်။

တူရကီနိုင်ငံသို့ ထွက်ပြေးလာသည့် ဆီးရီးယားဒုက္ခသည်အရေအတွက်သည် စိုးရိမ်စရာကောင်းလှအောင်မြင့်တက်ခဲ့မှုကြောင့်ဂျိုလီသည်တူရကီသို့သွားရောက်ခြင်းဖြစ်သည်။

ဂျိုလီနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအန်တိုနီယိုဂူတာရိစ်တို့သည် ဆီးရီးယားနယ်စပ်အနီးရှိ ဒုက္ခသည်စခန်းနှစ်ခုသို့သွားရောက်ခဲ့ပြီးဒုက္ခသည်များနှင့်သီးသန့်တွေ့ဆုံခဲ့သည်။ သမ္မတ Abdullah gul နှင့် တာဝန်ရှိသူများနှင့်ဆွေးနွေးပြီးနောက်တူရကီခရီးစဉ်ကိုအန်ကာရာမြို့တွင်အဆုံးသတ်ခဲ့သည်။ ဂျိုလီနှင့်အန်တိုနီယိုတို့သည် ယခုသီတင်းပတ်အစောပိုင်းက ဂျော်ဒန်ရှိဆီးရီးယားဒုက္ခသည်စခန်းများသို့လည်း သွားရောက်ခဲ့သည်။

## Pussy Riot အဖွဲ့ဝင်များကိုချမှတ်သည့် ထောင်ဒဏ်မှာများလွန်းသည်ဟု ရုရှားဝန်ကြီးချုပ်ပြောကြား

ရုရှားနိုင်ငံ၏အကြီးဆုံးဘုရားကျောင်းတစ်ခုတွင် သမ္မတပူတင်ကိုဆန့်ကျင်သည့်သီချင်းသီဆိုမှုဖြင့်ထောင်ဒဏ်ကျခံနေရသည့်ရော့ခ်အဖွဲ့ Pussy Riot ၏အဖွဲ့ဝင်သုံးဦးကို စာနာထောက်ထားကြောင်းနှင့်၎င်းတို့၏ထောင်ဒဏ်မှာများလွန်းကြောင်း ဝန်ကြီးချုပ်မက်ဗီဒက်က အာဏာရ United Russia Party အတွက် ဒေသဆိုင်ရာအစည်းဝေးတစ်ခုပြုလုပ်စဉ်တွင် ပြောကြားခဲ့သည်။

Pussy Riot အဖွဲ့ဝင်သုံးဦးကို ထောင်ဒဏ်နှစ်နှစ်ချမှတ်သည်မှာများလွန်းကြောင်း၊ ထိန်းသိမ်းခံရသည့်ခြောက်လအပါဝင်ဆိုင်းငံ့ထောင်ဒဏ်ကိုသာ ချမှတ်သင့်သည်ဟုထင်ကြောင်းဝန်ကြီးချုပ်ကပြောကြားသည်။ ဘီတဲလ်အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည့် အဆိုတော် ပေါလ်မက္ကာတနေကလည်းထောင်ဒဏ်ကျခံနေရသည့် Pussy Riot အဖွဲ့ဝင်များကိုထောက်ခံကြောင်း ပြောကြားခဲ့သည်။

အဆိုတော်မက်ဒေါနား၊ Greenday၊ Bjok၊ the Red Hot Chili Peppers နှင့် အခြားအနုပညာရှင်များစွာကလည်း Pussy Riot အဖွဲ့ဝင်များကိုလွှတ်ပေးရန် တောင်းဆိုခဲ့သည်။


Myanmar Daiichi Computer Resource
Japanese System Development Company

**Myanmar DCR Co., Ltd. ၏ ဝန်ထမ်းရွေးချယ်မှုရှင်းလင်းပွဲ**

Myanmar DCRကုမ္ပဏီမှ ၂၀၁၃ခုနှစ်အတွက် ဝန်ထမ်းရွေးချယ်ပွဲ ကျင်းပပြုလုပ်မည် ဖြစ်သည်။ Myanmar DCRကုမ္ပဏီသည် မြန်မာနိုင်ငံ၏ **ပထမဆုံးသော ဂျပန်လူမျိုး ၁၀၀% ရင်းနှီးမြှုပ်နှံထားသည့် ITကုမ္ပဏီ** ဖြစ်ပါသည်။ ဂျပန်ဘာသာစကားကိုစိတ်ပါဝင်စား၍ ဂျပန်နိုင်ငံ၏အဆင့်မြင့်နည်းပညာများကို လေ့လာသင်ယူချင်သူ၊ အနာဂတ်တွင် နိုင်ငံတကာနှင့်ရင်ဘောင်တန်း၍ လုပ်ကိုင်ချင်သူ လူငယ်အမြောက်အမြားကို အလုပ်ခေါ်ယူမည်ဖြစ်ပါသည်။

**Myanmar DCR ၏ အားသာချက်များ**

- ★ ဝန်ထမ်းများ၏ အရည်အချင်းတိုးတက်ရန် အားသွန်ခွန်စိုက် ရင်းနှီးမြှုပ်နှံပေးခြင်း
- ★ ဝန်ထမ်းအားလုံး၏ ဘဝရည်မှန်းချက် အကောင်အထည်ပေါ်နိုင်စေခြင်း
- ★ အထက်အရာရှိအဆင့်မှ သာမန်ဝန်ထမ်းများအဆင့်ထိ လွတ်လပ်စွာပြောဆိုနိုင်ခွင့်ရှိခြင်း
- ★ ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာများနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူနိုင်ခြင်း
- ★ ဝန်ထမ်းတစ်ဦးချင်းစီ၏ နေထိုင်မှုဘဝအရေးကို ဦးစားပေးစဉ်းစားခြင်း
- ★ ကုမ္ပဏီတွင်း စွန့်ဦးတီထွင်မှုများအတွက် ဘက်ပေါင်းစုံမှ ပြင်ဆင်စီမံထားခြင်း



လုပ်ငန်းသဘောသဘာဝ၊ ဝန်ထမ်းခေါ်ယူခြင်းအကြောင်းအရာ အသေးစိတ်နှင့်ပတ်သက်၍ ဝန်ထမ်းရွေးချယ်မှုရှင်းလင်းပွဲကို အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်သည်။

| | | |
|---|---|---|
| နေ့ရက် | : | ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ၊ ၇ရက် (တနင်္ဂနွေနေ့) |
| ပထမအကြိမ် | : | ၁၀း၀၀ မှ ၁၂း၀၀ နာရီ (Reception Time ၀၉း၃၀ နာရီမှ) |
| ဒုတိယအကြိမ် | : | ၁၄း၀၀ မှ ၁၆း၀၀ နာရီ (Reception Time ၁၃း၃၀ နာရီမှ) |

(ပထမအကြိမ်နှင့် ဒုတိယအကြိမ်ရှင်းလင်းပွဲ၏အကြောင်းအရာများမှာ အတူတူပင်ဖြစ်ပါသည်။
မိမိအဆင်ပြေသည့် အချိန်ကို ရွေးချယ်တက်ရောက်နိုင်ပါသည်။)

| | | |
|---|---|---|
| နေရာ | : | PARK ROYAL HOTEL (Yadanar Room) |

ဝန်ထမ်းရွေးချယ်မှုရှင်းလင်းပွဲတက်ရောက်ရန် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။ သတ်မှတ်လူဦးရေပြည့်ပါက ရှင်းလင်းပွဲတက်ရောက်မှုစာရင်းပိတ်မည်ဖြစ်ပါကြောင်း ပန်ကြားအပ်ပါသည်။

* ကြိုတင်စာရင်းပေးသွင်းရန် အသေးစိတ်အချက်အလက်များကို http://www.myanmardcr.com မှ ဝန်ထမ်းခေါ်ယူခြင်း စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

http://www.myanmardcr.com

## ဦးစားပေးနေရာအတွက် လိုရစ် တိုက်ပွဲဝင်ရမည်ဟုဘိုအက်ရှ်ဆို

စပါးအသင်းနည်းပြဘိုအက်ရှ်က အသစ်ခေါ်ယူထားသော ပြင်သစ်လက်ရွေးစင်ဂိုးသမားလိုရစ်ကို ပထမဦးစားပေးဂိုးသမားနေရာအတွက် အာမမခံနိုင်ကြောင်းနှင့် ဖရီဒယ်လ်နှင့်ယှဉ်၍ တိုက်ပွဲဝင်ရမည်ဟု ပြောကြားခဲ့သည်။ စပါးအသင်းသည် ပြင်သစ်လက်ရွေးစင်ဂိုးသမားဖြစ်သူလိုရစ်ကို လိုင်ယွန်အသင်းထံမှနေ၍ ပေါင် ၁၂ သန်းဖြင့်ခေါ်ယူထားခဲ့ပြီး ရာသီအစပွဲစဉ်များတွင် အရန်ခုံ၌သာထိုင်ခိုင်းထားခဲ့သောကြောင့် လိုရစ်နှင့်ဘိုအက်ရှ်အကြား၌ အဆင်မပြေမှုများဖြစ်ပေါ်နေလျက်ရှိသည်။ ဘိုအက်ရှ်က "ဖရီဒယ်လ်ဟာ ဖြတ်ထိုးဉာဏ်ကောင်းသလို ဆုံးဖြတ်ချက်တွေလည်း မှန်ကန်သူတစ်ဦးပါ။ လိုရစ်အနေနဲ့ ပထမဦးစားပေးနေရာကိုလိုချင်ရင် ဖရီဒယ်လ်နှင့်ယှဉ်ပြီးတိုက်ပွဲဝင်သွားရမှာပါ"ဟု ပြောကြားခဲ့သည်။

## ဖာဘရီဂတ်စ်ကို ပွဲထွက်ကစားသမားအဖြစ် အာမခံချက်မပေး

ဘာစီလိုနာအသင်းနည်းပြဖြစ်သူ ဗယ်လာနိုဗစ်က ကွင်းလယ်ကစားသမားဖြစ်သူ ဖာဘရီဂတ်စ်ကို ပွဲထွက်ကစားသမားအဖြစ် အာမခံချက်မပေးနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်းဖြစ်သူ ဖာဘရီဂတ်စ်သည် ပြီးခဲ့သည့်ရာသီက ဘာစီလိုနာအသင်းထံသို့ပြောင်းရွှေ့ခဲ့ပြီးနောက် ဂွါဒီယိုလာလက်ထက်ကတည်းကပင် ပထမဦးစားပေးနေရာအတွက် ရုန်းကန်နေရသူဖြစ်သည်။ လက်ရှိနည်းပြ ဗယ်လာနိုဗစ်ကလည်း "ဖာဘရီဂတ်စ်ဟာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ ကစားသမားတစ်ဦးပါ။ သူ့လိုကစားသမားမျိုးကို ဘယ်ကလပ်အသင်းမဆို လိုချင်ကြမှာပါ။ ဒါပေမယ့် ဘာစီလိုနာမှာတော့ ပြီးပြည့်စုံတဲ့ကစားသမားတွေအများကြီးပါပဲ။ အဲဒီအတွက် သူ့ကို အာမခံချက်မပေးနိုင်ပါဘူး"ဟု ပြောကြားခဲ့သည်။

## ကမ္ဘာပေါ်ရှိ မည်သည့်အသင်းမဆို တိုက်စစ်မှူးစီရော်နယ်ဒိုကို မေ့ထားရန်လိုအပ်ကြောင်း ရီးယဲလ်အသင်းနည်းပြ မော်ရင်ဟို သတိပေး



ရီးယဲလ်မက်ဒရစ်အသင်းနည်းပြမော်ရင်ဟိုက ကမ္ဘာပေါ်ရှိမည်သည့်အသင်းမဆို တိုက်စစ်မှူးစီရော်နယ်ဒိုကို မေ့ထားဖို့လိုအပ်ကြောင်း သတိပေးစကားပြောကြားခဲ့သည်။

မော်ရင်ဟိုက အထူးသဖြင့် မန်စီးတီးအသင်းကို ပြောကြားခဲ့ခြင်းဖြစ်ပြီး စီရော်နယ်ဒိုကို မိမိအနေဖြင့် အနားပေးရန်လိုအပ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။ မန်စီးတီးအသင်းနှင့်ကစားရမည့် ချန်ပီယံလိဂ်ပွဲမတိုင်မီ မော်ရင်ဟိုက "ကျွန်တော် စကားအနည်းငယ်ပြောလိုပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ဘယ်ကလပ်အသင်းမဆိုခရစ္စတီယာနိုကိုမေ့ထားကြဖို့လိုအပ်ပါလိမ့်မယ်။ ခင်ဗျားတို့(ကလပ်အသင်းများ)အနေနဲ့ ခရစ္စတီယာနိုနဲ့ပတ်သက်ပြီး အချိန်တွေကို မဖြုန်းတီးစေလိုပါဘူး။ မက်ဒရစ်အသင်းရော ခရစ္စတီယာနိုပါကောင်းမွန်ပြည့်စုံတဲ့အခြေအနေတွေကိုရရှိထားပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့အပြင် မော်ရင်ဟိုက ရီးယဲလ်အသင်း၌ မပျော်မရွှင်ဖြစ်နေသည်ဟု စီရော်နယ်ဒို ထုတ်ဖော်ပြောကြားခဲ့ခြင်းနှင့်ပတ်သက်၍ အနားပေးရန်လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ မော်ရင်ဟိုက "သူဟာ ပွဲတိုင်းကို အင်ပြည့်အားပြည့်နဲ့ အစွမ်းကုန်ကြိုးစားကစားခဲ့လို့ ပင်ပန်းနေတာပါ။ သူ့ကို အနားပေးဖို့ လိုအပ်ပါတယ်"ဟုပြောကြားခဲ့သည်။




## Sports News In Brief

**ရက်ဘူးလ်** ➢ မေဂျာလိဂ်ကလပ် ရက်ဘူးလ်အသင်းသည် ရီးယဲလ်နှင့် ဘရာဇီးလ်ကစားသမား ကာကာ၏ညီဖြစ်သူ နောက်တန်းကစားသမားဒီယာဂိုကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။

**ဘိုကာဂျူနီယာ** ➢ ဘိုကာဂျူနီယာအသင်း၏ အာဂျင်တီးနားကွင်းလယ်လူ ရီကွယ်မီးလ်က အသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့၍အလွန်ဝမ်းသာကြောင်းနှင့် မာရာဒိုနာ၏ဝေဖန်မှုများကို ဂရုစိုက်နေမည်မဟုတ်ဟုဆိုခဲ့သည်။

**ဂျူဗင်တပ်စ်** ➢ ဂျူဗင်တပ်စ်အသင်းခေါင်းဆောင် ဘူဖွန်က ယခုနှစ်ရာသီတွင် မိမိတို့အသင်းအပါအဝင် အေစီ၊ အင်တာ၊ ရိုးမား၊ နာပိုလီ အသင်းများထဲမှတစ်သင်း ဖိုလ်စွဲလိမ့်မည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။

**အာဆင်နယ်** ➢ အာဆင်နယ်အသင်းနည်းပြအာစင်ဝင်းဂါးက ကာဇိုလာ၊ ဂျီရော့ဒ်၊ ပိုဒေါ်စကီး တို့မှာ အင်္ဂလိပ်ကစားဟန်ဖြင့် အလျင်အမြန်အထိုင်ကျခဲ့မှုအပေါ် အလွန်ဝမ်းသာကြောင်းပြောကြားခဲ့သည်။

**ဖီဖာ** ➢ ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဂျူဗင်တပ်စ်အသင်းနည်းပြကွန်တီကို ဘောလုံးလောကနှင့်မပတ်သက်ရန် ၁၀ လသက်တမ်းတိုးပြစ်ဒဏ်ချမှတ်လိုက်သည်။

**လီဗာပူးလ်** ➢ လီဗာပူးလ်နည်းပြရော်ဂျာက ကမ္ဘာ့ထိပ်တန်းအဆင့်ရှိကစားသမားများကို မခေါ်ယူနိုင်ခဲ့၍ ယခုနှစ်ရာသီ၌ ၎င်းတို့အသင်း ရုန်းကန်ရလိမ့်မည်ဟု သုံးသပ်ခဲ့သည်။

**ချယ်လ်ဆီး** ➢ ချယ်လ်ဆီးနည်းပြဒီမတ်တီယိုက မာလူဒါကို အသင်းမှထွက်ခွာရန်ဖိအားပေးမည်မဟုတ်ဟု ပြောကြားခဲ့သည်။

## မန်ယူအသင်းအတွက် ပွဲ ၅၀၀ ပြည့်သည်အထိ ကစားပေးလိုကြောင်း ဖာဒီနန် ဝန်ခံပြောကြား



အခြားသော ဥရောပကလပ်အသင်းများနှင့်သတင်းများထွက်ပေါ်နေသည့် မန်ယူအသင်းနောက်ခံလူ ရီယိုဖာဒီနန်က မန်ယူအသင်းအတွက် ပွဲ ၅၀၀ ပြည့်သည်အထိကစားပေးလိုကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဖာဒီနန်သည် လာမည့်နှစ်လအတွင်း၌ အသက် ၃၄ နှစ်ပြည့်မည်ဖြစ်ပြီး ၎င်း၏အသက်အရွယ်နှင့် လိုက်ဖက်မည့် အခြားသောဥရောပအသင်းတစ်သင်းသင်းသို့ပြောင်းရွှေ့ကစားတော့မည်ဟု သတင်းများက ဖော်ပြနေကြလျက်ရှိသည်။

သို့သော် ဖာဒီနန်က "မန်နေဂျာ(ဖာဂူဆန်)အလိုရှိနေသရွေ့ ကျွန်တော်ဒီမှာ(မန်ယူ)ရှိနေမှာပါ။ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ဟာ ဒီမှာပဲအမြဲရှိနေဖို့ဆန္ဒရှိပါတယ်။ ကျွန်တော် အမြဲတမ်းပြောခဲ့ပါတယ်။ မန်ယူအသင်းက ထွက်ခွာဖို့ ကျွန်တော့်ဦးနှောက်က ဘယ်တော့မှ ခွင့်မပြုခဲ့ဘူးဆိုတာကိုပါ။အခုဆိုရင် မန်ယူအသင်းအတွက် ကစားပေးခဲ့တဲ့ ၁၀ နှစ်တာကာလအတွင်းမှာ ပွဲ(၄၀၀)ရှိပါပြီ။ ကျွန်တော်ဟာ ပွဲ(၅၀၀)အထိ ကစားပေးချင်တာပါ"ဟု ပြောကြားခဲ့သည်။

## အားကစားသတင်းအတိုအထွာများ

■ အင်္ဂလန်လက်ရွေးစင်ဟောင်းနှင့် ပရီးမီးယားလိဂ်ကလပ် လီဗာပူးလ်အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂျွန်ဘမ်းသည် လာမည့်စက်တင်ဘာလ ၁၈ရက်မှ ၂၁ရက်အထိ ယူ-၁၂လူငယ်ဘောလုံးသမားများအား သုဝဏ္ဏကွင်းတွင်လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ လက်ရှိကျင်းပနေသည့် MFF U-12 Digicel Cup ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် အခြေခံပညာ ၁နှင့် ၃ မှ ကစားသမား ၃၀ဦး၊ Horizon နှင့် ILBC တို့မှကစားသမား ၁၀ဦးစီဖြင့် စုစုပေါင်း ၅၀ ဦးကိုရွေးချယ်ကာ ဂျွန်ဘမ်းကလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ ဂျွန်ဘမ်းသည် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးလ်၊ ဝက်ဖို့ဒ်၊ ချာလ်တန်၊ နယူးကာဆဲလ် စသည့်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးပြီး အင်္ဂလန်အသင်းအတွက် ၇၉ပွဲကစားကာ ၁၁ဂိုးသွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

■ MNL အမှတ်ပေးပြိုင်ပွဲနှင့် အာရှယူ-၂၂ခြေစစ်ပွဲတို့ကြောင့် ခေတ္တရပ်နားထားခဲ့သော MNL လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် စက်တင်ဘာလ ၁၁ရက်မှစ၍ပြန်လည်ကျင်းပနေကြောင်း သိရသည်။ပွဲစဉ် ၆အပြီးတွင် ဧယျာဝတီ ရွှေမြေအသင်းက ၁၄မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ဟံသာဝတီအသင်း၊ ရန်ကုန်အသင်းနှင့် ဇေယျာဝတီအသင်းတို့က ၁၃မှတ်စီဖြင့်နောက်မှလိုက်နေကြသည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာမူ ရမှတ် ၉မှတ်ဖြင့်အဆင့် ၅နေရာတွင်ရပ်တည်နေပြီး ပွဲစဉ် ၇ကို စက်တင်ဘာလ ၁၇၊ ၁၈၊ ၁၉ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

■ ထိုင်းနိုင်ငံတွင် လာမည့်စက်တင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၇)ကြိမ်မြောက်အရှေ့တောင်အာရှ လူငယ်အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို မြန်မာလူငယ်အမျိုးသမီးဘော်လီဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာလူငယ်အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲကို လာမည့် ၂၀၁၃ နေပြည်တော်ဆီးဂိမ်းစ်ပြိုင်ပွဲအတွက်ရည်ရွယ်ကာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး လာမည့်စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပြိုင်ပွဲကျင်းပမည့်ထိုင်းနိုင်ငံသို့ထွက်ခွာမည်ဖြစ်သည်။

## ခြေစမ်းပွဲများကစားရန် မြန်မာ့လက်ရွေးစင်အသင်း ဂျပန်နိုင်ငံသို့ ယနေ့ထွက်ခွာမည်

အာဆီယံဆုဇူကီးဖလား ခြေစစ်ပွဲအကြိုပြင်ဆင်မှုအနေဖြင့် ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများသွားရောက်ကစားရန်အတွက်မြန်မာ့လက်ရွေးစင်အသင်းသည်စက်တင်ဘာလ၁၁ရက်(ယနေ့) ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်နည်းပြ ၁၀ ဦး၊ ကစားသမား ၂၅ ဦးလိုက်ပါသွားပြီး မူလရွေးချယ်ထားသည့် ပဏာမကစားသမား ၂၇ ဦးထဲမှ တိုက်စစ်မှူးများဖြစ်သည့် ရန်ပိုင်နှင့် စိုးမင်းဦးတို့ကျန်ရစ်ခဲ့သည်။ ရန်ပိုင်သည် စက်တင်ဘာလ ၁၄ ရက်ကပြုလုပ်ခဲ့သည့်အသင်း၏ လေ့ကျင့်ခန်းအစီအစဉ်တွင် ထပ်မံထိခိုက်မိခဲ့သောကြောင့် ဂျပန်ခြေစမ်းခရီးစဉ်ကိုလွဲချော်ခဲ့ရခြင်းဖြစ်ပြီးဒဏ်ရာပြန်လည်သက်သာလာပါက ဆူဇူကီးဖလားခြေစစ်ပွဲအတွက် ပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းခရီးစဉ်တွင် ဂျေလိဂ်ကလပ် အိုဆာကာအသင်းအပါအဝင် ခြေစမ်းပွဲ ငါးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး စက်တင်ဘာလ ၂၈ ရက်တွင် ဂျပန်နိုင်ငံမှပြန်လည်ထွက်ခွာလာမည်ဖြစ်ကြောင်း သိရသည်။

**ခြေစမ်းပွဲများ**

| | | | |
|---|---|---|---|
| ၂၀-၉-၁၂ | မြန်မာ | - | Fagiano Okayama |
| ၂၃-၉-၁၂ | မြန်မာ | - | ခရီဇိုအိုဆာကာ |
| ၂၅-၉-၁၂ | မြန်မာ | - | Kansan တက္ကသိုလ် |
| ၂၆-၉-၁၂ | မြန်မာ | - | ဂျပန်တက္ကသိုလ် |
| ၂၇-၉-၁၂ | မြန်မာ | - | Vissel Kobe လူငယ် |

## MFF Digicel Cup 2012 ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များထွက်ပေါ်




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF ကကြီးမှူးကျင်းပမည့် MFF Digicel Cup 2012 ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ပြီးခဲ့သည့် စက်တင်ဘာလ ၁၄ ရက်ကမဲနှိုက်ရေးဆွဲခဲ့ကြောင်း သိရသည်။

ပထမအဆင့်ပွဲစဉ်များကို လာမည့် အောက်တိုဘာလ ၁၇ရက်မှ ၁၉ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်း၊ ရတနာပုံအသင်းနှင့် KBZ အသင်းတို့မှာ အိမ်ကွင်းပွဲစဉ်များအဖြစ်လက်ခံကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို MNL အသင်း ၁၄သင်း၊ ပြီးခဲ့သည့် ၂၀၁၂အပျော်တမ်းအမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရ ACE အသင်း၊ ဒုတိယဆုရ ကာကွယ်ရေးအသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ပွဲစဉ်မဲနှိုက်ရေးဆွဲမှုအရ လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းသည်မကွေးအသင်းနှင့် ပွဲကျပ်စတင်ကစားရမည်ဖြစ်ပြီး ချန်ပီယံဟောင်း ဟံသာဝတီအသင်းမှာမူ Southern အသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် KBZအသင်းမှာမူချင်းယူနိုက်တက်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရတနာပုံအသင်းမှာမနောမြေအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ကွာတားပွဲစဉ်များ၊ ဆီမီးနှင့် ဗိုလ်လုပွဲပွဲစဉ်များကို ပထမအဆင့်ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်အပြီး အောက်တိုဘာလ ၂၀ရက်တွင်မဲနှိုက်ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ MFF သည် ဆီမီးပွဲစဉ်များကို ၂ကျော့စနစ်ဖြင့် ကျင်းပရန်စီစဉ်နေပြီးပရိတ်သတ်များ စေရန်အတွက် နယ်မြို့များတွင်ပါ ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

MFF သည်ရှုံးထွက်ပြိုင်ပွဲကို ပြီးခဲ့သည့်၂၀၁၀ပြည့်နှစ်မှစ၍ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၀ပြည့်နှစ်တွင်ဥဿာယူနိုက်တက်အသင်း(ယခု ဟံသာဝတီယူနိုက်တက်)၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းတို့က ဗိုလ်စွဲထားကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၁ပြိုင်ပွဲဗိုလ်လုပွဲတွင်မူ ရန်ကုန်ယူနိုက်တက်အသင်းက နေပြည်တော်အသင်းကို ၅-၀ဂိုးဖြင့်အနိုင်ရရှိကာဗိုလ်စွဲထားခြင်းဖြစ်ကြောင်း သိရသည်။

**ပထမအဆင့် ပွဲစဉ်များ**

| | | | | |
|---|---|---|---|---|
| ၁၇-၁၀-၁၂ | ရက္ခပူရ | - | ဇွဲကပင် | သုဝဏ္ဏ |
| ၁၇-၁၀-၁၂ | မောရဝတီ | - | ဧယျာရွှေမြေ | အောင်ဆန်း |
| ၁၈-၁၀-၁၂ | ရန်ကုန် | - | မကွေး | YUSC |
| ၁၈-၁၀-၁၂ | KBZ | - | ချင်း | KBZ |
| ၁၈-၁၀-၁၂ | ရတနာပုံ | - | မနောမြေ | ပထူး |
| ၁၈-၁၀-၁၂ | ဟံသာဝတီ | - | Southern | သုဝဏ္ဏ |
| ၁၈-၁၀-၁၂ | ဇေယျာဝတီ | - | ကာကွယ်ရေး | အောင်ဆန်း |
| ၁၉-၁၀-၁၂ | နေပြည်တော် | - | ACE | အောင်ဆန်း |



# ၂၀၁၂-၁၃ ခုနှစ် ဥရောပချန်ပီယံလိဂ် အုပ်စုအဖွင့်ပွဲစဉ်များ စတင်ယှဉ်ပြိုင်မည်




၂၀၁၂-၁၃ ခုနှစ်ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲစဉ်များကို လာမည့်စက်တင်ဘာလ ၁၉ နှင့် ၂၀ ရက်နေ့များတွင်ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုအဖွင့်ပွဲစဉ်များတွင် အကြိတ်အနယ်ရှိမည့်ပွဲစဉ်များပါဝင်နေသည်။

၂၁ ကြိမ်မြောက်ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အုပ်စုအဖွင့်ပွဲစဉ်များတွင် လာလီဂါချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးအသင်းတို့၏ အုပ်စု(ဃ)အဖွင့်ပွဲ၊ ချန်ပီယံလိဂ်လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်အသင်းတို့၏ အုပ်စု(င)အဖွင့်ပွဲ၊ ဘွန်ဒစ်လီဂါနာမည်ကြီး ဘေယန်မြူးနစ်နှင့် လာလီဂါနာမည်ကြီး ဗလင်စီယာတို့၏အုပ်စု(စ)အဖွင့်ပွဲစဉ်များမှာအကြိတ်အနယ်ရှိမည့်ပွဲစဉ်များဖြစ်ပြီး အုပ်စုအဖွင့်ပွဲစဉ်များ၏ အကြိတ်အနယ်ပွဲကောင်းများဖြစ်သည်။ မန်စီးတီးနှင့် ချယ်လ်ဆီးတို့ ပွဲကျပ်များဖြင့်ကြုံ တွေ့နေသော်လည်း မန်ယူအသင်းမှာမူ ဂါလာတာစာရေးအသင်းနှင့်အိမ်ကွင်းတွင်တွေ့ဆုံရမည်ဖြစ်သည်။ကျန်ပရီးမီးယားလိဂ်အသင်း တစ်သင်းဖြစ်သည့် အာဆင်နယ်အသင်းမှာမူ ပြင်သစ် ချန်ပီယံ မောင့်ပယ်လီယာအသင်းနှင့် အဝေးကွင်းတွင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီးအာဆင်နယ် တိုက်စစ်မှူး ဂီရော့မှာအသင်းဟောင်းနှင့် ပြန်လည်ရင်ဆိုင် ရမည်ဖြစ်သည်။

ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ဖိုင်နယ်ပွဲကို အင်္ဂလန်နိုင်ငံရှိ ဝင်ဘလေကွင်းတွင်ကျင်းပမည်ဖြစ်သည်။

ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်များ

၁၈-၉-၂၀၁၂ (အင်္ဂါ)

| | | |
|---|---|---|
| အေစီမီလန် | - | အန်ဒါလက်ချ် |
| မာလာဂါ | - | ဇင်းနစ် |
| ရီးယဲလ်မက်ဒရစ် | - | မန်စီးတီး |
| ဒေါ့မွန် | - | အေဂျက်စ် |
| မောင့်ပယ်လီယာ | - | အာဆင်နယ် |
| PSG | - | ဒိုင်နမိုကိဗ် |
| အိုလံပီယာကော့စ် | - | ရှော်လ်ကာ |
| ဒိုင်နမိုဇာဂရက် | - | ပေါ်တို |
| ချယ်လ်ဆီး | - | ဂျူဗင်တပ်စ် |
| မန်ယူ | - | ဂါလာတာစာရေး |
| ဘာစီလိုနာ | - | စပါးတပ်မော်စကို |
| ဘေယန်မြူးနစ် | - | ဗလင်စီယာ |
| လိုင်လီ | - | BATE |
| ဆဲလ်တစ် | - | ဘင်ဖီကာ |
| ရှက်တာဒိုးနက် | - | နော့ဒ်ဂျေးလန်း |
| ဘရာဂါ | - | ကလုချ် |

## ရီးယဲလ်မက်ဒရစ်အသင်း တစ်နှစ်တာဝင်ငွေ ယူရိုသန်း ၅၀၀ ကျော်သည့် ပထမဆုံးကလပ်ဖြစ်လာ

လာလီဂါချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်၂၀၁၁-၁၂ဘောလုံးရာသီတွင် ဝင်ငွေယူရို ၅၁၄သန်းရရှိခဲ့ပြီး တစ်နှစ်တာဝင်ငွေယူရိုသန်း ၅၀၀ ကျော်သည့် ပထမဆုံးကလပ်အသင်းအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့ကြောင်းသိရှိရသည်။

ယင်းပမာဏမှာ လွန်ခဲ့သည့်ဘဏ္ဍာရေးနှစ်ကထက် ၇ ရာခိုင်နှုန်းတိုးမြှင့်ရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ သို့ရာတွင် ရီးယဲလ်အသင်း၏အသားတင်အမြတ်ငွေမှာမူ ယူရို ၂၄.၂သန်းသာရှိပြီး ၂၃.၃ ရာခိုင်နှုန်းလျော့ကျသွားခဲ့ကြောင်းသိရှိရသည်။ ယင်းကဲ့သို့အမြတ်ငွေလျော့ကျခဲ့ခြင်းမှာ စပိန်နိုင်ငံ၏အခွန်စည်းမျဉ်းသစ်များနှင့် အသင်း၏လုံခြုံရေးဆိုင်ရာအသုံးပြုမှုများကြောင့်ဖြစ်သည်ဟုသိရှိရသည်။

ထို့ပြင်ရီးယဲလ်အသင်းဝင်ငွေတိုးမြှင့်ရရှိခြင်းနှင့်အတူ အသင်း၏ကြွေးမြီပမာဏမှာလည်း ၂၆.၅ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယူရို ၁၂၄.၇သန်းသာရှိတော့ကြောင်းလည်းသိရသည်။

## အိုးလ်ထရက်ဖို့ဒ်ကွင်းပြင်ပတွင် ဖာဂူဆန်ပုံတူ ဂုဏ်ပြုကြေးရုပ်ထုထားရှိရန် မန်ယူအသင်းစီစဉ်

မန်ယူအသင်းသည် အသင်းနည်းပြ ဖာဂူဆန်အားဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ပုံတူကြေးရုပ်ထုကို အသင်း၏အိမ်ကွင်းဖြစ်သည့် အိုးလ်ထရက်ဖို့ဒ်ကွင်းပြင်ပတွင်ထားရှိရန် စီစဉ်နေကြောင်းသိရှိရသည်။

မန်ယူအသင်းတွင် ၁၉၈၆ခုနှစ်မှစတင်ကာ နည်းပြတာဝန်ကိုထမ်းဆောင်ခဲ့သည့် ဖာဂူဆန်သည် လက်ရှိအချိန်တွင်အသင်း၌ ၂၅ နှစ်ကြာနည်းပြခဲ့ပြီးဖြစ်သည်။ ၎င်း၏ ၂၅ နှစ်ကြာနည်းပြသက်တမ်းကို ဂုဏ်ပြုသည့်အနေဖြင့် မန်ယူအသင်းတာဝန်ရှိသူများသည် အိုးလ်ထရက်ဖို့ဒ်ကွင်း၏ မြောက်ဘက်ပွဲကြည့်စင်ကို ဆာအဲလက်စ်ဖာဂူဆန်ပွဲကြည့်စင်အဖြစ် ဂုဏ်ပြုမှည့်ခေါ်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်တွင်လည်း မန်ယူအသင်းတာဝန်ရှိသူများသည် ယင်းမြောက်ဘက်ပွဲကြည့်စင်၏ရှေ့တွင် ဖာဂူဆန်၏ပုံတူကြေးရုပ်ထုကို ထားရှိကာဂုဏ်ပြုရန် ဆက်လက်စီစဉ်နေခြင်းလည်းဖြစ်သည်။ (၃)မီတာအမြင့်ရှိမည့် ယင်းကြေးရုပ်ထုကိုစကော့တလန်လူမျိုး နာမည်ကျော်ပန်းပုဆရာ ဖိလစ်ဂျက်ဆင်က တာဝန်ယူပြုလုပ်ပေးသွားမည်ဟုလည်း သိရှိရသည်။ ဖိလစ်ဂျက်ဆင်က ယင်းအစီအစဉ်နှင့်ပတ်သက်၍ "ကျွန်တော် ဆာအဲလက်စ်(ဖာဂူဆန်)နဲ့ အကြိမ်တော်တော်များများတွေ့ဆုံဖူးပါတယ်။ သူ့ရဲ့ဓာတ်ပုံအတော်များများလည်း ကျွန်တော့်ဆီမှာရှိပြီး အကောင်းဆုံးရုပ်ထုကို ပြုလုပ်ပေးနိုင်မှာပါ။ သူကလည်း နမူနာပုံတူကိုကြိုက်နှစ်သက်နေပါတယ်"ဟုဆိုခဲ့သည်။

## အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း နှစ်ပွဲဆက်တိုက်နိုင်ပွဲရရှိပြီး ဆီမီးတက်

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိရာ မြန်မာအမျိုးသမီးအသင်းသည် နှစ်ပွဲဆက်နိုင်ပွဲရရှိပြီး အိမ်ရှင်ဗီယက်နမ်အသင်းနှင့်အတူဆီမီးဖိုင်နယ်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်၌ ဖိလစ်ပိုင်အသင်းကို ၃-၀ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး စက်တင်ဘာလ

| ပွဲစဉ်များ | | | | |
|---|---|---|---|---|
| ၁၃-၉-၁၂ | မြန်မာ | ၃-၀ | ဖိလစ်ပိုင် |
| | ဗီယက်နမ် | ၁၀-၀ | စင်ကာပူ |
| ၁၄-၉-၁၂ | ထိုင်း | ၄-၀ | မလေးရှား |
| ၁၅-၉-၁၂ | ဗီယက်နမ် | ၄-၂ | ဖိလစ်ပိုင် |
| | မြန်မာ | ၁၁-၀ | စင်ကာပူ |
| ၁၆-၉-၁၂ | မလေးရှား | - | လာအို |
| ၁၇-၉-၁၂ | ဗီယက်နမ် | - | မြန်မာ |
| | ဖိလစ်ပိုင် | - | စင်ကာပူ |
| ၁၈-၉-၁၂ | ထိုင်း | - | လာအို |



၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စင်ကာပူနှင့်ပွဲတွင်လည်း ၁၁-၀ ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ခင်မိုးဝေက ဟက်ထရစ်သွင်းယူခဲ့ပြီး စန်းစန်းမော်၊ နီလာမြင့်၊ ရီရီဦးတို့က ၂ဂိုးစီ၊ သီတာဦးက တစ်ဂိုးတို့သွင်းယူပေးခဲ့သည်။ကျန်တစ်ဂိုးမှာစင်ကာပူအသင်းက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ဗီယက်နမ်အသင်းမှာလည်းစင်ကာပူနှင့်ဖိလစ်ပိုင်းအသင်းတို့ကိုနှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့သည်။ မြန်မာအသင်းနှင့်ဗီယက်နမ်တို့သည် အုပ်စုပထမနေရာအတွက် စက်တင်ဘာလ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဂိုးကွာခြားချက်အသာရထားသော မြန်မာအသင်းမှာ သရေကစားနိုင်ရုံဖြင့်အုပ်စုပထမရရှိမည်ဖြစ်သည်။



Weekly ELEVEN

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တတိယမြောက် ပြည်ပခရီးစဉ်အဖြစ် စက်တင်ဘာလ ၁၆ ရက် ညနေပိုင်းက အမေရိကန်ပြည်ထောင်စုသို့ထွက်ခွာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် တတိယမြောက် ပြည်ပခရီးစဉ်အဖြစ် အမေရိကန်ပြည်ထောင်စုသို့သွားရောက်ရန် စက်တင်ဘာလ ၁၆ ရက်နေ့ ည ၇ နာရီ ၄၅ မိနစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ထွက်ခွာမည့် TG 306 လေယာဉ်ဖြင့် စတင်ထွက်ခွာသွားပြီဖြစ်သည်။

ယခုခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဦးဖြိုးဇေယျာသော် (လွှတ်တော်ရေးရာကိုယ်ရေးအရာရှိ)၊ ဒေါက်တာတင်မာအောင် (ကိုယ်ရေးအရာရှိ)နှင့် ဦးဇော်မင်းဦး (အဖွဲ့ချုပ်လက်ထောက်လူငယ်)တို့လိုက်ပါသွားကြောင်းသိရသည်။


ဓာတ်ပုံ - ဇင်ဘိုလွင်

စက်တင်ဘာလ ၁၆ ရက်နေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဒေါ်အောင်ဆန်းစုကြည်အား လိုက်ပါပို့ဆောင်သူများနှင့်တွေ့ရစဉ်

အမေရိကန်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် Asia Society Global Vision Award ဆုကို စက်တင်ဘာလ ၁၈ ရက်နေ့တွင် လက်ခံရယူသွားမည်ဖြစ်သည်။ အောက်တိုဘာလ ၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှပြန်လည်ထွက်ခွာလာမည်ဖြစ်ပြီး အောက်တိုဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

ခရီးစဉ်တွင် ထည့်သွင်းရေးဆွဲထားမှုမရှိသော်လည်း ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်သမ္မတအိုဘားမားနှင့်တွေ့ဆုံသွားဖွယ်ရှိကြောင်း အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များ၏ပြောကြားချက်များအရသိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှလွတ်မြောက်ပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ မေလ ၂၉ ရက် က ၆ ရက်ကြာသွားရောက်ခဲ့ပြီး ဒုတိယမြောက်ပြည်ပခရီးစဉ်အဖြစ် ဇွန်လ ၁၃ ရက်မှ ၂၉ ရက်နေ့အထိ ဥရောပနိုင်ငံများဖြစ်သည့် ဆွစ်ဇာလန်၊ နော်ဝေ၊ အိုင်ယာလန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံများသို့သွားရောက်ခဲ့သည်။

ဇင်ဘိုလွင်၊ အောင်ဇော်ထွန်း

## စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျပ် ၅၀၀၀ တန် ငွေဖြည့်ကတ်စတင်ရောင်းချမည်

ကျပ်ငါးထောင်တန်ကြိုတင်ငွေဖြည့်ကတ်များကိုစက်တင်ဘာတတိယပတ်အတွင်းစတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်များနှင့်ပက်သက်ပြီး E-Lite မှ တာဝန်ရှိသူတစ်ဦးက "အမြန်ဆုံးရောင်းနိုင်အောင် ပြုလုပ်နေပါတယ်။ E-Lite တစ်ခုတည်းကထုတ်မှာမဟုတ်ပါဘူး။ နောက်ထပ် ကုမ္ပဏီနှစ်ခုကလည်းထုတ်မှာပါ။ ထုတ်တဲ့ကတ်တိုင်းမှာ ထုတ်တဲ့ကုမ္ပဏီ အမှတ်အသားပါမှာပါ"ဟုပြောကြားသည်။

ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်များ၏အရောင်မှာ CDMA 800 mhz သည် ခဲရောင်ဖြစ်၍ 450 mhz ဆိုလျှင် ရွှေဝါရောင်ဖြစ်ပြီး GSM ဆိုလျှင် စိမ်းပြာရောင်ဖြစ်ကြောင်း သိရသည်။

■

# ဩဂုတ်လအတွင်းမှ စတင်ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လူဦးရေ နှစ်သိန်းကျော်ရှိသော ဖားကန့်ဒေသတွင် လူနှစ်သောင်းခန့်သာနေထိုင်လျက်ရှိတော့ကြောင်း သိရ

ဖားကန့်မြို့ပေါ်နှင့်အနီးဝန်းကျင်ရှိ မော်လုပ်ကွက်များတွင် ယခင်က လူဦးရေနှစ်သိန်းကျော်ရှိခဲ့သော်လည်း ဩဂုတ်လအတွင်း စတင်ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် ယခုအခါ လူနှစ်သောင်းခန့်သာရှိတော့ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရှိရသည်။

ငြိမ်းချမ်းရေးရရှိခဲ့သည့် နှစ် ၂၀ အတွင်းဖားကန့်ဒေသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း ၂၀၁၁ ခုနှစ် နှစ်လယ်မှစတင်ဖြစ်ပွားခဲ့သည့်မငြိမ်သက်မှုများကြောင့်အရောင်းအဝယ်များရပ်တန့်သည်အထိ အခြေအနေဆိုးရွားလာကြောင်းနှင့်ယခုရက်ပိုင်းအတွင်းအကြိမ်ရေစိပ်လာသောတိုက်ပွဲများကြောင့်လာရောက်စီးပွားရေးလုပ်ကိုင်နေသူများအားလုံးနေရပ်သို့ပြန်သွားကြပြီဖြစ်ပြီး ဒေသခံအများစုမှာလည်း ဒုက္ခသည်စခန်းများတွင်မှီခိုနေရသည်ဟုသိရသည်။

"ဖားကန့်မှာ ပြီးခဲ့တဲ့နှစ် ၂၀ ငြိမ်းချမ်းရေးကာလတစ်လျှောက်လုံး မိုးလင်းမိုးချုပ် လမ်းပေါ်လူမပြတ်ခဲ့ပါဘူး။ ၂၀၀၉-၂၀၁၀ အထိကို အရောင်းအဝယ်ကောင်းခဲ့တယ်။ ဒီနှစ်တော့အရောင်းအဝယ်လုံးဝမကောင်းလို့ဈေးသည်တွေအားလုံးဆိုင်ပိတ်ပြီး ပြန်ကြပြီ"ဟု ပေါ်ဦးလက်ဖက်ရည်ဆိုင်မှ ဦးပေါ်ဦးက ပြောပါသည်။


ဓာတ်ပုံ - မင်းသန့်

ဖားကန့်မြို့ပေါ်ရှိ ဒုက္ခသည်စခန်းတစ်ခုအား စက်တင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းက မြင်တွေ့ရစဉ်

ဖားကန့်မြို့ပေါ်ရှိ မော်ဝမ်းရပ်ကွက်၊ ၄က်ပျောတောရပ်၊ မြို့မရပ်၊ မရှီကထောင်ရပ်၊ အေးမြသာယာရပ်စသည့်ရပ်ကွက် ငါးရပ်ကွက်နှင့် နမ်းမပျစ်ကျေးရွာတို့တွင် ဒုက္ခသည်စခန်းပေါင်း ၃၈ ခုရှိပြီး စက်တင်ဘာလ ၁၃ ရက်နေ့ တိုက်ပွဲမဖြစ်ပွားမီအထိ ဒုက္ခသည်အရေအတွက် ၈၀၀၀ မှ ၁၀,၀၀၀ ကြားရှိခဲ့သည်ဟုသိရသည်။ သို့သော် စက်တင်ဘာလ ၁၃ ရက်နေ့တိုက်ပွဲများဖြစ်ပွားအပြီးတွင်မူဒုက္ခသည်အရေအတွက် နှစ်ဆတိုးလာခဲ့သည်ဟု လူမှုကူညီရေးစခန်းများမှသိရသည်။

"တိုက်ပွဲဖြစ်တဲ့နေ့က လူ ၁၀၀၀ လောက်ထပ်ရောက်လာတယ်။ နီးစပ်ရာနဲ့ဝင်လာတာဖြစ်လို့ စာရင်းတောင်အတိအကျမလုပ်နိုင်တော့ဘူး။ ဩဂုတ်လ ၂၃ ရက်နေ့ကစပြီး ဒုက္ခသည်စခန်းဖွင့်ခဲ့တာ တစ်လပြည့်တော့မယ်။ အလှူငွေနဲ့ကုန်ကျစရိတ်မမျှဘူး။ ဖားကန့်မှာ လှူနိုင်တန်းနိုင်တဲ့သူတွေလည်းမရှိတော့ဘူး။အားလုံးရှောင်သွားကြပြီ။ တိုက်ပွဲတွေရေရှည်ဖြစ်လာမယ်ဆိုရင်တော့အခက်အခဲကြုံရတော့မယ်"ဟု ကရုဏာရှင်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောပါသည်။


ဖားကန့်မြို့ လုံခြုံရေးတာဝန်ယူထားသော ပြည်သူ့စစ်အဖွဲ့ဝင်တစ်ဦး

စက်တင်ဘာလ ၁၃ ရက်နေ့က ဖားကန့်မြို့တွင် ဖြစ်ပျက်ခဲ့သည့် မှားယွင်းပစ်ခတ်မှုများအပြီးတွင် ဖားကန့်အနီးပတ်ဝန်းကျင်မော်များတွင်အစောင့်သာရှိတော့ပြီးရပ်ဝေးမှ လာရောက်လုပ်ကိုင်သူအားလုံးနီးပါးနေရပ်ပြန်ကြခြင်းကြောင့် စက်တင်ဘာလ ၁၅ ရက်နေ့တွင်ဖားကန့်မှ မိုးကောင်းသို့ဆင်းလာသည့် ကားအစီးအရေအတွက်မှာ ၂၀၀ ခန့်ပင်ရှိကြောင်း ဖားကန့်မြို့သို့ရောက်ရှိနေသည့်

# နယ်မြေပိုင်နက်အငြင်းပွားနေသော တရုတ်နှင့်အာရှနိုင်ငံအချို့အကြား စစ်ဖြစ်သွားနိုင်ကြောင်း ပန်နက်တာသတိပေး

နယ်မြေပိုင်နက်အငြင်းပွားနေသော အာရှနိုင်ငံများအနေဖြင့် တစ်ဘက်နှင့်တစ်ဘက်ရန်လိုသောအပြုအမူများ ဆက်လက်လုပ်ဆောင်နေပါက တရုတ်နှင့်အာရှနိုင်ငံအချို့အကြား စစ်ဖြစ်သွားနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာက စက်တင်ဘာလ ၁၆ ရက်တွင် သတိပေးပြောကြားခဲ့သည်။

ပန်နက်တာက အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့ရှိ နယ်မြေများပိုင်ဆိုင်မှုအတွက် ဆက်ဆံရေးတင်းမာနေသောနိုင်ငံများအနေဖြင့် စိတ်လိုက်မာန်ပါမလုပ်ကြရန် တောင်းဆိုခဲ့သည်။ ရန်လိုသည့် အပြုအမူများ ဆက်လက်လုပ်ဆောင်နေပါက အတွက်အချက်မှား၊ နားလည်မှုလွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ကာ အကြမ်းဖက်မှု၊ ပဋိပက္ခအသွင်သို့ ကူးပြောင်းသွားနိုင်ကြောင်း သူက ပြောကြားခဲ့သည်။

အာရှအကြီးဆုံးစီးပွားရေးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့်ဂျပန်အကြား ဂျပန်အခေါ် ဆင်ကာကူကျွန်းစုများ သို့မဟုတ် တရုတ်အခေါ် Diaoyu ကျွန်းစုများနှင့်ပတ်သက်ပြီး ဆက်ဆံရေးတင်းမာမှုမြင့်တက်နေချိန်တွင် ပန်နက်တာက ဂျပန်၊ တရုတ်၊ နယူးဇီလန်တို့သို့သွားရောက်မည်ဖြစ်သည်။

အာရှ–ပစိဖိတ်ဒေသတွင် သယံဇာတများ ပေါများကြွယ်ဝလှသဖြင့် အနာဂတ်တွင်လည်း ယင်းအာရှပြိုင်ဘက်နှစ်နိုင်ငံအကြား မပြေလည်မှုများပိုမိုကြုံလာရနိုင်ကြောင်း ပန်နက်တာက ခန့်မှန်းပြောကြားခဲ့သည်။



ဂျပန်သို့မသွားရောက်မီ လေယာဉ်ပေါ်တွင် စက်တင်ဘာလ ၁၅ ရက်က မီဒီယာများနှင့် ပန်နက်တာတွေ့ဆုံနေစဉ်



ချန်တူမြို့တွင် ဂျပန်ဆန့်ကျင်ရေးဆန္ဒပြသူများကို လုံထိန်းရဲတစ်ဦးက ညွှန်ကြားနေမှုကို စက်တင်ဘာလ ၁၆ ရက်က တွေ့ရစဉ်

ပန်နက်တာခရီးစဉ်မှာ အမေရိကန်သမ္မတဘာရက်အိုဘားမား၏ အာရှပစိဖိတ်ဒေသအပေါ် ပြန်လည်အာရုံစိုက်ရေးကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်သည်။ သို့သော် အရှေ့အလယ်ပိုင်းဒေသတွင် ထပ်ခါတလဲလဲ ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အာရှတွင် လွှမ်းမိုးနိုင်ရန်အတွက် လုံလောက်သော ရင်းမြစ်များရှိ၊ မရှိမှာ မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။

***တရုတ်နိုင်ငံတစ်ဝန်း ဂျပန်ဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်ပွား***

ဆင်ကာကူကျွန်းစုရှိ ကျွန်းစုသုံးခုကို ဂျပန်အစိုးရက ဝယ်ယူခဲ့ပြီးနောက် တရုတ်နိုင်ငံတစ်ဝန်းရှိ မြို့ဒါဇင်များစွာတွင် ဂျပန်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး အချို့နေရာများတွင် အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ ဒေါသထွက်နေသောလူအုပ်များသည် ဂျပန်စတိုးများ၊ စားသောက်ဆိုင်များကိုဖျက်ဆီးခြင်း၊ ဂျပန်လုပ်ကားများကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်းတို့ပြုလုပ်ခဲ့ကြောင်း တရုတ်လူမှုကွန်ရက်ဝက်ဘ်ဆိုက်များတွင် ဓာတ်ပုံများ တင်ခဲ့ကြသည်။

စက်တင်ဘာလ ၁၅ ရက်တွင် ပေကျင်းရှိ ဂျပန်သံရုံးအပြင်ဘက်၌ ဂျပန်ဆန့်ကျင်ရေးဆန္ဒပြသူထောင်ပေါင်းများစွာက ပုလင်းများ၊ ကြက်ဥများဖြင့် ပစ်ပေါက်ခဲ့ကြောင်း သိရသည်။ စက်တင်ဘာလ ၁၆ ရက်တွင် Shenzhen မြို့၌ လုံထိန်းရဲများနှင့် ဂျပန်ဆန့်ကျင်ရေးဆန္ဒပြသူများအကြား ပဋိပက္ခဖြစ်ပွားခဲ့မှုကို ဟောင်ကောင်ရုပ်သံလိုင်းတစ်ခုက ပြသခဲ့သည်။

ပြီးခဲ့သောရက်အနည်းငယ်အတွင်း တရုတ်ရှိ ဂျပန်နိုင်ငံသားအချို့မှာ တိုက်ခိုက်ခံရသည့်ဖြစ်စဉ်များရှိခဲ့ကြောင်း ဂျပန်မီဒီယာများက ဖော်ပြခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ဂျပန်လူမျိုးများကို တရုတ်ဥပဒေအရ ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်နိုဒါကလည်း တရုတ်ရှိ ဂျပန်နိုင်ငံသားများ၊ ဂျပန်စီးပွားရေးလုပ်ငန်းများ ဘေးကင်းမှုရှိစေရေးအတွက် အာမခံချက်ပေးရန် စက်တင်ဘာလ ၁၆ ရက်တွင် တောင်းဆိုခဲ့သည်။

တရုတ်တွင် ဆန္ဒပြမှုများကို ခွင့်ပြုခဲ့ပြီး စက်တင်ဘာလ ၁၅ ရက်က ပေကျင်းတွင် ဖြစ်ပွားခဲ့သောဆန္ဒပြမှု၌ ရဲများသည် ဆန္ဒပြသူများနှင့်အတူလိုက်ပါပြီး လမ်းများကိုပိတ်ဆို့ရမည့်အစား ဆန္ဒပြမှုတွင်ပါဝင်ကြရန် ရပ်ကြည့်နေသူများကို တိုက်တွန်းခဲ့မှုရှိခဲ့ကြောင်း သိရသည်။

တရုတ်ဆိုင်ရာဂျပန်သံအမတ်သစ်အဖြစ် စက်တင်ဘာလ ၁၀ ရက်ကမှ ခန့်အပ်ခံရသော Shinichi Nishimiya သည် စက်တင်ဘာလ ၁၂ ရက်တွင် လဲကျခဲ့ပြီးနောက် ဆေးရုံသို့ပို့ခဲ့ရသည်။ Nishimiya မှာ စက်တင်ဘာလ ၁၆ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ *Ref:AFP*

## ခမာနီအစိုးရလက်ထက် လူမှုရေးရာဝန်ကြီးဟောင်းကို တရားရုံးက ပြန်လွှတ်ပေး

ကမ္ဘောဒီးယားခမာနီအစိုးရလက်ထက် အစိုးရနှင့် ဩဇာကြီးဗဟိုကော်မတီတွင်ပါ အဖွဲ့ဝင်တစ်ဦးမဟုတ်သော်လည်း ဩဇာလွှမ်းမိုးမှုရှိသော Ieng Thirith ကို ရုံးတင်စစ်ဆေးနိုင်လောက်သော ကျန်းမာရေးအခြေအနေ မကောင်းမွန်သဖြင့် ကုလကျောထောက်နောက်ခံပြု စစ်ရာဇဝတ်မှုဆိုင်ရာခုံရုံးက စက်တင်ဘာလ ၁၆ ရက်တွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခမာနီအစိုးရလက်ထက် နိုင်ငံခြားရေးဝန်ကြီး၏ဇနီးဖြစ်သူ အသက် ၈၀ နှစ်ရှိ Thirith သည် အယ်လ်ဇိုင်းမားရောဂါခံစားနေရပြီး တရားရုံးတွင် သီးသန့်ပြုလုပ်ထားသော ထိန်းသိမ်းရေးစင်တာ၌ ဖမ်းဆီးထားမှုမှ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ Thirith ကို ၂၀၀၇ ခုနှစ်ကတည်းက ယင်းနေရာတွင် ဖမ်းဆီးထားခြင်းဖြစ်သည်။ ယခုပြန်လွှတ်ပေးမှုမှာယာယီဖြစ်ကြောင်း တရားရုံးပြောခွင့်ရပုဂ္ဂိုလ် Neth Pheaktra က ပြောကြားခဲ့သည်။

Thirith သည် ခမာနီအစိုးရလက်ထက် ကြမ်းကြုတ်ရက်စက်မှုလုပ်ရပ်များအတွက် ရုံးတင်စစ်ဆေးခံရသူ လက်တစ်ဆုပ်စာတွင် ပါဝင်ခဲ့သူဖြစ်သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ ခမာနီအစိုးရအုပ်ချုပ်ခဲ့သော လေးနှစ်အတွင်း လူနှစ်သန်းအထိ အသတ်ခံခဲ့ရပြီး Thirith ကို လွှတ်ပေးမှုမှာ ယင်းဖြစ်စဉ်အတွင်း အသက်ရှင်ကျန်ခဲ့သူများအတွက် လက်မခံနိုင်စရာဖြစ်လာမည်ဖြစ်သည်။

Thirith ကိုလွှတ်ပေးရန် တရားရုံးက စက်တင်ဘာလ ၁၃ ရက်တွင် ညွှန်ကြားခဲ့ပြီးဖြစ်သော်လည်း အစိုးရရှေ့နေများက တင်းကျပ်သောကန့်သတ်မှုများ ထပ်မံတောင်းဆိုခဲ့သဖြင့် လွှတ်ပေးရေးမှာ နှောင့်နှေးနေခဲ့ကာ စက်တင်ဘာလ ၁၆ ရက်တွင်မှ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းတရားရုံးက ချမှတ်ခဲ့သော ကန့်သတ်မှုများအရ Thirith သည် သူနေထိုင်မည့် အိမ်လိပ်စာကို အသိပေးရမည့်အပြင် ပတ်စပို့နှင့် အခြားခရီးသွားစာရွက်စာတမ်းများ အသုံးပြုခွင့်ရတော့မည်မဟုတ်ကြောင်း Neth Pheaktra က ပြောကြားခဲ့သည်။

*Ref:AFP*

## တောင်ကိုရီးယားအတိုက်အခံပါတီက သမ္မတလောင်းရွေးချယ်




ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် ရွေးချယ်ခံရပြီးနောက် မွန်းက ပါတီကွန်ဗင်းရှင်းတွင် စက်တင်ဘာလ ၁၆ ရက်က မိန့်ခွန်းပြောနေစဉ်

တောင်ကိုရီးယားအတိုက်အခံလက်ဝဲယိမ်းဒီမိုကရက်တစ်ညီညွတ်ရေးပါတီက သမ္မတရွေးကောက်ပွဲဝင်ပြိုင်မည့်ကိုယ်စားလှယ်လောင်းကို စက်တင်ဘာလ ၁၆ ရက်တွင် ရွေးချယ်ခဲ့ကြောင်း သိရသည်။

သမ္မတဟောင်းနိုမူဟွန်း၏ အကြီးတန်းလက်ထောက်တစ်ဦးဖြစ်သူ Moon Jae-In ကို ဒီဇင်ဘာလ ၁၉ ရက်တွင်ပြုလုပ်မည့်သမ္မတရွေးကောက်ပွဲအတွက် အတိုက်အခံပါတီက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းပြုလုပ်ခဲ့သော အကြိုရွေးကောက်ပွဲ ၁၃ ခုတွင် Moon က မဲခြောက်သိန်းခန့် (၅၆ ရာခိုင်နှုန်း) ရရှိကာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

သမ္မတလက်ထောက်များပါ ပါဝင်နေသော အဆုံးမရှိသည့်အကျင့်ပျက်ခြစားမှုများကို မိမိတို့ ရင်ဆိုင်နေရသလို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအခြေအနေများမှာလည်း နောက်ပြန်လှည့်နေကြောင်း၊ ယခုအချိန်မှာ ရှေ့သို့ ပြန်လည်ချီတက်ရမည့်အချိန်ဖြစ်ကြောင်း ဆိုးလ်မြို့ရှိ အားကစားရုံတွင် ထောက်ခံသူထောင်ပေါင်းများစွာကို Moon က ပြောကြားခဲ့သည်။

သူအနိုင်ရခဲ့ပါက မြောက်ကိုရီးယားနှင့်ထိပ်သီးဆွေးနွေးပွဲပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဟု ကတိပြုခဲ့သည်။ လူမှုဖူလုံရေးအသုံးစရိတ်များကိုတိုးမြှင့်သွားမည်ဟုလည်းကတိပေးခဲ့သည်။ အတိတ်က အစိုးရတိုက်ရိုက်ညွှန်ကြားမှုဖြင့် ကြီးထွားလာခဲ့သောကော်ပိုရေးရှင်းကြီးအနည်းစုသာလွှမ်းမိုးချုပ်ကိုင်ထားသည့်စီးပွားရေးစနစ်ကို အလုံးစုံစစ်ဆေးမှုပြုလုပ်သွားမည်ဟုလည်း ကတိပြုခဲ့သည်။

စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်မှုဖြင့် ၁၉၇၀ ပြည့်နှစ်တွင် ထောင်ကျခဲ့သော အသက် ၅၉ နှစ်ရှိ Moon သည်စစ်အာဏာရှင်ဟောင်းပတ်ချုံဟီး၏သမီးဖြစ်သူ အာဏာရကွန်ဆာဗေးတစ်ပါတီကိုယ်စားပြု Park Geun-Hye နှင့် သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ *Ref:AFP*